# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ပြည်ထောင်စုအစီရင်ခံစာ




**သန်းခေါင်စာရင်းအစီရင်ခံစာအတွဲ (၂)**

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း

# ပြည်ထောင်စုအစီရင်ခံစာ

ပြည်သူ့အင်အားဦးစီးဌာန

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

ရုံးအမှတ် (၄၈)၊ နေပြည်တော်

ဖုန်း +၉၅ ၆၇ ၃၄၃၁၀၆၂

Website: www.dop.gov.mm

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ

# မြန်မာနိုင်ငံ၏ အုပ်ချုပ်မှုဒေသအလိုက်မြေပုံ



# ဥယျောဇဥ်

မြန်မာနိုင်ငံ၏ ဘက်စုံကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဖော်ဆောင်နိုင်ရေးအတွက် အခြေခံကျကျအသုံးပြုရမည့် လူဦးရေကိန်းဂဏန်း အချက်အလက်များ ရရှိစေရေး ရည်ရွယ်ကောက်ယူခဲ့သည့် ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင် စာရင်း၏ ပြည်ထောင်စုအစီရင်ခံစာ တစ်နည်းအားဖြင့် ပင်မအစီရင်ခံစာကို ယခုအခါ ဂုဏ်ယူစွာဖြင့် ထုတ်ပြန်နိုင်ခဲ့ပြီ ဖြစ်ပါသည်။ ယင်းသို့ ဆောင်ရွက်နိုင်သည့်အတွက် ရေရှည်တည်တံ့သော ဖွံ့ဖြိုး တိုးတက်မှုကိုဦးတည်သည့် ကြိုးပမ်းဆောင်ရွက်မှုများ၏ အရေးကြီးသောခြေလှမ်းတစ်ရပ်ကို လှမ်းနိုင်ခဲ့ပြီ ဖြစ်ပါသည်။ ခိုင်မာသော အချက်အလက်များအပေါ်အခြေခံ၍ မှန်ကန်သောမူဝါဒများ ချမှတ်နိုင်ရန် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ချက်များကို ဖော်ညွှန်းပြသသည့် ပြယုဂ်တစ်ခုလည်းဖြစ် ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ သန်းခေါင်စာရင်း အချက်အလက်များသည် ယင်းနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ထင်ဟပ်ပြသနေသည့်အတွက် နိုင်ငံ၏ကြေးမုံပြင်၊ သန်းခေါင်စာရင်းက ညွှန်းဆိုပြသည့် နိုင်ငံ့ ပုံရိပ်ဟု တင်စားနိုင်ပါသည်။

သန်းခေါင်စာရင်းသည် မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဖြစ်စဉ်များနှင့် ပတ်သက်၍ သိရှိနားလည်နိုင်ပြီး ထိရောက်သောစီမံကိန်းများရေးဆွဲခြင်းနှင့် မူဝါဒများချမှတ်ခြင်းတို့အတွက် မရှိမဖြစ် လိုအပ်သော အချက်အလက်များကို ပံ့ပိုးပေးနိုင်ပါသည်။ အချက်အလက်အသုံးပြုသူများ အနေဖြင့် သန်းခေါင်စာရင်းရလဒ်များကို အသုံးပြုကာ နိုင်ငံ၏အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုနယ်ပယ် အဆင့်တိုင်းအတွက် ထိရောက်သည့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲချမှတ်ခြင်း၊ နိုင်ငံ၏ သယံဇာတ ရင်းမြစ်များ ခွဲဝေသတ်မှတ်ခြင်း၊ ဘဏ္ဍာငွေခွဲဝေချထားခြင်း၊ နယ်မြေရေိယာနယ်နိမိတ်များ ပြန်လည်ဆန်းစစ်ခြင်း စသည့်လုပ်ငန်းများကို ထိထိရောက်ရောက်ဆောင်ရွက်ပြီး နိုင်ငံသား အားလုံး၏ အကျိုးစီးပွားကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ပါသည်။

သန်းခေါင်စာရင်းလုပ်ငန်းစဉ်သည် ကြီးမားကျယ်ပြန့်ပြီး ငွေကုန်ကြေးကျများပြားကာ စီမံချက်စနစ်တကျ ရေးဆွဲအချိန်ယူဆောင်ရွက်ရသည့် လုပ်ငန်းစဉ်တစ်ရပ် ဖြစ်ပါသည်။ ယင်း လုပ်ငန်းစဉ်ကြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ခြင်းသည် အစုအဖွဲ့တစ်ခု၊ ဌာနတစ်ခု၏ စွမ်းဆောင် မှုကြောင့်မဟုတ်၊ နိုင်ငံတော်အကြီးအကဲ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှု၊ ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယကနှင့် ဗဟိုသန်းခေါင် စာရင်းကော်မရှင် အဖွဲ့ဝင်များ၏ လုပ်ငန်းစဉ်အစအဆုံး ဦးဆောင်ကြီးကြပ်မှု၊ နေပြည်တော်၊ တိုင်း ဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီဝင် များ၊ စာရင်းစစ်၊ စာရင်းကောက်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ပညာရေးဝန်ထမ်း ဆရာ၊ ဆရာမများ၊ ဆက်စပ်ဝန်ကြီးဌာနများမှဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် စေတနာရှင်၊

လုပ်အားရှင် လူငယ်များအနေဖြင့် အမျိုးမျိုးသော အခက်အခဲ၊ အကြပ်အတည်း၊ အဟန့်အတား၊ အနှောင့်အယှက်များကြားက တက်တက်ကြွကြွ ကြိုးပမ်းဆောင်ရွက်မှုများကြောင့် ဖြစ်ပါသည်။ ထို့ပြင် သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများအပေါ် မှန်မှန်ကန်ကန် ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီခဲ့ကြသည့် မြန်မာနိုင်ငံအတွင်းရှိ ပြည်သူအားလုံးကြောင့်လည်း အောင်မြင်ခဲ့ခြင်း ဖြစ်ပါသည်။ ယင်းကဲ့သို့ သန်းခေါင်စာရင်း လုပ်ငန်းစဉ်တစ်ခုလုံး အောင်မြင်ရေးအတွက် တက်ညီလက်ညီ အားကြိုးမာန်တက် ပူးပေါင်းပါဝင်ခဲ့ကြသူ တစ်ဦးတစ်ယောက်ချင်းစီတိုင်းအား အထူးကျေးဇူး ဥပကာယတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း အလေးအနက် ပြောကြားလိုပါသည်။

၂၀၁၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူစဉ်က ပြည်တွင်းစွမ်းအားနှင့် နိုင်ငံတကာအကူအညီများပေါင်းစပ်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်သော်လည်း ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းစဉ်သည် မည်သည့်နိုင်ငံတကာအဖွဲ့အစည်းများ၏ ကူညီထောက်ပံ့မှုမှမပါဘဲ ပြည်တွင်းရှိ လူ့စွမ်းအား အရင်းအမြစ်များကိုအခြေခံကာ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သည့် အမျိုးသားရေးလုပ်ငန်းစဉ် တစ်ရပ် ဖြစ်ပါသည်။ တစ်နည်းအားဖြင့် နိုင်ငံသူ၊ နိုင်ငံသား၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ညီညွတ်မှု၊ စည်းလုံးမှု၊ ပူးပေါင်းပါဝင်မှု စွမ်းအားများဖြင့် သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ခြင်းပင် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် GIS နည်းပညာကို အသုံးပြုကာ မြေပုံရေးဆွဲဆောင်ရွက်ခဲ့သည့်အတွက် ဝေးလံခေါင်သီသည့်ဒေသများကိုပါ လွှမ်းခြုံနိုင်မှုရှိပြီး Computer-Assisted Personal Interviewing (CAPI) စနစ် ထည့်သွင်းထားသည့် Mobile Tablet များဖြင့် ကောက်ယူခဲ့ခြင်းဖြစ်သည့်အတွက် အရည်အသွေးမြင့်မားသည့် ကိန်းဂဏန်းအချက်အလက်များကိုရရှိကာ Online မှတစ်ဆင့် Server သို့ ပေးပို့ထည့်သွင်းရာတွင်လည်း ပိုမိုတိကျလျင်မြန်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ယင်းသို့ခေတ်မီ နည်းပညာအသုံးပြုဆောင်ရွက်နိုင်ခြင်းသည် နောင်ဆောင်ရွက်မည့် စာရင်းကောက်ယူခြင်းလုပ်ငန်းများအတွက် အတွေ့အကြုံကောင်းများရရှိကာ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်လိမ့်မည် ဖြစ်ပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အောင်မြင်စွာကောက်ယူနိုင်ခဲ့သည်ဆိုသော်လည်း ဒေသတစ်ချို့၌ လုံခြုံရေး အခြေအနေအရ တစ်အိမ်တက်ဆင်း ရာနှုန်းပြည့်ကောက်ယူနိုင်ခဲ့ခြင်းမရှိပေ။ မြို့နယ်ပေါင်း ၃၃၀ အနက် တစ်အိမ်တက်ဆင်းရာနှုန်းပြည့်အဖြစ် ၁၅၂ မြို့နယ်၊ တစ်စိတ်တစ်ပိုင်းနှင့် ရက်တိုးမြှင့်ကာ နောက်ကျကောက်ယူမှုအဖြစ် ၁၂၀ မြို့နယ်ရှိခဲ့ပြီး လုံးဝကောက်ယူနိုင်ခြင်းမရှိသည့် မြို့နယ် ၅၈

မြို့နယ်ရှိခဲ့သည်။ မကောက်ယူနိုင်သည့် ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာနှင့် Geographic Information System (GIS) နည်းပညာတို့ ပေါင်းစပ်အသုံးပြုဆောင်ရွက်ခဲ့ရခြင်းဖြစ်သဖြင့် သက်ဆိုင်ရာဌာနများမှ ပညာရှင်များအား မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

သန်းခေါင်စာရင်းကောက်ယူရာတွင် လူဦးရေဆိုင်ရာ အချက်အလက်များအပြင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ မွေးဖွားမှု၊ သေဆုံးမှု၊ ရွှေ့ပြောင်းသွားလာမှု၊ အိမ်အခြေအနေနှင့် အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ပတ်သက်သည့် အချက်အလက်များ ရရှိသည့်အတွက် ယင်းအချက်အလက်များအပေါ် မူတည်ကာ နယ်မြေဒေသအလိုက် လိုအပ်ချက်များကို ကဏ္ဍအလိုက် ဖြည့်ဆည်းဆောင်ရွက်ရာတွင် အခြေခံအသုံးပြု၍ မူဝါဒများရေးဆွဲချမှတ် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် သန်းခေါင်စာရင်း အချက်အလက်များကိုသုံးသပ်၍ ကုန်သွယ်ရေးဆိုင်ရာ ဈေးကွက်ဖော်ဆောင်မှုများ ဆောင်ရွက်ကာ စီးပွားရေးအခွင့်အလမ်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ ထို့ပြင် လူဦးရေပြောင်းလဲမှုဖြစ်စဉ်ကို သုံးသပ်ကာ အလုပ်အကိုင် အခွင့်အလမ်းများဖန်တီးဖော်ဆောင်ကာ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

သန်းခေါင်စာရင်းမှရရှိသည့် လူဦးရေကိန်းဂဏန်း အချက်အလက်များသည် လက်ရှိနိုင်ငံတော်အစိုးရအတွက်သာမက နောင်အစိုးရအဆက်ဆက် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ ရေးဆွဲချမှတ်ရာမှာ လက်ဆင့်ကမ်း အသုံးပြုရမည့် ကိန်းဂဏန်း အချက်အလက်များပင် ဖြစ်ပါသည်။

မကြာမီကျင်းပတော့မည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအတွက် အဓိကကျသည့် မဲဆန္ဒရှင်စာရင်း ပြုစုရာတွင်လည်း တစ်နည်းတစ်ဖုံ အထောက်အကူပြု ပံ့ပိုးနိုင်မည်ဖြစ်သည်။ ထို့ပြင် ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံများနှင့် လူဦးရေပေါက်ကွဲမှုများပြားသည့် နိုင်ငံတို့အကြား တည်ရှိနေသည့် မိမိတို့နိုင်ငံအတွက် ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာ စီမံခန့်ခွဲမှု ကိစ္စရပ်များ ဆောင်ရွက်နိုင်ရေးအတွက် လူဦးရေဆိုင်ရာ စီမံခန့်ခွဲမှုများ၊ လူဦးရေမူဝါဒများ ချမှတ်နိုင်ရန် သန်းခေါင်စာရင်းအချက်အလက်များက ပံ့ပိုးပေးလျက်ရှိပါသည်။

၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းမှ ဖော်ထုတ်ရရှိသည့် အချက်အလက်များသည် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (Myanmar Sustainable Development Plan – MSDP) နှင့် အမျိုးသားရေး ရည်မှန်းချက်များအတွက် မရှိမဖြစ်လိုအပ်သောလမ်းပြမြေပုံကို ပေးစွမ်းနိုင်လိမ့်မည်ဖြစ်ပါသည်။ ဤအချက်အလက်များသည် ကုလသမဂ္ဂ၏

ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (Sustainable Development Goals - SDGs) ကို ဖော်ဆောင်ရာမှာ မြန်မာနိုင်ငံ၏ ဆောင်ရွက်ချက်များအဖြစ် နိုင်ငံတကာက အသိအမှတ်ပြုနိုင်မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို တည်ဆောက်ခြင်းဖြစ်ပါသည်။ ယင်းစီမံကိန်း ပေါက်မြောက်အောင်ဆောင်ရွက်ရာတွင် သန်းခေါင်စာရင်းအချက်အလက်များက အခြေခံအုတ်မြစ်အဖြစ် အထောက်အကူပြု ပံ့ပိုးပေးပါသည်။ နိုင်ငံတော်အစိုးရအပါအဝင် အချက်အလက်အသုံးပြုသူများက ကဏ္ဍအလိုက် နယ်ပယ်အလိုက် ထိထိမိမိ၊ အကျိုးရှိရှိ အသုံးပြုရန်သာ လိုအပ်မည်ဖြစ်ပါသည်။

ဤအစီရင်ခံစာသည် အနာဂတ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းစဉ်များအတွက် အခြေတည်အသုံးပြုရမည့် ကနဦး ခြေလှမ်းသာဖြစ်ပါသည်။ အေးချမ်းသာယာပြီး သာယာဝပြောသည့် ခေတ်မီ နိုင်ငံတစ်နိုင်ငံကို ဖန်တီးပုံဖော်နိုင်ရန် သန်းခေါင်စာရင်းအချက်အလက်များကပေးသည့် အခွင့်အလမ်းများကို ထိရောက်စွာအသုံးချရန်လိုအပ်ပါသည်။ သန်းခေါင်စာရင်း အချက်အလက်များသည် အဖိုးအနဂ္ဃ ထိုက်တန်သည့် နိုင်ငံ့အရင်းအမြစ်အဖြစ် နှစ်ကာလရှည်ကြာစွာ တည်ရှိနေမည်ဖြစ်ပြီး နိုင်ငံသားအားလုံး၏ လူမှုစီးပွားဘဝ မြှင့်တင်ပေးနိုင်ရေးအတွက် လမ်းပြမြေပုံတစ်ခုဖြစ်သည်နှင့်အညီ အကျိုးရှိရှိအသုံးပြုဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းပြောကြားအပ်ပါသည်။

ဦးမြင့်ကြိုင်
ဗဟိုသန်းခေါင်စာရင်းကော်မရှင် ဥက္ကဋ္ဌ
ပြည်ထောင်စုဝန်ကြီး
လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မာတိကာ

**ဥယျောဇဉ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . i**

**ဇယားများ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . x**

**မြေပုံနှင့်ဂရပ်များ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . xiii**

**အခန်း (၁) နိဒါန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁**

၁.၁. မြန်မာနိုင်ငံ၏ခေတ်မီသန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်း . . . . . . . . . . . . ၁

၁.၁.၁. ကိုလိုနီခေတ်တွင်ကောက်ယူခဲ့သော သန်းခေါင်စာရင်းများ ..............................၁

၁.၁.၂. လွတ်လပ်ရေးရပြီးကောက်ယူခဲ့သည့်သန်းခေါင်စာရင်းများ ..............................၁

၁.၁.၃. အချက်အလက်လိုအပ်ချက်အား ဖြည့်ဆည်းပေးခြင်းနှင့် ခေတ်နှင့်အညီ ပြောင်းလဲမှုများ (၂၀၁၄ နှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းများ) ......................၂

၁.၂. ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း. . . . . . . . . . . . . . . . ၃

၁.၂.၁. ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များ ...................၃

၁.၂.၂. စီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှု .................................................................၃

၁.၂.၃. သန်းခေါင်စာရင်းမေးခွန်းပုံစံနှင့် လက်စွဲစာစောင်များပြုစုခြင်း ..........................၄

၁.၂.၄. စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း.................................................... ၅

၁.၂.၅. စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်းနှင့် သန်းခေါင်စာရင်းသင်တန်းများ ဖွင့်လှစ်ခြင်း ....................................................................................... ၆

၁.၂.၆. ဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ ..................................... ၇

၁.၂.၇. လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း......................................... ၈

၁.၂.၈. သန်းခေါင်စာရင်းကောက်ယူခြင်း ................................................................ ၈

၁.၂.၉. သန်းခေါင်စာရင်း ကောက်ယူနိုင်မှုအခြေအနေ ............................................... ၉

၁.၂.၁၀ ရွှေ့ပြောင်းလူဦးရေစာရင်း ထုတ်ပြန်ခြင်း................................................... ၉

၁.၃. နိဂုံး . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၉

**အခန်း (၂) နည်းစနစ်များနှင့် အရည်အသွေးကောင်းမွန်စေရန်ဆောင်ရွက်မှုများ . . . . ၁၁**

၂.၁. မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက် ဖွဲ့စည်းခြင်း. . . . . . . . . . . . . . . . . . . . . ၁၁

၂.၂ . CSPro Software အသုံးပြု၍ Program များရေးသားခြင်းနှင့် CAPI စနစ်တည်ဆောက်ခြင်းလုပ်ငန်း . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၁၃
၂.၃ . စာရင်းကောက်ယူရာတွင် ဒစ်ဂျစ်တယ်မြေပုံ (GeoJSON) အသုံးပြုခြင်း . . . . . . . . ၁၄
၂.၄ . စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်း . . . . . . . . . . . ၁၅
၂.၅ . စာရင်းဇယားများပြုစုခြင်း (Data Processing) လုပ်ငန်း . . . . . . . . . . . . . . . . . . ၁၆
၂.၆ . အချက်အလက်များ၏ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်မှုများ . . . . . . . ၁၇
၂.၇ . စာရင်းကောက်ယူ၍မရသောဒေသများအတွက် Earth Remote Sensing (ERS) နည်းပညာအသုံးပြု၍ ခန့်မှန်းချက်များ၏ မှန်ကန်မှုအား စစ်ဆေးခြင်း. . . . . . . . . . ၂၁
၂.၈ . စာရင်းကောက်ယူနိုင်မှုနှင့် သန်းခေါင်စာရင်းရလဒ်များ၏ ယုံကြည်စိတ်ချရမှု . . . . . ၂၃
၂.၉ . အနှစ်ချုပ် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၂၇

**အခန်း (၃) လူဦးရေဆိုင်ရာအချက်အလက်များ . . . . . . . . . . . . . . . . . . . . . . . . . . ၂၈**

၃.၁ . စုစုပေါင်းလူဦးရေ၊ ပျံ့နှံ့နေထိုင်မှုနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များ . . . . . . . . . . . ၂၈
၃.၁.၁ . မြန်မာနိုင်ငံတွင် လူဦးရေပျံ့နှံ့နေထိုင်မှု ........................................................ ၃၀
၃.၁.၂ . ယခင်သန်းခေါင်စာရင်းအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခြင်း ............ ၃၀
၃.၁.၃ . တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေပြောင်းလဲခြင်း (၁၉၇၃-၂၀၂၄) .......၃၂
၃.၁.၄ . မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှု (၁၉၇၃-၂၀၂၄) .................................. ၃၄
၃.၂ . ကျား/မလူဦးရေ. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၃၅
၃.၂.၁ . တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး........................................... ၃၅
၃.၂.၂ . လူဦးရေပိရမစ် .......................................................................................... ၃၆
၃.၃ . လူဦးရေဖွဲ့စည်းမှုပုံစံနှင့် မှီခိုမှုဆင့်ကဲဖြစ်စဉ် (၁၉၇၃-၂၀၂၄) . . . . . . . . . . . . . . . . . ၃၈
၃.၃.၁ . အသက်အုပ်စုကြီးများအလိုက် လူဦးရေဖွဲ့စည်းမှုပုံစံပြောင်းလဲခြင်း (၁၉၇၃-၂၀၂၄) ........................................................................................................... ၃၈
၃.၃.၂ . အသက်ဖွဲ့စည်းမှုပုံစံနှင့် မှီခိုသူအချိုး (၁၉၇၃-၂၀၂၄) .................................... ၃၉
၃.၄ . ကျား/မအလိုက် အိမ်ထောင်ရေးအခြေအနေ. . . . . . . . . . . . . . . . . . . . . . . . . . ၄၃
၃.၅ . ပထမဆုံးအိမ်ထောင်ပြုစဉ်အသက်နှင့်ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ်အသက် . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . ၄၄

၃.၅.၁. အသက်အုပ်စု ၁၅-၄၉ အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း ........ ၄၅

၃.၅.၂. အသက် ၂၀-၂၄ အုပ်စု အမျိုးသမီးများ၏ အိမ်ထောင်ပြုစဉ်အသက်အား လေ့လာခြင်း ........ ၄၇

၃.၅.၃. အသက်အုပ်စုအလိုက် ပထမဆုံးအရှင်မွေးကလေးမွေးဖွားသည့် အသက် အလယ်ကိန်း ........ ၄၉

၃.၅.၄. ကျား/မအလိုက် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက် ........ ၅၀

၃.၆. မွေးဖွားမှု ........ ၅၂

၃.၆.၁. မွေးဖွားခြင်းဆိုင်ရာအညွှန်းကိန်းများ ........ ၅၂

၃.၆.၂. မြို့ပြ/ကျေးလက်နှင့် အသက်အုပ်စုအလိုက် ကလေးမွေးနှုန်း ........ ၅၅

၃.၆.၃. ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း ........ ၅၆

၃.၇. သေဆုံးခြင်းနှင့် မျှော်မှန်းသက်တမ်း ........ ၅၈

၃.၇.၁. ကလေးသေဆုံးခြင်းနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း ........ ၅၈

၃.၇.၂. တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် သေဆုံးရသည့် အကြောင်းရင်းများ ........ ၆၁

၃.၈. အိမ်ထောင်စုအရွယ်အစားနှင့် ဖွဲ့စည်းမှုပုံစံ ........ ၆၂

၃.၈.၁. တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်ထောင်စုအရွယ်အစား ........ ၆၂

၃.၈.၂. တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး ........ ၆၃

၃.၈.၃. အသက်အုပ်စုနှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး ........ ၆၅

၃.၉. ကိုးကွယ်သည့်ဘာသာ ........ ၆၆

၃.၁၀ ကိုင်ဆောင်သည့်လက်မှတ်နှင့် မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ ........ ၆၇

၃.၁၀.၁ အသက် ၁၈ နှင့်အထက်လူဦးရေ၏ ကိုင်ဆောင်သည့်လက်မှတ် ........ ၆၇

၃.၁၀.၂ အသက် ၁၅ နှစ်နှင့်အောက်လူဦးရေ၏ မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ ........ ၆၈

**အခန်း (၄) အိမ်အကြောင်းအရာ ........ ၇၀**

၄.၁. နေအိမ်အမျိုးအစားနှင့် အိမ်အရည်အသွေး ........ ၇၀

၄.၁.၁. နေအိမ်အမျိုးအစား ........ ၇၀

၄.၁.၂. အိမ်ဆောက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းအမျိုးအစားများ ........ ၇၁

၄.၂. အိမ်ပိုင်ဆိုင်မှု ........................................၇၃
၄.၃. အခန်းအရေအတွက် ........................................၇၄
၄.၃.၁. အခန်းအရေအတွက်အလိုက် အိမ်ထောင်စု........................................၇၄
၄.၃.၂. အိပ်ခန်းအရေအတွက်အလိုက် အိမ်ထောင်စု ........................................၇၅
၄.၃.၃. အခန်းတစ်ခန်းတွင် နေထိုင်သောလူဦးရေ........................................၇၆
၄.၃.၄. အိပ်ခန်းတစ်ခန်းတွင် နေထိုင်သောလူဦးရေ........................................၇၉
၄.၄. အစားအစာချက်ပြုတ်သည့်နေရာ ........................................၈၁
၄.၅. စွမ်းအင်သုံးစွဲမှု ........................................၈၂
၄.၅.၁. အလင်းရောင်အတွက်အဓိကအသုံးပြုသည့် မီးအမျိုးအစား........................................ ၈၂
၄.၅.၂. ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစား........................................ ၈၃
၄.၅.၃. ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု ........................................၈၄
၄.၆. အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲနိုင်မှု ........................................၈၅
၄.၆.၁. ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ ၈၅
၄.၆.၂. သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များအသုံးပြုမှု........................................၈၆
၄.၇. ရေရရှိမှု၊ အိမ်သာအသုံးပြုမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု ........................................၈၇
၄.၇.၁. ရေရရှိမှု ........................................၈၇
၄.၇.၂. အိမ်သာအသုံးပြုမှု........................................၉၀
၄.၇.၃. တစ်ကိုယ်ရေသန့်ရှင်းမှု........................................၉၃

**အခန်း (၅) လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများ ........................................၉၆**

၅.၁. မြန်မာနိုင်ငံ၏ပညာရေးအခြေအနေ........................................၉၆
၅.၁.၁. စာတတ်မြောက်မှုနှင့်တွက်ချက်နိုင်မှု ........................................၉၇
၅.၁.၂. ကျောင်းတက်ရောက်မှုအခြေအနေ ........................................၉၉
၅.၁.၃. လက်ရှိကျောင်းတက်ရောက်မှုအခြေအနေ (အသက် ၅ နှစ်မှ ၂၉ နှစ်) ..........၁၀၆
၅.၁.၄. အမြင့်ဆုံးတက်ရောက်အောင်မြင်ခဲ့သည့်အတန်း/ပညာအဆင့်....................၁၀၇
၅.၁.၅. ကျောင်းဆက်မတက်ရသည့် အဓိကအကြောင်းရင်း..................................၁၀၉

၅.၂. လုပ်သားအင်အားပါဝင်မှု ..............................၁၁၀
၅.၂.၁. လုပ်သားအင်အားဆိုင်ရာ အညွှန်းကိန်းများ ..............................၁၁၀
၅.၂.၂. အသက်နှင့် ကျား/မအလိုက် လုပ်သားအင်အားပါဝင်နှုန်း ..............................၁၁၃
၅.၂.၃. အလုပ်အကိုင်အခြေအနေ ..............................၁၁၅
၅.၃. မသန်စွမ်းမှု ..............................၁၁၇
၅.၃.၁. မသန်စွမ်းဖြစ်ပွားမှုနှုန်း ..............................၁၁၇
၅.၃.၂. အသက်အရွယ်အလိုက် မသန်စွမ်းမှု ..............................၁၁၉
၅.၃.၃. ခက်ခဲမှုအတိုင်းအတာနှင့် အမျိုးအစားအလိုက် မသန်စွမ်းဖြစ်ပွားမှု ..............................၁၂၀
**အခန်း (၆) ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း ..............................၁၂၂**
၆.၁. ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း ..............................၁၂၂
၆.၁.၁. ဘဝတစ်လျှောက် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလော ရွှေ့ပြောင်းသွားလာမှုအခြေအနေ ..............................၁၂၂
၆.၁.၂. ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလော ရွှေ့ပြောင်း သွားလာမှု လမ်းကြောင်းများ ..............................၁၂၇
၆.၁.၃. ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်းများ ..............................၁၃၀
၆.၁.၄. မြန်မာနိုင်ငံ၏ ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာသူများနှင့် လတ်တလော ရွှေ့ပြောင်းသွားလာသူများ၏ လူဦးရေဆိုင်ရာအချက်အလက် များ ..............................၁၃၃
၆.၂. ပြည်ပရွှေ့ပြောင်းသွားလာခြင်း ..............................၁၃၇
၆.၂.၁. လက်ရှိနေထိုင်ရာနိုင်ငံ ..............................၁၃၇
၆.၂.၂. ပြည်ပရွှေ့ပြောင်းသွားလာသူများ၏ လူဦးရေဆိုင်ရာအချက်အလက်များ ..............................၁၄၁
၆.၃. မြို့ပြထွန်းကားလာခြင်း ..............................၁၄၄
**နောက်ဆက်တွဲ (၁) သန်းခေါင်စာရင်း မေးခွန်းလွှာ ..............................၁၄၇**
**နောက်ဆက်တွဲ (၂) သန်းခေါင်စာရင်းဆိုင်ရာဝေါဟာရအဓိပ္ပါယ်သတ်မှတ်ချက်များ ..............................၁၆၇**

## ဇယားများ

ဇယား (၂.၁)။ အပြည့်အဝကောက်ယူရရှိသော မြို့နယ် ၃၀ ၏ မြေပြင်ကောက်ယူရရှိသော လူဦးရေနှင့် နည်းပညာအသုံးပြုတွက်ချက်ထားသည့် ခန့်မှန်းလူဦးရေအား နှိုင်းယှဉ်ခြင်း ..........၂၂

ဇယား (၂.၂)။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စာရင်းကောက်ယူရရှိမှုရာခိုင်နှုန်း .......... ၂၅

ဇယား (၃.၁)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု ...... ၂၉

ဇယား (၃.၂)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေနှင့် အချိုးအစား၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ..........၃၃

ဇယား (၃.၃)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဧရိယာအကျယ်အဝန်းနှင့် လူဦးရေသိပ်သည်းမှု၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် .......... ၃၄

ဇယား (၃.၄)။ အသက်အုပ်စုကြီးအလိုက် လူဦးရေအချိုးအစား၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ..........၄၂

ဇယား (၃.၅)။ မှီခိုမှုအချိုးများ၊ သက်ကြီးရွယ်အိုညွှန်ကိန်းနှင့် အသက်အလယ်ကိန်း၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ် ..........၄၂

ဇယား (၃.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အသက် ၂၀-၂၄ အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်အသက် .......... ၄၈

ဇယား (၃.၇)။ အမျိုးသမီးများ၏ အသက်အုပ်စုအလိုက် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ်အသက်အလယ်ကိန်း ..........၅၀

ဇယား (၃.၈)။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက် .......... ၅၁

ဇယား (၃.၉)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် မွေးနှုန်းကြမ်း၊ စုစုပေါင်းကလေးမွေးနှုန်းနှင့် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း ... ၅၃

ဇယား (၃.၁၀)။ တိုင်းဒေသကြီးပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း ..........၅၈

ဇယား (၃.၁၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ကလေးသေဆုံးခြင်းအညွှန်းကိန်းများနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း ..........၅၉

ဇယား (၃.၁၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် သေဆုံးရသည့်အကြောင်းရင်း .......... ၆၂

ဇယား (၃.၁၃)။ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက်နှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး ရာခိုင်နှုန်း ..........၆၄

ဇယား (၃.၁၄)။ အသက်အုပ်စုနှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီးရာခိုင်နှုန်း ......................၆၅
ဇယား (၃.၁၅)။ ကိုးကွယ်သည့်ဘာသာအလိုက် ရာခိုင်နှုန်း၊ ပြည်ထောင်စု ............................၆၇
ဇယား (၃.၁၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အသက် ၁၅ နှစ်နှင့် အောက် လူဦးရေ၏ မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ ..........................................၆၉
ဇယား (၄.၁)။ နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .........၇၁
ဇယား (၄.၂)။ အိမ်ဆောက်လုပ်သည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ ကျေးလက်) ...................................................................................၇၂
ဇယား (၄.၃)။ အိမ်ပိုင်ဆိုင်မှုအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .၇၃
ဇယား (၄.၄)။ အခန်းအရေအတွက်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .......၇၅
ဇယား (၄.၅)။ အိပ်ခန်းအရေအတွက်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ......၇၆
ဇယား (၄.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အခန်းတစ်ခန်းတွင် နေထိုင်သော ပျမ်းမျှလူဦးရေ ......................................................................၇၈
ဇယား (၄.၇)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အိပ်ခန်းတစ်ခန်းတွင် နေထိုင်သော ပျမ်းမျှလူဦးရေ ......................................................................၈၀
ဇယား (၄.၈)။ အစားအစာချက်ပြုတ်သည့်နေရာအလိုက်အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ ကျေးလက်) .........................................................................................၈၁
ဇယား (၄.၉)။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာပစ္စည်းများ သုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ..............................................၈၆
ဇယား (၄.၁၀)။ သယ်ယူပို့ဆောင်ရေးပစ္စည်းများ သုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ ကျေးလက်) ...................................................................................၈၇
ဇယား (၄.၁၁)။ သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ်အလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ..................................................၈၈
ဇယား (၄.၁၂)။ သုံးရေရယူအသုံးပြုသည့်နေရာအလိုက်အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ ကျေးလက်) .........................................................................................၈၉
ဇယား (၄.၁၃)။ သုံးရေသွားရောက်ခပ်ရန်ကြာချိန်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ ကျေးလက်) .........................................................................................၉၀
ဇယား (၄.၁၄)။ အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .......၉၁
ဇယား (၄.၁၅)။ အိမ်သာမျှဝေသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .......၉၃
ဇယား (၄.၁၆)။ အမှိုက်စွန့်ပစ်မှုစနစ်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) .......၉၅

ဇယား (၅.၁)။ အသက် ၁၅ နှစ်နှင့်အထက်အိမ်ထောင်စုလူဦးရေ၏ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုကို ပြည်ထောင်စု၊ မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား ............................................................ ၉၇

ဇယား (၅.၂)။ အသက် ၃ နှစ်မှ ၂၅ နှစ်ရှိ အိမ်ထောင်စုလူဦးရေ၏ ကျောင်းတက်ရောက်မှု အခြေအနေကို မြို့ပြ/ကျေးလက်အလိုက် ကျား/မခွဲခြားဖော်ပြသောဇယား ........................ ၁၀၀

ဇယား (၅.၃)။ အသက် ၃ နှစ်မှ ၂၅ နှစ်ရှိ အိမ်ထောင်စုလူဦးရေ၏ ကျောင်းတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မခွဲခြားဖော်ပြသောဇယား ............ ၁၀၂

ဇယား (၅.၄)။ ပြည်ထောင်စုရှိ အသက် ၃ နှစ်နှင့်အထက် အိမ်ထောင်စုလူဦးရေ၏ ကျောင်း တက်ရောက်မှုအခြေအနေကို ကျား/မခွဲခြား ဖော်ပြသောဇယား ............................... ၁၀၄

ဇယား (၅.၅)။ အသက် ၂၅ နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးအောင်မြင်ခဲ့သည့် အတန်း/ ပညာ အဆင့်အလိုက် ကျား/မခွဲခြား ဖော်ပြသောဇယား ........................................ ၁၀၈

ဇယား (၅.၆)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ လုပ်သား အင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့နှုန်းနှင့် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှု အချိုး ........................................................................................................... ၁၁၁

ဇယား (၅.၇)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ အလုပ်အကိုင်အခြေအနေ ................ ၁၁၅

ဇယား (၅.၈)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မသန်စွမ်းမှုအမျိုးအစားအလိုက် မသန်စွမ်းသူ ဦးရေနှင့် မသန်စွမ်းဖြစ်ပွားမှုနှုန်း ................................................................ ၁၁၈

ဇယား (၆.၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက်ဘဝတစ်လျှောက်ရွှေ့ပြောင်းနှုန်း ............................................................................................................ ၁၂၃

ဇယား (၆.၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် လတ်တလောရွှေ့ပြောင်းနှုန်း ... ၁၂၄

ဇယား (၆.၃)။ ကျား/မအလိုက် ဘဝတစ်လျှောက်ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်း .......... ၁၂၉

ဇယား (၆.၄)။ ကျား/မအလိုက် လတ်တလောရွှေ့ပြောင်းသွားလာမှုလမ်းကြောင်း ............... ၁၂၉

ဇယား (၆.၅)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွှေ့ပြောင်းရသည့်အဓိကအကြောင်းရင်း .... ၁၃၂

ဇယား (၆.၆)။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ နောက်ခံအချက်အလက်များ ............. ၁၃၆

ဇယား (၆.၇)။ ပြည်ပသို့ရောက်ရှိနေသောအိမ်ထောင်စုဝင်များကို ရောက်ရှိနေထိုင်သည့်နိုင်ငံ နှင့် နေထိုင်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဖော်ပြသောဇယား ................. ၁၃၉

ဇယား (၆.၈)။ ပြည်ပရွှေ့ပြောင်းနေထိုင်သူများ၏ နောက်ခံအချက်အလက်များ ................... ၁၄၃

ဇယား (၆.၉)။ မြန်မာနိုင်ငံ၏ မြို့ပြရာခိုင်နှုန်း (၂၀၂၄ ခုနှစ်) ............................................... ၁၄၅

# မြေပုံနှင့်ဂရပ်များ


ပုံ (၂.၁)။ CAPI စနစ်ဖြင့် အချက်အလက်များ ရယူ/ပေးပို့မှုပုံစံ ........................................... ၁၄

ပုံ (၂.၂)။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စာရင်းကောက်ယူရရှိမှုရာခိုင်နှုန်း ................. ၂၆

ပုံ (၃.၁)။ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာပုံ (၁၈၇၂-၂၀၂၄) ........................................၃၂

ပုံ (၃.၂)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး ...............................................၃၆

ပုံ (၃.၃)။ လူဦးရေပိရမစ်၊ ၂၀၂၄ ခုနှစ် ..............................................................................၃၈

ပုံ (၃.၄)။ မှီခိုသူအချိုးများနှင့် သက်ကြီးရွယ်အိုညွှန်ကိန်း ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ် နှင့် ၂၀၂၄ ခုနှစ် ..............................................................................................................၄၃

ပုံ (၃.၅)။ အသက် ၁၀ နှစ်နှင့်အထက်လူဦးရေ၏ ကျား/မအလိုက် အိမ်ထောင်ရေးအခြေအနေ ၄၄

ပုံ (၃.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ပထမဆုံးအိမ်ထောင်ပြုစဉ် နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း ...................................၄၇

ပုံ (၃.၇)။ အသက်အုပ်စုအလိုက် ကလေးမွေးနှုန်း ..............................................................၅၆

ပုံ (၃.၈)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် တစ်နှစ်အောက်ကလေး သေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း ...................................................................၆၀

ပုံ (၃.၉)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား .....................၆၃

ပုံ (၃.၁၀)။ အသက် ၁၈ နှစ်နှင့်အထက်လူဦးရေ၏ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား (ပြည်ထောင်စု) ..............................................................................................................၆၈

ပုံ (၄.၁)။ အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ................................................................................... ၈၂

ပုံ (၄.၂)။ ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ....................................................................................၈၄

ပုံ(၄.၃)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေ အရင်းအမြစ် ...........................................................................................................၈၉

ပုံ (၄.၄)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်သာအသုံးပြုမှု ........................................... ၉၂

ပုံ (၄.၅)။ အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲမှုအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်) ....................................................................................၉၄

ပုံ (၅.၁)။ အသက် ၁၅ နှစ်နှင့်အထက်အိမ်ထောင်စုလူဦးရေ၏ စာတတ်မြောက်မှုနှင့် တွက်ချက် နိုင်မှု ...................................................................................................................၉၆

ပုံ (၅.၂)။ အသက် ၃ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ မြို့ပြနှင့်ကျေးလက်အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ ..........၁၀၁

ပုံ (၅.၃)။ အသက် ၃ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ တိုင်းဒေသကြီး/ပြည်နယ် အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ ..........၁၀၂

ပုံ (၅.၄)။ ပြည်ထောင်စုရှိအသက် ၃ နှစ်နှင့်အထက်လူဦးရေ၏ကျောင်းတက်ရောက်မှု အခြေအနေ ..........၁၀၆

ပုံ (၅.၅)။ အသက် ၅ နှစ်မှ ၂၉ နှစ်လူဦးရေ၏ ကျား/မအလိုက် လက်ရှိကျောင်းတက်ရောက်မှု ..........၁၀၇

ပုံ (၅.၆)။ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ ကျောင်းဆက်မတက်ရသည့် အဓိကအကြောင်းရင်း ..........၁၁၀

ပုံ (၅.၇)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ အသက်အုပ်စုအလိုက် လုပ်သားအင်အား ပါဝင်နှုန်း ..........၁၁၄

ပုံ (၅.၈)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ ကျား/မအလိုက် အလုပ်အကိုင်အခြေအနေ ..........၁၁၇

ပုံ (၅.၉)။ အသက် ၅ နှစ်နှင့်အထက်လူဦးရေ၏ အသက်အုပ်စုနှင့် ကျား/မအလိုက် မသန်စွမ်း ဖြစ်ပွားမှုနှုန်း ..........၁၂၀

ပုံ (၅.၁၀)။ မသန်စွမ်းမှုအမျိုးအစား၊ ခက်ခဲမှုအတိုင်းအတာနှင့် ကျား/မအလိုက် အသက် ၅ နှစ်နှင့် အထက် မသန်စွမ်းသူဦးရေအချိုးအစား ..........၁၂၁

ပုံ (၆.၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် ဘဝတစ်လျှောက်အသားတင် ရွှေ့ပြောင်းနှုန်း ..........၁၂၄

ပုံ (၆.၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မ အလိုက် လတ်တလောအသားတင် ရွှေ့ပြောင်း နှုန်း ..........၁၂၅

ပုံ (၆.၃)။ ကျား/မအလိုက် ရွှေ့ပြောင်းရသည့် အဓိကအကြောင်းရင်း ..........၁၃၁

ပုံ (၆.၄)။ နိုင်ငံအလိုက်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်ရာခိုင်နှုန်း ..........၁၄၀

ပုံ (၆.၅)။ ပြည်ပတွင်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ် ..........၁၄၂

ပုံ (၆.၆)။ မြို့ပြရာခိုင်နှုန်း (၂၀၂၄ ခုနှစ်) ..........၁၄၆

# အတိုကောက်စာလုံးများ

| | | |
|---|---|---|
| **CAPI** | : | Computer-Assisted Personal Interviewing<br>ကွန်ပျူတာအထောက်အကူပြုစာရင်းကောက်ယူမှု |
| **CU** | : | Census Unit<br>သန်းခေါင်စာရင်းယူနစ် |
| **GIS** | : | Geographic Information System<br>ပထဝီဝင်ဆိုင်ရာ သတင်းအချက်အလက်စနစ် |
| **MSDP** | : | Myanmar Sustainable Development Plan<br>မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း |
| **SDGs** | : | Sustainable Development Goals<br>စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ |
| **TVET** | : | Technical and Vocational Education and Training<br>သက်မွေးပညာကျောင်း |

# မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

| အညွှန်းကိန်းများ | |
|---|---|
| နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် | ၁၅ |
| ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ | ၆ |
| ခရိုင် | ၁၂၁ |
| ရာနှုန်းပြည့်စာရင်းကောက်ယူနိုင်သည့်မြို့နယ် | ၁၅၂ |
| တစ်စိတ်တစ်ဒေသစာရင်းကောက်ယူနိုင်သည့်မြို့နယ် | ၁၂၀ |
| မြို့နယ်လုံးကျွတ်စာရင်းမကောက်ယူနိုင်သည့်မြို့နယ် | ၅၈ |
| | |
| လူဦးရေစုစုပေါင်း | ၅၁,၃၁၅,၃၂၇ |
| ကျား ဦးရေ | ၂၄,၂၇၅,၈၆၅ (၄၇.၃%) |
| မ ဦးရေ | ၂၇,၀၃၉,၄၆၂ (၅၂.၇%) |
| မြို့ပြလူဦးရေ ရာခိုင်နှုန်း | ၃၁% |
| ဧရိယာအကျယ်အဝန်း (စတုရန်း ကီလိုမီတာ) | ၆၇၆,၅၇၇.၆ |
| လူဦးရေသိပ်သည်းမှု (တစ်စတုရန်း ကီလိုမီတာ) | ၇၆ |
| ကျား/မ အချိုး (မ ၁၀၀ တွင်ရှိသော ကျား ဦးရေ) | ၉၀ |
| အသက်အလယ်ကိန်း | ၃၀.၂ နှစ် |
| | |
| အသက်အပိုင်းအခြားအလိုက် လူဦးရေရာခိုင်နှုန်း | |
| ကလေးဦးရေ (အသက် ၀-၁၄ နှစ်) | ၂၅.၂% |
| အလုပ်လုပ်နိုင်သူဦးရေ (အသက် ၁၅-၆၄ နှစ်) | ၆၆.၉% |
| သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) | ၇.၉% |
| | |
| မှီခိုသူအချိုး | |
| စုစုပေါင်းမှီခိုသူအချိုး | ၄၉.၆ |
| ကလေးမှီခိုသူအချိုး | ၃၇.၇ |
| သက်ကြီးရွယ်အိုမှီခိုသူအချိုး | ၁၁.၈ |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၃၁.၄ |
| | |
| စုစုပေါင်းကလေးမွေးနှုန်း | ၁.၈ |
| အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း | ၂.၈ |

| အညွှန်းကိန်းများ | |
|---|---|
| ပထမဆုံး အိမ်ထောင်ပြုစဉ်အသက်အလယ်ကိန်း (အသက် ၁၅-၄၉) | ၂၁.၂ |
| ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း (အသက် ၁၅-၄၉) | ၂၃.၇ |
| ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း (အသက် ၁၅-၁၉ အတွင်း ရှိ အမျိုးသမီး ၁,၀၀၀ ဦးလျှင် မွေးဖွားသည့်ကလေးဦးရေ) | ၁၂.၉၇ |
| | |
| တစ်နှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်) | ၃၂.၃ |
| ငါးနှစ်အောက်ကလေးသေနှုန်း (အရှင်မွေးကလေး ၁,၀၀၀ ဦးတွင်) | ၃၉.၆ |
| မွေးဖွားစဉ်မျှော်မှန်းသက်တမ်း | |
| စုစုပေါင်း | ၆၉.၀ နှစ် |
| ကျား | ၆၆.၅ နှစ် |
| မ | ၇၂.၀ နှစ် |
| သမားရိုးကျအိမ်ထောင်စုအရေအတွက် | ၇,၇၈၀,၉၂၆ |
| အမျိုးသမီးအိမ်ထောင်ဦးစီးရာခိုင်နှုန်း | ၂၇.၂% |
| ပျမ်းမျှအိမ်ထောင်စုအရွယ်အစား | ၃.၈ ဦး |
| | |
| ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား (အသက် ၁၈ နှစ်နှင့် အထက်) | |
| နိုင်ငံသားစိစစ်ရေးကတ် | ၉၃.၆% |
| ဧည့်နိုင်ငံသားကတ် | ၀.၁% |
| နိုင်ငံသားပြုခွင့်ရသူကတ် | ၀.၃% |
| အမျိုးသားမှတ်ပုံတင်ကတ် | ၀.၃% |
| သာသနာဝင်/သာသနာနွယ်ဝင်ကတ် | ၀.၉% |
| နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ် | * |
| နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် | * |
| နိုင်ငံခြားသား နိုင်ငံကူးလက်မှတ် | * |
| မည်သည့်ကတ်ပြားမှ မကိုင်ဆောင်သူ | ၄.၅% |
| အခြား | ၀.၂% |
| | |
| မွေးစာရင်းရှိသူ (အသက် ၁၅ နှစ်နှင့်အောက်) | ၉၃.၈% |
| | |

| အညွှန်းကိန်းများ | |
|---|---|
| စာတတ်မြောက်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်) | |
| စုစုပေါင်း | ၈၂.၁% |
| ကျား | ၈၃.၅% |
| မ | ၈၀.၉% |
| | |
| တွက်ချက်တတ်မှုနှုန်း (အသက် ၁၅ နှစ်နှင့်အထက်) | |
| စုစုပေါင်း | ၈၂.၃% |
| ကျား | ၈၃.၇% |
| မ | ၈၁.၃% |
| | |
| မသန်စွမ်းမှု | |
| မည်သည့်မသန်စွမ်းမှု အမျိုးအစားမဆို | ၇.၆% |
| အမြင်အာရုံ | ၄.၁% |
| အကြားအာရုံ | ၂.၇% |
| ပစ္စည်းကိုင်တွယ်/လမ်းလျှောက်/လှေကားတက်ခြင်း | ၃.၁% |
| မှတ်ဉာဏ်/သင်ယူလေ့လာခြင်း | ၂.၈% |
| မိမိကိုယ်ကို စောင့်ရှောက်ခြင်း | ၂.၆% |
| အခြားသူများနှင့်ဆက်သွယ်ခြင်း | ၂.၄% |
| | |
| လုပ်သားအင်အားပါဝင်နှုန်း | |
| အသက် ၁၀ နှစ်နှင့်အထက် | ၄၃.၃% |
| အသက် ၁၅ နှစ်နှင့်အထက် | ၄၇.၅% |
| အသက် ၁၅-၆၄ နှစ် | ၅၁.၁% |
| အလုပ်လက်မဲ့နှုန်း | |
| အသက် ၁၀ နှစ်နှင့်အထက် | ၀.၇၃% |
| အသက် ၁၅ နှစ်နှင့်အထက် | ၀.၇၂% |
| အသက် ၁၅-၆၄ နှစ် | ၀.၇၂% |
| လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး | |
| အသက် ၁၀ နှစ်နှင့်အထက် | ၄၂.၉% |
| အသက် ၁၅ နှစ်နှင့်အထက် | ၄၇.၂% |
| အသက် ၁၅-၆၄ နှစ် | ၅၀.၇% |
| | |

| အညွှန်းကိန်းများ | | | |
|---|---|---|---|
| ပြည်ပထွက်ခွာသူများ၏အသက်အပိုင်းအခြား | | | |
| အသက် ၀ - ၁၄ နှစ် | ၀.၉% | | |
| အသက် ၁၅ - ၂၄ နှစ် | ၃၁.၃% | | |
| အသက် ၂၅ - ၃၄ နှစ် | ၄၀.၄% | | |
| အသက် ၃၅ - ၄၄ နှစ် | ၂၀.၆% | | |
| အသက် ၄၅ - ၅၄ နှစ် | ၅.၈% | | |
| အသက် ၅၅ - ၆၄ နှစ် | ၀.၈% | | |
| အသက် ၆၅ နှစ်နှင့်အထက် | ၀.၁% | | |
| | | | |
| နေအိမ်အမျိုးအစား | | | |
| တိုက်ခန်းတွဲ/တိုက်ခန်း | ၉.၄% | | |
| တိုက်အိမ် | ၂၀.၅% | | |
| တိုက်ခံအိမ် | ၉.၃% | | |
| ပျဉ်ထောင်အိမ်/သစ်သားအိမ် | ၃၈.၀% | | |
| ဝါးအိမ် | ၂၀.၅% | | |
| တဲအိမ် | ၁.၈% | | |
| အခြား | ၀.၅% | | |
| | | | |
| အိမ်ဆောက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းအမျိုးအစားများ | နံရံ | ကြမ်းခင်း | အမိုး |
| ခနီ/ သက်ကယ်/ ထန်းလက်/ အင်ဖက် | ၁၀.၁% | - | ၁၁.၂% |
| ဝါး | ၂၃.၄% | ၁၂.၃% | ၀.၅% |
| မြေကြီး | ၀.၁% | ၄.၁% | ၀.၁% |
| သစ်သား | ၂၅.၄% | ၄၇.၇% | ၁.၀% |
| သွပ် | ၂.၀% | - | ၈၀.၈% |
| ကွန်ပိုစစ်/ပလာစတာဘုတ်/ကျောက်ပြား | ၃.၉% | - | - |
| အုတ်ကြွပ်/အုတ်/ ကွန်ကရစ် | ၃၄.၇% | ၃၅.၈% | ၆.၃% |
| အခြား | ၀.၄% | ၀.၁% | ၀.၁% |
| | | | |
| အိမ်ပိုင်ဆိုင်မှု | | | |
| ပိုင်ရှင် | ၈၄.၆% | | |
| အိမ်ငှား | ၁၀.၉% | | |

| အညွှန်းကိန်းများ | |
|---|---|
| ပူးတွဲ (ပိုင်ရှင်/အိမ်ငှားဓါ်အိမ်ထောင်စုနှင့်အတူပူးတွဲနေထိုင်ခြင်း) | ၀.၇% |
| အစိုးရဝန်ထမ်းအိမ်ရာ | ၃.၁% |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | ၀.၅% |
| အခြား | ၀.၂% |
| | |
| အိမ်တွင်ရှိသော အခန်းအရေအတွက် | |
| ၁ ခန်း | ၁၁.၅% |
| ၂ ခန်း | ၂၆.၀% |
| ၃ ခန်း | ၃၄.၂% |
| ၄ ခန်းနှင့်အထက် | ၂၈.၃% |
| | |
| အိမ်တွင်ရှိသော အိပ်ခန်းအရေအတွက် | |
| အိပ်ခန်းမရှိ | ၁.၃% |
| ၁ ခန်း | ၆၁.၅% |
| ၂ ခန်း | ၂၈.၄% |
| ၃ ခန်းနှင့်အထက် | ၈.၈% |
| | |
| အစားအစာချက်ပြုတ်သည့်နေရာ | |
| သီးခြားမီးဖိုခန်း (အိမ်ထောင်စုသုံး) | ၈၁.၄% |
| သီးခြားမီးဖိုခန်း (အခြားအိမ်ထောင်စုများနှင့် မျှဝေသုံးစွဲ) | ၂.၀% |
| အိပ်ခန်း/ဧည့်ခန်း | ၁.၆% |
| လေသာဆောင်/စင်္ကြံလမ်း | ၀.၆% |
| မီးဖိုခန်း (အမိုးမရှိ/အကာမရှိ) | ၁.၀% |
| အိမ်အပြင်ဘက် | ၅.၃% |
| မီးဖိုခန်းမရှိပါ | ၈.၁% |
| | |
| အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစား | |
| လျှပ်စစ်ဓာတ်အားလိုင်း<br>(အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ ရပ်ရွာ/ဒေသတွင်း) | ၆၆.၃% |
| မီးစက် (ပုဂ္ဂလိက) | ၁.၆% |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၁၉.၈% |

| အညွန်းကိန်းများ | |
|---|---|
| လေအား/ရေအားလျှပ်စစ် | ၀.၄% |
| ရေနံဆီမီး | ၀.၅% |
| ဖယောင်းတိုင်မီး | ၄.၄% |
| ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ် | ၆.၉% |
| အခြား | ၀.၁% |
| | |
| ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစား | |
| လျှပ်စစ်ဓာတ်အားလိုင်း (အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ ရပ်ရွာ/ဒေသတွင်း) | ၅၄.၇% |
| မီးစက် (ပုဂ္ဂလိက) | ၀.၂% |
| နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | ၁.၂% |
| လေအား/ရေအားလျှပ်စစ် | ၀.၁% |
| ဓာတ်ငွေ့ (ဂက်စ်) | ၀.၅% |
| ဘိုင်အိုဂက်စ် (ဇီဝ) | ၀.၁% |
| သစ်သား/ထင်း | ၃၉.၁% |
| မီးသွေး/လောင်စာတောင့် | ၃.၉% |
| ကျောက်မီးသွေး/ကောက်ရိုး/မြက်ခြောက်/အခြား | ၀.၂% |
| | |
| ဆက်သွယ်ရေးပစ္စည်းများ သုံးစွဲနိုင်မှုအခြေအနေ | |
| ရေဒီယို | ၄.၆% |
| ရုပ်မြင်သံကြား | ၄၆.၁% |
| လက်ကိုင်ဖုန်း/ကြိုးဖုန်း | ၈၂.၉% |
| ကွန်ပျူတာ | ၄.၂% |
| အိမ်တွင်အင်တာနက် တပ်ဆင်ထားခြင်း (လက်ကိုင်ဖုန်းမှတစ်ဆင့်အပါအဝင်) | ၅၇.၀% |
| *မည်သည့်ပစ္စည်းမျှ မရှိသည့် ရာခိုင်နှုန်း* | *၁၄.၇%* |
| | |
| သယ်ယူပို့ဆောင်ရေးပစ္စည်းများ သုံးစွဲနိုင်မှုအခြေအနေ | |
| ကား/ပစ်ကပ်/ထရပ်ကား/ဗင်န် | ၇.၂% |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၄၉.၆% |
| စက်ဘီး | ၃၀.၃% |

| အညွှန်းကိန်းများ | |
|---|---|
| (၄) ဘီးပါထော်လာဂျီ | ၂.၆% |
| ကနူးလှေ/သမ္ဗန် | ၂.၅% |
| စက်လှေ/မော်တော်ဘုတ် | ၂.၉% |
| လှည်း (ကျွဲ၊ နွား၊ မြင်းစသဖြင့်) | ၁၀.၅% |
| | |
| သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ် | |
| ပိုက်လိုင်း(အိမ်ထဲသို့၊ မိမိခြံဝင်း/အိမ်နီးချင်းခြံဝင်းအတွင်းသို့) | ၂၁.၀% |
| အများသုံးရေဘုံဘိုင် | ၂.၆% |
| အဝီစိတွင်း (စက်ရေတွင်း/တွင်းနက်/တွင်းတိမ်) | ၂၇.၄% |
| အကာအကွယ်ရှိသော ရေတွင်း/စိမ့်စမ်းရေ | ၇.၃% |
| မိုးရေ | ၆.၉% |
| ရေသန့်ဘူး/ပုလင်း/ရေသန့်စက် | ၂၃.၁% |
| *ကောင်းမွန်သောရေအရင်းအမြစ်အသုံးပြုမှု* | *၈၈.၃%* |
| အကာအကွယ်မရှိသောရေတွင်း/စိမ့်စမ်းရေ | ၁.၄% |
| ရေကား/ရေစည်လှည်းမှရေ/အခြား | ၂.၁% |
| မြေပေါ်ရေ (မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေ၊ တူးမြောင်းရေ၊ ရေသွယ်မြောင်းမှရေ) | ၈.၂% |
| *ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်အသုံးပြုမှု* | *၁၁.၇%* |
| | |
| အိမ်သာအမျိုးအစား | |
| ရေဆွဲအိမ်သာ | ၉.၅% |
| ရေလောင်း/ယင်လုံအိမ်သာ | ၈၂.၈% |
| *သန့်ရှင်းသောယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှု* | *၉၂.၃%* |
| တွင်း/ဇလားအိမ်သာ | ၅.၀% |
| တွင်းမရှိအိမ်သာ | ၀.၉% |
| အိမ်သာမရှိ | ၁.၇% |
| အခြား | * |
| *မသန့်ရှင်းသောအိမ်သာသုံးစွဲမှု* | *၇.၇%* |
| | |
| အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲမှု | |
| အခြေခံ လက်ဆေးခြင်းဝန်ဆောင်မှု | ၇၀.၁% |

| အညွှန်းကိန်းများ | |
|---|---|
| အကန့်အသတ်ရှိသော လက်ဆေးခြင်းဝန်ဆောင်မှု | ၁၇.၈% |
| လက်ဆေးရန် နေရာမရှိပါ | ၁၁.၂% |
| ကြည့်ရှုခွင့်မရခဲ့သောအိမ်ထောင်စုများ | ၀.၉% |
| | |
| အမှိုက်စွန့်ပစ်မှုစနစ် | |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (စည်ပင်အသိအမှတ်ပြုသူ) | ၃၀.၂% |
| ဝန်ဆောင်မှုပေးသူများမှ အမှိုက်သိမ်းခြင်း (အခြားဝန်ဆောင်မှုပေးသူ) | ၃.၁% |
| သတ်မှတ်ထားသောနေရာ/ မိမိအိမ်ခြံဝင်းအတွင်း အမှိုက်စွန့်ပစ်ခြင်း၊ မြေမြှုပ်ခြင်း (သို့) မီးရှို့ခြင်း | ၄၈.၉% |
| ကြုံရာနေရာတွင်စွန့်ပစ်ခြင်း/အခြား | ၁၇.၈% |
| | |

မှတ်ချက်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော လူဦးရေဆိုင်ရာကိန်းဂဏန်းများနှင့် အညွှန်းကိန်းများသည် စာရင်းကောက်ယူရရှိသည့် လူဦးရေအပြင် ခန့်မှန်းလူဦးရေကိုလည်း ထည့်သွင်းတွက်ချက်ထားပါသည်။ ကျန်အညွှန်းကိန်းများကို စာရင်းကောက်ယူရရှိသည့် လူဦးရေပေါ်တွင်သာ တွက်ချက်ထားပါသည်။ စာရင်းမကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေကို ဇယား (၃.၁) တွင် ဖော်ပြထားပါသည်။

*၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

# အခန်း (၁) နိဒါန်း

## ၁.၁ မြန်မာနိုင်ငံ၏ခေတ်မီသန်းခေါင်စာရင်းကောက်ယူမှုသမိုင်းကြောင်း

မြန်မာနိုင်ငံသည် လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ အခြေအနေများကို တိကျစွာ မှတ်တမ်းတင်ရန်နှင့် နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များအတွက် အချက်အလက်များကို အခြေခံအုတ်မြစ်အဖြစ် အသုံးပြုနိုင်ရန် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ရေးနှစ်ပေါင်းများစွာကပင် ဆောင်ရွက်ခဲ့ပါသည်။ ဤကဲ့သို့ စနစ်တကျ စာရင်းကောက်မှုများသည် မူဝါဒချမှတ်သူများ၊ စီမံခန့်ခွဲသူများနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်သူများကို သက်သေအထောက်အထား အခြေပြုဆုံးဖြတ်ချက်များ၊ ထိရောက်သော အုပ်ချုပ်မှုနှင့် ရေရှည်တည်တံ့သော စီမံကိန်းများကို ချမှတ်အကောင်အထည်ဖော်နိုင်ရန် အရေးကြီးသော အချက်အလက်များကို ပံ့ပိုးပေးပါသည်။ စာရင်းကောက်ယူမှုများသည် ကိုလိုနီခေတ်နည်းစနစ်များမှသည် ခေတ်သစ်နည်းပညာများ တိုးတက်ထွန်းကားလာသည့် ယနေ့ခေတ်အထိ ရာစုနှစ်များစွာအတွင်း ပြောင်းလဲတိုးတက်လာခဲ့ပါသည်။

### ၁.၁.၁ ကိုလိုနီခေတ်တွင်ကောက်ယူခဲ့သော သန်းခေါင်စာရင်းများ

မြန်မာနိုင်ငံတွင် လူဦးရေစာရင်းကောက်ယူမှုကို ဗြိတိသျှကိုလိုနီလက်ထက် ၁၈၇၂ ခုနှစ်၌ အိန္ဒိယသန်းခေါင်စာရင်း၏ တစ်စိတ်တစ်ပိုင်းတွင် ပါဝင်ခြင်းဖြင့် စတင်ခဲ့ပါသည်။ ယင်းအချိန်က မြန်မာနိုင်ငံအောက်ပိုင်းကိုသာ လွှမ်းခြုံနိုင်ခဲ့သော်လည်း လူဦးရေစာရင်းစနစ်တကျ ကောက်ယူမှု၏ အခြေခံအုတ်မြစ်ကို စတင်တည်ဆောက်ပေးခဲ့ခြင်း ဖြစ်ပါသည်။ ၁၈၈၁ မှ ၁၉၄၁ ခုနှစ်အထိ ဆယ်နှစ်တစ်ကြိမ်ကောက်ယူခဲ့သော လူဦးရေသန်းခေါင်စာရင်းများသည် တစ်နိုင်ငံလုံးကို လွှမ်းခြုံခဲ့ပြီး ဗြိတိသျှကိုလိုနီအုပ်ချုပ်မှုအား အထောက်အပံ့ပြုရန် အဓိကရည်ရွယ်ခဲ့သော်လည်း မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲမှုဆိုင်ရာအချက်အလက်များကို တိကျစွာရရှိခဲ့သဖြင့် နိုင်ငံ၏ လူမှုစီးပွားရေး အခြေအနေများကို လေ့လာသုံးသပ်ရာတွင် အထောက်အကူပြုခဲ့ပါသည်။

### ၁.၁.၂ လွတ်လပ်ရေးရပြီးကောက်ယူခဲ့သည့်သန်းခေါင်စာရင်းများ

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိပြီးနောက် မြန်မာနိုင်ငံသည် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါသန်းခေါင်စာရင်းများမှ နိုင်ငံ၏လူဦးရေတိုးတက်ပြောင်းလဲမှု၊ လူနေမှုအဆင့်အတန်းအစရှိသည့် လူဦးရေနှင့် အရေးကြီးသောသတင်းအချက်အလက်များ ရရှိခဲ့ပြီး ဒေသအလိုက်လေ့လာဆန်းစစ်မှုများပြုလုပ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများရေးဆွဲရာတွင်

အထောက်အကူပြုခဲ့ပါသည်။ သို့ရာတွင် အချို့သောဝေးလံခေါင်သီဒေသများ၌ စာရင်းကောက်ယူရန် အခက်အခဲများရှိသောကြောင့် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံမှုရရှိရန် စိန်ခေါ်မှုများရှိခဲ့ပါသည်။ ၁၉၈၃ ခုနှစ် နောက်ပိုင်းတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းကို ဆယ်စုနှစ်သုံးစုကျော်ကြာ မဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အထောက်အထားများအပေါ် အခြေခံသော မူဝါဒများချမှတ်ခြင်းနှင့် လူမှုစီးပွားရေးဆိုင်ရာစီမံကိန်းများ ရေးဆွဲရာတွင် အဟန့်အတားများ ဖြစ်ပေါ်ခဲ့ပါသည်။

### ၁.၁.၃ အချက်အလက်လိုအပ်ချက်အား ဖြည့်ဆည်းပေးခြင်းနှင့် ခေတ်နှင့်အညီပြောင်းလဲမှုများ (၂၀၁၄ နှင့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းများ)

လူဦးရေသတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီရရှိရန် အရေးကြီးကြောင်း အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို နိုင်ငံ၏ဦးစားပေးလုပ်ငန်းအဖြစ် သတ်မှတ်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းသည် ဆယ်စုနှစ်များစွာဖြစ်ပေါ်ခဲ့သည့် အချက်အလက်လိုအပ်မှုကို အဆုံးသတ်စေခဲ့ပြီး မူဝါဒများချမှတ်နိုင်ရန် ခိုင်မာသောအခြေခံအုတ်မြစ်ကို ချမှတ်ပေးခဲ့ပါသည်။ နိုင်ငံ့ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံအချက်အလက်များကို ပံ့ပိုးပေးရုံမက ကျန်းမာရေး၊ ပညာရေးနှင့် အခြေခံအဆောက်အအုံ အစရှိသည့်ကဏ္ဍများအတွက် အရေးကြီးသောအချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့ပြီး ရင်းမြစ်များအား ထိရောက်စွာခွဲဝေနိုင်ရန်နှင့် မူဝါဒပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာတွင် များစွာအထောက်အကူပြုခဲ့ပါသည်။

သို့ရာတွင် ၂၀၁၄ ခုနှစ်က ကောက်ယူခဲ့သော သန်းခေါင်စာရင်းမှစ၍ နှစ်ပေါင်း ၁၀ နှစ် ကြာမြင့်ခဲ့ပြီဖြစ်ရာ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာစာရင်းအင်း စံနှုန်းများအား လိုက်နာနိုင်ရန်နှင့် လက်ရှိကာလနှင့် ကိုက်ညီသော ယုံကြည်စိတ်ချရသည့် လူဦးရေစာရင်းများ ရရှိနိုင်ရန်အတွက် အချက်အလက်များ ပြည့်စုံစွာပါဝင်သည့် သန်းခေါင်စာရင်းတစ်ခု ထပ်မံကောက်ယူရန် လိုအပ်လာပါသည်။ ထို့ပြင် ၂၀၁၄ ခုနှစ်တွင်ကောက်ယူခဲ့သော သန်းခေါင်စာရင်းအား အခြေခံ၍ နှစ်အလိုက် ခန့်မှန်းတွက်ချက်ခဲ့သော လူဦးရေစာရင်းများသည် မူလအခြေခံသော သန်းခေါင်စာရင်းနှစ်နှင့် ဝေးကွာလာသည်နှင့်အမျှ ခိုင်မာမှုအားနည်းလာသဖြင့် ပြန်လည်ခန့်မှန်းတွက်ချက်ရန် လိုအပ်လာပါသည်။ သို့ဖြစ်၍ စတုတ္ထအကြိမ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီ မှတ်တမ်းတင်နိုင်ရန် အရေးကြီးသော ခြေလှမ်းတစ်ရပ်ကို စတင်ခဲ့ပါသည်။

## ၁.၂ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

### ၁.၂.၁ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်း၏ ရည်ရွယ်ချက်များ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ခွင့်ပြုချက်ဖြင့် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို အောက်ပါရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခဲ့ပါသည်-

(က) မြန်မာနိုင်ငံ၏တိကျမှန်ကန်သော လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ စာရင်းအင်း အချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ရရှိရန်၊

(ခ) ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၏ လူဦးရေနှင့် လူမှုစီးပွားရေး ဆိုင်ရာ ပြောင်းလဲမှုများအား နှိုင်းယှဉ်လေ့လာသုတေသနပြုပြီး လိုအပ်သော မူဝါဒ၊ စီမံကိန်း၊ မဟာဗျူဟာ၊ နည်းဗျူဟာများကို ချမှတ်နိုင်ရန်၊

(ဂ) မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း (Myanmar Sustainable Development Plan – MSDP) ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သော အညွှန်းကိန်းများ ပံ့ပိုးပေးနိုင်ရန်၊

(ဃ) မြန်မာနိုင်ငံ အမျိုးသားစာရင်းအင်းစနစ် (National Statistical System) ၏ စာရင်းအင်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics- NSDS) ကို အထောက်အပံ့ ပြုနိုင်ရန်။

### ၁.၂.၂ စီမံချက်ရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှု

၂၀၁၃ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ဥပဒေအရ ၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် စီမံချက်ရေးဆွဲခြင်းနှင့် လုပ်ငန်းတစ်ခုလုံး၏ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်း များကို ဗဟိုသန်းခေါင်စာရင်းကော်မရှင်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက အဓိကတာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

သန်းခေါင်စာရင်းစီမံချက်အား ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေး နှစ်အထိ ၅ နှစ်တာကာလအတွင်း ဆောင်ရွက်ရမည့်လုပ်ငန်းများကို အပိုင်းလိုက် အချိန်ဇယားများ သတ်မှတ်၍အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အသေးစိတ်ရေးဆွဲခဲ့ပါသည်။အဆိုပါစီမံချက် တွင် သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းတစ်ခုလုံး၏ ခန့်မှန်းကုန်ကျစရိတ်အား သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းများ၏ လိုအပ်ချက် များနှင့်အညီ ထည့်သွင်းရေးဆွဲပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြ၍ ခွင့်ပြုချက်နှင့် လမ်းညွှန်မှုများကိုရယူခဲ့ပါသည်။ ထို့နောက်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်သူ ပြည်တွင်းအကြံပေး

နှင့် ပြည်သူ့အင်အားဦးစီးဌာနမှ ဘာသာရပ်ဆိုင်ရာ အရာထမ်းများက သန်းခေါင်စာရင်း စီမံချက်အား ပူးပေါင်းရေးဆွဲခဲ့ပါသည်။

သန်းခေါင်စာရင်းလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေးအတွက် ၂၀၁၃ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ပြီး ဗဟိုသန်းခေါင်စာရင်း ကော်မရှင်သည် ဗဟိုသန်းခေါင်စာရင်းကော်မတီ၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ အပါအဝင် သန်းခေါင်စာရင်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို သိရှိနိုင်ရန်နှင့် လိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် အစည်းအဝေးများကျင်းပပြုလုပ်၍လည်းကောင်း၊ သက်ဆိုင်ရာ ကော်မတီများသို့ ညွှန်ကြားချက်များ ထုတ်ပြန်၍လည်းကောင်း၊ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် သန်းခေါင်စာရင်းတာဝန်ခံအရာထမ်းများနှင့် တိုက်ရိုက်ဆက်သွယ်ခြင်းဖြင့် လည်းကောင်း ဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် လစ်ဟင်းမှုမဖြစ်စေရေးနှင့် အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် သန်းခေါင်စာရင်း လုပ်ငန်းဆိုင်ရာ အုပ်ချုပ်မှုသင်တန်း ၇ ကြိမ်ကို ပြည်သူ့အင်အားဦးစီးဌာနမှ တာဝန်ယူ၍ ဝန်ကြီးဌာနသင်တန်းကျောင်း၌ ဖွင့်လှစ်ပို့ချခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များ အလိုက် သန်းခေါင်စာရင်း တာဝန်ခံအရာထမ်းများဖြစ်ကြသော လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာန၊ ဒုတိယတိုင်းဒေသကြီး/ပြည်နယ်ဦးစီးမှူးများနှင့် မြို့နယ်ဦးစီးမှူးများ တက်ရောက်ခဲ့ကြပါသည်။

## ၁.၂.၃ သန်းခေါင်စာရင်းမေးခွန်းပုံစံနှင့် လက်စွဲစာစောင်များပြုစုခြင်း

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း၊ မေးခွန်းပုံစံများနှင့် လက်စွဲစာစောင်များ ပြုစုခြင်း လုပ်ငန်းကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် စတင်ဆောင်ရွက်ခဲ့ပါသည်။ မေးခွန်းပုံစံပြုစုရာတွင် အိမ်ထောင်စုမေးခွန်းပုံစံနှင့် အဖွဲ့အစည်းမေးခွန်းပုံစံဟူ၍ ပုံစံ ၂ မျိုး ပြုစုခဲ့ပြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းပါ မေးခွန်းများ၊ အာဆီယံနိုင်ငံများတွင် ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းမေးခွန်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ညှိနှိုင်းဆွေးနွေးပွဲများမှ ရလဒ်များ၊ နိုင်ငံတော်၏ လက်ရှိလိုအပ်နေသည့် စာရင်းအင်းအချက်အလက်များ၊ ကုလသမဂ္ဂ၏

လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုဆိုင်ရာမူနှင့် အကြံပြုချက်များ စာစောင် (Principles and Recommendations for Population and Housing Censuses: Revision 3) ပါ ပြဋ္ဌာန်းချက်များကိုအခြေခံ၍ ပြုစုခဲ့ပါသည်။

အိမ်ထောင်စုမေးခွန်းပုံစံသည် သန်းခေါင်စာရင်းညတွင် အိမ်တိုင်း၌ရှိသည့် လူဦးရေကို သိရှိနိုင်ရန် ရည်ရွယ်ပါသည်။ အိမ်ထောင်စု မေးခွန်းပုံစံတွင် လူဦးရေဆိုင်ရာ အချက်အလက်များ၊ ရွှေ့ပြောင်းသွားလာခြင်း (ပြည်တွင်း/ပြည်ပ)၊ ပညာရေး၊ လုပ်သားအင်အား အကြောင်းအရာ၊ မသန်စွမ်းမှုအကြောင်းအရာ၊ မွေးဖွားခြင်းနှင့် သေဆုံးခြင်းအကြောင်းအရာ၊ အိမ်အကြောင်းအရာ စသည်တို့ကို မေးခွန်းပေါင်း ၆၈ ခုဖြင့် မေးမြန်းကောက်ယူခဲ့ပါသည်။

အဖွဲ့အစည်းမေးခွန်းတွင် မေးခွန်း ၁၈ ခုသာပါဝင်ပြီး ဟိုတယ်၊ တပ်မတော်/ ရဲတပ်ဖွဲ့ (လူပျိုဆောင်/အပျိုဆောင်)၊ ဆေးရုံ၊ အဆောင်၊ အကျဉ်းထောင်၊ ဘုန်းကြီးကျောင်း၊ ဘိုးဘွား ရိပ်သာနှင့် သင်တန်းကျောင်း စသည်တို့တွင်နေထိုင်သူများ၊ အိမ်ခြေရာခြေမဲ့များ၊ သန်းခေါင်စာရင်း ရည်ညွှန်းချိန်တွင် ကားဂိတ်၊ သင်္ဘောဆိပ်များ၌ ရှိနေသူများအပါအဝင် အဖွဲ့အစည်းပုံစံဖြင့် နေထိုင်သူများကို ကောက်ယူရာတွင် အသုံးပြုခဲ့ပါသည်။

ထို့ပြင် စာရင်းစစ်၊ စာရင်းကောက်များ စာရင်းကောက်ယူရာတွင် ကိုးကားအသုံးပြုနိုင်ရန်အတွက် စာရင်းစစ်၊စာရင်းကောက် လက်စွဲစာစောင်၊ ကွန်ပျူတာအထောက်အကူပြု စာရင်းကောက်ယူမှု လမ်းညွှန်စာစောင်၊ သန်းခေါင်စာရင်း အထူးနည်းပြနှင့်ခရိုင်နည်းပြသင်တန်း လမ်းညွှန်စာစောင်၊ စာရင်းစစ်သင်တန်း လမ်းညွှန်စာစောင်နှင့် စာရင်းကောက်သင်တန်း လမ်းညွှန်စာစောင်တို့ကို ပြည်တွင်းအကြံပေးနှင့်ပူးပေါင်း၍ စနစ်တကျပြုစုထုတ်ဝေခဲ့ပါသည်။ ဤလမ်းညွှန်စာရွက်စာတမ်းများသည် စာရင်းကောက်ယူမှု လုပ်ငန်းစဉ်တစ်လျှောက် တာဝန်ထမ်းဆောင်သူ အားလုံးအတွက် ရှင်းလင်းသော လမ်းညွှန်မှုနှင့် အထောက်အပံ့များကို ပေးစွမ်းရန် ရည်ရွယ်ပါသည်။

## ၁.၂.၄ စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်း

စမ်းသပ်သန်းခေါင်စာရင်းကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ ကောက်ယူခဲ့ပြီး ရွေးချယ်သတ်မှတ်ထားသော မြို့နယ် ၂၀ အတွင်းရှိ စာရင်းကောက်ကွက် ၁၀၀ မှ အိမ်ထောင်စု/အဖွဲ့အစည်းပေါင်း ၁၃,၀၆၇ နှင့် လူဦးရေစုစုပေါင်း ၅၃,၂၉၇ ဦးတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ထမ်းများဖြင့် စာရင်းကောက်ယူခဲ့ပါသည်။ အဆိုပါ စမ်းသပ်သန်းခေါင်စာရင်းမှရရှိသည့် အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်၍ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရာတွင် ပိုမိုကောင်းမွန်အောင် ပြင်ဆင်ဆောင်ရွက်ခဲ့ပါသည်။

## ၁.၂.၅ စာရင်းစစ်၊ စာရင်းကောက်များ ခန့်ထားခြင်းနှင့် သန်းခေါင်စာရင်းသင်တန်းများ ဖွင့်လှစ်ခြင်း

၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်း ကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် ပညာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် စိတ်ပါဝင်စားသူများ (Volunteers) ကို ဗဟိုသန်းခေါင်စာရင်းကော်မရှင်မှ သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်းများနှင့် ညှိနှိုင်း၍ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီများက စာရင်းစစ်၊ စာရင်းကောက်ဆရာ/ဆရာမ ၂၅,၉၉၆ ဦး၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တက္ကသိုလ်ကျောင်းသား/ကျောင်းသူများ စသည့် စိတ်ပါဝင်စားသူ (Volunteer) ၆,၄၃၄ ဦး၊ စုစုပေါင်း ၃၂,၄၃၀ ဦးအား ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။ ထို့ပြင် တိုင်းရင်းသားဘာသာစကားပြောဆိုသော ဒေသများတွင် ဒေသခံဘာသာစကားဖြင့် မေးမြန်းကောက်ယူနိုင်ရန် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများက စာရင်းစစ်၊ စာရင်းကောက်များနှင့်အတူ အထောက်အကူပြု ဆောင်ရွက်ခဲ့ပါသည်။

သန်းခေါင်စာရင်းသင်တန်းများအား ဗဟိုအဆင့်၊ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့်၊ ခရိုင်အဆင့် နည်းပြသင်တန်းနှင့် မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်း စသည်ဖြင့် အဆင့် ၄ ဆင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး သင်တန်းကာလမှာ ၁၀ ရက် ဖြစ်ပါသည်။ ဗဟိုအဆင့်နည်းပြသင်တန်းအား ဝန်ကြီးဌာနများမှ အရာထမ်းများနှင့် အငြိမ်းစားအရာထမ်းများ စုစုပေါင်း ၅၅ ဦးဖြင့် နေပြည်တော်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတွင် ဖွင့်လှစ်ပို့ချခဲ့ပြီး နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် နည်းပြများအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ပါသည်။

နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့် နည်းပြသင်တန်းကို ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) မှအပ ကျန်တိုင်းဒေသကြီး/ ပြည်နယ်ရုံးစိုက်ရာ မြို့တော်များတွင် သင်တန်း ၁၅ ခုဖွင့်လှစ်ခဲ့ပြီး ခရိုင်အဆင့်နည်းပြတာဝန်ထမ်းဆောင်မည့် ဆရာ/ဆရာမ ၄၃၅ ဦး တက်ရောက်ခဲ့ပါသည်။ ခရိုင်အဆင့်နည်းပြသင်တန်းကို သက်ဆိုင်ရာ ခရိုင်ရုံးစိုက်ရာ မြို့များတွင် သင်တန်း ၆၉ ခု ဖွင့်လှစ်ခဲ့ပြီး မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက် သင်တန်းနည်းပြများ တက်ရောက်ခဲ့ပါသည်။ မြို့နယ်အဆင့် စာရင်းစစ်၊ စာရင်းကောက်သင်တန်း ၆၈၁ ခုကို သက်ဆိုင်ရာ မြို့နယ်များတွင် ဖွင့်လှစ်ခဲ့ပြီး အတည်ပြုခန့်ထားသော စာရင်းစစ်၊ စာရင်းကောက်များ အားလုံးတက်ရောက်ခဲ့ပါသည်။

## ၁.၂.၆ ဥပဒေနှင့် ကျင့်ဝတ်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ခိုင်မာသော ဥပဒေနှင့်ကျင့်ဝတ်ဆိုင်ရာမူဘောင်အတွင်းမှ ဆောင်ရွက်ခဲ့ပါသည်။ အဓိကအားဖြင့် ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်၏ ဥပဒေအမှတ် ၁၉ ဖြင့် ပြဋ္ဌာန်းခဲ့သော ၂၀၁၃ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။ ဤဥပဒေတွင် အချက်အလက်ကောက်ယူခြင်းဆိုင်ရာ လုပ်ငန်းများ၌ ရှင်းလင်းပြတ်သားသော တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြဋ္ဌာန်းထားပြီး ဖြေကြားသူများ၏ အချက်အလက်များကို အကာအကွယ် ပေးထားသကဲ့သို့ စာရင်းအင်းဆိုင်ရာ ရည်ရွယ်ချက်များအတွက်သာ အသုံးပြုရန်ကိုလည်း ထည့်သွင်းဖော်ပြထားပါသည်။

စာရင်းကောက်များသည် ၎င်းတို့ကောက်ယူရရှိသော အချက်အလက်များကို ကာကွယ်ရန် တာဝန်ရှိပြီး၊ လိုက်နာမှုမရှိခြင်း သို့မဟုတ် သန်းခေါင်စာရင်းအချက်အလက်များကို အလွဲသုံးစားပြုခြင်းတို့အတွက် ပြစ်ဒဏ်များပြဋ္ဌာန်းထားကာ သန်းခေါင်စာရင်းလုပ်ငန်းစဉ် တစ်ခုလုံး၏ ခိုင်မာမှုကို ထိန်းသိမ်းထားပါသည်။

အဆိုပါဥပဒေတွင် သန်းခေါင်စာရင်းလုပ်ငန်းဆောင်တာများကို ကြီးကြပ်ကွပ်ကဲရန်နှင့် အကောင်အထည်ဖော်ရန်အတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင်ကို ဖွဲ့စည်းရန် ပြဋ္ဌာန်းထားပြီး၊ ၎င်း၏သီးခြားတာဝန်နှင့် ဝတ္တရားများကို ဖော်ပြထားပါသည်။ ဤပြဋ္ဌာန်းချက်နှင့်အညီ အစိုးရသည် အမျိုးသားအဆင့်တွင် ဗဟိုသန်းခေါင်စာရင်းကော်မရှင်နှင့် ဗဟိုသန်းခေါင်စာရင်း ကော်မတီကို ဖွဲ့စည်းခဲ့ပြီး အုပ်ချုပ်ရေးအဆင့်တိုင်းတွင် သန်ခေါင်စာရင်းကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းခဲ့ပါသည်။ ဤကော်မတီများသည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်ပူးပေါင်း၍ သန်းခေါင်စာရင်းစီမံကိန်းလုပ်ငန်း၏ အဆင့်အားလုံးကို အကောင်အထည်ဖော်ရန် တာဝန်ရှိပါသည်။

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် သန်းခေါင်စာရင်းဥပဒေပါ ပြဋ္ဌာန်းချက်များသာမက စာရင်းအင်းဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၊ ၂၀၁၈ ခုနှစ်) ပါ ပြဋ္ဌာန်းချက်များအား လိုက်နာခဲ့သလို နိုင်ငံတကာ စံချိန်စံနှုန်းများနှင့်ကိုက်ညီစေရန် အလေးထား ဆောင်ရွက်ခဲ့ပါသည်။ သန်းခေါင်စာရင်းရလဒ်များသည် နိုင်ငံ၏ ပကတိမြင်ကွင်းကို ဖော်ထုတ်နိုင်သည့်အပြင် မှုတ၍ အချက်အလက်များကိုအခြေခံသော ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စေရန် အခြေခံရင်းမြစ်တစ်ခုအဖြစ် အသုံးပြုနိုင်ပါသည်။

### ၁.၂.၇ လူထုအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း

သန်းခေါင်စာရင်းလုပ်ငန်းများကို ပြည်သူများ နားလည်သဘောပေါက်လာစေရန်နှင့် အချက်အလက်များကို မှန်ကန်စွာဖြေကြားပေးနိုင်ရန်အတွက် လူထုဆက်သွယ်ရေးနည်းလမ်းမျိုးစုံ အသုံးပြု၍ လူထုအသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ထို့သို့ ဆောင်ရွက်ရာတွင် အစိုးရနှင့်ပုဂ္ဂလိကပိုင် ရေဒီယိုနှင့်ရုပ်မြင်သံကြား အစီအစဉ်များမှ သန်းခေါင်စာရင်း အသိပညာပေး TV Spot များ၊ စာတမ်းပြေးများ၊ ရေဒီယိုဇာတ်လမ်းတိုများ၊ ရုပ်မြင်သံကြားဇာတ်လမ်းနှင့် သီချင်းများ၊ သန်းခေါင်စာရင်း တွေ့ဆုံမေးမြန်းခြင်း အစီအစဉ်များကို ထုတ်လွှင့်ပြသခဲ့ပါသည်။ သန်းခေါင်စာရင်း ကောက်ယူမည်ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲ၏ ပြည်သူသို့ အသိပေးသည့်မိန့်ခွန်းကိုလည်း ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၁ ရက်နေ့တွင် ထုတ်လွှင့်ပြသခဲ့ပါသည်။

ဆောင်းပါးပြိုင်ပွဲနှင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲများ ကျင်းပပြုလုပ်ခြင်း၊ နေ့စဉ်ထုတ်သတင်းစာများတွင် သန်းခေါင်စာရင်းဆောင်းပါးများနှင့် သန်းခေါင်စာရင်းဆိုင်ရာကြေညာချက်များ ဖော်ပြခြင်း၊ တိုင်းရင်းသားဘာသာစကားများဖြင့် ပြုစုထားသည့် သန်းခေါင်စာရင်း လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပိုစတာများဖြန့်ဝေခြင်း၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် သန်းခေါင်စာရင်း အသိပညာပေး ဟောပြောပွဲများနှင့် သန်းခေါင်စာရင်း Bill Board များစိုက်ထူခြင်း၊ လူထုလှုံ့ဆော်ရေးပစ္စည်းများဖြစ်သည့် တီရှပ်၊ စပို့ရှပ်၊ ဦးထုပ်များဖြန့်ဝေခြင်း စသည်ဖြင့် လူထုဆက်သွယ်ရေး နည်းလမ်းမျိုးစုံအသုံးပြု၍ သန်းခေါင်စာရင်း အသိပညာပေးခြင်းနှင့် စည်းရုံးလှုံ့ဆော်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

### ၁.၂.၈ သန်းခေါင်စာရင်းကောက်ယူခြင်း

စာရင်းစစ်၊ စာရင်းကောက်များသည် CAPI စနစ်ထည့်သွင်းထားသည့် Mobile Tablet များဖြင့် တာဝန်ကျရာ စာရင်းကောက်ကွက်အတွင်း တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခဲ့ပြီး ကောက်ယူထားသောအချက်အလက်များကို အင်တာနက်ကွန်ရက်အသုံးပြု၍ Cloud Server သို့ တိုက်ရိုက်ပေးပို့ခဲ့ပါသည်။ သန်းခေါင်စာရင်းကောက်ယူရာတွင် သန်းခေါင်စာရင်း ရည်ညွှန်းချိန်အဖြစ် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ ညသန်းခေါင်ယံအချိန်ကို သတ်မှတ်၍ မြန်မာနိုင်ငံနယ်နိမိတ်အတွင်းရှိနေသူ အားလုံးကို ကောက်ယူခဲ့ပါသည်။ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များတွင် ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်ထိ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းအားဆောင်ရွက်ခဲ့ပြီး လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေး အခြေအနေများကြောင့် အချို့မြို့နယ်များတွင် ဒီဇင်ဘာလ ဒုတိယအပတ်အထိ ရက်တိုးမြှင့်ကောက်ယူခြင်းနှင့် နောက်ကျသန်းခေါင်စာရင်း ကောက်ယူခြင်းတို့ ဆောင်ရွက်ခဲ့ပါသည်။

### ၁.၂.၉ သန်းခေါင်စာရင်း ကောက်ယူနိုင်မှုအခြေအနေ

၂၀၂၄ ခုနှစ်၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် မြို့နယ်ပေါင်း ၃၃၀ ရှိသည့်အနက် ၁၅၂ မြို့နယ်ကို ရာနှုန်းပြည့် စာရင်းကောက်ယူနိုင်ခဲ့ပါသည်။ တစ်စိတ်တစ်ဒေသ စာရင်းကောက်ယူနိုင်ခဲ့သော မြို့နယ်ပေါင်း ၁၂၀ ရှိပြီး မြို့နယ်လုံးကျွတ် သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် မြို့နယ် ၅၈ မြို့နယ်ရှိပါသည်။ စုစုပေါင်းလူဦးရေ၏ ၆၂.၆ ရာခိုင်နှုန်းအား စာရင်းကောက်ယူနိုင်ခဲ့ပြီး ၃၇.၄ ရာခိုင်နှုန်းသည် နည်းပညာအသုံးပြု ခန့်မှန်းထားသော လူဦးရေဖြစ်ပါသည်။ လူဦးရေသန်းခေါင်စာရင်း မကောက်ယူနိုင်သည့် ဒေသများအတွက် လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာ၊ Geographic Information System (GIS) နည်းပညာ၊ လူဦးရေနည်းပညာတို့ကို ပေါင်းစပ်အသုံးပြု၍ ဆောင်ရွက်ထားပါသည်။

### ၁.၂.၁၀ ရှေ့ပြေးလူဦးရေစာရင်း ထုတ်ပြန်ခြင်း

နိုင်ငံတော်စီမံကိန်းလုပ်ငန်းများတွင် လတ်တလောအသုံးပြုနိုင်ရန် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် ထုတ်ပြန်ကြေငြာခဲ့ပါသည်။ အဆိုပါ ရှေ့ပြေးလူဦးရေစာရင်းတွင် စာရင်းကောက်ယူရရှိသော လူဦးရေနှင့် စာရင်းမကောက်ယူနိုင်သော ဒေသများအတွက် ခန့်မှန်းလူဦးရေတို့ပါဝင်ပြီး စာရင်းကောက်ယူရရှိသော လူဦးရေကို ကျား/မ ခွဲခြား၍ ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်ထိ လူဦးရေများကို ပြုစုထုတ်ပြန်ခဲ့ပါသည်။ အဆိုပါအစီရင်ခံစာကို https://www.dop.gov.mm တွင် ဖော်ပြထားပါသည်။

## ၁.၃ နိဂုံး

မြန်မာနိုင်ငံ၏ သန်းခေါင်စာရင်းသမိုင်းကြောင်းကို လေ့လာကြည့်မည်ဆိုပါက နိုင်ငံရေး၊ နည်းပညာပြောင်းလဲမှုများနှင့်အညီ လိုက်လျောညီထွေဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကို အထင်အရှား တွေ့မြင်နိုင်မည်ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် ယခင်ကောက်ယူခဲ့သည့် သန်းခေါင်စာရင်းများ (အထူးသဖြင့် လူဦးရေနှင့် လူမှုစီးပွားရေးပြောင်းလဲမှုဆိုင်ရာ သတင်းအချက်အလက်များကို ဖော်ထုတ်နိုင်ခဲ့သည့် ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း) မှ ရရှိခဲ့သည့်အတွေ့အကြုံများကို အခြေခံကာ ခေတ်မီနည်းပညာများကိုအသုံးပြု၍ စာရင်းကောက်ယူမှုကို တစ်ခေတ်ဆန်းစေခဲ့ပါသည်။ ထို့အပြင် Remote Sensing နည်းပညာကိုအသုံးပြု၍ ပဋိပက္ခ ဖြစ်ပွားရာဒေသများ၊ သွားလာရန်ခက်ခဲသော ဒေသများရှိ လူဦးရေကို ခန့်မှန်းတွက်ချက်နိုင်ခဲ့ပါသည်။ Mobile Tablet များ အသုံးပြုခြင်း၊ GIS စနစ်ဖြင့်

ဒစ်ဂျစ်တယ်မြေပုံများ ရေးဆွဲခြင်း စသည့် ခေတ်မီနည်းပညာများကို အသုံးပြုကာ စာရင်းတိကျမှု၊ လွှမ်းခြုံနိုင်မှုနှင့် လုပ်ငန်းများ၏ ထိရောက်မှုတို့ကို များစွာမြှင့်တင်ပေးနိုင်ခဲ့သဖြင့် ဖွံ့ဖြိုးမှုစီမံကိန်းများ ရေးဆွဲရာတွင် မှန်ကန်တိကျသည့် အချက်အလက်များအား အချိန်နှင့် တစ်ပြေးညီ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါသည်။

ထို့အပြင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းသည် ဆယ်နှစ်တစ်ကြိမ် သန်းခေါင်စာရင်း ကောက်ယူရန်ဆိုသည့် ကုလသမဂ္ဂ၏ အကြံပြုချက်များကို လိုက်နာခြင်းဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်မှု အတွက်လိုအပ်သော အချက်အလက်များကို ပံ့ပိုးပေးမည်ဆိုသည့် နိုင်ငံတော်၏ ကတိကဝတ်များ ကို ထပ်လောင်းအတည်ပြုခြင်းလည်း ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ သန်းခေါင်စာရင်းသည် စနစ်တကျ အချက်အလက်ကောက်ယူသည့် အစဉ် အလာကို ဆက်လက်ထိန်းသိမ်းထားပြီး ခေတ်မီနည်းပညာများကိုအသုံးပြုကာ လုပ်ငန်းကိုပိုမို ထိရောက်စေခြင်းနှင့် ယခင်ကတွေ့ကြုံခဲ့ရသည့် နည်းပညာပိုင်းဆိုင်ရာ အားနည်းချက်များကို ကျော်လွှားဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဂုဏ်ယူဖွယ်ရာ ဖြစ်ပါသည်။ ဆယ်စုနှစ်ကာလအတွင်း မြန်မာနိုင်ငံ၏ ဒေသအလိုက်လူဦးရေနှင့် လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှုများကို ယခုထုတ်ပြန် သည့် ပြည်ထောင်စုအစီရင်ခံစာမှ ဖော်ထုတ်သိရှိနိုင်မည်ဖြစ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှု ပန်းတိုင်များဆီသို့ ဦးတည်စေမည်ဖြစ်ပါသည်။

# အခန်း (၂) နည်းစနစ်များနှင့် အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်မှုများ

ဤအခန်းတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအတွက် အရည်အသွေးမြင့်မားသော ရလဒ်များရရှိရန် အသုံးပြုခဲ့သည့်နည်းလမ်းများနှင့် အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်ခဲ့ပုံများကို အသေးစိတ်တင်ပြသွားမည်ဖြစ်ပါသည်။

စာရင်းကောက်ယူရာတွင် Geographic Information System (GIS) ကို အသုံးပြု၍ မြေပုံရေးဆွဲခြင်း၊ စာရင်းကောက်ကွက်များ ဖွဲ့စည်းခြင်းမှစ၍ Computer-Assisted Personal Interviewing (CAPI) စနစ်ဖြင့် အချက်အလက်များကောက်ယူခြင်းအထိ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းတင်ပြထားပါသည်။ ထို့အပြင် လုံခြုံရေးအခြေအနေကြောင့် သန်းခေါင်စာရင်းမကောက်ယူနိုင်ခဲ့သည့် ဒေသများအတွက် Earth Remote Sensing (ERS) နည်းပညာကို အသုံးပြု၍ လူဦးရေ ခန့်မှန်းတွက်ချက်ခဲ့ပုံနှင့် ၎င်းနည်းလမ်း၏တိကျမှန်ကန်မှုအား အကဲဖြတ်ခဲ့ပုံတို့အား ရှင်းလင်းဖော်ပြထားပါသည်။

နိဂုံးပိုင်းတွင် ကောက်ယူရရှိခဲ့သော အချက်အလက်များ၏ အရည်အသွေးနှင့် ကန့်သတ်ချက်များကို အကဲဖြတ်သုံးသပ်ထားပြီး ခေတ်မီနည်းပညာများနှင့် တိကျမှန်ကန်သောလုပ်ငန်းစဉ်များ ပေါင်းစပ်အသုံးပြုခဲ့သည့်အတွက် သန်းခေါင်စာရင်းရလဒ်များ၏ တိကျမှု၊ ပြည့်စုံမှုနှင့် ယုံကြည် စိတ်ချရမှုကို မည်သို့အထောက်အကူပြုခဲ့ကြောင်း တင်ပြထားပါသည်။

## ၂.၁ မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက် ဖွဲ့စည်းခြင်း

သန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းကောက်ယူရမည့် နယ်မြေဒေသများ၊ အိမ်ထောင်စုနှင့်လူဦးရေများ ထပ်ခြင်း၊ ကျန်ခြင်းမရှိစေရန် မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက်ဖွဲ့စည်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ရပါသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန်အတွက် မြေပုံရေးဆွဲခြင်းနှင့် စာရင်းကောက်ကွက် ဖွဲ့စည်းခြင်းလုပ်ငန်းအား Geographic Information System (GIS) နည်းပညာအသုံးပြု၍ ၁-၁၀-၂၀၂၁ ရက်မှ ၃၀-၉-၂၀၂၄ ရက်ထိ ၃၆ လကြာ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါလုပ်ငန်းများကို ဆောင်ရွက်ရန် ပြည်သူ့အင်အားဦးစီးဌာနတွင် GIS နည်းပညာနှင့်ပတ်သက်၍ အတွေ့အကြုံနှင့် ကျွမ်းကျင်မှု လိုအပ်ချက်များရှိခြင်းကြောင့် နိုင်ငံတကာအတွေ့အကြုံနှင့် နည်းပညာကျွမ်းကျင်မှုရှိသည့် နိုင်ငံတကာအကြံပေးပညာရှင် တစ်ဦးအား ၃ ကြိမ် ငှားရမ်း၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့အင်အားဦးစီးဌာနတွင် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်း၏ မြေပုံရေးဆွဲခြင်းနှင့်

စာရင်းကောက်ကွက် ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်မှ ရရှိခဲ့သောမြေပုံ ၅ မျိုး (မြို့နယ်အညွှန်းမြေပုံ၊ မြို့အညွှန်းမြေပုံ၊ ရပ်ကွက်မြေပုံ၊ ကျေးရွာအုပ်စုအညွှန်းမြေပုံ၊ ကျေးရွာမြေပုံ) အား Universal Transverse Mercator (UTM) မြေပုံများပေါ်တွင် GIS နည်းပညာဖြင့် Georeferencing ပြုလုပ်၍ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု နယ်နိမိတ်များကို တစ်နိုင်ငံလုံး ရေးဆွဲခဲ့ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမြေပုံများ၏ နယ်နိမိတ်များနှင့် Coding စနစ်များ ပါဝင်သော GIS Database ကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ်တွင်ထုတ်ပြန်ခဲ့သည့် နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု၊ ကျေးရွာများ အမည်စာရင်းဖြင့် ကိုက်ညီအောင် တည်ဆောက်ခဲ့ပါသည်။ စာရင်းကောက်ကွက်များ ဖွဲ့စည်းရန်အတွက် ကနဦးအနေဖြင့် ရပ်ကွက်၊ ကျေးရွာတည်နေရာများ (Points) ကောက်ယူခြင်းနှင့် Update ပြုလုပ်ခြင်းကို စနစ်တကျ စီမံ ချက်ရေးဆွဲ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးများမှ အရာထမ်း/ အမှုထမ်းများဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဒုတိယအဆင့်အနေဖြင့် ရပ်ကွက်၊ ကျေးရွာတည်နေရာများကို အခြေခံ၍ မြို့ပြရပ်ကွက် များတွင် သန်းခေါင်စာရင်းယူနစ် (Census Unit: CU) များဖွဲ့စည်းခြင်းလုပ်ငန်းကို ပြည်သူ့အင်အား ဦးစီးဌာနမှ GIS ဝန်ထမ်းများ၊ မြို့နယ်ဦးစီးမှူးရုံးများမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေး အဖွဲ့များ နှင့် မြေပြင်ကွင်းဆင်း၍ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ကျေးရွာအုပ်စုများ၏ သန်းခေါင်စာရင်း ယူနစ်များကိုမူ အချိန်ကန့်သတ်ချက်အရ ကျေးရွာတစ်ရွာကို သန်းခေါင်စာရင်းယူနစ်တစ်ခုအဖြစ် သတ်မှတ်ပြီး ဂြိုဟ်တုဓာတ်ပုံများ၊ တည်နေရာ (Point) များ၊ နယ်နိမိတ်များကို အသုံးပြု၍ ပြည်သူ့ အင်အားဦးစီးဌာန GIS ဝန်ထမ်းများမှ ရုံးချုပ်တွင်ရေးဆွဲခဲ့ပါသည်။

တတိယအဆင့်အနေဖြင့် စာရင်းကောက်ကွက်ဖွဲ့စည်းခြင်းလုပ်ငန်းကို ရပ်ကွက်၊ ကျေးရွာ တည်နေရာများ၊ သန်းခေါင်စာရင်းယူနစ်၊ အဆောက်အအုံစာရင်း၊ အခြေခံဒေသစာရင်း နှင့် မြေပြင်ရှိ အိမ်ထောင်စု၊ လူဦးရေတို့ကို အခြေခံ၍ ဂြိုဟ်တုဓာတ်ပုံများ၊ GIS နည်းပညာများကို အသုံးပြု၍ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဖွဲ့စည်းရာတွင် စာရင်းကောက်အဖွဲ့ တစ်နေ့ကောက်ယူ နိုင်မည့် အိမ်ထောင်စုအရေအတွက်ပေါ်မူတည်၍ စာရင်းကောက်ကွက်တစ်ကွက်တွင် ပုံမှန်မြို့ပေါ် ရပ်ကွက်များ၌ အိမ်ထောင်စု ၁၂၅ စုမှ ၁၇၅ စုခန့်ဖြင့်လည်းကောင်း၊ ဆင်ခြေဖုံးရပ်ကွက်များ၌ အိမ်ထောင်စု ၁၀၀ စု မှ ၁၂၅ စုခန့်ဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ပါသည်။ ကျေးလက်ဒေသများတွင် စာရင်းကောက်ကွက်တစ်ကွက်၌ ကျေးရွာတစ်ခု (သို့မဟုတ်) ကျေးရွာတစ်ခုထက်ပိုမို၍ ပါဝင်ပြီး အိမ်ထောင်စု ၁၀၀ စုမှ ၁၅၀ စုခန့်ဖြင့် ဖွဲ့စည်းခဲ့ပါသည်။

နောက်ဆုံးအဆင့်အနေဖြင့် စာရင်းကောက်ကွက်မြေပုံများကို Computer-assisted Personnel Interviewing (CAPI) စနစ်ဖြင့် ချိတ်ဆက်နိုင်ရန်အတွက် GeoJSON File များ ထုတ်ပေးခြင်း၊ စာရင်းကောက်ကွက်များ၏ GeoCode များနှင့် သန်းခေါင်စာရင်း အမည်၊ တံဆိပ် စသည့် အသေးစိတ်ပြင်ဆင်ထည့်သွင်း၍ ပုံနှိပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။ ထို့နောက် စာရင်းကောက်ကွက်မြေပုံများကို စာရင်းစစ်၊ စာရင်းကောက်များအသုံးပြုနိုင်ရန် သန်းခေါင်စာရင်း ကော်မတီ အဆင့်ဆင့်မှတစ်ဆင့် ဖြန့်ဝေခဲ့ပါသည်။

၂၀၂၄ သန်းခေါင်စာရင်း ကောက်ယူနိုင်ရန်အတွက် အိမ်ထောင်စု စာရင်းကောက်ကွက် ပေါင်း ၁၀၉,၄၆၉ ကွက်နှင့် အဖွဲ့အစည်း စာရင်းကောက်ကွက်ပေါင်း ၁,၅၈၄ ကွက်၊ စုစုပေါင်း ၁၁၁,၀၅၃ ကွက် ဖွဲ့စည်းခဲ့ပြီး နိုင်ငံ့ဧရိယာအားလုံးနီးပါးကို လွှမ်းခြုံနိုင်ခဲ့ပါသည်။

## ၂.၂ CSPro Software အသုံးပြု၍ Program များရေးသားခြင်းနှင့် CAPI စနစ် တည်ဆောက်ခြင်းလုပ်ငန်း

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကွန်ပျူတာအထောက် အကူပြု စာရင်းကောက်ယူခြင်း (Computer-Assisted Personal Interviewing - CAPI) စနစ် ဖြင့် ကောက်ယူခဲ့ပါသည်။ CAPI စနစ်သည် CSPro Software အသုံးပြုရေးသားထားသော သန်းခေါင်စာရင်း မေးခွန်းများပါရှိသည့် CAPI Application ကို Mobile Tablet (သို့မဟုတ်) Mobile Phone (သို့မဟုတ်) ကွန်ပျူတာများတွင် ထည့်သွင်း၍ မေးမြန်းသူက မေးခွန်းများကို Face-to-Face မေးမြန်းကာ ဖြေဆိုသည့်အဖြေကို ချက်ချင်းမှတ်တမ်းတင် ထည့်သွင်းသည့်စနစ် ဖြစ်ပါသည်။ CAPI စနစ်တွင် စာရင်းစစ်၊ စာရင်းကောက်များအဖြစ် စာရင်းသွင်းရန် ၎င်းတို့၏ ကိုယ်ရေးအချက်အလက်များ ဖြည့်သွင်းခြင်းနှင့် တာဝန်ကျသည့် ကောက်ကွက်များတွင် စာရင်း စတင်ကောက်ယူနိုင်ရန် စာရင်းကောက်ကွက် Activation ပြုလုပ်ခြင်းတို့အတွက် တစ်ကြိမ် သုံး စကားဝှက် (OTP) ကို အသုံးပြုခဲ့ပါသည်။ အဆိုပါ OTP ကုဒ်ကို သင်တန်းနည်းပြ သို့မဟုတ် ကြီးကြပ်သူထံမှ ရယူရပါသည်။

CAPI စနစ်တည်ဆောက်ခြင်းအတွက် CSPro Software ကိုအသုံးပြု၍ Program များ ရေးသားခဲ့ပါသည်။ CAPI Application ၏ Update များကို စာရင်းကောက်များထံပေးပို့ရန် နှင့် စာရင်းကောက်များပေးပို့ထားသည့် Update များကိုရယူရန် (သို့မဟုတ်) ကောက်ယူထား သော အချက်အလက်များကို ပြန်လည်ပေးပို့ရန်အတွက် Cloud Server ကို အသုံးပြုခဲ့ပါသည်။ Cloud Server ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သတင်းအချက်အလက်နည်း ပညာနှင့် ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှ ၆ လကြာ ငှားရမ်းအသုံးပြုခဲ့ပါသည်။ Cloud Server မှ

အချက် အလက်များကို ပြည်သူ့အင်အားဦးစီးဌာနရှိ CSWeb ထည့်သွင်းထားသည့် Local Server တွင်လည်း Back Up ပြုလုပ်သိမ်းဆည်းခဲ့ပါသည်။ Cloud server ကို အသုံးပြု၍ မရသည့် အချိန်တွင် စာရင်းကောက်များမှ အချက်အလက်များ ဆက်လက်ပေးပို့နိုင်ရန် Backup Server ကို အရန်အဖြစ် အသုံးပြုနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

စာရင်းကောက်ကွက်များ ကျန်ခြင်း၊ ထပ်ခြင်းမရှိစေရေးနှင့် စာရင်းကောက်ယူမှု မှန်ကန်စေရေးတို့အတွက် CAPI စနစ်ထည့်သွင်းထားသည့် Mobile Tablet များဖြင့် စာရင်းကောက်ယူမှုကို ရုံးချုပ်မှ စောင့်ကြည့်စစ်ဆေးမှု ပြုလုပ်နိုင်ရန် ကြီးကြပ်သူ ၇၀ ဦးကို တာဝန်ပေး၍ စာရင်းကောက်ကွက်အလိုက် အချက်အလက်များစစ်ဆေးခြင်း၊ လိုအပ်သောတည်းဖြတ်မှုများ ပြုလုပ်ခြင်းနှင့် စစ်ဆေးတည်းဖြတ်ထားသည့် အချက်အလက်များကို Local Server သို့ ပြန်လည်ပေးပို့ခြင်းတို့ကို ပြုလုပ်စေခဲ့ပါသည်။ ကောက်ယူရရှိသည့် အချက်အလက်များ၏ လုံခြုံမှုအဆင့်ကို မြှင့်တင်နိုင်ရန် အချက်အလက် File များကို ကုဒ်ဝှက်စနစ် (CSPro Database Encrypted) ဖြင့် ထားရှိခဲ့ပါသည်။

ပုံ (၂.၁)။ CAPI စနစ်ဖြင့် အချက်အလက်များ ရယူ/ပေးပို့မှုပုံစံ




## ၂.၃ စာရင်းကောက်ယူရာတွင် ဒစ်ဂျစ်တယ်မြေပုံ (GeoJSON) အသုံးပြုခြင်း

စာရင်းကောက်များ၏ Mobile Tablet များ၌ စာရင်းကောက်ကွက် နယ်နိမိတ်များကို ပြသရန်အတွက် CAPI Application တွင် ဒစ်ဂျစ်တယ်မြေပုံ (GeoJSON File) များကို ထည့်သွင်းအသုံးပြုခဲ့ပါသည်။ စာရင်းကောက်ယူရာတွင် CAPI စနစ်၏ အားသာချက်တစ်ခုမှာ စာရင်းကောက်ကွက်

နယ်နိမိတ်ကို Mobile Tablet များတွင် ကြည့်ရှုနိုင်ခြင်းဖြစ်ပါသည်။ ယင်းစနစ်သည် ကောက်ကွက်များယွင်း၍ စာရင်းကောက်ယူမှုနှင့် အချက်အလက်များ မှားယွင်းပေးပို့မှု အန္တရာယ်ကို လျှော့ချပေးပါသည်။ GPS Coordinate များကို တိတိကျကျမရနိုင်သော Mobile Tablet များတွင် စာရင်းကောက်ကွက် ဇယားချက်ကို တွက်ချက်နိုင်ရန် GeoJSON Point များကိုအသုံးပြုခဲ့ပါသည်။

## ၂.၄ စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် လူဦးရေခန့်မှန်းခြင်း

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းတွင် နယ်မြေဒေသလုံခြုံရေးအခြေအနေအရ တစ်နိုင်ငံလုံးကို လွှမ်းခြုံနိုင်ခြင်းမရှိသော်လည်း နိုင်ငံ့လူဦးရေကိုအနီးစပ်ဆုံး ထင်ဟပ်ပေါ်လွင်စေရန် သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် ဒေသများအတွက် လူဦးရေခန့်မှန်းခြင်း လုပ်ငန်းကို စနစ်တကျဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် စာရင်းမကောက်ယူနိုင်သော ဒေသများ၏ လတ်တလောအခြေအနေများနှင့် အသင့်လျော်ဆုံးဖြစ်စေမည့် နိုင်ငံတကာ၌ အသုံးပြုလျက်ရှိသော ဂြိုဟ်တုဓာတ်ပုံများအသုံးပြု၍ Earth Remote Sensing (ERS) နည်းပညာဖြင့် လူဦးရေခန့်မှန်းခြင်း ဆောင်ရွက်ခဲ့ပါသည်။

လူဦးရေခန့်မှန်းနိုင်ရေးအတွက် Up to Date ဂြိုဟ်တုဓာတ်ပုံများကို ရှိရင်းစွဲ ရင်းမြစ်များမှ ရယူအသုံးပြုခဲ့ပြီး လိုအပ်ပါက ရုရှား၊ တရုတ်၊ အိန္ဒိယနှင့် အခြားဥရောပရှိ Commercial Company များမှ ကြည်လင်ပြတ်သားသော High-Resolution ၀.၃၊ ၀.၅ နှင့် ၀.၈ မီတာ အရည်သွေးရှိသည့် Up to Date ဂြိုဟ်တုဓာတ်ပုံများကို ဝယ်ယူခဲ့ပါသည်။ ထို့နောက် Microsoft ၏ Global Machine Learning Building Footprints Dataset နှင့် Mapflow AI ၏ AI-powered tools များကို အသုံးပြုကာ ယင်းဂြိုဟ်တုဓာတ်ပုံများမှ Building Footprints Extraction လုပ်ငန်းစဉ်ကို ဆောင်ရွက်ခဲ့ပါသည်။ စာရင်းမကောက်ယူနိုင်သောဒေသများအတွက် လူဦးရေခန့်မှန်းခြင်း လုပ်ငန်းစဉ် အဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) **Building Footprints Extraction:** အဆိုပါလုပ်ငန်းကို ဆောင်ရွက်ပြီးနောက် တိကျမှန်ကန်သော Building Footprints များကို ရရှိခဲ့ပါသည်။

(ခ) **Classification of Building Type and Listing:** ရရှိလာသော Building Footprints များ၏ အဆောက်အဦအမျိုးအစားများကို Cross-checking နှင့် Merging ပြုလုပ်၍ ရုံးများ၊ စာသင်ကျောင်းများစသည့် အခြေခံအဆောက်အဦများနှင့် ဘာသာရေး၊ စီးပွားရေးဆိုင်ရာအဆောက်အဦများကို မျက်မြင်စစ်ဆေးဖယ်ထုတ်ခြင်း၊ ကျန်ရှိသောနေရာများတွင် ဖြည့်ထည့်ခြင်း၊ အပြန်အလှန်စစ်ဆေးခြင်း၊ သန်းခေါင်စာရင်းယူနစ်အလိုက် အဆောက်အဦစာရင်းပြုစုခြင်းတို့ကို GIS နည်းပညာဖြင့် အဆင့်ဆင့်ဆောင်ရွက်ခဲ့ပါသည်။

(ဂ) **Calculation of Uninhabited Domestic Building and Average Household Size:** သန်းခေါင်စာရင်းတွင် ပူးတွဲဆောင်ရွက်ခဲ့သည့် အဆောက်အအုံစာရင်း တင်ခြင်းလုပ်ငန်းမှ မြို့နယ်တစ်ခုချင်းအလိုက် စာရင်းကောက်ယူရရှိသည့် လူမနေအဆောက်အဦ ရာခိုင်နှုန်းနှင့် အိမ်ထောင်စုအရွယ်အစားတို့ကို သီးခြားတွက်ချက်၍ လူမနေအဆောက်အဦများကို လျှော့ချပြီး လူနေထိုင်နိုင်သော အဆောက်အဦ အရေအတွက်ကို ခန့်မှန်းခဲ့ပါသည်။

(ဃ) **Population Estimation with Satellite-Based Building Footprints Data and Administrative Records:** လူနေထိုင်နိုင်သော အဆောက်အဦ အရေအတွက်နှင့် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား၊ မြို့ပြလူဦးရေအချိုး၊ လူဦးရေသိပ်သည်းမှုတို့ကို အခြေခံ၍ လူဦးရေခန့်မှန်းခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ထို့ပြင် အုပ်ချုပ်မှုဆိုင်ရာ မှတ်တမ်းများမှ လူဦးရေစာရင်းများ၊ ဒေသအလိုက် လူဦးရေပြောင်းလဲမှု ဖြစ်စဉ်များ၊ ယခင် ၂၀၁၄ သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံတွက်ချက်ထားသော ၂၀၂၄ ခုနှစ်၏ ခန့်မှန်းလူဦးရေစာရင်းတို့ဖြင့် ချိန်ညှိသုံးသပ်၍ မြို့ပြ/ကျေးလက်အလိုက် နီးစပ်မှန်ကန်သော ခန့်မှန်းလူဦးရေများကို တွက်ချက်ခဲ့ပါသည်။

## ၂.၅ စာရင်းဇယားများပြုစုခြင်း (Data Processing) လုပ်ငန်း

စာရင်းဇယားများပြုစုခြင်း (Data Processing) လုပ်ငန်းသည် သန်းခေါင်စာရင်း လုပ်ငန်းစဉ်တွင် အလွန်အရေးပါသော အဆင့်တစ်ခုဖြစ်ပြီး ကောက်ယူရရှိသည့် အချက်အလက်များကို ရှေ့နောက်ဆီလျော်မှုရှိစေရန် တည်းဖြတ်ခြင်း၊ သန့်စင်ခြင်းနှင့် စာရင်းဇယား အချက်အလက်များကို စနစ်တကျစုစည်း ပြုစုခြင်းတို့ပါဝင်သည့် လုပ်ငန်းစဉ်တစ်ခုဖြစ်ပါသည်။ လူဦးရေသန်းခေါင်စာရင်း၊ စစ်တမ်း (သို့မဟုတ်) အခြားသုတေသနဆိုင်ရာ လုပ်ငန်းများအတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ခုဖြစ်ပြီး ယုံကြည်စိတ်ချရသော စာရင်းအင်းရလဒ်များရရှိစေရန် အခြေခံအုတ်မြစ် ကို တည်ဆောက်ပေးပါသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ကောက်ယူရရှိသော အချက်အလက်များကို လူဦးရေပညာဖြင့်ဆန်းစစ်လေ့လာခြင်းနှင့် စာရင်းဇယားပြုစုခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက် အစီရင်ခံစာများတွင် ထည့်သွင်းမည့် စာရင်းဇယားပုံစံ (Tabulation Plan) များကို ရေးဆွဲခဲ့ပါသည်။ အချက်အလက်အသုံးပြုသူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှု ရှိစေရန်အတွက် Data User Consultation Workshop ကျင်းပပြုလုပ်ပြီး သန်းခေါင်စာရင်း မေးခွန်းပုံစံတွင်ပါရှိသော ဘာသာရပ်အကြောင်းအရာအလိုက် Tabulation Plan များကို အုပ်ချုပ်မှုအဆင့်

(ပြည်ထောင်စု၊ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့် မြို့ပြ/ကျေးလက်)၊ ကျား/မ၊ အသက်တစ်နှစ်ချင်းနှင့် အသက်အုပ်စုများအလိုက် ခွဲခြားဖော်ပြနိုင်ရန် ရေးဆွဲခဲ့ပါသည်။ Tabulation Plan ရေးဆွဲပြီးနောက် အချက်အလက်အရည်အသွေး ကောင်းမွန်စေရန်အတွက် အချက်အလက်သန့်စင်ခြင်းနှင့် တည်းဖြတ်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

အချက်အလက်များ ရှေ့နောက်ဆီလျော်မှုရှိစေရန် အချက်အလက်သန့်စင်ခြင်းနှင့် တည်းဖြတ်ခြင်း၊ သန်းခေါင်စာရင်းမေးခွန်းပုံစံပါ ဘာသာရပ်အကြောင်းအရာအလိုက် စာရင်းဇယားများ ပြုစုခြင်းတို့အတွက် CSPro Software ကိုအသုံးပြု၍ အောက်ပါတို့ကို ဆောင်ရွက်ခဲ့ပါသည်-

(က) **အိမ်ထောင်စု/အဖွဲ့အစည်းများထပ်နေခြင်းကို စစ်ဆေးခြင်း။** စာရင်းကောက်ကွက် တစ်ခုအတွင်း စာရင်းသွင်းထားသော အိမ်ထောင်စု/အဖွဲ့အစည်း၏ တည်နေရာ Point ထပ်ခြင်းများအတွက် တည်းဖြတ်မှုများပြုလုပ်ခြင်းနှင့် ကောက်ကွက်များကို စာရင်းကောက်ကွက် တစ်ကွက်တည်းတွင်ပေါင်း၍ ကောက်ယူခြင်းများအတွက် ကောက်ကွက်အမှန်သို့ ပြန်လည်ခွဲထုတ်ပေးခြင်း၊

(ခ) **Structure အလိုက် တည်းဖြတ်စစ်ဆေးခြင်း။** အိမ်ထောင်စုတစ်စုချင်းစီအလိုက် Unique ID ဖြစ်/မဖြစ်နှင့် အချက်အလက်များရှေ့နောက် ဆီလျော်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) **အချက်အလက်များ ဆက်နွှယ်မှုကို စစ်ဆေးခြင်း။** အသက်နှင့် အိမ်ထောင်ဦးစီးနှင့် တော်စပ်ပုံကိုမူတည်၍ သား/သမီးများ၏အသက်သည် မိဘ၏အသက်အောက် ငယ်/မငယ်နှင့် အိမ်ထောင်ရေးအခြေအနေ စသည်တို့ကိုစစ်ဆေးခြင်း၊

(ဃ) **Range validation စစ်ဆေးခြင်း။** ပညာရေးအကြောင်းအရာတွင် အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်းနှင့် အသက်ဆီလျော်မှု ရှိ/မရှိ စစ်ဆေးခြင်း။

CSPro Software အသုံးပြု၍ အချက်အလက်သန့်စင်၊ တည်းဖြတ်ပြီးသော Data File ကို SPSS၊ STATA စသည့် Statistical Software များဖြင့် အသေးစိတ် ဆန်းစစ်လေ့လာနိုင်ရန်အတွက် Export ပြုလုပ်ခဲ့ပါသည်။

## ၂.၆ အချက်အလက်များ၏ အရည်အသွေးကောင်းမွန်စေရန် ဆောင်ရွက်မှုများ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ လုပ်ငန်းအဆင့်တိုင်းတွင် အရည်အသွေးကောင်းမွန်စေမည့်လုပ်ငန်းစဉ်များကို ပေါင်းစပ်ထည့်သွင်းခဲ့ပါသည်။ ထိုအချက်များတွင် သန်းခေါင်စာရင်းကောက်ယူရာတွင် တစ်နိုင်ငံလုံးအား တတ်နိုင်သမျှလွှမ်းခြုံမှုရှိ

စေရန်၊ ရရှိသည့် အချက်များမှန်ကန်မှုရှိစေရန်နှင့် စာရင်းကောက်များမှ မှန်ကန်စွာဖြည့်သွင်းရန်၊ စာရင်းဇယား ပြုစုခြင်းလုပ်ငန်းများ တိကျမှန်ကန်မှုရှိစေရန်တို့ ပါဝင်ပါသည်။

သန်းခေါင်စာရင်း လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် အချက်အလက်များ အရည်အသွေး ကောင်းမွန်စေရေးအတွက် အောက်ပါလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ခဲ့ပါသည်—

(က) **စီမံချက်ရေးဆွဲခြင်း။** သန်းခေါင်စာရင်း လုပ်ငန်းစီမံချက်ကို အသေးစိတ် ရေးဆွဲပြုစု၍ အသင့်လျော်ဆုံး နည်းပညာဆိုင်ရာ ရွေးချယ်မှုများပြုလုပ်ခြင်း၊ အချိန်ဇယားများ ရေးဆွဲခြင်းနှင့် တာဝန်ဝတ္တရားများ သတ်မှတ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ပြီးပြည့်စုံသော မူဘောင်အတွင်းမှ လုပ်ငန်းအဆင့် အားလုံးကို အသင့်လျော်ဆုံးစီမံ ဆောင်ရွက်ခဲ့ပြီး နိုင်ငံတကာစံနှုန်းများ၊ အကောင်းဆုံး လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ခဲ့ပါသည်။

(ခ) **မေးခွန်းပုံစံပြုစုခြင်း။** သန်းခေါင်စာရင်းမေးခွန်းပုံစံပြုစုခြင်းကို ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းနှင့် ၂၀၁၉ ကြားဖြတ်လူဦးရေ သန်းခေါင်စာရင်း မေးခွန်းပုံစံများကို အခြေခံ၍ဆောင်ရွက်ခဲ့ပြီး မြေပြင်တွင်စမ်းသပ်ခြင်း၊ အစိုးရဝန်ကြီးဌာန/ ဦးစီးဌာနများ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ တက္ကသိုလ်များနှင့် သုတေသန လုပ်ငန်းအဖွဲ့အစည်းများ၊ အချက်အလက်အသုံးပြုသူများနှင့် ဆွေးနွေးညှိနှိုင်းမှု များ ပြုလုပ်ခဲ့ပါသည်။ ထို့ပြင် ကုလသမဂ္ဂမှ အကြံပြုထားသော နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် အသွင်သဏ္ဍာန်တူ နိုင်ငံများ၏ မေးခွန်းပုံစံများကိုလည်း ဆန်းစစ်လေ့လာ အသုံးပြုခဲ့သဖြင့် အချက်အလက်အသုံးပြုသူများအတွက် အမှန်တကယ်လိုအပ်သော အချက်အလက်များကို ရရှိခဲ့ပါသည်။

(ဂ) **မြေပုံရေးဆွဲခြင်း။** တစ်နိုင်ငံလုံးတွင် အုပ်ချုပ်မှုဧရိယာ အသေးငယ်ဆုံး အဆင့်ဖြစ်သော ရပ်ကွက်/ ကျေးရွာအုပ်စုတိုင်းကို GIS နည်းပညာအသုံးပြု၍ သန်းခေါင်စာရင်း ကောက်ကွက်မြေပုံများ ရေးဆွဲခြင်းဖြင့် နိုင်ငံ့ဧရိယာ အပြည့်အဝ လွှမ်းခြုံနိုင်သလို စာရင်းကောက်ယူရာတွင် Mobile Tablet များ၌ GeoJSON ဖိုင် (စာရင်းကောက်ကွက်မြေပုံ) များ ထည့်သွင်းထားပြီး အမည်များ၊ ပထဝီကုဒ်များနှင့် အလွယ်တကူ မြင်သာသည့် အထင်ကရနေရာများ ပါဝင် သည့်အတွက် GPS တိကျမှု အကန့်အသတ်ရှိသောနေရာများ၌ပင် လမ်းပြ ပေးနိုင်ခဲ့ပါသည်။ ထို့ကြောင့် လူထပ်ခြင်း/ ကျန်ခြင်း၊ ကောက်ကွက် မှားယွင်း ကောက်ယူခြင်းများကိုလည်း ရှောင်လွှဲနိုင်ခဲ့ပါသည်။

(ဃ) **စမ်းသပ်သန်းခေါင်စာရင်း ကောက်ယူခြင်း။** ပင်မသန်းခေါင်စာရင်း မကောက်ယူမီ တစ်နှစ်တိတိအလိုတွင် သန်းခေါင်စာရင်းလုပ်ငန်းစဉ်တစ်ခုလုံးကို စမ်းသပ်သည့်အနေဖြင့်စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။ ဤလုပ်ငန်းမှ လုပ်ထုံးလုပ်နည်းများကိုမွမ်းမံရန် တန်ဖိုးရှိသော အချက်အလက်များကို ရရှိခဲ့ပြီး တွေ့ရှိချက်များကို အခြေခံ၍ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နိုင်ခဲ့သဖြင့် ပင်မသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ပါသည်။

(င) **သင်တန်းပေးခြင်း၊ စံချိန်စံညွှန်းသတ်မှတ်ခြင်းနှင့် စွမ်းရည်မြှင့်တင်ခြင်း။** စာရင်းစစ်၊ စာရင်းကောက်သင်တန်းများနှင့် စာရင်းကောက် လုပ်ငန်းစဉ်များ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် တူညီမှုရှိပြီး အရည်အသွေးမြင့်မားသော စံချိန်စံညွှန်းများကို ထိန်းသိမ်းရန် စာရင်းစစ်/စာရင်းကောက်လက်စွဲစာစောင်၊ CAPI လက်စွဲစာစောင်နှင့် သင်တန်းနည်းပြများအတွက် လက်စွဲစာစောင်များကို ပြုစုခဲ့ပါသည်။ စာရင်းကောက်များနှင့် ကွင်းဆင်းဝန်ထမ်းများကိုလည်း ပြည့်စုံထိရောက်သော သင်တန်းများပေးခဲ့ပါသည်။ ဗဟိုအဆင့်နည်းပြများကို ရုံးချုပ်တွင် အသေးစိတ် ပြည့်စုံစွာ သင်ကြားပေးခဲ့ပါသည်။ ထို့နောက် ဆင့်ပွားသင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်များသို့ တစ်ဆင့်ပြီးတစ်ဆင့် ဆင့်ပွားပို့ချစေခဲ့ပြီး သတ်မှတ်ထားသော လက်စွဲစာစောင်၊ အချိန်ဇယားများကို အသုံးပြု၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီ ဆောင်ရွက်စေခဲ့ပါသည်။

(စ) **အသိပညာပေးလှုံ့ဆော်မှုများဆောင်ရွက်ခြင်း။** သန်းခေါင်စာရင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြသရန်နှင့် မှန်ကန်စွာဖြေဆိုခြင်းကို အားပေးရန် မီဒီယာအမျိုးမျိုးဖြင့် အသိပညာပေးလှုံ့ဆော်မှုများ ဆောင်ရွက်ခဲ့ပါသည်။

(ဆ) **ခေတ်မီပြီး စံချိန်စံညွှန်းများနှင့်အညီ ပူးပေါင်းဆောင်ရွက်ခြင်း။** ၂၀၂၄ သန်းခေါင်စာရင်းတွင် ခေတ်မီနည်းပညာများ အသုံးပြုနိုင်ရန်နှင့် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်နိုင်ရန် ပြည်သူ့အင်အားဦးစီးဌာနသည် နိုင်ငံတကာ၊ ပြည်တွင်းအကြံပေး ပညာရှင်များနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါသည်။ ဤပူးပေါင်းဆောင်ရွက်မှုက အကောင်းဆုံး လုပ်ထုံးလုပ်နည်းများ၊ နည်းပညာဆိုင်ရာ အသစ်အဆန်းများနှင့် အရည်အသွေးစံချိန်များကို သန်းခေါင်စာရင်း လုပ်ငန်းစဉ်များတွင် ပေါင်းစပ်ရာတွင် အထောက်အကူ ဖြစ်စေခဲ့ပါသည်။

(ဇ) **နည်းပညာ၊ လုံခြုံရေးနှင့် ကြီးကြပ်မှု။** CAPI စနစ်အသုံးပြု၍ စာရင်းကောက်ယူခဲ့သည့်အတွက် မေးခွန်းပုံစံစာရွက်များ အသုံးပြုရန်မလိုအပ်ဘဲ စာရင်းကောက်ယူနေစဉ် ရှေ့နောက်ဆီလျော်မှုရှိ/မရှိ (ဥပမာ- အသက်နှင့် မွေးသက္ကရာဇ် ကိုက်ညီမှုရှိ/မရှိ) စစ်ဆေးမှုများ ပြုလုပ်နိုင်ခြင်း၊ အချို့မေးခွန်းများအတွက် အကျုံးဝင်သူများကိုသာ ရွေးချယ်မေးမြန်းရာတွင်လွယ်ကူစေခြင်း စသည်တို့ကို ဆောင်ရွက်ပေးနိုင်သဖြင့် စာရင်းကောက်ကပြုလုပ်နိုင်သည့် အမှားများကိုလည်း လျှော့ချနိုင်ခဲ့ပါသည်။ စာရင်းကောက်/စစ်များသည် ၎င်းတို့တာဝန်ကျသည့်စာရင်းကောက်ကွက်များကို စာရင်းကောက်ယူရန် ဝင်ရောက်ရာတွင် တစ်ကြိမ်သုံး စကားဝှက် (OTP) များ အသုံးပြု၍သာ ဝင်ရောက်နိုင်ပါသည်။ ကောက်ယူရရှိသည့် အချက်အလက်များ၏ လုံခြုံမှု အတွက် အချက်အလက် File များကို ကုဒ်ဝှက်စနစ် (CSPro Database Encrypted) ဖြင့် သိမ်းဆည်းခဲ့ပြီး Cloud server သို့ပေးပို့ခဲ့ပါသည်။ Cloud server ကို အသုံးပြု၍ မရသည့် အချိန်တွင် စာရင်းကောက်များမှ အချက်အလက်များ ဆက်လက် ပေးပို့နိုင်ရန် Backup Server ကို အရန်အဖြစ် အသုံးပြုနိုင်ရေးကိုလည်း စီစဉ်ဆောင်ရွက်ခဲ့ပါသည်။

(ဈ) **အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်ကြီးကြပ်ခြင်း။** သန်းခေါင်စာရင်းကောက်ယူချိန်တွင် Server သို့ရောက်ရှိလာသော အချက်အလက်များကို စာရင်းဇယားများ၊ ဂရပ်ဖ်များ၊ လူဦးရေပိရမစ်နှင့် မြေပုံများ ပါဝင်သည့် Dashboard ဖြင့် စောင့်ကြည့် စစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ညွှန်ကြားနိုင်ခဲ့ပါသည်။ ထို့အပြင် စာရင်းကောက်ကွက်အလိုက် မထပ်မကျန်စေရေး စစ်ဆေးရန်နှင့် လိုအပ်သော တည်းဖြတ်မှုများပြုလုပ်ရန် ရုံးချုပ်တွင် ကြီးကြပ်သူ ၇၀ ဦးထားရှိ၍ စောင့်ကြည့်စစ်ဆေးခဲ့ပြီး စာရင်းကောက်သူများနှင့် တိုက်ရိုက်ဆက်သွယ်၍ လိုအပ်သည်များကို မေးမြန်းဆောင်ရွက်ပေးခဲ့ပါသည်။

(ည) **အချက်အလက်များတိကျမှန်ကန်မှုရှိစေရန် တိကျသေချာစွာစစ်ဆေးခြင်း။** သန်းခေါင်စာရင်းအချက်အလက်များ တိကျမှန်ကန်မှုနှင့် အချက်အလက်ညီညွတ်မှုရှိစေရန် စာရင်းဇယားပြုစုခြင်းလုပ်ငန်းကို အရည်အသွေး အာမခံချက်အနေဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့ပါသည်။ CSPro software ကို အသုံးပြု၍ အချက်အလက်ထပ်နေမှုရှိ/မရှိ စစ်ဆေးခြင်း၊ အချက်အလက်ဖွဲ့စည်းပုံဆိုင်ရာ မှန်ကန်မှုစစ်ဆေးခြင်း၊ လူဦးရေဆိုင်ရာအချက်အလက်များ ရှေ့နောက်ဆီလျော်မှု စစ်ဆေးခြင်းနှင့် အချက်အလက်တစ်ခုနှင့်တစ်ခု

ဆီလျော်သည့် အတိုင်းအတာအတွင်း ရှိ/မရှိ စစ်ဆေးခြင်းတို့အား ပြုလုပ်ခဲ့ပါသည်။ ဤစနစ်တကျ စစ်ဆေးမှုများအား ဆောင်ရွက်ပြီးမှသာ သန့်စင်ထားသော အချက်အလက်များကို SPSS နှင့် STATA ဆော့ဖ်ဝဲများသို့ ပြောင်းလဲ၍ ဆန်းစစ်လေ့လာမှုများ ပြုလုပ်ခဲ့ပါသည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် ထုတ်ပြန်သည့် ရလဒ်များသည် ယုံကြည်စိတ်ချရပြီး အရည်အသွေးမြင့်မားသော အချက်အလက်များအပေါ်တွင် အခြေခံထားကြောင်း အာမခံနိုင်ပါသည်။

## ၂.၇ စာရင်းကောက်ယူ၍မရသောဒေသများအတွက် Earth Remote Sensing (ERS) နည်းပညာအသုံးပြု၍ ခန့်မှန်းချက်များ၏ မှန်ကန်မှုအား စစ်ဆေးခြင်း

လုံခြုံရေးအခြေအနေအရ အပြည့်အဝစာရင်းမကောက်ယူနိုင်ခဲ့သည့် ဒေသများအတွက် လူဦးရေခန့်မှန်းတွက်ချက်ခြင်းလုပ်ငန်းကို Earth Remote Sensing (ERS) နည်းပညာ၊ GIS နည်းပညာနှင့် လူဦးရေခန့်မှန်းခြင်းနည်းပညာတို့ကို အသုံးပြုတွက်ချက်ခဲ့ပါသည် (အပိုင်း ၂.၄ တွင် ဖတ်ရှုနိုင်ပါသည်)။ အဆိုပါနည်းပညာများဖြင့် အခြေပြုခန့်မှန်းချက်များ၏ တိကျမှန်ကန်မှု အရည်အသွေးအား အကဲဖြတ်ရန် အပြည့်အဝကောက်ယူရရှိထားသော မြို့နယ်များမှ မြို့နယ် ၃၀ အား နမူနာအချိုးကျယူကာ ဆန်းစစ်လေ့လာမှုတစ်ရပ် ပြုလုပ်ခဲ့ပါသည်။ နမူနာယူထားသော မြို့နယ် တစ်ခုစီအတွက် အောက်ပါအဆင့်များကို ဆောင်ရွက်ခဲ့ပါသည်-

(က) နောက်ဆုံးတင်ထားသည့် ဂြိုဟ်တုပုံရိပ်များကို အသုံးပြု၍ အဆောက်အဦများ၏ အခြေခံများ (Footprints) (Microsoft Global ML Building Footprints နှင့် Mapflow AI တို့ကို အသုံးပြု၍) အားထုတ်ယူခဲ့ပါသည်။

(ခ) GIS နည်းပညာဖြင့် ပြန်လည်သုံးသပ်ပြီး လူနေအဆောက်အဦ မဟုတ်သည်များကို ဖယ်ရှားခဲ့ပါသည်။

(ဂ) ERS ဖြင့် ခန့်မှန်းရမည့်နေရာနှင့် ဆင်တူသော အပြည့်အဝ စာရင်းကောက်ယူထားသည့် နေရာများမှ ပျမ်းမျှအိမ်ထောင်စု အရွယ်အစားနှင့် လူမနေသော အိမ်အချိုးအစားကို ကိုးကားခဲ့ပါသည်။

(ဃ) အထက်ပါအချက်များကိုအခြေခံ၍ ERS ကိုအသုံးပြုကာ ခန့်မှန်းလူဦးရေ တွက်ချက်ပြီး၊ အမှန်တကယ်ကောက်ယူထားသော လူဦးရေဖြင့် နှိုင်းယှဉ်ခဲ့ပါသည်။

အောက်ဖော်ပြပါဇယားသည် အပြည့်အဝကောက်ယူရရှိသော မြို့နယ် ၃၀ ၏ မြေပြင်တွင် ကောက်ယူရရှိသော လူဦးရေစာရင်းနှင့် နည်းပညာအသုံးပြုတွက်ချက်ထားသည့် ခန့်မှန်းလူဦးရေစာရင်းကို နှိုင်းယှဉ်ထားခြင်းဖြစ်ပါသည်။

ဇယား (၂.၁)။ အပြည့်အဝကောက်ယူရရှိသော မြို့နယ် ၃၀ ၏ မြေပြင်ကောက်ယူရရှိသော လူဦးရေ နှင့် နည်းပညာအသုံးပြုတွက်ချက်ထားသည့် ခန့်မှန်းလူဦးရေအား နှိုင်းယှဉ်ခြင်း

| စဉ် | မြို့နယ် | စာရင်းကောက်ယူရရှိသော လူဦးရေ | ခန့်မှန်းလူဦးရေ | ကွာခြားမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၁ | ဒိုက်ဦး | ၁၆၅,၇၉၃ | ၁၈၇,၈၈၈ | ၁၃.၃ |
| ၂ | အုတ်တွင်း | ၁၅၀,၈၈၁ | ၁၉၃,၉၈၃ | ၂၈.၆ |
| ၃ | သဲကုန်း | ၁၁၅,၆၆၃ | ၁၃၅,၂၇၄ | ၁၇.၀ |
| ၄ | ကဝ | ၁၇၀,၈၉၆ | ၂၁၃,၂၁၈ | ၂၄.၈ |
| ၅ | ပေါက်ခေါင်း | ၁၀၂,၄၀၅ | ၁၁၀,၁၃၁ | ၇.၅ |
| ၆ | အုတ်ဖို | ၉၃,၁၉၆ | ၁၀၃,၄၅၀ | ၁၁.၀ |
| ၇ | မြို့သစ် | ၁၂၃,၃၁၅ | ၁၅၁,၅၃၁ | ၂၂.၉ |
| ၈ | ကံမ | ၆၃,၃၂၈ | ၇၀,၀၀၀ | ၁၀.၅ |
| ၉ | စဥ့်ကိုင် | ၁၅၈,၇၀၀ | ၂၂၄,၅၉၅ | ၄၁.၅ |
| ၁၀ | ချမ်းအေးသာစံ | ၁၅၄,၉၀၃ | ၁၆၁,၇၁၂ | ၄.၄ |
| ၁၁ | အောင်မြေသာစံ | ၂၆၄,၂၆၉ | ၂၁၄,၉၆၀ | -၁၈.၇ |
| ၁၂ | မော်လမြိုင် | ၂၅၅,၈၈၀ | ၂၇၇,၈၉၅ | ၈.၆ |
| ၁၃ | မာန်အောင် | ၅၀,၆၈၀ | ၅၇,၇၇၉ | ၁၄.၀ |
| ၁၄ | တိုက်ကြီး | ၂၇၂,၂၃၈ | ၂၇၈,၀၀၇ | ၂.၁ |
| ၁၅ | တွံတေး | ၂၁၀,၈၁၂ | ၂၈၉,၄၅၄ | ၃၇.၃ |
| ၁၆ | ဒဂုံမြို့သစ်(တောင်ပိုင်း) | ၃၈၀,၆၈၇ | ၃၃၇,၂၈၆ | -၁၁.၄ |
| ၁၇ | ထန်းတပင် | ၂၂၀,၀၄၄ | ၂၉၉,၉၉၈ | ၃၆.၃ |
| ၁၈ | သန်လျင် | ၂၉၂,၈၆၃ | ၂၃၄,၄၇၀ | -၁၉.၉ |
| ၁၉ | အင်းစိန် | ၂၅၂,၂၇၅ | ၁၈၇,၀၀၃ | -၂၅.၉ |
| ၂၀ | ကလော | ၁၉၈,၂၀၆ | ၂၄၂,၉၃၈ | ၂၂.၆ |
| ၂၁ | ကျိုင်းတုံ | ၁၅၄,၈၃၁ | ၁၈၄,၂၂၁ | ၁၉.၀ |
| ၂၂ | ရေကြည် | ၁၈၃,၁၆၆ | ၁၉၁,၉၉၄ | ၄.၈ |
| ၂၃ | ပုသိမ် | ၃၄၇,၁၄၂ | ၃၈၀,၄၂၉ | ၉.၆ |
| ၂၄ | ကျိုက်လတ် | ၁၆၅,၄၁၀ | ၁၇၆,၉၈၇ | ၇.၀ |
| ၂၅ | ညောင်တုန်း | ၂၀၅,၀၉၀ | ၁၈၂,၆၄၈ | -၁၀.၉ |
| ၂၆ | မြောင်းမြ | ၂၇၃,၆၁၉ | ၃၆၆,၈၂၇ | ၃၄.၁ |
| ၂၇ | ကြံခင်း | ၈၀,၇၃၉ | ၈၈,၅၆၉ | ၉.၇ |

| စဉ် | မြို့နယ် | စာရင်းကောက်ယူရရှိသော လူဦးရေ | ခန့်မှန်းလူဦးရေ | ကွာခြားမှု ရာခိုင်နှုန်း |
|---|---|---|---|---|
| ၂၈ | မော်လမြိုင်ကျွန်း | ၂၇,၂၂၂၄ | ၂၁၇,၈၅၀ | -၂၀.၀ |
| ၂၉ | ဖေယျာသီရိ | ၁၀၉,၈၇၉ | ၁၁၃,၉၄၇ | ၃.၇ |
| ၃၀ | ပျဉ်းမနား | ၁၇၃,၃၄၄ | ၂၂၁,၃၇၆ | ၂၇.၇ |
| | စုစုပေါင်း | ၅,၆၆၂,၄၇၈ | ၆,၀၉၆,၄၁၈ | ၇.၇ |

အရည်အသွေး ဆန်းစစ်လေ့လာမှုပြုသည့် မြို့နယ် ၃၀ တွင် စာရင်းကောက်ယူရရှိသော လူဦးရေမှာ ၅,၆၆၂,၄၇၈ ဦးရှိ၍ ခန့်မှန်းလူဦးရေမှာ ၆,၀၉၆,၄၁၈ ဦးရှိကြောင်းတွေ့ရှိရပါသည်။ ခန့်မှန်းလူဦးရေနှင့် အမှန်တကယ်ကောက်ယူရရှိသော လူဦးရေ၏ ကွာခြားမှုရာခိုင်နှုန်းမှာ ၇.၇ သာရှိ၍ ခန့်မှန်းလူဦးရေ၏ မှန်ကန်တိကျမှုမှာ ၉၂.၃ ရာခိုင်နှုန်း ဖြစ်ကြောင်းတွေ့ရှိရပါသည်။

လူဦးရေထူထပ်သောဒေသများ၊ အထပ်မြင့်အိမ်ယာ များပြားသောဒေသများနှင့် ရွှေ့ပြောင်းမှုမြင့်မားသော ဒေသများတွင် ခန့်မှန်းလူဦးရေနှင့် အမှန်တကယ်ကောက်ယူရရှိသော လူဦးရေကွာခြားမှု များပြားကြောင်း တွေ့ရှိရပါသည်။ လတ်တလော လူဦးရေရွှေ့ပြောင်းမှု များပြားသည့်ဒေသများတွင်လည်း ကွာခြားမှုများ ပိုမိုမြင့်မားနိုင်ပါသည်။ ဂြိုဟ်တုပုံရိပ် ရိုက်ကူးသည့်အချိန်နှင့် ကွင်းဆင်းစာရင်းကောက်ယူသည့်အချိန်အကြား အချိန်ကွာဟမှုကြောင့် ဤကာလအတွင်း လူမနေသည့်အဆောက်အဦရာခိုင်နှုန်း ပြောင်းလဲနိုင်ခြင်းနှင့် ပျမ်းမျှအိမ်ထောင်စုလူဦးရေ ပြောင်းလဲနိုင်ခြင်းတို့ကြောင့်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ စာရင်းမကောက်ယူနိုင်သော ဒေသများအတွက် ခန့်မှန်းထားသည့်နည်းပညာများမှာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူဦးရေခန့်မှန်းချက်များ ပြုလုပ်နိုင်ခဲ့ပြီး အချက်အလက်များ၏ အရည်အသွေးမှာလည်း ကောင်းမွန်ခိုင်မာမှုရှိကြောင်း တွေ့ရှိရပါသည်။ စာရင်းကောက်ယူ၍ မရသောဒေသများအတွက် ယုံကြည်စိတ်ချရသော အချက်အလက်များ ပေးစွမ်းနိုင်ပြီး စီမံကိန်းရေးဆွဲမှုများအတွက် အခြေခံအချက်အလက်များ ဖြည့်ဆည်းပေးနိုင်မည် ဖြစ်ပါသည်။

## ၂.၈ စာရင်းကောက်ယူနိုင်မှုနှင့် သန်းခေါင်စာရင်းရလဒ်များ၏ ယုံကြည်စိတ်ချရမှု

၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းရလဒ်များ၏ ယုံကြည်စိတ်ချရမှုကို စာရင်းကောက်ယူနိုင်ခဲ့သည့် လူဦးရေအချိုးအစားဖြင့် သတ်မှတ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် လူဦးရေ ၃၂.၁၈ သန်း (စုစုပေါင်းလူဦးရေ ၅၁.၃၇ သန်း၏ ၆၂.၆%) ကို စာရင်းကောက်ယူရရှိခဲ့ပြီး စာရင်း

ကောက်ယူ၍ မရသောဒေသများအတွက် လူဦးရေ ၁၉.၁၉ သန်း (၃၇.၄%) ကိုမူ ခေတ်မီနည်းပညာများဖြင့် ခန့်မှန်းတွက်ချက်ထားပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာရင်းကောက်ယူနိုင်မှုရာခိုင်နှုန်းများသည် သိသာစွာကွာခြားနေခြင်းကြောင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ကိန်းဂဏန်းများ၏ ယုံကြည်စိတ်ချရမှုသည်လည်း တစ်ပြေးညီရှိမည်မဟုတ်ပါ။ ဤကွာခြားမှုများကို ရှင်းလင်းစွာသိရှိနိုင်စေရန် ယုံကြည်စိတ်ချရမှုအဆင့် ၃ ဆင့်ခွဲ၍ဖော်ပြထားပါသည်။ သို့ဖြစ်၍ အချက်အလက်အသုံးပြုသူများ အနေဖြင့် ဒေသအလိုက်ရလဒ်များ၏ ယုံကြည်စိတ်ချရမှုကို ပိုမိုနားလည် သဘောပေါက်နိုင်မည် ဖြစ်ပါသည်။

အမြင့်ဆုံးယုံကြည်စိတ်ချရမှုရှိသော ဒေသများအဖြစ် ရန်ကုန်တိုင်းဒေသကြီး (၁၀၀%)၊ ဧရာဝတီတိုင်းဒေသကြီး (၁၀၀%)၊ နေပြည်တော် (၁၀၀%) နှင့် ပဲခူးတိုင်းဒေသကြီး (၈၇.၁%) တို့ကို သတ်မှတ်ထားပါသည်။ ဤဒေသများတွင် လူဦးရေ၏ အနည်းဆုံး ၈၅ ရာခိုင်နှုန်းကို စာရင်းကောက်ယူနိုင်ခဲ့သဖြင့် ဤဒေသများ၏ အချက်အလက်များကို အသေးစိတ် ဆန်းစစ်လေ့လာမှုများပြုလုပ်ရန်နှင့် တိကျသောနှိုင်းယှဉ်မှုများဆောင်ရွက်ရန် အထူးသင့်လျော်ပါသည်။ သို့ရာတွင် ဤဒေသများတွင်ပင် အုပ်စု (ဥပမာ - အသက်အုပ်စု) များအကြား သို့မဟုတ် ကာလအလိုက် အလွန်သေးငယ်သော ကွာခြားမှုများကို အနက်ဖွင့်ရာတွင် သတိထားရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ထိုကွာခြားမှုများသည် သာမန်စာရင်းအင်းအမှားများ သို့မဟုတ် အချက်အလက်ပြုပြင်မှု လုပ်ငန်းစဉ်များကြောင့်လည်း ဖြစ်ပေါ်နိုင်သောကြောင့် ဖြစ်ပါသည်။ ဤအမြင့်ဆုံး ယုံကြည်စိတ်ချရမှုရှိသော ဒေသများရှိ အချက်အလက်များသည် မူဝါဒရေးဆွဲသူများ၊ စီမံကိန်းရေးဆွဲသူများနှင့် သုတေသီများအတွက် အမြင့်ဆုံးယုံကြည်စိတ်ချရသော အခြေခံအချက်အလက်များအဖြစ် အသုံးပြုနိုင်ပါသည်။

ယုံကြည်စိတ်ချရမှု အလယ်အလတ်ရှိသည့် အုပ်စုတွင် လူဦးရေ၏ ၅၅ ရာခိုင်နှုန်းမှ ၈၄.၉ ရာခိုင်နှုန်းအထိ စာရင်းကောက်ယူနိုင်ခဲ့သည့် မန္တလေးတိုင်းဒေသကြီး (၇၀.၆%)၊ မွန်ပြည်နယ် (၇၀.၂%) နှင့် တနင်္သာရီတိုင်းဒေသကြီး (၅၅.၂%) တို့ ပါဝင်ပါသည်။ ယေဘုယျအားဖြင့် ဤဒေသများအတွက် အချက်အလက်များနှင့် အဓိကအညွှန်းကိန်းများကို ယုံကြည်စိတ်ချစွာသုံးစွဲနိုင်ပါသည်။

သို့ရာတွင် ခန့်မှန်းချက်များအပေါ် အနည်းနှင့်အများမှီခိုနေရဆဲဖြစ်သောကြောင့် ကျေးရွာအဆင့် စာရင်းဇယားများ၊ အသက်အုပ်စု သို့မဟုတ် လူအုပ်စုအချို့အတွက် ရလဒ်များကို လေ့လာသုံးသပ်ရာတွင် သတိထား၍ ဆန်းစစ်လေ့လာသင့်ပါသည်။ ဤကိန်းဂဏန်းများတွင်

တွေ့ရသော ကွာခြားမှုများသည် အမှန်တကယ်ပြောင်းလဲမှုများထက် ခန့်မှန်းရာတွင် အသုံးပြုခဲ့သည့် ယူဆချက်များကြောင့် ပိုမိုဖြစ်နိုင်ပါသည်။

ထို့ကြောင့် ဤဒေသများအတွက် အချက်အလက်များကို အသုံးပြုရာတွင် မူဝါဒ ချမှတ်သူများနှင့် သုတေသီများသည် ပိုမိုကျယ်ပြန့်သော ပထဝီဆိုင်ရာအဆင့်များ (ဥပမာ - ခရိုင်အဆင့်) သို့မဟုတ် အသက်အုပ်စုကြီးများအတွက်သာ ဦးစားပေးသုံးစွဲသင့်ပြီး၊ အသေးစိတ် ဆန်းစစ်လေ့လာမှုများအတွက် ဒေသဆိုင်ရာအခြေအနေများနှင့် ပေါင်းစပ်တွက်ချက်သင့်ပါသည်။

ယုံကြည်စိတ်ချရမှု အနိမ့်ဆုံးဒေသများတွင် လူဦးရေ၏ ၅၅ ရာခိုင်နှုန်းအောက်သာ တိုက်ရိုက်စာရင်းကောက်ယူနိုင်ခဲ့သည့် ကရင်ပြည်နယ် (၅၁.၃%)၊ မကွေးတိုင်းဒေသကြီး (၄၉.၈%)၊ ရှမ်းပြည်နယ် (၄၅.၈%)၊ ကချင်ပြည်နယ် (၃၆.၀%)၊ ရခိုင်ပြည်နယ် (၁၃.၇%)၊ စစ်ကိုင်းတိုင်းဒေသကြီး (၁၃.၄%)၊ ကယားပြည်နယ် (၁၂.၉%) နှင့် ချင်းပြည်နယ် (၇.၈%) တို့ ပါဝင်ပါသည်။

ဤဒေသများ၏ရလဒ်များသည် ပြည်ထောင်စုအဆင့်တွင် ပြည့်စုံသောပုံရိပ်တစ်ခု ရရှိရေးအတွက် အရေးပါသော်လည်း ခန့်မှန်းချက်များအပေါ် တည်မှီနေသည့်အတွက် ဤကိန်းဂဏန်းများကို တိကျသောအချက်အလက်ထက် အညွှန်းသဘောအဖြစ်သာ သုံးစွဲသင့်ပြီး ဤဒေသများနှင့် အခြားဒေသများအကြား သို့မဟုတ် ကာလအလိုက်ကွာခြားမှုများကို အထူးသတိထား၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုသင့်ပါသည်။ ဤဒေသများအတွက် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များချမှတ်ရာတွင် အခြားသောဒေသဆိုင်ရာအချက်အလက်များနှင့် ပေါင်းစပ်အသုံးပြုသင့်ပါသည်။

ဇယား (၂.၂)။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စာရင်းကောက်ယူရရှိမှုရာခိုင်နှုန်း

| တိုင်းဒေသကြီး/ပြည်နယ် | ကောက်ယူရရှိသော လူဦးရေ | ခန့်မှန်း လူဦးရေ | စုစုပေါင်း လူဦးရေ | ကောက်ယူရရှိမှု % | ခန့်မှန်း % | စုစုပေါင်း % |
|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၃၂,၁၈၃,၅၉၉** | **၁၉,၁၉၁,၇၂၈** | **၅၁,၃၇၅,၃၂၇** | **၆၂.၆** | **၃၇.၄** | **၁၀၀** |
| ကချင် | ၇၇၅,၂၇၀ | ၁,၃၇၈,၂၁၃ | ၂,၁၅၃,၄၈၃ | ၃၆.၀ | ၆၄.၀ | ၁၀၀ |
| ကယား | ၃၈,၂၃၈ | ၂၅၈,၆၆၃ | ၂၉၆,၉၀၁ | ၁၂.၉ | ၈၇.၁ | ၁၀၀ |
| ကရင် | ၇၇၁,၅၇၈ | ၇၃၁,၁၉၆ | ၁,၅၀၂,၇၇၄ | ၅၁.၃ | ၄၈.၇ | ၁၀၀ |
| ချင်း | ၂၉,၂၃၃ | ၃၄၃,၇၉၀ | ၃၇၃,၀၂၃ | ၇.၈ | ၉၂.၂ | ၁၀၀ |
| စစ်ကိုင်း | ၈၀၂,၃၂၅ | ၅,၁၇၄,၉၆၇ | ၅,၉၇၇,၂၉၂ | ၁၃.၄ | ၈၆.၆ | ၁၀၀ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၆၂၆,၇၁၆ | ၁,၃၉၉,၉၆၅ | ၅၅.၂ | ၄၄.၈ | ၁၀၀ |

| တိုင်းဒေသကြီး/ ပြည်နယ် | ကောက်ယူ ရရှိသော လူဦးရေ | ခန့်မှန်း လူဦးရေ | စုစုပေါင်း လူဦးရေ | ကောက်ယူ ရရှိမှု % | ခန့်မှန်း % | စုစုပေါင်း % |
|---|---|---|---|---|---|---|
| ပဲခူး | ၃,၈၈၁,၁၆၀ | ၅၇၂,၅၂၇ | ၄,၄၅၃,၆၈၇ | ၈၇.၁ | ၁၂.၉ | ၁၀၀ |
| မကွေး | ၂,၀၃၁,၁၉၁ | ၂,၀၄၆,၄၆၂ | ၄,၀၇၇,၆၅၃ | ၄၉.၈ | ၅၀.၂ | ၁၀၀ |
| မန္တလေး | ၄,၄၆၅,၅၇၁ | ၁,၈၅၇,၉၈၃ | ၆,၃၂၃,၅၅၄ | ၇၀.၆ | ၂၉.၄ | ၁၀၀ |
| မွန် | ၁,၂၈၆,၀၇၁ | ၅၄၅,၉၀၅ | ၁,၈၃၁,၉၇၆ | ၇၀.၂ | ၂၉.၈ | ၁၀၀ |
| ရခိုင် | ၃၄၅,၄၃၀ | ၂,၁၈၁,၃၆၂ | ၂,၅၂၆,၇၉၂ | ၁၃.၇ | ၈၆.၃ | ၁၀၀ |
| ရန်ကုန် | ၇,၃၆၉,၉၈၉ | - | ၇,၃၆၉,၉၈၉ | ၁၀၀.၀ | - | ၁၀၀ |
| ရှမ်း | ၂,၉၃၈,၅၅၇ | ၃,၄၇၃,၉၄၄ | ၆,၄၁၂,၅၀၁ | ၄၅.၈ | ၅၄.၂ | ၁၀၀ |
| ဧရာဝတီ | ၅,၅၄၆,၄၁၅ | - | ၅,၅၄၆,၄၁၅ | ၁၀၀.၀ | - | ၁၀၀ |
| နေပြည်တော် | ၁,၁၂၉,၃၂၂ | - | ၁,၁၂၉,၃၂၂ | ၁၀၀.၀ | - | ၁၀၀ |

ပုံ (၂.၂)။ တိုင်းဒေသကြီး/ပြည်နယ်များအလိုက် စာရင်းကောက်ယူရရှိမှုရာခိုင်နှုန်း



## ၂.၉ အနှစ်ချုပ်

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား နိုင်ငံတစ်ဝန်း GIS မြေပုံဆွဲခြင်း၊ ကောက်ကွက်နယ်နိမိတ်များ ပေါင်းစပ်ထည့်သွင်းထားသော CAPI စနစ်၊ စနစ်ကျသည့် စာရင်းဇယားများပြုစုခြင်း လုပ်ငန်းများကို ပေါင်းစပ်အသုံးပြုခဲ့ပြီး လွှမ်းခြုံမှုပြည့်စုံစေရေးနှင့် အချက်အလက်များ၏ အရည်အသွေးမြင့်မားစေရေး ဆောင်ရွက်နိုင်ခဲ့ပါသည်။

စာရင်းကောက်ယူ၍မရသော ဒေသများအတွက် ERS နည်းပညာအခြေပြု ခန့်မှန်းချက်များအား စာရင်းကောက်ယူနိုင်ခဲ့သော မြို့နယ် ၃၀ တွင် အတည်ပြုစစ်ဆေးခဲ့ရာ ၉၂.၃ ရာခိုင်နှုန်း မှန်ကန်မှုရှိခဲ့ကြောင်းတွေ့ရပါသည်။ တိုက်ရိုက်စာရင်းကောက်ယူမှုနှုန်းပေါ်အခြေခံသည့် အဆင့် ၃ ဆင့်ပါ ယုံကြည်စိတ်ချရမှုစနစ်ကိုဆန်းစစ်ခဲ့ပြီး ဒေသအများစုသည် အမြင့် သို့မဟုတ် အလယ်အလတ် ယုံကြည်မှုအဆင့်တွင်ရှိကြောင်း သတ်မှတ်နိုင်ခဲ့ပါသည်။

နည်းပညာ၊ အရည်အသွေးထိန်းချုပ်မှုများနှင့် ပွင့်လင်းမြင်သာသောမှတ်တမ်းပြုစုမှုများဖြင့် စနစ်တကျ ပေါင်းစည်းဆောင်ရွက်ခဲ့သည့်အတွက် ၂၀၂၄ သန်းခေါင်စာရင်း ရလဒ်များသည် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် မူဝါဒနှင့်သက်ဆိုင်သော ဆုံးဖြတ်ချက်များချမှတ်ရာတွင် ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်သည့် ခိုင်မာသောအထောက်အထားများ ဖြစ်ပါသည်။

# အခန်း (၃)    လူဦးရေဆိုင်ရာအချက်အလက်များ

ဤအခန်းတွင် လူဦးရေဆိုင်ရာ အချက်အလက်များကို အသေးစိတ် ဆန်းစစ်လေ့လာထားပါသည်။ လူဦးရေပြောင်းလဲမှုဖြစ်စဉ်၊ အသက်နှင့် ကျား/မ ဖွဲ့စည်းမှုပုံစံ၊ မွေးဖွားမှုနှင့် သေဆုံးမှုပုံစံများ၊ အိမ်ထောင်ရေးအခြေအနေ၊ အိမ်ထောင်စုဖွဲ့စည်းမှုပုံစံ၊ မှီခိုသူအချိုးနှင့် ကျား/မ အချိုး၊ ကိုးကွယ်သည့်ဘာသာ၊ ကိုင်ဆောင်သည့်လက်မှတ် အမျိုးအစားနှင့် မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ စသည်တို့ ပါဝင်ပါသည်။ စီမံကိန်းရေးဆွဲခြင်းနှင့် မူဝါဒချမှတ်ခြင်းတို့အတွက် အဓိကတွေ့ရှိချက်များကို ဇယားများနှင့် ပုံများဖြင့် ဖော်ပြထားပါသည်။

ဤအခန်း၏ အပိုင်း ၃.၁ မှ အပိုင်း ၃.၃ အထိ တိုင်းဒေသကြီး/ပြည်နယ်အလိုက်လူဦးရေ၊ ပျံ့နှံ့နေထိုင်မှုနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များကို လေ့လာဆန်းစစ်ရာ၌ ကောက်ယူရရှိသည့် လူဦးရေအပြင် ခန့်မှန်းလူဦးရေကိုလည်း ထည့်သွင်းလေ့လာရန် လိုအပ်သောကြောင့် စုစုပေါင်းလူဦးရေ ၅၁.၄ သန်း (စာရင်းကောက်ယူရရှိသည့်လူဦးရေနှင့် ခန့်မှန်းလူဦးရေ) ပေါ်တွင် မူတည်၍ တင်ပြထားပါသည်။ သို့ရာတွင် အိမ်ထောင်ရေးအခြေအနေ၊ အိမ်ထောင်စု ဖွဲ့စည်းမှုပုံစံ၊ မွေးဖွားမှု၊ သေဆုံးမှု၊ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစားနှင့် မွေးစာရင်းမှတ်ပုံတင်မှု အခြေအနေစသည့် အချက်အလက်များပါသည့် အပိုင်း ၃.၄ မှ အပိုင်း ၃.၁၀ အထိအတွက်မူ ကောက်ယူရရှိသည့် လူဦးရေ ၃၂.၂ သန်းကိုသာအခြေခံ၍ တွက်ချက်ထားပါသည်။ စာရင်းကောက်ယူရရှိသည့် လူဦးရေကိုသာ အခြေခံတွက်ချက်ခြင်းဖြင့် တိကျမှန်ကန်သော အသေးစိတ် အညွှန်းကိန်းများကို ရရှိစေမည် ဖြစ်ပါသည်။

## ၃.၁    စုစုပေါင်းလူဦးရေ၊ ပျံ့နှံ့နေထိုင်မှုနှင့် လူဦးရေပြောင်းလဲမှုဖြစ်စဉ်များ

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်နေ့ညတွင် မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ရှိသော လူဦးရေစုစုပေါင်းမှာ ၅၁,၃၇၅,၃၂၇ ဦးဖြစ်ပါသည်။ အဆိုပါလူဦးရေတွင် သန်းခေါင်စာရင်းကောက်ယူရရှိသည့် လူဦးရေ ၃၂,၁၈၃,၅၉၉ ဦးနှင့် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေ ၁၉,၁၉၁,၇၂၈ ဦး ပါဝင်ပါသည်။ စုစုပေါင်းလူဦးရေတွင် အမျိုးသား ၂၄,၂၇၅,၈၆၅ ဦး (၄၇.၃%) နှင့် အမျိုးသမီး ၂၇,၀၉၉,၄၆၂ ဦး (၅၂.၇%) ရှိပြီး အမျိုးသမီးအချိုးအစား ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ စာရင်းကောက်ယူရရှိသည့် လူဦးရေနှင့် စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေတို့ပါဝင်သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှုကို ဇယား (၃.၁) တွင် ဖော်ပြထားပါသည်။

ဇယား (၃.၁)။ တိုင်းဒေသကြီး/ပြည်နယ်များတွင် ကျား/မ အလိုက် လူဦးရေပျံ့နှံ့နေထိုင်မှု

| တိုင်းဒေသကြီး/ ပြည်နယ် | စာရင်းကောက်ယူရရှိသော လူဦးရေ | | | မကောက်ယူနိုင်သောဒေသများအတွက် ခန့်မှန်းလူဦးရေ | | | စုစုပေါင်းလူဦးရေ | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| **ပြည်ထောင်စု** | **၃၂,၁၈၃,၅၉၉** | **၁၅,၁၀၁,၅၀၆** | **၁၇,၀၈၂,၀၉၃** | **၁၉,၁၉၁,၇၂၈** | **၉,၁၇၄,၃၅၉** | **၁၀,၀၁၇,၃၆၉** | **၅၁,၃၇၅,၃၂၇** | **၂၄,၂၇၅,၈၆၅** | **၂၇,၀၉၉,၄၆၂** |
| ကချင် | ၇၇၅,၂၇၀ | ၃၆၈,၇၅၅ | ၄၀၆,၅၁၅ | ၁,၃၇၈,၂၁၃ | ၇၂၁,၈၁၉ | ၆၅၆,၃၉၄ | ၂,၁၅၃,၄၈၃ | ၁,၀၉၀,၅၇၄ | ၁,၀၆၂,၉၀၉ |
| ကယား | ၃၈,၂၃၈ | ၂၀,၈၂၁ | ၁၇,၄၁၇ | ၂၅၈,၆၆၃ | ၁၂၉,၇၃၇ | ၁၂၈,၉၂၆ | ၂၉၆,၉၀၁ | ၁၅၀,၅၅၈ | ၁၄၆,၃၄၃ |
| ကရင် | ၇၇၁,၅၇၈ | ၃၆၈,၄၁၆ | ၄၀၃,၁၆၂ | ၇၃၁,၁၉၆ | ၃၅၇,၉၂၀ | ၃၇၃,၂၇၆ | ၁,၅၀၂,၇၇၄ | ၇၂၆,၃၃၆ | ၇၇၆,၄၃၈ |
| ချင်း | ၂၉,၂၃၃ | ၁၄,၄၈၂ | ၁၄,၇၅၁ | ၃၄၃,၇၉၀ | ၁၆၄,၆၀၃ | ၁၇၉,၁၈၇ | ၃၇၃,၀၂၃ | ၁၇၉,၀၈၅ | ၁၉၃,၉၃၈ |
| စစ်ကိုင်း | ၈၀၂,၃၂၅ | ၃၇၃,၆၆၆ | ၄၂၈,၆၅၉ | ၅,၁၇၄,၉၆၇ | ၂,၄၁၄,၃၈၇ | ၂,၇၆၀,၅၈၀ | ၅,၉၇၇,၂၉၂ | ၂,၇၈၈,၀၅၃ | ၃,၁၈၉,၂၃၉ |
| တနင်္သာရီ | ၇၇၃,၂၄၉ | ၃၇၁,၈၉၈ | ၄၀၁,၃၅၁ | ၆၂၆,၇၁၆ | ၃၀၅,၁၇၃ | ၃၂၁,၅၄၃ | ၁,၃၉၉,၉၆၅ | ၆၇၇,၀၇၁ | ၇၂၂,၈၉၄ |
| ပဲခူး | ၃,၈၈၁,၁၆၀ | ၁,၈၀၈,၆၀၀ | ၂,၀၇၂,၅၆၀ | ၅၇၂,၅၂၇ | ၂၆၉,၉၆၇ | ၃၀၂,၅၆၀ | ၄,၄၅၃,၆၈၇ | ၂,၀၇၈,၅၆၇ | ၂,၃၇၅,၁၂၀ |
| မကွေး | ၂,၀၃၁,၁၉၁ | ၉၂၃,၉၄၆ | ၁,၁၀၇,၂၄၅ | ၂,၀၄၆,၄၆၂ | ၉၂၁,၃၃၅ | ၁,၁၂၅,၁၂၇ | ၄,၀၇၇,၆၅၃ | ၁,၈၄၅,၂၈၁ | ၂,၂၃၂,၃၇၂ |
| မန္တလေး | ၄,၄၆၅,၅၇၁ | ၂,၀၇၈,၆၁၂ | ၂,၃၈၆,၉၅၉ | ၁,၈၅၇,၉၈၃ | ၈၇၆,၉၀၆ | ၉၈၁,၀၇၇ | ၆,၃၂၃,၅၅၄ | ၂,၉၅၅,၅၁၈ | ၃,၃၆၈,၀၃၆ |
| မွန် | ၁,၂၈၆,၀၇၁ | ၅၉၀,၈၆၁ | ၆၉၅,၂၁၀ | ၅၄၅,၉၀၅ | ၂၅၂,၉၃၁ | ၂၉၂,၉၇၄ | ၁,၈၃၁,၉၇၆ | ၈၄၃,၇၉၂ | ၉၈၈,၁၈၄ |
| ရခိုင် | ၃၄၅,၄၃၀ | ၁၆၈,၆၀၂ | ၁၇၆,၈၂၈ | ၂,၁၈၁,၃၆၂ | ၁,၀၃၂,၉၆၆ | ၁,၁၄၈,၃၉၆ | ၂,၅၂၆,၇၉၂ | ၁,၂၀၁,၅၆၈ | ၁,၃၂၅,၂၂၄ |
| ရန်ကုန် | ၇,၃၆၉,၉၈၉ | ၃,၃၉၆,၇၃၉ | ၃,၉၇၃,၂၅၀ | - | - | - | ၇,၃၆၉,၉၈၉ | ၃,၃၉၆,၇၃၉ | ၃,၉၇၃,၂၅၀ |
| ရှမ်း | ၂,၉၃၈,၅၅၇ | ၁,၄၄၀,၀၈၈ | ၁,၄၉၈,၄၆၉ | ၃,၄၇၃,၉၄၄ | ၁,၇၂၆,၆၁၅ | ၁,၇၄၇,၃၂၉ | ၆,၄၁၂,၅၀၁ | ၃,၁၆၆,၇၀၃ | ၃,၂၄၅,၇၉၈ |
| ဧရာဝတီ | ၅,၅၄၆,၄၁၅ | ၂,၆၄၉,၃၃၀ | ၂,၈၉၇,၀၈၅ | - | - | - | ၅,၅၄၆,၄၁၅ | ၂,၆၄၉,၃၃၀ | ၂,၈၉၇,၀၈၅ |
| နေပြည်တော် | ၁,၁၂၉,၃၂၂ | ၅၂၆,၆၉၀ | ၆၀၂,၆၃၂ | - | - | - | ၁,၁၂၉,၃၂၂ | ၅၂၆,၆၉၀ | ၆၀၂,၆၃၂ |

### ၃.၁.၁ မြန်မာနိုင်ငံတွင် လူဦးရေပျံ့နှံ့နေထိုင်မှု

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် စုစုပေါင်းလူဦးရေ ၅၁,၃၇၅,၃၂၇ ဦးရှိပါသည်။ ဤလူဦးရေသည် တိုင်းဒေသကြီး/ပြည်နယ်များတွင် အချိုးမညီစွာ ပျံ့နှံ့နေထိုင်လျက်ရှိပြီး မြို့ပြထွန်းကားလာမှု၊ စီးပွားရေးအခြေအနေနှင့် ပထဝီအချက်အလက်များပေါ်မူတည်၍ ကွဲပြားမှုများရှိနေသည်ကို ထင်ဟပ်စေပါသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် လူဦးရေ ၇,၃၆၉,၉၈၉ ဦးနေထိုင်ပြီး မြန်မာနိုင်ငံ၏ အဓိက စီးပွားရေးနှင့် ယဉ်ကျေးမှုဗဟိုချက်အဖြစ် တည်ရှိနေပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ၆,၃၂၃,၅၅၄ ဦးနှင့် ရှမ်းပြည်နယ်တွင် ၆,၄၁၂,၅၀၁ ဦးနေထိုင်ကြပြီး ကုန်သွယ်မှုနှင့် စိုက်ပျိုးရေးကဏ္ဍတွင် ၎င်းတို့၏အရေးပါမှုကို ဖော်ပြလျက်ရှိပါသည်။

မြို့ပြထွန်းကားမှုနည်းပါးသည့် ဝေးလံခေါင်ဖျားဒေသများတွင်မူ လူဦးရေ သိသိသာသာနည်းပါးကြောင်း တွေ့ရှိရပါသည်။ ကယားပြည်နယ်တွင် လူဦးရေအနည်းဆုံးဖြစ်ပြီး ၂၉၆,၉၀၁ ဦးရှိပါသည်။ ချင်းပြည်နယ်တွင်လည်း လူဦးရေကျဲပါးပြီး ၃၇၃,၀၂၃ ဦးသာရှိပါသည်။ ကချင်ပြည်နယ်တွင် ၂,၁၅၃,၄၈၃ ဦး၊ ကရင်ပြည်နယ်တွင် ၁,၅၀၂,၇၇၄ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၂,၅၂၆,၇၉၂ ဦးရှိပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၅,၉၇၇,၂၉၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးတွင် ၅,၅၄၆,၄၁၅ ဦး အသီးသီးနေထိုင်ကြပါသည်။ မွန်ပြည်နယ်တွင် လူဦးရေ ၁,၈၃၁,၉၇၆ ဦးနေထိုင်ပြီး မတူကွဲပြားသည့် လူဦးရေပျံ့နှံ့နေထိုင်မှုကို ဖော်ပြလျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီးကဲ့သို့သော မြို့ပြဒေသများတွင် ပိုမိုကောင်းမွန်သော အခြေခံအဆောက်အအုံနှင့် စီးပွားရေးအခွင့်အလမ်းများရှိနေခြင်းကြောင့် လူဦးရေသိပ်သည်းမှု များပြားပြီး ကျေးလက်ဒေသအများစုရှိသည့် ကျန်တိုင်းဒေသကြီး/ပြည်နယ်များတွင်မူ လူဦးရေသိပ်သည်းမှု နည်းပါးလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ထိုသို့သောကွာဟချက်များသည် နိုင်ငံတစ်ဝန်းတွင် အရင်းအမြစ်ခွဲဝေမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များအတွက် အရေးကြီးသည့် အချက်အလက်များအဖြစ် ပြဆိုနေပါသည်။

### ၃.၁.၂ ယခင်သန်းခေါင်စာရင်းအချက်အလက်များနှင့် နှိုင်းယှဉ်လေ့လာခြင်း

မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် လူဦးရေတိုးတက်လာမှုကို ပုံ ၃.၁ တွင် ဖော်ပြထားပါသည်။ ၁၈၇၂ ခုနှစ်ဝန်းကျင်တွင် လူဦးရေ ၂.၇ သန်းရှိခဲ့ပြီး ၂၀၁၀ ပြည့်နှစ်များ အစောပိုင်း ကာလတွင် လူဦးရေ သန်း ၅၀ ကျော်အထိ တိုးတက်လာသည်ကို တွေ့ရှိရပါသည်။ ယေဘုယျအားဖြင့် အဆိုပါအချိန်ကာလအတွင်း လူဦးရေသည် တည်ငြိမ်စွာဖြင့် တဖြည်းဖြည်းသာ တိုးပွားလာခဲ့ပါသည်။ အထင်ရှားဆုံးလူဦးရေတိုးတက်မှုသည် ၁၉၄၁ ခုနှစ် (၁၆.၈ သန်း) နှင့် ၁၉၇၃ ခုနှစ် (၂၈.၉

သန်း) အကြားတွင်ဖြစ်ပေါ်ခဲ့ပြီး လူဦးရေသိသာစွာ တိုးတက်လာခဲ့ပါသည်။ ၁၉၇၃ နှင့် ၁၉၈၃ ခုနှစ် ကြားကာလတွင်လည်း လူဦးရေသည် ၂၈.၉ သန်းမှ ၃၅.၃ သန်းသို့ သိသာစွာ တိုးတက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ် လူဦးရေ (၅၁.၅ သန်း) နှင့် ၂၀၂၄ ခုနှစ် လူဦးရေ (၅၁.၄ သန်း) ကို နှိုင်းယှဉ် လေ့လာလျှင် လူဦးရေတည်ငြိမ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။ ဤအချက်အလက်များသည် ၂၁ ရာစုတွင် လူဦးရေတိုးနှုန်းနှေးကွေးခြင်း သို့မဟုတ် ကျဆင်းခြင်းတို့ဖြစ်နိုင်ကြောင်း ညွှန်ပြနေပါသည်။ ထိုသို့ ပြောင်းလဲလာခြင်းသည် ကလေးမွေးဖွားနှုန်းကျဆင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းသွားလာမှုများပြားခြင်း သို့မဟုတ် အခြားလူဦးရေပြောင်းလဲမှုဖြစ်စဉ်များကြောင့်လည်း ဖြစ်နိုင်ပါသည်။ ထို့ပြင် အချက်အလက်ရရှိမှု ကန့်သတ်ချက်များ သို့မဟုတ် သန်းခေါင်စာရင်း ကောက်ယူချိန်တို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

ပုံ (၃.၁) တွင် လူဦးရေတိုးတက်လာမှုနှင့် နှစ်အလိုက်ပြောင်းလဲလာမှုတို့ကို ဖော်ပြထားပြီး အချက်အလက်ကွာဟချက်များရှိနေခြင်း (သန်းခေါင်စာရင်းမကောက်ယူနိုင်သည့် ခုနှစ်များ သို့မဟုတ် သန်းခေါင်စာရင်းအပြည့်အဝမကောက်ယူနိုင်သည့်ခုနှစ်များမပါဝင်ခြင်း) ကြောင့် အဆိုပါလူဦးရေပြောင်းလဲမှုဖြစ်စဉ်အား တိတိကျကျဖော်ပြရာတွင် ကန့်သတ်မှုများ ရှိနိုင်ကြောင်း သတိပြုရန်လိုအပ်ပါသည်။ သို့သော် ယေဘုယျအားဖြင့် ၁၉ ရာစုနှောင်းပိုင်းမှ ၂၀ ရာစုနှောင်းပိုင်းအထိ ကာလများတွင် လူဦးရေ သိသာစွာ တိုးတက်လာခဲ့ပြီး ၂၁ ရာစု အစောပိုင်းကာလသို့ရောက်သည့်အခါ လူဦးရေသည် တည်ငြိမ် သို့မဟုတ် အနည်းငယ်ကျဆင်းလာသည်ဆိုသည့် အဓိက အချက်အား ပေါ်လွင်ထင်ရှားစွာ တွေ့ရှိရပါသည်။

ပုံ (၃.၁)။ မြန်မာနိုင်ငံ၏ လူဦးရေပြောင်းလဲလာပုံ (၁၈၇၂-၂၀၂၄)[၁]




## ၃.၁.၃ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေပြောင်းလဲခြင်း (၁၉၇၃-၂၀၂၄)

ဇယား (၃.၂) တွင် ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်များအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ လူဦးရေနှင့် လူဦးရေအချိုးအစားတို့ကို ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် ၁၉၇၃ ခုနှစ်၌ ၂၈.၉ သန်းမှ ၂၀၁၄ ခုနှစ်၌ ၅၁.၅ သန်းအထိ တိုးမြင့်လာခဲ့ပြီး ဆယ်စုနှစ်လေးခုအတွင်း လူဦးရေနှစ်ဆနီးပါး တိုးလာခဲ့ပါသည်။ သို့သော် ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်ကြားတွင် လူဦးရေ ၅၁.၅ သန်းမှ ၅၁.၄ သန်းသို့ ပြောင်းလဲလာသဖြင့် လူဦးရေ အနည်းငယ် လျော့ကျ သို့မဟုတ် တည်ငြိမ်လာသည်ကို တွေ့ရှိရပါသည်။ ၂၀၁၄ ခုနှစ် နှင့် ၂၀၂၄ ခုနှစ်များတွင် လူဦးရေသိပ်သည်းမှု တစ်စတုရန်းကီလိုမီတာလျှင် ၇၆ ဦးခန့်တွင် ဆက်လက်ရှိနေခြင်းကလည်း အဆိုပါလူဦးရေတည်ငြိမ်မှုဖြစ်စဉ်ကို ပြဆိုနေပါသည်။

ပြည်ထောင်စုအဆင့်တွင် လူဦးရေတည်ငြိမ်လျက်ရှိသော်လည်း တိုင်းဒေသကြီး/ပြည်နယ် အချို့တွင် ကွဲပြားမှုများ သိသာစွာရှိနေခဲ့ပါသည်။ အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် လူဦးရေ ဆက်လက်တိုးမြင့်လျက်ရှိပါသည်။ ကချင်ပြည်နယ်တွင် ၂၀၁၄ ခုနှစ်၌ လူဦးရေ ၁.၆၉ သန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၂.၁၅ သန်းသို့လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၄ ခုနှစ်၌ ၅.၃၃ သန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၅.၉၈ သန်းသို့လည်းကောင်း၊ ရှမ်းပြည်နယ်တွင် ၂၀၁၄ ခုနှစ်၌ ၅.၈၂

၁ ၁၉၅၁၊ ၁၉၆၁၊ ၁၉၉၃ နှင့် ၂၀၀၃ ခုနှစ်များတွင် သန်းခေါင်စာရင်း ကောက်ယူခဲ့ခြင်းမရှိပါ။ ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ် လူဦးရေသည် ရခိုင်၊ တနင်္သာရီနှင့် မြန်မာနိုင်ငံအောက်ပိုင်းအတွက်သာ ဖြစ်ပါသည်။

သန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၆.၄၁ သန်းသို့လည်းကောင်း တိုးမြင့်လာပါသည်။ လူဦးရေအထူထပ်ဆုံးဒေသများတွင် တစ်ခုအပါအဝင်ဖြစ်သည့် မန္တလေးတိုင်းဒေသကြီးတွင်လည်း လူဦးရေ ၆.၁၇ သန်းမှ ၆.၃၂ သန်းအထိ တိုးမြင့်လာခဲ့ပါသည်။

သို့သော် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်အတွင်းတွင် အချို့တိုင်းဒေသကြီး/ပြည်နယ်များ၌ လူဦးရေလျော့နည်းလာကြောင်း တွေ့ရှိရပါသည်။ ကရင်ပြည်နယ်တွင် ၁.၅၇ သန်းမှ ၁.၅၀ သန်းသို့ လျော့နည်းလာပြီး ချင်းပြည်နယ်တွင် ၄၇၈,၈၀၁ ဦးမှ ၃၇၃,၀၂၃ ဦးသို့ လျော့နည်းလာပါသည်။ ထို့အတူ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင်လည်း လူဦးရေလျော့နည်းလာခဲ့ပါသည်။ ဒေသအချို့၌ ရွှေ့ပြောင်းသွားလာမှု မြင့်မားလာခြင်း၊ လူဦးရေပြောင်းလဲခြင်း သို့မဟုတ် အုပ်ချုပ်မှုဒေသဆိုင်ရာ အချက်အလက်များ ပြောင်းလဲလာခြင်းတို့ကြောင့်ဖြစ်နိုင်ပါသည်။

ဇယား (၃.၂)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စုစုပေါင်းလူဦးရေနှင့် အချိုးအစား၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်

| တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်းလူဦးရေ | | | | လူဦးရေ အချိုးအစား | | | |
|---|---|---|---|---|---|---|---|---|
| | ၁၉၇၃* | ၁၉၈၃* | ၂၀၁၄** | ၂၀၂၄** | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ | ၂၀၂၄ |
| **ပြည်ထောင်စု** | **၂၈,၉၂၁,၂၂၆** | **၃၅,၃၀၇,၉၁၃** | **၅၁,၄၈၆,၂၅၃** | **၅၁,၃၇၅,၃၂၇** | **၁၀၀** | **၁၀၀** | **၁၀၀** | **၁၀၀** |
| ကချင် | ၇၃၇,၉၃၉ | ၉၀၄,၇၉၄ | ၁,၆၈၉,၄၄၁ | ၂,၁၅၃,၄၈၃ | ၂.၆ | ၂.၆ | ၃.၃ | ၄.၂ |
| ကယား | ၁၂၆,၅၇၄ | ၁၆၈,၄၂၉ | ၂၈၆,၆၂၇ | ၂၉၆,၉၀၁ | ၀.၄ | ၀.၅ | ၀.၆ | ၀.၆ |
| ကရင် | ၈၅၈,၄၂၉ | ၁,၀၅၅,၃၅၉ | ၁,၅၇၄,၀၇၉ | ၁,၅၀၂,၇၇၄ | ၃.၀ | ၃.၀ | ၃.၁ | ၂.၉ |
| ချင်း | ၃၂၃,၂၉၅ | ၃၆၈,၉၄၉ | ၄၇၈,၈၀၁ | ၃၇၃,၀၂၃ | ၁.၁ | ၁.၀ | ၀.၉ | ၀.၇ |
| စစ်ကိုင်း | ၃,၁၁၉,၀၅၄ | ၃,၈၆၂,၁၇၂ | ၅,၃၂၅,၃၄၇ | ၅,၉၇၇,၂၉၂ | ၁၀.၈ | ၁၀.၉ | ၁၀.၃ | ၁၁.၆ |
| တနင်္သာရီ | ၇၁၉,၄၄၁ | ၉၁၇,၂၄၇ | ၁,၄၀၈,၄၀၁ | ၁,၃၉၉,၉၆၅ | ၂.၅ | ၂.၆ | ၂.၇ | ၂.၇ |
| ပဲခူး | ၃,၁၇၉,၆၀၄ | ၃,၇၉၉,၇၉၁ | ၄,၈၆၇,၃၇၃ | ၄,၄၅၃,၆၈၇ | ၁၁.၀ | ၁၀.၈ | ၉.၅ | ၈.၇ |
| မကွေး | ၂,၆၃၄,၇၅၇ | ၃,၂၄၃,၁၆၆ | ၃,၉၁၇,၀၅၅ | ၄,၀၇၇,၆၅၃ | ၉.၁ | ၉.၂ | ၇.၆ | ၇.၉ |
| မန္တလေး | ၃,၆၆၈,၄၉၃ | ၄,၅၇၇,၇၆၂ | ၆,၁၆၅,၇၂၃ | ၆,၃၂၃,၅၅၄ | ၁၂.၇ | ၁၃.၀ | ၁၂.၀ | ၁၂.၃ |
| မွန် | ၁,၃၁၄,၂၂၄ | ၁,၆၈၀,၁၅၇ | ၂,၀၅၄,၃၉၃ | ၁,၈၃၁,၉၇၆ | ၄.၅ | ၄.၈ | ၄.၀ | ၃.၆ |
| ရခိုင် | ၁,၇၁၂,၈၃၈ | ၂,၀၄၅,၅၅၉ | ၃,၁၈၈,၈၀၇ | ၂,၅၂၆,၇၉၂ | ၅.၉ | ၅.၈ | ၆.၂ | ၄.၉ |
| ရန်ကုန် | ၃,၁၈၈,၇၈၃ | ၃,၉၆၅,၉၁၆ | ၇,၃၆၀,၇၀၃ | ၇,၃၆၉,၉၈၉ | ၁၁.၀ | ၁၁.၂ | ၁၄.၃ | ၁၄.၃ |
| ရှမ်း | ၃,၁၇၉,၅၄၆ | ၃,၇၁၆,၈၄၁ | ၅,၈၂၄,၄၃၂ | ၆,၄၁၂,၅၀၁ | ၁၁.၀ | ၁၀.၅ | ၁၁.၃ | ၁၂.၅ |
| ဧရာဝတီ | ၄,၁၅၆,၆၇၃ | ၄,၉၉၄,၀၆၁ | ၆,၁၈၄,၈၂၉ | ၅,၅၄၆,၄၁၅ | ၁၄.၄ | ၁၄.၁ | ၁၂.၀ | ၁၀.၈ |
| နေပြည်တော်*** | N.A | N.A | ၁,၁၆၀,၂၄၂ | ၁,၁၂၉,၃၂၂ | N.A | N.A | ၂.၃ | ၂.၂ |

*   ၁၉၈၃ လူဦးရေသန်းခေါင်စာရင်း အစီရင်ခံစာ၊ ဇွန်လ ၁၉၈၆ ခုနှစ်။ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် လူဦးရေစုစုပေါင်းတွင် အဝေးရောက် မြန်မာနိုင်ငံသား ၁,၅၇၆ ဦးနှင့် ၇,၇၁၀ ဦး အသီးသီးပါဝင်ပါသည်။

** စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေကို ထည့်သွင်းထားပါသည်။

*** နေပြည်တော်ကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခင် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများတွင် မပါဝင်ပါ။

## ၃.၁.၄ မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှု (၁၉၇၃-၂၀၂၄)

မြန်မာနိုင်ငံ၏ လူဦးရေသိပ်သည်းမှုသည် ၁၉၇၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် လူဦးရေ ၄၃ ဦးရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၇၆ ဦးအထိ တိုးလာခဲ့ပြီး ၂၀၂၄ ခုနှစ်တွင်လည်း ၇၆ ဦး ရှိနေဆဲဖြစ်ကြောင်း ဇယား (၃.၃) ၌ ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်လူဦးရေသိပ်သည်းမှုသည် တည်ငြိမ်နေသော်လည်း တိုင်းဒေသကြီး/ပြည်နယ်များကြားတွင် သိပ်သည်းမှုပုံစံများမှာ သိသိသာသာ ကွဲပြားပါသည်။ ကချင်ပြည်နယ်၌ ၁၉၇၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် လူဦးရေ ၈ ဦးသာရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၂၄ ဦးအထိ တိုးလာပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင်လည်း လူဦးရေသိပ်သည်းမှုမြင့်မားလာပြီး အလားတူကာလတွင် ၃၃ ဦးမှ ၆၄ ဦးအထိ မြင့်မားလာပါသည်။ မန္တလေးတိုင်းဒေသကြီးတွင် ၁၉၇၃ ခုနှစ်၌ တစ်စတုရန်းကီလိုမီတာလျှင် ၉၉ ဦးရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၌ ၂၀၅ ဦးအထိ မြင့်မားလာပြီး ဧရိယာအကျယ်ဆုံးဖြစ်သည့် ရှမ်းပြည်နယ်သည် ၂၀ ဦးမှ ၄၁ ဦးအထိ မြင့်မားလာပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် လူဦးရေအထူထပ်ဆုံးဒေသအဖြစ် တည်ရှိနေပြီး ၁၉၇၃ ခုနှစ်တွင် တစ်စတုရန်းကီလိုမီတာလျှင် ၃၁၀ ဦးမှ ၂၀၂၄ ခုနှစ်တွင် ၇၁၇ ဦးအထိ မြင့်မားလာပါသည်။

သို့သော် လူဦးရေသိပ်သည်းမှုသည် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ်ကြားတွင် ကရင်ပြည်နယ်၌ တစ်စတုရန်းကီလိုမီတာလျှင် ၅၂ ဦးမှ ၄၉ ဦးသို့လည်းကောင်း၊ ချင်းပြည်နယ်၌ ၁၃ ဦးမှ ၁၀ ဦးသို့လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး၌ ၁၂၄ ဦးမှ ၁၁၃ ဦးသို့လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး၌ ၁၇၇ ဦးမှ ၁၅၈ ဦးသို့လည်းကောင်း လျော့ကျလာသည်ကိုတွေ့ရှိရပါသည်။ နေပြည်တော်သည် တစ်စတုရန်းကီလိုမီတာလျှင် ၁၆၄ ဦးရှိခဲ့ရာမှ ၁၆၀ ဦးသို့ အနည်းငယ် လျော့ကျသွားခဲ့ပါသည်။

ဇယား (၃.၃)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဧရိယာအကျယ်အဝန်းနှင့် လူဦးရေသိပ်သည်းမှု၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်

| တိုင်းဒေသကြီး/ပြည်နယ် | ဧရိယာ* (စတုရန်းကီလိုမီတာ) | စုစုပေါင်းလူဦးရေ** | | | | လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ | ၂၀၂၄ | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ | ၂၀၂၄ |
| **ပြည်ထောင်စု** | **၆၇၆,၅၇၇.၆၂** | **၂၈,၉၂၂,၈၀၂** | **၃၅,၃၁၅,၆၂၃** | **၅၁,၄၈၆,၂၅၃** | **၅၁,၃၇၅,၃၂၇** | **၄၃** | **၅၂** | **၇၆** | **၇၆** |
| ကချင် | ၈၉,၀၄၁.၈၆ | ၇၃၇,၉၃၉ | ၉၀၄,၇၉၄ | ၁,၆၈၉,၄၄၁ | ၂,၁၅၃,၄၈၃ | ၈ | ၁၀ | ၁၉ | ၂၄ |
| ကယား | ၁၁,၇၃၁.၅၃ | ၁၂၆,၅၇၄ | ၁၆၈,၄၂၉ | ၂၈၆,၆၂၇ | ၂၉၆,၉၀၁ | ၁၁ | ၁၄ | ၂၄ | ၂၅ |

| တိုင်းဒေသကြီး/ပြည်နယ် | ဧရိယာ* (စတုရန်းကီလိုမီတာ) | စုစုပေါင်းလူဦးရေ** | | | | လူဦးရေသိပ်သည်းမှု (တစ်စတုရန်းကီလိုမီတာ) | | | |
|---|---|---|---|---|---|---|---|---|---|
| | | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ | ၂၀၂၄ | ၁၉၇၃ | ၁၉၈၃ | ၂၀၁၄ | ၂၀၂၄ |
| ကရင် | ၃၀,၃၈၂.၇၈ | ၈၅၈,၄၂၉ | ၁,၀၅၅,၃၅၉ | ၁,၅၇၄,၀၇၉ | ၁,၅၀၂,၇၇၄ | ၂၈ | ၃၅ | ၅၂ | ၄၉ |
| ချင်း | ၃၆,၀၁၈.၉၁ | ၃၂၃,၂၉၅ | ၃၆၈,၉၄၉ | ၄၇၈,၈၀၁ | ၃၇၃,၀၂၃ | ၉ | ၁၀ | ၁၃ | ၁၀ |
| စစ်ကိုင်း | ၉၃,၇၀၂.၅၂ | ၃,၁၁၉,၀၅၄ | ၃,၈၆၂,၁၇၂ | ၅,၃၂၅,၃၄၇ | ၅,၉၇၇,၂၉၂ | ၃၃ | ၄၁ | ၅၇ | ၆၄ |
| တနင်္သာရီ | ၄၃,၃၄၄.၉၃ | ၇၁၉,၄၄၁ | ၉၁၇,၂၄၇ | ၁,၄၀၈,၄၀၁ | ၁,၃၉၉,၉၆၅ | ၁၇ | ၂၁ | ၂၃ | ၃၂ |
| ပဲခူး | ၃၉,၄၀၄.၄၅ | ၃,၁၇၉,၆၀၄ | ၃,၇၉၉,၇၉၁ | ၄,၈၆၇,၃၇၃ | ၄,၄၅၃,၆၈၇ | ၈၁ | ၉၆ | ၁၂၄ | ၁၁၃ |
| မကွေး | ၄၄,၈၂၀.၆၁ | ၂,၆၃၄,၇၅၇ | ၃,၂၄၃,၁၆၆ | ၃,၉၁၇,၀၅၅ | ၄,၀၇၇,၆၅၃ | ၅၉ | ၇၂ | ၈၇ | ၉၁ |
| မန္တလေး | ၃၀,၈၈၈.၁၁ | ၃,၆၆၈,၄၉၃ | ၄,၅၇၇,၇၆၂ | ၆,၁၆၅,၇၂၃ | ၆,၃၂၃,၅၅၄ | ၉၉ | ၁၂၄ | ၂၀၀ | ၂၀၅ |
| မွန် | ၁၂,၂၉၆.၆၄ | ၁,၃၁၄,၂၂၄ | ၁,၆၈၀,၁၅၇ | ၂,၀၅၄,၃၉၃ | ၁,၈၃၁,၉၇၆ | ၁၀၇ | ၁၃၇ | ၁၆၇ | ၁၄၉ |
| ရခိုင် | ၃၆,၇၇၈.၀၈ | ၁,၇၁၂,၈၃၈ | ၂,၀၄၅,၅၅၉ | ၃,၁၈၈,၈၀၇ | ၂,၅၂၆,၇၉၂ | ၄၇ | ၅၆ | ၈၇ | ၆၉ |
| ရန်ကုန် | ၁၀,၂၇၆.၇၁ | ၃,၁၉၀,၃၅၉ | ၃,၉၇၃,၆၂၆ | ၇,၃၆၀,၇၀၃ | ၇,၃၆၉,၉၈၉ | ၃၁၀ | ၃၈၇ | ၇၁၆ | ၇၁၇ |
| ရှမ်း | ၁၅၅,၈၀၁.၄၆ | ၃,၁၇၉,၅၄၆ | ၃,၇၁၆,၈၄၁ | ၅,၈၂၄,၄၃၂ | ၆,၄၁၂,၅၀၁ | ၂၀ | ၂၄ | ၃၇ | ၄၁ |
| ဧရာဝတီ | ၃၅,၀၃၁.၉၀ | ၄,၁၅၆,၆၇၃ | ၄,၉၉၄,၀၆၁ | ၆,၁၈၄,၈၂၉ | ၅,၅၄၆,၄၁၅ | ၁၁၈ | ၁၄၂ | ၁၇၇ | ၁၅၈ |
| နေပြည်တော်*** | ၇,၀၅၇.၀၉ | N.A | N.A | ၁,၁၆၀,၂၄၂ | ၁,၁၂၉,၃၂၂ | N.A | N.A | ၁၆၄ | ၁၆၀ |

* ဧရိယာဆိုသည်မှာ ကုန်းမြေဧရိယာကို ဆိုလိုခြင်းဖြစ်ပါသည်။

** စာရင်းမကောက်ယူနိုင်သည့်ဒေသများအတွက် ခန့်မှန်းလူဦးရေကို ထည့်သွင်းထားပါသည်။

*** နေပြည်တော်ကို ၂၀၀၆ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခင် ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ် သန်းခေါင်စာရင်းများတွင် မပါဝင်ပါ။

## ၃.၂ ကျား/မလူဦးရေ

### ၃.၂.၁ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး

ပုံ (၃.၂) တွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး (မ ၁၀၀ တွင်ရှိသော ကျားဦးရေ) ကို ဖော်ပြထားပြီး ကွဲပြားမှုများ သိသာစွာရှိနေခဲ့ပါသည်။ ပြည်ထောင်စုအဆင့်တွင် ကျား/မအချိုးမှာ ၉၀ ဖြစ်ပြီး အမျိုးသမီး ၁၀၀ ဦးတွင် အမျိုးသား ၉၀ ဦး ရှိပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လေ့လာရာတွင် ကယားပြည်နယ်နှင့် ကချင်ပြည်နယ်တွင် ကျား/မ အချိုးမြင့်မား လျက်ရှိပြီး ၁၀၃ ဦး ရှိပါသည်။ ကျား/မအချိုးသည် ရှမ်းပြည်နယ်တွင် ၉၈ ဦး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ၉၄ ဦးရှိပြီး ချင်းပြည်နယ်တွင် ၉၂ ဦး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် ၉၁ ဦး အသီးသီးရှိကြပါသည်။ ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ၈၅ ဦးရှိပြီး မကွေးတိုင်းဒေသကြီးသည် ၈၃ ဦးဖြင့် ကျား/မ အချိုးအနိမ့်ဆုံးဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး ကွဲပြားမှုများရှိကြောင်း ဤကိန်းဂဏန်းများက ညွှန်ပြနေပြီး အချို့ဒေသများတွင် ကျား/မအချိုး မျှတသော်လည်း အချို့ဒေသများတွင် အမျိုးသမီးများ သိသာစွာပိုများနေကြောင်း တွေ့ရှိရပါသည်။

ပုံ (၃.၂)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မအချိုး




## ၃.၂.၂ လူဦးရေပိရမစ်

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအချက်အလက်များအရ မြန်မာနိုင်ငံ လူဦးရေ၏ အသက်ဖွဲ့စည်းမှုနှင့် ကျား/မပါဝင်မှုသည် ကွဲပြားသော ပုံသဏ္ဌာန်ရှိသည်ကို တွေ့ရှိရပါသည်။ လူဦးရေပိရမစ် (ပုံ - ၃.၃) ၏ အခြေကျယ်ပြန့်စွာရှိနေခြင်းသည် ငယ်ရွယ်သော အသက်အုပ်စုများတွင် လူဦးရေအချိုးအစားများပြားကြောင်း ညွှန်ပြနေပါသည်။ အဆိုပါ ကျယ်ပြန့်သောအခြေသည် အသက်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်းကျဉ်းမြောင်းလာပြီး မွေးဖွားမှု၊ သေဆုံးမှုနှင့် ရွှေ့ပြောင်းသွားလာမှုပုံစံများ၏ အကျိုးသက်ရောက်မှုများကို ရောင်ပြန်ဟပ်နေပါသည်။ အသက် ၀-၁၄ အုပ်စုသည် စုစုပေါင်းလူဦးရေ၏ သိသာထင်ရှားသော အစိတ်အပိုင်းတစ်ခုဖြစ်ပြီး မြန်မာနိုင်ငံ၏ လူငယ်လူရွယ်အချိုးအစားအား မီးမောင်းထိုးပြနေပါသည်။ ဤအုပ်စုအတွင်းတွင် အသက် ၀-၄ အုပ်စုရှိ ကလေးအရေအတွက်သည် သိသာထင်ရှားစွာ လျော့နည်းလာပြီး ကျန်အုပ်စုများတွင်လည်း တဖြည်းဖြည်းလျော့နည်းလာကြောင်း တွေ့ရှိရပါသည်။

ဆယ်ကျော်သက်နှင့် လူငယ်လူရွယ် အသက် ၁၅-၂၄ အုပ်စုများတွင် ပိရမစ်သည် အောက်ခြေကဲ့သို့ မကျယ်သော်လည်း အတော်အသင့်ကျယ်ပြန့်သော ပုံသဏ္ဌာန်ရှိပါသည်။ ဤအချက်သည် မျိုးဆက်ပွားသည့်အသက်အရွယ်နှင့် လုပ်သားအင်အားအတွင်း ဝင်ရောက်လာသည့် လူဦးရေများပြားနေကြောင်း ပြသနေပါသည်။ သို့သော် အသက် ၂၅-၂၉ နှင့် ၃၀-၃၄ အုပ်စုများတွင် သိသာထင်ရှားစွာပင် ကျဉ်းမြောင်းလာသည်ကို တွေ့ရှိရပါသည်။ အဆိုပါ ကျဉ်းမြောင်းမှုသည် စီးပွားရေး၊ ပညာရေး၊ လူမှုရေး သို့မဟုတ် အခြားအကြောင်းရင်းများကြောင့် အခွင့်အလမ်းများရှာဖွေနေသော လူငယ်လူရွယ်များ၏ ရွှေ့ပြောင်းသွားလာမှုများအပါအဝင် အကြောင်းရင်းများစွာကြောင့်ဖြစ်နိုင်ပါသည်။ သက်လတ်ပိုင်း ၃၅-၆၄ အုပ်စုများတွင် တဖြည်းဖြည်း ပိုမိုကျဉ်းမြောင်းလာပြီး မြန်မာနိုင်ငံတွင် လက်ရှိဖြစ်ပေါ်နေသော လူဦးရေအသွင်ကူးပြောင်းမှုဖြစ်စဉ်အား ထင်ဟပ်ပြသနေပါသည်။

ပိရမစ်သည် အသက် ၆၅ နှစ်နောက်ပိုင်းတွင် ပိုမိုကျဉ်းမြောင်းသွားပြီး လူငယ်လူရွယ်၊ သက်လတ်ပိုင်းအရွယ်များနှင့် နှိုင်းယှဉ်ပါက သက်ကြီးရွယ်အိုများ၏အချိုးအစားသည် ပိုနည်းပါးကြောင်းဖော်ပြနေပြီး အသက်အုပ်စုများအတွင်း ကျား/မပါဝင်မှုလည်း အနည်းငယ်ကွဲပြားမှု ရှိပါသည်။ မွေးဖွားချိန်တွင် ကျား/မအချိုးအစားသည် ယောကျ်ားလေးများဖက်တွင် ပိုမိုအလေးသာသောပုံစံသည် ဖြစ်ရိုးဖြစ်စဉ် လူဦးရေဆိုင်ရာပုံစံ တစ်ခုဖြစ်ပါသည်။ သို့သော် အသက်ကြီးလာသည်နှင့်အမျှ အမျိုးသားများ တဖြည်းဖြည်းလျော့နည်းလာပြီး သက်ကြီးရွယ်အိုအုပ်စုများတွင် အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက် ပိုများပြားလာသည်မှာ ကျား/မအလိုက် မတူညီသည့် သေဆုံးမှုပုံစံများကြောင့်ဖြစ်နိုင်ပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် လေ့လာတွေ့ရှိရသော အသက်ဖွဲ့စည်းမှုပုံစံသည် အတိတ်မှ မွေးဖွားနှုန်းနှင့် သေဆုံးနှုန်းများ၏ အတက်အကျများအပါအဝင် နိုင်ငံ၏ လူဦးရေဆိုင်ရာ သမိုင်းကြောင်းကို ထင်ဟပ်ပေါ်လွင်စေပါသည်။

ပုံ (၃.၃)။ လူဦးရေပိရမစ်၊ ၂၀၂၄ ခုနှစ်




## ၃.၃ လူဦးရေဖွဲ့စည်းမှုပုံစံနှင့် မှီခိုမှုဆင့်ကဲဖြစ်စဉ် (၁၉၇၃-၂၀၂၄)

### ၃.၃.၁ အသက်အုပ်စုကြီးများအလိုက် လူဦးရေဖွဲ့စည်းမှုပုံစံပြောင်းလဲခြင်း (၁၉၇၃-၂၀၂၄)

ဇယား (၃.၄) တွင် မြန်မာနိုင်ငံ၏လူဦးရေကို အသက် ၁၅ နှစ်အောက်၊ အသက် ၁၅-၆၄ အုပ်စုနှင့် အသက် ၆၅ နှစ်နှင့်အထက်ဟူ၍ အသက်အုပ်စုကြီးသုံးခုဖြင့် နှစ်အလိုက် (၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်) ပြည်ထောင်စု၊ မြို့ပြနှင့်ကျေးလက်ဟု ခွဲခြားဖော်ပြထားပါသည်။ အဓိကတွေ့ရှိချက် ၃ ခုမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **ကလေးအရေအတွက်လျော့နည်းလာခြင်း (အသက် ၁၅ နှစ်အောက်)။** ပြည်ထောင်စုအဆင့်တွင် အသက် ၁၅ နှစ်အောက်ကလေးအချိုးသည် ၁၉၇၃ ခုနှစ်၌ ၄၁.၅ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်၌ ၂၅.၂ ရာခိုင်နှုန်းအထိ သိသိသာသာ လျော့ကျသွားပါသည်။ မြို့ပြနှင့်ကျေးလက် နှစ်ခုလုံးတွင် အလားတူ လျော့ကျလာမှုကို တွေ့ရသော်လည်း မွေးဖွားနှုန်းကျဆင်းခြင်းနှင့် မြို့ပြသို့ ရွှေ့ပြောင်းလာခြင်းတို့ကြောင့် ကလေးအချိုးအစား လျော့ကျမှုများ မြို့ပြတွင် ပိုမို ဖြစ်ပေါ်နေပါသည်။

(ခ) **အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြားဦးရေ များပြားလာခြင်း (အသက် ၁၅-၆၄ အုပ်စု)။** အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြားဦးရေသည် တဖြည်းဖြည်း များပြားလာပြီး ၁၉၇၃ ခုနှစ်တွင် ၅၄.၈ ရာခိုင်နှုန်း ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၆၆.၉ ရာခိုင်နှုန်းအထိ တိုးလာပါသည်။ ယေဘုယျအားဖြင့် မြို့ပြဒေသများသည် ကျေးလက်ဒေသများထက် အလုပ်လုပ်နိုင်သောအသက်အရွယ် ရာခိုင်နှုန်းပိုမိုမြင့်မားပါသည်။ ၎င်းသည် ကျေးလက်မှ မြို့ပြသို့ လူငယ်အလုပ်သမားများ ပြောင်းရွှေ့ခြင်းနှင့် မြို့ပြတွင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုပေါများခြင်းတို့ကြောင့် တစ်စိတ်တစ်ပိုင်း ဖြစ်နိုင်ပါသည်။

(ဂ) **သက်ကြီးရွယ်အိုဦးရေ များပြားလာခြင်း (အသက် ၆၅ နှစ်နှင့်အထက်)။** သက်ကြီးရွယ်အိုအချိုးသည် ၁၉၇၃ ခုနှစ်တွင် ၃.၇ ရာခိုင်နှုန်းရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် ၇.၉ ရာခိုင်နှုန်းအထိ တိုးလာပြီး ကျန်းမာရေးစောင့်ရှောက်မှု တိုးတက်လာခြင်းနှင့် မျှော်မှန်းသက်တမ်း ပိုမိုမြင့်မားလာခြင်းတို့ကို ဖော်ပြနေပါသည်။ မြို့ပြနှင့် ကျေးလက်ဒေသနှစ်ခုလုံးတွင် သက်ကြီးရွယ်အိုများပြားလာခြင်းကို တွေ့ရှိရသော်လည်း မြို့ပြတွင် ပိုမိုသိသာထင်ရှားပါသည်။

ခြုံငုံသုံးသပ်ရသော် ဤပြောင်းလဲမှုများသည် ကလေးဦးရေနည်းပါးလာ၍ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အပိုင်းအခြားဦးရေ ပိုမိုများပြားလာခြင်းနှင့် သက်ကြီးရွယ်အိုဦးရေ တဖြည်းဖြည်းများပြားလာသော လူဦးရေဆိုင်ရာအသွင်ကူးပြောင်းမှုကို ညွှန်ပြနေပါသည်။ အဆိုပါ အချက်အလက်များသည် လူမှုရေးဝန်ဆောင်မှုများ၊ လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်မှုနှင့် အထူးသဖြင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ပင်စင်နှင့် ပညာရေးဆိုင်ရာ မူဝါဒရေးဆွဲခြင်းများအတွက် များစွာအသုံးဝင်ပါသည်။

## ၃.၃.၂ အသက်ဖွဲ့စည်းမှုပုံစံနှင့် မှီခိုသူအချိုး (၁၉၇၃-၂၀၂၄)

ဇယား (၃.၅) နှင့် ပုံ (၃.၄) တို့တွင် မှီခိုသူအချိုးများ (စုစုပေါင်းမှီခိုသူအချိုး၊ ကလေးမှီခိုသူအချိုး (အသက် ၀-၁၄ အုပ်စု) နှင့် သက်ကြီးရွယ်အိုမှီခိုသူအချိုး (အသက် ၆၅ နှစ်နှင့်အထက်)၊ သက်ကြီးရွယ်အိုညွှန်ကိန်းနှင့် အသက်အလယ်ကိန်းတို့ကို နှစ်အလိုက် (၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်) ပြည်ထောင်စု၊ မြို့ပြနှင့်ကျေးလက်ဟု ခွဲခြားဖော်ပြထားပါသည်။ အဓိကတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **စုစုပေါင်းမှီခိုမှုကျဆင်းလာခြင်း။** ပြည်ထောင်စုအဆင့်တွင် စုစုပေါင်းမှီခိုသူအချိုးသည် ၁၉၇၃ ခုနှစ်တွင် ၈၂.၂ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၅၂.၅ သို့ ကျဆင်းလာ

ပြီး ၂၀၂၄ ခုနှစ်တွင် ၄၉.၆ သို့ ထပ်မံကျဆင်းလာပါသည်။ မြို့ပြဒေသများသည် ကျေးလက်ဒေသများထက် စုစုပေါင်းမှီခိုသူအချိုး ပိုမိုကျဆင်းလာကာ မြို့ပြတွင် အလုပ်လုပ်နိုင်သည့်လူဦးရေ ပိုမိုစုစည်းနေခြင်းကြောင်း ပြသနေပါသည်။ မြို့ပြ ဒေသများတွင် ပိုမိုကောင်းမွန်သည့် အလုပ်အကိုင်အခွင့်အလမ်းများရှိနေခြင်းနှင့် လူငယ်လူရွယ်များ၏ မြို့ပြသို့ ပြောင်းဝင်နေထိုင်မှုတို့နှင့် ဆက်စပ်နေပါသည်။

(ခ) **ကလေးမှီခိုသူအချိုး။** ကလေးမှီခိုသူအချိုးသည် ပြည်ထောင်စုအဆင့်၌ ၁၉၇၃ ခုနှစ်တွင် ၇၅.၆ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၄၃.၇ သို့ ကျဆင်းလာပြီး ၂၀၂၄ ခုနှစ်တွင် ၃၇.၇ သို့ သိသိသာသာ ကျဆင်းလာပါသည်။ ဤကျဆင်းမှုသည် မွေးဖွား နှုန်းဆက်တိုက်ကျဆင်းလာမှု၊ မိသားစုအရွယ်အစား သေးငယ်လာမှုတို့နှင့်အတူ ဖြစ်ပေါ်လျက်ရှိပြီး အထူးသဖြင့် မြို့ပြဒေသများတွင် ၁၉၇၃ ခုနှစ်တွင် ၇၃.၀ ရှိခဲ့ ရာမှ ၂၀၂၄ ခုနှစ်တွင် ၂၉.၃ သို့ ကျဆင်းလာပါသည်။

(ဂ) **သက်ကြီးရွယ်အိုမှီခိုသူအချိုး။** သက်ကြီးရွယ်အိုမှီခိုသူအချိုးသည် ပြည်ထောင်စု အဆင့်၌ ၁၉၇၃ ခုနှစ်တွင် ၆.၇ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၈.၈ သို့ တိုးလာပြီး ၂၀၂၄ ခုနှစ်တွင် ၁၁.၈ သို့ရောက်ရှိလာကာ သက်ကြီးရွယ်အိုဦးရေ များပြားလာမှု ကို ညွှန်ပြနေပါသည်။ မြို့ပြနှင့်ကျေးလက် ဒေသနှစ်ခုလုံးတွင် သက်ကြီးရွယ်အို ဦးရေ များပြားလာသော်လည်း မြို့ပြ (၁၉၇၃ ခုနှစ်တွင် ၆.၁ မှ ၂၀၂၄ ခုနှစ်တွင် ၁၂.၀) သည် ကျေးလက် (၁၉၇၃ ခုနှစ်တွင် ၆.၉ မှ ၂၀၂၄ ခုနှစ်တွင် ၁၁.၈) ထက် သက်ကြီးရွယ်အိုမှီခိုသူအချိုး အနည်းငယ်ပိုများသည်ကို တွေ့ရှိရပါသည်။

(ဃ) **သက်ကြီးရွယ်အိုညွှန်ကိန်း။** သက်ကြီးရွယ်အိုညွှန်ကိန်း (အသက် ၀-၁၄ အုပ်စု ကလေး ၁၀၀ ဦးတွင်ရှိသော အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေ) သည် ၁၉၇၃ ခုနှစ်တွင် ၈.၈ ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၂၀.၁ နှင့် ၂၀၂၄ ခုနှစ်တွင် ၃၁.၄ သို့ တိုးလာပြီး သက်ကြီးရွယ်အိုများ တိုးပွားလာသည့် လူဦးရေပြောင်းလဲမှု ဖြစ်စဉ်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုညွှန်ကိန်းသည် မြို့ပြဒေသများတွင် ၁၉၇၃ မှ ၂၀၂၄ ခုနှစ်အတွင်း ၈.၃ မှ ၄၀.၉ အထိ တိုးလာခဲ့ပြီး မွေးဖွားနှုန်းကျဆင်း လာခြင်းနှင့် မျှော်မှန်းသက်တမ်းမြင့်မားလာခြင်းတို့ကို ညွှန်ပြနေပါသည်။

(င) **အသက်အလယ်ကိန်း။** ပြည်ထောင်စုအဆင့် အသက်အလယ်ကိန်းသည် ၁၉၇၃ ခုနှစ်တွင် ၁၈.၆ နှစ်ရှိခဲ့ရာမှ ၂၀၁၄ ခုနှစ်တွင် ၂၇.၁ နှစ်သို့ တိုးလာပြီး ၂၀၂၄ ခုနှစ် တွင် ၃၀.၂ နှစ် ဖြစ်လာပါသည်။ အသက်အလယ်ကိန်းတိုးလာခြင်းသည် မွေးဖွား နှုန်း ကျဆင်းခြင်းနှင့် လူတို့၏ သက်တမ်းမြင့်မားလာခြင်းတို့ကို ထင်ဟပ်စေကာ အဆိုပါအချက်များသည် နိုင်ငံ၏လူဦးရေဆိုင်ရာအသွင်ကူးပြောင်းမှုကို ဖြစ်ပေါ်

စေသည့် အကြောင်းရင်းများဖြစ်ပြီး အနာဂတ်လူမှုစီးပွားဆိုင်ရာလိုအပ်ချက်များကို ပုံဖော်ပေးပါသည်။

မြန်မာနိုင်ငံ၏ လူဦးရေဖွဲ့စည်းမှုပုံစံသည် လူငယ်ဦးရေများပြားသောပုံစံမှ ကလေးဦးရေနည်းပါးပြီး အလုပ်လုပ်ကိုင်နိုင်သည့် အသက်အရွယ်အပိုင်းအခြားဦးရေ ပိုမိုများပြားကာ သက်ကြီးရွယ်အိုဦးရေ တဖြည်းဖြည်းတိုးပွားလာသောပုံစံသို့ ပြောင်းလဲလျက်ရှိပါသည်။ ဤပြောင်းလဲမှုများသည် ကျန်းမာရေးစောင့်ရှောက်မှု၊ ပင်စင်စနစ်များ၊ အလုပ်အကိုင်ဈေးကွက်များနှင့် လူမှုထောက်ပံ့ရေးဝန်ဆောင်မှုများအတွက် သိသာထင်ရှားသော အကျိုးသက်ရောက်မှုများရှိနေပါသည်။ အထူးသဖြင့် မြို့ပြနှင့်ကျေးလက်ဒေသများအကြား မတူညီသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်။

ဇယား (၃.၄)။ အသက်အုပ်စုကြီးအလိုက် လူဦးရေအချိုးအစား၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်

| အသက် အုပ်စုကြီးများ | ၁၉၇၃ သန်းခေါင်စာရင်း | | | ၁၉၈၃ သန်းခေါင်စာရင်း | | | ၂၀၁၄ သန်းခေါင်စာရင်း | | | ၂၀၂၄ သန်းခေါင်စာရင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ | ၁၀၀ |
| အသက် (၁၅) နှစ်အောက် | ၄၁.၅ | ၄၀.၇ | ၄၁.၇ | ၃၈.၆ | ၃၅.၇ | ၃၉.၅ | ၂၈.၆ | ၂၄.၁ | ၃၀.၆ | ၂၅.၂ | ၂၀.၇ | ၂၇.၂ |
| အသက် (၁၅-၆၄) | ၅၄.၈ | ၅၅.၇ | ၅၄.၆ | ၅၇.၅ | ၆၀.၅ | ၅၆.၅ | ၆၅.၆ | ၆၉.၉ | ၆၃.၈ | ၆၆.၉ | ၇၀.၈ | ၆၅.၁ |
| အသက် (၆၅) နှစ်နှင့်အထက် | ၃.၇ | ၃.၃ | ၃.၈ | ၃.၉ | ၃.၈ | ၄.၀ | ၅.၈ | ၆.၀ | ၅.၇ | ၇.၉ | ၈.၅ | ၇.၇ |

ဇယား (၃.၅)။ မှီခိုမှုအချိုးများ၊ သက်ကြီးရွယ်အိုညွှန်ကိန်းနှင့် အသက်အလယ်ကိန်း၊ ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်

| အချိုး/ညွှန်ကိန်း | ၁၉၇၃ သန်းခေါင်စာရင်း | | | ၁၉၈၃ သန်းခေါင်စာရင်း | | | ၂၀၁၄ သန်းခေါင်စာရင်း | | | ၂၀၂၄ သန်းခေါင်စာရင်း | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
| **စုစုပေါင်းမှီခိုသူအချိုး** | **၈၂.၂** | **၇၉.၁** | **၈၃.၃** | **၇၃.၉** | **၆၅.၃** | **၇၆.၉** | **၅၂.၅** | **၄၃.၀** | **၅၆.၈** | **၄၉.၆** | **၄၁.၃** | **၅၃.၅** |
| ကလေးမှီခိုသူအချိုး | ၇၅.၆ | ၇၃.၀ | ၇၆.၄ | ၆၇.၁ | ၅၉.၀ | ၆၉.၉ | ၄၃.၇ | ၃၄.၄ | ၄၇.၉ | ၃၇.၇ | ၂၉.၃ | ၄၁.၇ |
| သက်ကြီးရွယ်အို မှီခိုသူအချိုး | ၆.၇ | ၆.၁ | ၆.၉ | ၆.၈ | ၆.၃ | ၇.၀ | ၈.၈ | ၈.၅ | ၈.၉ | ၁၁.၈ | ၁၂.၀ | ၁၁.၈ |
| သက်ကြီးရွယ်အိုညွှန်ကိန်း | ၈.၈ | ၈.၃ | ၉.၀ | ၁၀.၂ | ၁၀.၈ | ၁၀.၀ | ၂၀.၁ | ၂၄.၈ | ၁၈.၆ | ၃၁.၄ | ၄၀.၉ | ၂၈.၂ |
| အသက်အလယ်ကိန်း | ၁၈.၆ | ၁၈.၈ | ၁၈.၅ | ၁၉.၈ | ၂၀.၇ | ၁၉.၄ | ၂၇.၁ | ၂၈.၅ | ၂၆.၄ | ၃၀.၂ | ၃၁.၆ | ၂၉.၅ |

ပုံ (၃.၄)။ မှီခိုသူအချိုးများနှင့် သက်ကြီးရွယ်အိုညွှန်ကိန်း ၁၉၇၃ ခုနှစ်၊ ၁၉၈၃ ခုနှစ်၊ ၂၀၁၄ ခုနှစ်နှင့် ၂၀၂၄ ခုနှစ်




## ၃.၄ ကျား/မအလိုက် အိမ်ထောင်ရေးအခြေအနေ

ပုံ (၃.၅) တွင် စာရင်းကောက်ယူရရှိသော အသက် ၁၀ နှစ်နှင့်အထက်လူဦးရေ ၂၇.၆၃ သန်း၏ အိမ်ထောင်ရေးအခြေအနေကို ကျား/မအလိုက် ခွဲခြားဖော်ပြထားပါသည်။ လူဦးရေ ၁၀.၄၆ သန်း (၃၈% ခန့်) သည် လူပျို/အပျိုဖြစ်ကြပြီး ၁၄.၄၉ သန်း (၅၃%) သည် အိမ်ထောင်ရှိသူများဖြစ်ပါသည်။ လူဦးရေ ၁.၉၀ သန်း (၇%) သည် မုဆိုးဖို/မုဆိုးမ၊ ၀.၄၂ သန်း (၁.၅%) သည် ကွဲကွာနှင့် ၀.၃၅ သန်း (၁.၃%) သည် သာသနာ၀င်/သာသနာ့နွယ်ဝင်များ ဖြစ်ပါသည်။

အမျိုးသား ၁၂.၇၈ သန်း တွင် ၃၈.၆ ရာခိုင်နှုန်းသည် လူပျိုများဖြစ်ပြီး ၅၄.၇ ရာခိုင်နှုန်းသည် အိမ်ထောင်ရှိသူများဖြစ်ပါသည်။ အမျိုးသား ၃.၀ ရာခိုင်နှုန်းသာ မုဆိုးဖိုများဖြစ်ကြသည့်အတွက် မုဆိုးမရာခိုင်နှုန်းထက် သိသာစွာ နည်းပါးနေပါသည်။ အမျိုးသားများ၏ ၁.၂ ရာခိုင်နှုန်းသည် ကွဲကွာများဖြစ်ကြပြီး ၂.၄ ရာခိုင်နှုန်းမှာ သာသနာ၀င်များ ဖြစ်ကြပါသည်။ အမျိုးသားများ၏ သာသနာ၀င်အချိုးမြင့်မားမှုသည် အချို့အခြေအနေများတွင် အမျိုးသားများ သာသနာ့ဘောင်သို့ ဝင်ရောက်သည့် ရိုးရာဓလေ့များနှင့် ကိုက်ညီမှုရှိပါသည်။

အမျိုးသမီး (၁၄.၈၅ သန်း) များ၏ အိမ်ထောင်ရေးအခြေအနေသည် မတူညီသောပုံစံကို ဖော်ပြနေပါသည်။ အမျိုးသမီးများ၏ ၃၇.၂ ရာခိုင်နှုန်းသည် အပျိုဘ၀တွင်ရှိနေဆဲဖြစ်ပြီး ၅၀.၅ ရာခိုင်နှုန်းသည် အိမ်ထောင်ရှိသူများဖြစ်ပါသည်။ အမျိုးသမီး ၁၀.၂ ရာခိုင်နှုန်းသည် မုဆိုးမများဖြစ်၍ သိသာစွာပင် မြင့်မားပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် မုဆိုးမများအဖြစ်

ပိုမိုကာလကြာရှည်စွာနေထိုင်ကြပြီး ယေဘုယျအားဖြင့် အမျိုးသမီးများသည် အမျိုးသားများထက် သက်တမ်းပိုရှည်ကြကြောင်း ဖော်ပြနေပါသည်။ အမျိုးသမီး ၁.၇ ရာခိုင်နှုန်းသည် ကွဲကွာဖြစ်ပြီး ၀.၃ ရာခိုင်နှုန်းသည် သာသနာ့နွယ်ဝင်များဖြစ်၍ အမျိုးသားများထက် ပိုနည်းကြောင်း တွေ့ရှိရပါသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ အမျိုးသားနှင့် အမျိုးသမီးအများစုသည် အိမ်ထောင်ရှိသူများဖြစ်ကြပါသည်။ အမျိုးသမီးများသည် မုဆိုးမရာခိုင်နှုန်း ပိုမိုများပြားပြီး သာသနာ့နွယ်ဝင် ရာခိုင်နှုန်းနည်းပါးကြောင်း တွေ့ရှိရပါသည်။ သို့သော်အမျိုးသားများတွင် အမျိုးသမီးများထက် လူပျိုအချိုးအနည်းငယ်မြင့်မားပြီး သာသနာဝင်ရာခိုင်နှုန်း ပိုမိုများပြား ကြောင်း ပြဆိုနေပါသည်။

ပုံ (၃.၅)။ အသက် ၁၀ နှစ်နှင့်အထက်လူဦးရေ၏ ကျား/မအလိုက် အိမ်ထောင်ရေးအခြေအနေ




## ၃.၅ ပထမဆုံးအိမ်ထောင်ပြုစဉ်အသက်နှင့်ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ်အသက်

ဤအပိုင်းတွင် ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံးအရှင်မွေးကလေး မွေးဖွားစဉ် အသက်အလယ်ကိန်းများ (Median Age at First Marriage and First Live Birth)၊ လူပျို/အပျို အဖြစ်နေထိုင်သည့် ပျမ်းမျှအသက် (Singulate Mean Age at Marriage) တို့ကို ကျား/မ အလိုက်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက်နှင့် မြို့ပြ/ကျေးလက်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ဤအညွှန်းကိန်းများသည် မြန်မာနိုင်ငံတွင် မိသားစုဖွဲ့စည်းမှုပုံစံများ၊ မျိုးဆက်ပွားဆိုင်ရာ အမူအကျင့်များနှင့် လူမှုရေးပြောင်းလဲမှုများကို လေ့လာရာ၌ အရေးကြီးသည့် အခန်းကဏ္ဍမှပါဝင်ပြီး လူဦးရေပြောင်းလဲခြင်းဖြစ်စဉ်များကို နားလည်ရန်နှင့် မူဝါဒဆိုင်ရာ ဆုံးဖြတ်ချက်များအတွက် မရှိမဖြစ် လိုအပ်ပါသည်။

### ၃.၅.၁ အသက်အုပ်စု ၁၅-၄၉ အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း

ပုံ (၃.၆) ၌ အသက်အုပ်စု ၁၅-၄၉ အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းတို့ကို တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ဖော်ပြထားပါသည်။

ပြည်ထောင်စုအဆင့်တွင် ပထမဆုံးအိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်းသည် ၂၁.၂ နှစ်ဖြစ်ပြီး ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၃.၇ နှစ် ဖြစ်ပါသည်။ မြန်မာနိုင်ငံရှိအမျိုးသမီးများသည် ပျမ်းမျှအားဖြင့် ပထမဆုံးကလေးကို မွေးဖွားရန် အိမ်ထောင်ပြုပြီးနောက် နှစ်နှစ်မှသုံးနှစ်ခန့် စောင့်ဆိုင်းလေ့ရှိကြောင်း ညွှန်ပြနေသည်။

မြို့ပြ/ကျေးလက် နှိုင်းယှဉ်လေ့လာပါက မြို့ပြရှိအမျိုးသမီးများသည် ကျေးလက်ရှိအမျိုးသမီးများထက် အိမ်ထောင်ပြုနောက်ကျပြီး ကလေးမွေးဖွားရာတွင်လည်း နောက်ကျကြကြောင်းတွေ့ရှိရပါသည်။ အထူးသဖြင့် မြို့ပြရှိအမျိုးသမီးများ၏ ပထမဆုံး အိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်းသည် ၂၂.၄ နှစ်နှင့် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၄.၇ နှစ်ဖြစ်ပြီး ကျေးလက်ရှိအမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်းသည် ၂၀.၈ နှစ်နှင့် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၃.၂ နှစ်ဖြစ်ပါသည်။ ဤကွာခြားချက်များသည် မြို့ပြတွင် ပညာရေး၊ အလုပ်အကိုင်နှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပိုမိုကောင်းမွန်စွာရရှိခြင်းကဲ့သို့သောအချက်များကို ထင်ဟပ်စေပါသည်။

သန်းခေါင်စာရင်း အချက်အလက်များအရ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွာခြားချက်များ ရှိပါသည်-

(က) **အိမ်ထောင်ပြုမှုနှင့် ကလေးမွေးဖွားမှုနောက်ကျခြင်း။** ရန်ကုန်တိုင်းဒေသကြီးတွင် ပထမဆုံး အိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်းသည် ၂၂.၂ နှစ်နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၄.၆ နှစ်ဖြစ်ပါသည်။ အလားတူပင် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် အိမ်ထောင်ပြုသည့်အရွယ် (၂၁.ဝ နှစ်မှ ၂၂.ဝ နှစ်ကြား) နှင့် ပထမဆုံးအရှင်မွေးကလေးမွေးဖွားသည့်အရွယ် (၂၃.၆ နှစ်မှ ၂၄.၁ နှစ်ကြား) နောက်ကျကြကြောင်း တွေ့ရှိရပါသည်။ အဆိုပါ အသက်အလယ်ကိန်းများမြင့်မားမှုသည် မြို့ပြထွန်းကားမှု၊ စီးပွားရေးအခွင့်အလမ်းများ

နှင့် လူမှုရေးဝန်ဆောင်မှုများအား လက်လှမ်းမီမှုစသည့် အကြောင်းရင်းများကြောင့် ဖြစ်နိုင်ပါသည်။

(ခ) **အိမ်ထောင်ပြုမှုနှင့် ကလေးမွေးဖွားမှုစောခြင်း။** ရခိုင်ပြည်နယ်တွင် ပထမဆုံးအိမ်ထောင်ပြုစဉ် အသက်အလယ်ကိန်းသည် ၂၀.၂ နှစ်နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၁.၆ နှစ်ဖြစ်ပါသည်။ ပြည်ထောင်စုအဆင့် အသက်အလယ်ကိန်းထက် နိမ့်ကျနေသည်ဖြစ်ရာ ဤဒေသတွင် မိသားစုဘဝကို စောစီးစွာစတင်လေ့ရှိကြကြောင်း ဖော်ပြနေပါသည်။ ရှမ်းပြည်နယ်တွင်လည်း ပထမဆုံးအိမ်ထောင်ပြုသည့်အသက် ၂၀.၄ နှစ်နှင့် ပထမဆုံးအရှင်မွေးကလေး မွေးဖွားစဉ်အသက်သည် ၂၂.၀ နှစ်ဖြစ်ရာ အဆိုပါဒေသရှိ ယဉ်ကျေးမှုစံနှုန်းများ သို့မဟုတ် လူမှုစီးပွားဆိုင်ရာဖိအားများက စောစီးစွာအိမ်ထောင်ပြုမှုကို ဖြစ်ပေါ်စေနိုင်ကြောင်းညွှန်ပြနေပါသည်။ ထို့ပြင် ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် အသက်အလယ်ကိန်းများသည် ပြည်ထောင်စုအဆင့်ပျမ်းမျှအောက် အနည်းငယ်နိမ့်ကျနေပြီး ယေဘုယျအားဖြင့် အိမ်ထောင်ပြုသည့်အရွယ်သည် ၂၀ နှစ်မှ ၂၁ နှစ်ကြားနှင့် ပထမဆုံးကလေး မွေးဖွားသည့်အရွယ်သည် ၂၃ နှစ်ခန့်တွင်ရှိကြောင်း တွေ့ရှိရပါသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ အမျိုးသမီးများသည် မြို့ပြထွန်းကား၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်သည့်ဒေသများတွင် အိမ်ထောင်ပြုခြင်းနှင့် ကလေးမွေးဖွားခြင်းတို့ကို နောက်ကျမှပြုလုပ်လေ့ရှိကြပါသည်။ သို့သော် ကျေးလက်နှင့် ဖွံ့ဖြိုးမှုနည်းသောဒေသများတွင် ပထမဆုံးအိမ်ထောင်ပြုသည့်အရွယ်နှင့် ပထမဆုံးကလေး မွေးဖွားသည့်အရွယ် ငယ်ရွယ်လေ့ရှိကြပါသည်။ ဤအချက်အလက်များသည် မြန်မာနိုင်ငံတွင် မျိုးဆက်ပွားကျန်းမာရေး၊ ပညာရေးနှင့် စီးပွားရေးဖွံ့ဖြိုးမှုအတွက် မူဝါဒဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အထောက်အပံ့ပေးပါသည်။

ပုံ (၃.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ပထမဆုံးအိမ်ထောင်ပြုစဉ်နှင့် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း




*အညွှန်းကိန်းများတွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

### ၃.၅.၂ အသက် ၂၀-၂၄ အုပ်စု အမျိုးသမီးများ၏ အိမ်ထောင်ပြုစဉ်အသက်အား လေ့လာခြင်း

ဇယား (၃.၆) တွင် အသက် ၂၀-၂၄ အုပ်စုဝင် အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်အသက်ကို တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ခွဲခြားဖော်ပြထားပါသည်။ အဆိုပါအသက်အုပ်စုရှိ အမျိုးသမီး ၁,၀၈၄,၄၀၆ ဦးတွင် ၀.၇ ရာခိုင်နှုန်းသည် အသက် ၁၅ နှစ်မပြည့်မီ အိမ်ထောင်ပြုခဲ့ကြပြီး ၈.၇ ရာခိုင်နှုန်းသည် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုခဲ့ကြပါသည်။ မြို့ပြနှင့် ကျေးလက်အကြား သိသာထင်ရှားစွာ ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင် အသက် ၁၅ နှစ်မပြည့်မီ အိမ်ထောင်ပြုသူအမျိုးသမီး ၀.၄ ရာခိုင်နှုန်းနှင့် အသက် ၁၈ နှစ်မပြည့်မီ ၆.၁ ရာခိုင်နှုန်းသာရှိပြီး ကျေးလက်တွင် မြင့်မား၍ ၀.၉ ရာခိုင်နှုန်းနှင့် ၁၀.၇ ရာခိုင်နှုန်း အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လေ့လာရာတွင် ကွာခြားမှုများစွာရှိနေပါသည်။ ရခိုင်ပြည်နယ်တွင် အသက် ၁၅ နှစ်မပြည့်မီ အိမ်ထောင်ပြုသူ အမျိုးသမီး ၃.၄ ရာခိုင်နှုန်းနှင့် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုသူ အမျိုးသမီး ၁၉.၉ ရာခိုင်နှုန်းရှိပြီး ပြည်ထောင်စုအဆင့်ထက် သိသာစွာပိုမိုမြင့်မားပါသည်။ အလားတူ ရှမ်းပြည်နယ်တွင်လည်း ၁.၄ ရာခိုင်နှုန်းနှင့် ၁၃.၅ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ သို့သော် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့

တွင် အသက် ၁၅ နှစ်မပြည့်မီ အိမ်ထောင်ပြုသူ အမျိုးသမီး ၀.၄ ရာခိုင်နှုန်းစီနှင့် အသက် ၁၈ နှစ်မပြည့်မီ အိမ်ထောင်ပြုသူ အမျိုးသမီး ၆.၂ ရာခိုင်နှုန်းမှ ၆.၄ ရာခိုင်နှုန်းအထိသာရှိကာ အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် များစွာနိမ့်ကျသည်ကို တွေ့ရပါသည်။

ဇယား (၃.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အသက် ၂၀-၂၄ အမျိုးသမီးများ၏ ပထမဆုံးအိမ်ထောင်ပြုစဉ်အသက်

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ကျေးလက် | အမျိုးသမီး (အသက် ၂၀-၂၄ အုပ်စု) | ပထမဆုံးအိမ်ထောင်ပြုစဉ်အသက် | |
|---|---|---|---|
| | | အသက် ၁၅ နှစ်အောက် | အသက် ၁၈ နှစ်အောက် |
| **ပြည်ထောင်စု** | **၁,၀၈၄,၄၀၆** | **၀.၇** | **၈.၇** |
| မြို့ပြ | ၄၆၇,၃၅၃ | ၀.၄ | ၆.၁ |
| ကျေးလက် | ၆၁၇,၀၅၃ | ၀.၉ | ၁၀.၇ |
| ကချင် | ၂၈,၄၂၁ | ၀.၄ | ၅.၄ |
| ကယား | ၁,၁၀၂ | ၀.၅ | ၈.၄ |
| ကရင် | ၂၄,၃၄၃ | ၀.၉ | ၉.၇ |
| ချင်း | * | * | * |
| စစ်ကိုင်း | ၂၆,၀၃၈ | ၀.၅ | ၆.၆ |
| တနင်္သာရီ | ၂၉,၆၇၂ | ၀.၄ | ၇.၂ |
| ပဲခူး | ၁၂၆,၈၉၈ | ၀.၅ | ၇.၇ |
| မကွေး | ၅၅,၈၈၄ | ၀.၆ | ၈.၂ |
| မန္တလေး | ၁၄၇,၇၇၈ | ၀.၄ | ၆.၂ |
| မွန် | ၄၀,၇၃၅ | ၀.၇ | ၈.၇ |
| ရခိုင် | ၁၀,၈၅၂ | ၃.၄ | ၁၉.၉ |
| ရန်ကုန် | ၂၈၀,၇၄၇ | ၀.၄ | ၆.၄ |
| ရှမ်း | ၁၀၄,၉၁၇ | ၁.၄ | ၁၃.၅ |
| ဧရာဝတီ | ၁၇၀,၃၄၂ | ၁.၀ | ၁၂.၆ |
| နေပြည်တော် | ၃၅,၆၈၇ | ၀.၈ | ၉.၃ |

*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

## ၃.၅.၃ အသက်အုပ်စုအလိုက် ပထမဆုံးအရှင်မွေးကလေးမွေးဖွားသည့် အသက်အလယ်ကိန်း

ဇယား (၃.၇) တွင် အမျိုးသမီးများ၏ အသက်အုပ်စုနှင့် မြို့ပြ/ကျေးလက်အလိုက် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းကို ဖော်ပြထားပါသည်။ အဓိကပုံစံများကို အောက်ပါအတိုင်း တွေ့ရှိရပါသည်-

(က) **အသက်အုပ်စု ၁၅–၄၉။** ပြည်ထောင်စုအဆင့်တွင် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ၂၃.၇ နှစ်ဖြစ်ပြီး မြို့ပြအမျိုးသမီးများသည် ကျေးလက်အမျိုးသမီးများထက် ကလေးမွေးဖွားခြင်းကို ပို၍နောက်ကျလေ့ရှိပါသည်။ မြို့ပြ (၂၄.၇ နှစ်) နှင့် ကျေးလက် (၂၃.၂ နှစ်) အသက်အလယ်ကိန်းကွာဟမှုသည် ၁.၅ နှစ်ခန့်ဖြစ်ပြီး အသက်အုပ်စုအများစုတွင် အလားတူကွာဟမှုများရှိကြောင်း တွေ့ရှိရပါသည်။

(ခ) **ငယ်ရွယ်သော အသက်အုပ်စု ၁၅-၁၉ နှင့် ၂၀-၂၄။** အငယ်ဆုံး အသက်အုပ်စုဖြစ်သည့် ၁၅–၁၉ တွင် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် ပြည်ထောင်စုအဆင့်၌ ၁၈.၀ နှစ်ဖြစ်ပြီး မြို့ပြရှိ အမျိုးသမီးများ၏ ပထမဆုံးအရှင်မွေးကလေး မွေးဖွားသည့်အရွယ် (၁၈.၀ နှစ်) သည် ကျေးလက်ရှိ အမျိုးသမီးများ (၁၇.၉ နှစ်) ထက် အနည်းငယ်နောက်ကျကြပါသည်။ အသက်အုပ်စု ၂၀-၂၄ တွင် ပထမဆုံးအရှင်မွေးကလေး မွေးဖွားစဉ် အသက်အလယ်ကိန်းသည် ပြည်ထောင်စုအဆင့်၌ ၂၀.၅ နှစ်ဖြစ်ပြီး မြို့ပြတွင် ၂၀.၆ နှစ်နှင့် ကျေးလက်တွင် ၂၀.၅ နှစ်ဖြစ်ပါသည်။ ဤအုပ်စုမှအမျိုးသမီးငယ်များသည် ဆယ်ကျော်သက်ရွယ် အုပ်စုများထက် အနည်းငယ်နောက်ကျမှ ကလေးမွေးဖွားကြကြောင်း ညွှန်ပြနေပါသည်။

(ဂ) **အလယ်အလတ် အသက်အုပ်စု ၂၅-၂၉ နှင့် ၃၀-၃၄။** အသက်အုပ်စု ၂၅-၂၉ တွင် ပထမဆုံးအရှင်မွေးကလေး မွေးဖွားစဉ်အသက်အလယ်ကိန်းသည် ပြည်ထောင်စုအဆင့် ၂၂.၄ နှစ်၊ မြို့ပြ ၂၂.၈ နှစ်နှင့် ကျေးလက် ၂၂.၃ နှစ် ဖြစ်ကြပြီး အမျိုးသမီးများသည် အသက်ကြီးလာသည်နှင့်အမျှ ကလေးမွေးဖွားသည့် အသက်အရွယ်နောက်ကျလာသည်ကို ထင်ဟပ်စေပါသည်။ အသက်အုပ်စု ၃၀-၃၄ တွင် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် မြင့်မားပြီး ပြည်ထောင်စုအဆင့်၌ ၂၄.၀ နှစ်၊ မြို့ပြ ၂၄.၉ နှစ်နှင့် ကျေးလက် ၂၃.၆ နှစ်ဖြစ်ကြပါသည်။ မြို့ပြနှင့် ကျေးလက်အကြား ပို၍ကြီးမားသော ကွာဟချက်ကို ညွှန်ပြနေပါသည်။

(ဃ) **အသက်အုပ်စု ၃၅-၃၉၊ ၄၀-၄၄ နှင့် ၄၅-၄၉။** အသက်အုပ်စု ၃၅-၃၉ အမျိုးသမီးများတွင် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်းသည် အမြင့်ဆုံးဖြစ်ပြီး ပြည်ထောင်စုအဆင့် ၂၄.၇ နှစ်၊ မြို့ပြ ၂၅.၈ နှစ်နှင့် ကျေးလက် ၂၃.၉ နှစ်ဖြစ်ကြပါသည်။ အသက်အုပ်စု ၄၀-၄၄ နှင့် ၄၅-၄၉ တို့တွင် ပြည်ထောင်စုအဆင့်၌ ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ်အသက်သည် အနည်းငယ်လျော့နည်းသွားပြီး အိမ်ထောင်ပြုမှုနှင့် မွေးဖွားမှုပုံစံများသည် မျိုးဆက်အလိုက်ကွဲပြားမှုရှိသည်ကို ထင်ဟပ်နေပါသည်။ မြို့ပြနှင့် ကျေးလက်ကွာဟချက်မှာ ၂ နှစ်ခန့် ဖြစ်ပါသည်။

ဇယား (၃.၇)။ အမျိုးသမီးများ၏ အသက်အုပ်စုအလိုက် ပထမဆုံးအရှင်မွေးကလေးမွေးဖွားစဉ် အသက်အလယ်ကိန်း

| အသက်အုပ်စု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **၁၅-၄၉** | **၂၃.၇** | **၂၄.၇** | **၂၃.၂** |
| ၁၅-၁၉ | ၁၈.၀ | ၁၈.၀ | ၁၇.၉ |
| ၂၀-၂၄ | ၂၀.၅ | ၂၀.၆ | ၂၀.၅ |
| ၂၅-၂၉ | ၂၂.၄ | ၂၂.၈ | ၂၂.၃ |
| ၃၀-၃၄ | ၂၄.၀ | ၂၄.၉ | ၂၃.၆ |
| ၃၅-၃၉ | ၂၄.၇ | ၂၅.၈ | ၂၃.၉ |
| ၄၀-၄၄ | ၂၄.၄ | ၂၅.၇ | ၂၃.၇ |
| ၄၅-၄၉ | ၂၄.၁ | ၂၅.၃ | ၂၃.၆ |

ဤအချက်အလက်များက မြို့ပြရှိအမျိုးသမီးများသည် ကျေးလက်ဒေသရှိ အမျိုးသမီးများထက် ပထမဆုံးကလေးမွေးဖွားသည့်အသက် ပိုမိုနောက်ကျကြောင်း၊ ထို့အပြင် ပထဆုံးကလေးမွေးဖွားသည့် ပျမ်းမျှအသက်သည် အသက်အပိုင်းအခြား ကြီးရင့်လာသည်နှင့်အမျှ တဖြည်းဖြည်း မြင့်တက်လာကာ အသက် ၃၀ နှစ် နှောင်းပိုင်းနှင့် ၄၀ နှစ် အစောပိုင်း အမျိုးသမီးများတွင် အမြင့်ဆုံးသို့ ရောက်ရှိကြောင်း ညွှန်ပြနေပါသည်။ ဤတွေ့ရှိချက်များသည် ပညာရေး၊ စီးပွားရေးအခွင့်အလမ်းများနှင့် ကျန်းမာရေးစောင့်ရှောက်မှုများအား လက်လှမ်းမီနိုင်မှုစသော အကြောင်းရင်းများ၏ လွှမ်းမိုးမှုကို ထင်ဟပ်နေပါသည်။

## ၃.၅.၄ ကျား/မအလိုက် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက်

ဇယား (၃.၈) တွင် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက်ကို ကျား/မ၊ မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ခွဲခြားဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်

တွင် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက်သည် ၂၅.၆ နှစ်ဖြစ်ပြီး အမျိုးသားများသည် ၂၆.၆ နှစ်နှင့် အမျိုးသမီးများသည် ၂၄.၆ နှစ်ဖြစ်ပါသည်။ မြို့ပြတွင် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက် ၂၆.၄ နှစ် (ကျား ၂၇.၂ နှစ်နှင့် မ ၂၅.၇ နှစ်) သည် ကျေးလက်တွင် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက် ၂၄.၈ နှစ် (ကျား ၂၆.၀ နှစ်နှင့် မ ၂၃.၇ နှစ်) ထက် အနည်းငယ်မြင့်မားပါသည်။ ထိုကဲ့သို့ မြို့ပြနှင့် ကျေးလက်ကွာဟချက်သည် မြို့ပြတွင် ပညာရေးနှင့် စီးပွားရေးအခွင့်အလမ်းများ ပိုမိုရရှိခြင်းကြောင့် အိမ်ထောင်ပြုနောက်ကျခြင်းကို ထင်ဟပ်စေပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွာဟမှုရှိကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ပျမ်းမျှအသက် ၂၃.၄ နှစ် (ကျား ၂၄.၇ နှစ်နှင့် မ ၂၂.၂ နှစ်) ဖြင့် အနိမ့်ဆုံးဖြစ်ပြီး စောစီးစွာ အိမ်ထောင်ပြုကြကြောင်း တွေ့ရှိရပါသည်။ ကချင်ပြည်နယ် (၂၇.၃ နှစ်)၊ ကယားပြည်နယ် (၂၆.၅ နှစ်) နှင့် ကရင်ပြည်နယ် (၂၆.၆ နှစ်) တို့သည် ပျမ်းမျှအသက် အတော်အသင့်မြင့်မားသည့် ပြည်နယ်များဖြစ်ပြီး ရခိုင်ပြည်နယ် (၂၄.၃ နှစ်) နှင့် မကွေးတိုင်းဒေသကြီး (၂၅.၁ နှစ်) တို့သည် ပြည်ထောင်စုအဆင့်နီးပါး သို့မဟုတ် ပြည်ထောင်စုအဆင့်ထက် အနည်းငယ်ပိုနိမ့်ကြောင်း တွေ့ရှိရပါသည်။

ဇယား (၃.၈)။ တိုင်းဒေသကြီး၊ ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက်

| တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက် | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| **ပြည်ထောင်စု** | **၂၅.၆** | **၂၆.၆** | **၂၄.၆** |
| မြို့ပြ | ၂၆.၄ | ၂၇.၂ | ၂၅.၇ |
| ကျေးလက် | ၂၄.၈ | ၂၆.၀ | ၂၃.၇ |
| ကချင် | ၂၇.၃ | ၂၈.၇ | ၂၆.၀ |
| ကယား | ၂၆.၅ | ၂၈.၂ | ၂၄.၀ |
| ကရင် | ၂၆.၆ | ၂၈.၀ | ၂၅.၂ |
| ချင်း | * | * | * |
| စစ်ကိုင်း | ၂၆.၀ | ၂၇.၂ | ၂၄.၉ |
| တနင်္သာရီ | ၂၆.၈ | ၂၈.၃ | ၂၅.၄ |
| ပဲခူး | ၂၅.၉ | ၂၇.၀ | ၂၄.၉ |
| မကွေး | ၂၅.၁ | ၂၆.၃ | ၂၄.၀ |
| မန္တလေး | ၂၆.၀ | ၂၆.၉ | ၂၅.၃ |
| မွန် | ၂၆.၂ | ၂၇.၅ | ၂၅.၂ |

| တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက် | စုစုပေါင်း | ကျား | မ |
|---|---|---|---|
| ရခိုင် | ၂၄.၃ | ၂၆.၂ | ၂၂.၄ |
| ရန်ကုန် | ၂၆.၂ | ၂၆.၇ | ၂၅.၈ |
| ရှမ်း | ၂၅.၁ | ၂၆.၃ | ၂၃.၉ |
| ဧရာဝတီ | ၂၃.၄ | ၂၄.၇ | ၂၂.၂ |
| နေပြည်တော် | ၂၅.၃ | ၂၆.၅ | ၂၄.၄ |

*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

ဤကွာဟမှုများသည် ယဉ်ကျေးမှုစံနှုန်းများ၊ စီးပွားရေးအခြေအနေများနှင့် မြို့ပြ ထွန်းကားမှုအဆင့်များက အိမ်ထောင်ပြုချိန်အပေါ် သက်ရောက်မှုရှိကြောင်းပေါ်လွင်စေပါသည်။ မြို့ပြနှင့် အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် အိမ်ထောင်ပြုသည့်အရွယ် နောက်ကျခြင်းအား တွေ့ရှိရပြီး အထူးသဖြင့် အမျိုးသားများတွင်ပိုမိုထင်ရှားစွာတွေ့ရပါသည်။ ကျေးလက်နှင့် အချို့ တိုင်းဒေသကြီး/ပြည်နယ်များတွင်မူ စောစီးစွာ အိမ်ထောင်ပြုကြကြောင်း တွေ့ရှိရပါသည်။

## ၃.၆ မွေးဖွားမှု

### ၃.၆.၁ မွေးဖွားခြင်းဆိုင်ရာအညွှန်းကိန်းများ

မွေးဖွားနှုန်းများသည် လူဦးရေပြောင်းလဲမှုများနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ လေ့လာဆန်းစစ်မှုများကို တွက်ချက်ရာတွင် အရေးကြီးသော လူဦးရေဆိုင်ရာ အညွှန်းကိန်းများ ဖြစ်ပါသည်။ ဤအပိုင်းတွင် မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် မွေးနှုန်းကြမ်း၊ စုစုပေါင်းကလေးမွေးနှုန်းနှင့် အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်းတို့ ကို တွက်ချက်ဖော်ပြထားပါသည်။

ဇယား (၃.၉) တွင် စုစုပေါင်းကလေးမွေးနှုန်းအား Direct Method နှင့် Indirect Method (၂) မျိုးကို အသုံးပြု၍ ဆန်းစစ်လေ့လာထားပါသည်။ Direct Method သည် လွန်ခဲ့သည့် ၁၂ လ အတွင်း အရှင်မွေးကလေးအရေအတွက်နှင့် ကလေးမွေးဖွားသည့်အသက်အရွယ်ရှိ အမျိုးသမီး အရေအတွက်အပေါ် အခြေခံ၍ စုစုပေါင်းကလေးမွေးနှုန်းကို တွက်ချက်ခြင်းဖြစ်ပါသည်။ သို့သော် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မွေးဖွားမှုအကြောင်းအရာများကို စာရင်းကောက်ယူရာ၌ ဖြေဆိုမှု မပြည့်စုံခြင်း နှင့် ဖြေဆိုသူများ၏ မှတ်သားမှုအားနည်းခြင်းစသည်တို့ကြောင့် Direct Method ကို အသုံးပြု၍ တွက်ချက်ရာတွင် ကန့်သတ်ချက်များရှိနိုင်ပါသည်။ ထို့ကြောင့် အဆိုပါကန့်သတ်ချက်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ပိုမိုခိုင်မာသော အညွှန်းကိန်းများကို ဖော်ထုတ်နိုင်ရန်အတွက် Indirect

Method ကို အသုံးပြုရပါသည်။ ဤနည်းလမ်းသည် အမျိုးသမီးများ၏ဘဝတစ်လျှောက် မွေးဖွားခဲ့သည့် အရှင်မွေးကလေးများ၏ အချက်အလက်များကို အသုံးပြု၍ တွက်ချက်ခြင်းဖြစ်ပါသည်။ အမျိုးသမီးများ၏မွေးဖွားမှုပုံစံကို ထင်ဟပ်စေသည့် သွယ်ဝိုက်သောနည်းလမ်းဖြင့် တွက်ချက်မှုကြောင့် မြန်မာနိုင်ငံ၏ မွေးဖွားမှုပုံစံကို ပြည့်စုံသည့် အညွှန်းကိန်းများဖြင့် ဖော်ထုတ်ပေးနိုင်ပါသည်။

ဇယား (၃.၉)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် မွေးနှုန်းကြမ်း၊ စုစုပေါင်းကလေးမွေးနှုန်းနှင့် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက် | မွေးနှုန်းကြမ်း | စုစုပေါင်းကလေးမွေးနှုန်း | | အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်း ကလေးမွေးနှုန်း |
|---|---|---|---|---|
| | | Direct Method | Indirect Method | |
| **ပြည်ထောင်စု** | **၁၀.၉** | **၁.၄** | **၁.၈** | **၂.၈** |
| မြို့ပြ | ၉.၈ | ၁.၂ | ၁.၆ | ၂.၇ |
| ကျေးလက် | ၁၁.၅ | ၁.၆ | ၂.၀ | ၂.၉ |
| ကချင် | ၁၃.၀ | ၁.၆ | ၂.၂ | ၃.၇ |
| ကယား | ၁၀.၇ | ၁.၄ | ၁.၉ | ၃.၂ |
| ကရင် | ၁၁.၈ | ၁.၈ | ၂.၁ | ၃.၈ |
| ချင်း | * | * | * | * |
| စစ်ကိုင်း | ၁၂.၁ | ၁.၆ | ၂.၁ | ၃.၈ |
| တနင်္သာရီ | ၁၁.၂ | ၁.၄ | ၂.၁ | ၃.၂ |
| ပဲခူး | ၈.၄ | ၁.၁ | ၁.၇ | ၂.၃ |
| မကွေး | ၁၀.၂ | ၁.၄ | ၁.၇ | ၂.၈ |
| မန္တလေး | ၉.၈ | ၁.၂ | ၁.၆ | ၂.၇ |
| မွန် | ၉.၁ | ၁.၃ | ၁.၈ | ၃.၀ |
| ရခိုင် | ၁၃.၀ | ၁.၇ | ၂.၈ | ၃.၃ |
| ရန်ကုန် | ၁၀.၁ | ၁.၂ | ၁.၅ | ၂.၄ |
| ရှမ်း | ၁၂.၆ | ၁.၆ | ၂.၁ | ၃.၁ |
| ဧရာဝတီ | ၁၃.၃ | ၁.၉ | ၂.၂ | ၃.၀ |
| နေပြည်တော် | ၁၁.၅ | ၁.၅ | ၁.၉ | ၂.၇ |

*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

ပြည်ထောင်စုအဆင့် မွေးနှုန်းကြမ်းမှာ လူဦးရေ ၁,၀၀၀ ဦးတွင် ကလေး ၁၀.၉ ဦးနှုန်း ဖြစ်ပါသည်။ Direct Method ဖြင့် တွက်ချက်ထားသည့် စုစုပေါင်းကလေးမွေးနှုန်းမှာ အမျိုးသမီးတစ်ဦး

တွင် ကလေး ၁.၄ ဦးဖြစ်ပြီး Indirect Method ဖြင့် တွက်ချက်ထားသည့် စုစုပေါင်းကလေးမွေးနှုန်းမှာ အမျိုးသမီးတစ်ဦးတွင် ကလေး ၁.၈ ဦးဖြစ်ပါသည်။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်းမှာ ၂.၈ ဦးဖြစ်ပါသည်။ စုစုပေါင်းကလေးမွေးနှုန်း (၁.၄ ဦး နှင့် ၁.၈ ဦး) သည် ၂ ဦးအောက် လျော့နည်းနေပြီး မိဘနေရာကို ပြန်လည်အစားထိုးနိုင်သည့် Replacement Level အောက်နိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ ဤအချက်အလက်က တစ်နိုင်ငံလုံးတွင် မွေးဖွားနှုန်း ကျဆင်းလျက်ရှိကြောင်း ညွှန်ပြနေပါသည်။

မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် ကျေးလက်ရှိအမျိုးသမီးများသည် မြို့ပြရှိအမျိုးသမီးများထက် မွေးဖွားနှုန်း ပိုမိုမြင့်မားကြောင်းတွေ့ရှိရပါသည်။ ဤတွေ့ရှိချက်များသည် မြို့ပြနှင့် ကျေးလက်အကြား ဆက်လက်ဖြစ်ပေါ်နေသော လူဦးရေဆိုင်ရာကွာဟချက်ကို မီးမောင်းထိုးပြနေပါသည်။ အဆိုပါကွာဟချက်များကို ဖြစ်ပေါ်စေသည့် အကြောင်းရင်းများတွင် မိသားစုစီမံကိန်း လက်လှမ်းမီရရှိမှု၊ ပညာရေးဆိုင်ရာအခွင့်အလမ်းများ၊ ကျန်းမာရေးစောင့်ရှောက်မှုဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ စသည်တို့ပါဝင်ပါသည်။ ကျေးလက်တွင်နေထိုင်သူများသည် ပိုမိုကြီးမားသော မိသားစုအရွယ်အစားကို ကြိုက်နှစ်သက်သည့် ရိုးရာစံနှုန်းများ ရှိနိုင်ပါသည်။

မွေးဖွားခြင်းဆိုင်ရာအညွှန်းကိန်းများသည် တိုင်းဒေသကြီး/ ပြည်နယ်အသီးသီးတွင် လူမှုစီးပွားရေး၊ ယဉ်ကျေးမှုနှင့် ပထဝီဝင်ဆိုင်ရာ ကွဲပြားသောအခြေအနေများအပေါ်မူတည်၍ ကွာခြားချက်များ သိသာစွာ တွေ့ရှိရပါသည်။

မွေးနှုန်းကြမ်းအရ ဧရာဝတီတိုင်းဒေသကြီးသည် လူဦးရေ ၁,၀၀၀ ဦးတွင် ကလေး ၁၃.၃ ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ကလေး ၁၃.၀ ဦး အသီးသီး ဖြစ်ကြပါသည်။ မွန်ပြည်နယ်သည် ၉.၁ ဦးဖြင့် မွေးနှုန်းကြမ်းနိမ့်သည့် ပြည်နယ်တစ်ခုဖြစ်ပြီး ပဲခူးတိုင်းဒေသကြီးသည် မွေးနှုန်းကြမ်း ၈.၄ ဦးဖြင့် အနိမ့်ဆုံးဖြစ်ပါသည်။

Direct Method ဖြင့် တွက်ချက်ထားသည့် စုစုပေါင်းကလေးမွေးနှုန်းသည် ဧရာဝတီတိုင်းဒေသကြီးတွင် ၁.၉ ဦး၊ ကရင်ပြည်နယ်တွင် ၁.၈ ဦးနှင့် ရခိုင်ပြည်နယ်တွင် ၁.၇ ဦးဖြင့် မွေးနှုန်းမြင့်ကြပါသည်။ ပဲခူးတိုင်းဒေသကြီး (၁.၁ ဦး)၊ မန္တလေးတိုင်းဒေသကြီး (၁.၂ ဦး) နှင့် ရန်ကုန်တိုင်းဒေသကြီး (၁.၂ ဦး) တို့သည် မွေးနှုန်းနိမ့်သည့် တိုင်းဒေသကြီးများဖြစ်ကြောင်း တွေ့ရှိရပါသည်။

Indirect Method ဖြင့် တွက်ချက်ထားသည့် စုစုပေါင်းကလေးမွေးနှုန်းသည် ရခိုင်ပြည်နယ်တွင် ၂.၈ ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ၂.၂ ဦး၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင်

၂.၁ ဦး အသီးသီးရှိကြပါသည်။ အဆိုပါတိုင်းဒေသကြီး/ပြည်နယ်များသည် Replacement Level နှင့် တူညီသည် သို့မဟုတ် အထက်တွင်ရှိသည်ကို တွေ့ရှိရပါသည်။ ပဲခူးတိုင်းဒေသကြီး (၁.၇ ဦး)၊ မကွေးတိုင်းဒေသကြီး (၁.၇ ဦး) နှင့် မန္တလေးတိုင်းဒေသကြီး (၁.၆ ဦး) တို့သည် မွေးနှုန်းနိမ့်သည့် တိုင်းဒေသကြီးများဖြစ်ကြပြီး ရန်ကုန်တိုင်းဒေသကြီးသည် ၁.၅ ဦးဖြင့် အနိမ့်ဆုံးဖြစ်ပါသည်။

အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း (Direct Method) သည် ကရင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ၃.၈ ဦးနှင့် ကချင်ပြည်နယ်တွင် ၃.၇ ဦး အသီးသီး ရှိကြပြီး မွေးနှုန်းမြင့်မားသည်ကို တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် ၂.၄ ဦးနှင့် ပဲခူးတိုင်း ဒေသကြီးတွင် ၂.၃ ဦးဖြင့် အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်းကလေး မွေးနှုန်း နိမ့်သည့်တိုင်းဒေသကြီးများဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် အမျိုးသမီးများသည် အိမ်ထောင်ပြုပြီးမှသာ ကလေးမွေးဖွားလေ့ရှိသည့်အတွက် အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ ကလေးမွေးနှုန်းသည် စုစုပေါင်းကလေးမွေးနှုန်းထက် ပိုမိုမြင့်မားရခြင်းဖြစ်ပါသည်။ တိုင်းဒေသ ကြီး/ပြည်နယ်အလိုက် မွေးနှုန်းကွာဟမှုများသည် မတူညီသောယဉ်ကျေးမှု၊ အိမ်ထောင်ပြုမှုပုံစံ များနှင့် မိသားစုစီမံကိန်းဝန်ဆောင်မှုများကို လက်လှမ်းမီမှုစသည်တို့ကို ပြဆိုနေပါသည်။

မြန်မာနိုင်ငံ၏ စုစုပေါင်းကလေးမွေးနှုန်းသည် Replacement Level အောက်သို့ ကျ ရောက်နေပြီး တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မွေးနှုန်းကျဆင်းနေသည်ကို တွေ့ရှိရပါသည်။ သို့သော် အချို့ပြည်နယ်များတွင် မွေးနှုန်းမြင့်မားနေဆဲဖြစ်ပြီး မြို့ပြ/ကျေးလက် ကွာဟမှုများ လည်းရှိနေကြောင်း တွေ့ရှိရပါသည်။

## ၃.၆.၂ မြို့ပြ/ကျေးလက်နှင့် အသက်အုပ်စုအလိုက် ကလေးမွေးနှုန်း

ပုံ (၃.၇) တွင် အသက်အုပ်စုအလိုက် ကလေးမွေးနှုန်းများကို ပြည်ထောင်စုနှင့် မြို့ပြ/ ကျေးလက်အလိုက် ဖော်ပြထားပါသည်။ ကလေးမွေးဖွားနိုင်သော အသက်အရွယ် တစ်လျှောက် လုံးတွင် ကျေးလက်ဒေသမှအမျိုးသမီးများသည် မြို့ပြမှအမျိုးသမီးများထက် မွေးဖွားနှုန်း ပိုမိုမြင့်မား ပါသည်။ ပြည်ထောင်စုနှင့် မြို့ပြ/ကျေးလက်တို့တွင် မွေးဖွားမှုပုံစံများတူညီကြပြီး အသက်အုပ်စု ၁၅-၁၉ တွင် မွေးနှုန်းနည်း၍ အသက်အုပ်စု ၂၅-၂၉ တွင် မွေးနှုန်းအမြင့်ဆုံးဖြစ်ကာ အသက် ၄၀ နှစ်နောက်ပိုင်းတွင် မွေးနှုန်းတဖြည်းဖြည်း ကျဆင်းသွားကြောင်း တွေ့ရှိရပါသည်။ ကျေးလက် နှင့် မြို့ပြအကြားကွာဟမှုသည် အသက် ၂၀ နှစ်မှ အသက် ၂၉ နှစ်အထိတွင် အထင်ရှားဆုံးဖြစ် ပြီး နေထိုင်သည့်ဒေသသည် ကလေးမွေးဖွားသည့် အသက်အရွယ်နှင့် ကလေးအရေအတွက်အပေါ် လွှမ်းမိုးမှုရှိကြောင်းတွေ့ရှိရပါသည်။ မြို့ပြတွင်ကလေးမွေးနှုန်းနည်းပါးခြင်းသည် မိသားစုစီမံကိန်း ဝန်ဆောင်မှုကို ပိုမိုလက်လှမ်းမီရရှိမှု၊ ပညာရေးအဆင့်အတန်းပိုမိုမြင့်မားခြင်းနှင့် မတူညီသော လူမှုရေးဆိုင်ရာ ဓလေ့ထုံးတမ်းများစသည်တို့နှင့် ဆက်စပ်မှုရှိနိုင်ပါသည်။ ကျေးလက်တွင် မိသားစု

အရွယ်အစားကြီးမားမှုကို ပိုမိုနှစ်သက်လေ့ရှိပြီး မျိုးဆက်ပွားကျန်းမာရေးဝန်ဆောင်မှုများ ရရှိနိုင်မှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရလေ့ရှိသောကြောင့် ဖြစ်နိုင်ပါသည်။

ပုံ (၃.၇)။ အသက်အုပ်စုအလိုက် ကလေးမွေးနှုန်း




## ၃.၆.၃ ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း

အသက်အုပ်စု ၁၅-၁၉ မိန်းကလေးများ၏ ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်းသည် မျိုးဆက်ပွားကျန်းမာရေးကို အကဲဖြတ်ရန်နှင့် ပိုမိုကျယ်ပြန့်သော လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကြောင်းအရာများကို ဆက်စပ်နားလည်ရန် အရေးကြီးသောအညွှန်းကိန်းအဖြစ် ပါဝင်နေပါသည်။ ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်းမြင့်မားခြင်းသည် အမျိုးသမီးများ၏ ပညာအရည်အချင်း နည်းပါးမှုနှင့် ဆက်စပ်နေလေ့ရှိပြီး မိခင်နှင့်ကလေး၏ ကျန်းမာရေးအန္တရာယ်များ မြင့်မားလာနိုင်ကာ ဆင်းရဲနွမ်းပါးမှုသံသရာကို ရှည်လျားစေနိုင်ပါသည်။

ဇယား (၃.၁၀) တွင် အသက်အုပ်စု ၁၅-၁၉ မိန်းကလေးများ၏ ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်းကို မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် တွက်ချက်ဖော်ပြထားပါသည်။ အသက်တစ်နှစ်ချင်း (၁၅ နှစ်၊ ၁၆ နှစ်၊ ၁၇ နှစ်၊ ၁၈ နှစ်နှင့် ၁၉ နှစ်) အလိုက် မိန်းကလေး ၁,၀၀၀ ဦးတွင် မွေးဖွားသည့် အရှင်မွေးကလေးအရေအတွက်ကို ဖော်ပြထားပါသည်။

ပြည်ထောင်စုအဆင့်တွင် အသက်အုပ်စု ၁၅-၁၉ မိန်းကလေးများ၏ ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်းသည် မိန်းကလေး ၁,၀၀၀ ဦးလျှင် ၁၂.၉၇ ဦးဖြစ်ပါသည်။ ဤအသက်အုပ်စုအတွင်း အသက်တစ်နှစ်ထက်တစ်နှစ် ကလေးမွေးနှုန်းများ တိုးလာသည်ကို တွေ့ရှိရပါသည်။ အသက် ၁၅ နှစ်တွင် ၁.၃၁ ဦး၊ အသက် ၁၆ နှစ်တွင် ၄.၅၄ ဦး၊ အသက် ၁၇ နှစ်တွင် ၁၀.၇၄ ဦး၊ အသက် ၁၈ နှစ်တွင် ၂၀.၄၆ ဦးနှင့် အသက် ၁၉ နှစ်တွင် ၃၀.၈၀ ဦးဖြင့် ကလေးမွေးနှုန်းများ တိုးလာပါသည်။ ဤပုံစံသည် မိန်းကလေးများ၏ ဆယ်ကျော်သက်အရွယ်အတွင်း အိမ်ထောင်ရေးနှင့် မျိုးဆက်ပွားဆိုင်ရာပုံစံများ၏ အခြေအနေကို ထင်ဟပ်နေပါသည်။

ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်းသည် မြို့ပြ/ကျေးလက်အကြား ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင် ၉.၅၉ ဦး ဖြစ်ပြီး ကျေးလက် ၁၅.၁၆ ဦးထက်နည်းပါးကာ အသက် ၁၅ နှစ်မှ ၁၉ နှစ်အထိ အဆိုပါပုံစံအတိုင်းပင်ရှိနေခဲ့ပါသည်။ အသက် ၁၉ နှစ်တွင် မြို့ပြ၌ မွေးနှုန်းသည် ၂၁.၇၂ ဦးဖြစ်ပြီး ကျေးလက်ဒေသသည် ၃၇.၄၇ ဦးဖြင့် သိသာစွာမြင့်မားကြောင်း တွေ့ရှိရပါသည်။

ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်းသည် တိုင်းဒေသကြီး/ပြည်နယ်များကြားတွင်လည်း သိသာစွာကွာဟမှုများရှိကြောင်း တွေ့ရှိရပါသည်။ အသက်အုပ်စု ၁၅-၁၉ တွင် ရခိုင်ပြည်နယ်သည် ၂၈.၀၆ ဦးဖြင့် အမြင့်ဆုံးဖြစ်ပြီး ရှမ်းပြည်နယ်သည် ၂၇.၄၁ ဦးဖြင့် ဒုတိယအမြင့်ဆုံးနှင့် ကရင်ပြည်နယ်သည် ၂၁.၈၆ ဦးဖြင့် တတိယအမြင့်ဆုံးဖြစ်ပါသည်။ အဆိုပါပြည်နယ်များသည် ပြည်ထောင်စုအဆင့် ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်းထက် မြင့်မားပါသည်။ အသက် ၁၉ နှစ်တွင် ၎င်းပြည်နယ်များ၌ မွေးနှုန်းသိသာစွာ မြင့်မားလျက်ရှိပြီး ရခိုင်ပြည်နယ်တွင် ၅၆.၂၀ ဦး၊ ရှမ်းပြည်နယ်တွင် ၅၃.၈၁ ဦးနှင့် ကရင်ပြည်နယ်တွင် ၅၃.၅၁ ဦးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပဲခူးတိုင်းဒေသကြီး (၈.၁၉ ဦး)၊ မန္တလေးတိုင်းဒေသကြီး (၈.၂၈ ဦး) နှင့် ရန်ကုန်တိုင်းဒေသကြီး (၈.၇၂ ဦး) တို့သည် အသက်အုပ်စု ၁၅-၁၉ တွင် ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်းနည်းကြောင်း တွေ့ရှိရပါသည်။ အဆိုပါတိုင်းဒေသကြီးများသည် ဖွံ့ဖြိုး၍ မြို့ပြထွန်းကားသည့်ဒေသများဖြစ်သည့်အလျောက် ကလေးမွေးနှုန်းနည်းပါးပြီး ပြည်ထောင်စုအဆင့် ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်းထက် နည်းပါသည်။ ရန်ကုန်တိုင်းဒေသကြီးတွင် အသက် ၁၉ နှစ်၌ ၁၉.၆၀ ဦးရှိပြီး အခြားတိုင်းဒေသကြီး/ပြည်နယ်များထက် သိသာစွာနည်းသည်ကို တွေ့ရှိရပါသည်။

ဇယား (၃.၁၀)။ တိုင်းဒေသကြီး၊ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ဆယ်ကျော်သက်ရွယ် ကလေးမွေးနှုန်း

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ကျေးလက် | ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း | | | | | |
|---|---|---|---|---|---|---|
| | ၁၅-၁၉ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ |
| **ပြည်ထောင်စု** | **၁၂.၉၇** | **၁.၃၁** | **၄.၅၄** | **၁၀.၇၄** | **၂၀.၄၆** | **၃၀.၈၀** |
| မြို့ပြ | ၉.၅၉ | ၀.၇၂ | ၃.၅၀ | ၇.၉၁ | ၁၄.၄၃ | ၂၁.၇၂ |
| ကျေးလက် | ၁၅.၁၆ | ၁.၆၅ | ၅.၁၈ | ၁၂.၆၃ | ၂၄.၅၃ | ၃၇.၄၇ |
| ကချင် | ၁၁.၂၇ | ၀.၉၀ | ၃.၄၁ | ၇.၇၂ | ၁၆.၉၄ | ၂၉.၅၇ |
| ကယား | ၂၀.၂၂ | - | ၁၃.၁၆ | ၁၃.၈၉ | ၄၂.၁၁ | ၃၉.၆၀ |
| ကရင် | ၂၁.၈၆ | ၃.၁၀ | ၉.၆၆ | ၁၉.၉၆ | ၃၂.၉၂ | ၅၃.၅၁ |
| ချင်း | * | * | * | * | * | * |
| စစ်ကိုင်း | ၁၃.၅၈ | ၀.၇၇ | ၂.၆၆ | ၇.၆၉ | ၂၅.၂၀ | ၃၆.၆၆ |
| တနင်္သာရီ | ၁၅.၃၆ | ၁.၄၀ | ၅.၂၈ | ၁၂.၀၉ | ၂၄.၁၀ | ၃၆.၇၁ |
| ပဲခူး | ၈.၁၉ | ၀.၆၂ | ၂.၀၉ | ၆.၂၀ | ၁၃.၄၉ | ၂၂.၃၃ |
| မကွေး | ၁၀.၆၁ | ၀.၈၃ | ၃.၄၉ | ၈.၆၁ | ၁၈.၃၂ | ၂၆.၉၈ |
| မန္တလေး | ၈.၂၈ | ၀.၅၁ | ၂.၈၅ | ၆.၇၇ | ၁၂.၉၄ | ၁၉.၇၀ |
| မွန် | ၁၂.၁၈ | ၁.၀၇ | ၃.၇၅ | ၁၀.၀၁ | ၁၉.၆၆ | ၃၂.၅၂ |
| ရခိုင် | ၂၈.၀၆ | ၁.၉၀ | ၁၀.၆၉ | ၁၆.၆၃ | ၄၉.၈၂ | ၅၆.၂၀ |
| ရန်ကုန် | ၈.၇၂ | ၀.၇၁ | ၂.၉၅ | ၆.၉၄ | ၁၂.၃၄ | ၁၉.၆၀ |
| ရှမ်း | ၂၇.၄၁ | ၄.၈၈ | ၁၂.၈၉ | ၂၆.၇၉ | ၄၁.၈၀ | ၅၃.၈၁ |
| ဧရာဝတီ | ၁၆.၄၇ | ၁.၃၀ | ၅.၂၃ | ၁၃.၈၇ | ၂၇.၄၅ | ၄၄.၅၆ |
| နေပြည်တော် | ၁၁.၉၉ | ၀.၉၉ | ၃.၂၀ | ၉.၆၇ | ၁၈.၈၈ | ၃၀.၈၉ |

*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

## ၃.၇ သေဆုံးခြင်းနှင့် မျှော်မှန်းသက်တမ်း

### ၃.၇.၁ ကလေးသေဆုံးခြင်းနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း

တစ်နှစ်အောက်ကလေးသေနှုန်း၊ ငါးနှစ်အောက်ကလေးသေနှုန်းနှင့် မွေးဖွားစဉ်မျှော်မှန်း သက်တမ်းတို့ကို ဇယား (၃.၁၁) တွင် မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းတွင် သေဆုံးခြင်းဆိုင်ရာ အချက်အလက်များ ကို ပြည့်စုံစွာ မကောက်ယူနိုင်ခဲ့သည့်အတွက် သွယ်ဝိုက်တွက်ချက်သည့်နည်းလမ်းကို အသုံးပြု၍ သေဆုံးခြင်းအညွှန်းကိန်းများကို တွက်ချက်ခဲ့ပါသည်။ ကလေးသေဆုံးခြင်း အညွှန်းကိန်းများကို မွေးဖွားခြင်းအပိုင်းမှ အချက်အလက်များအသုံးပြု၍ ညှိနှိုင်းတန်ဖိုးများ ရှာဖွေပြီး ခန့်မှန်းတွက်ချက်

ခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အခြေအနေနှင့်ကိုက်ညီသည့် တစ်နှစ်အောက်၊ ငါးနှစ်အောက် ကလေး သေနှုန်းများနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်းတို့ကို ရရှိရန် Standard Model Life Table များ ကိုလည်း အသုံးပြုခဲ့ပါသည်။

ဇယား (၃.၁၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် ကလေးသေဆုံးခြင်း အညွှန်းကိန်းများနှင့် မွေးဖွားစဉ်မျှော်မှန်းသက်တမ်း

| တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက် | တစ်နှစ်အောက် ကလေးသေနှုန်း | ငါးနှစ်အောက် ကလေးသေနှုန်း | မွေးဖွားစဉ်မျှော်မှန်းသက်တမ်း | | |
|---|---|---|---|---|---|
| | | | ပေါင်း | ကျား | မ |
| **ပြည်ထောင်စု** | **၃၂.၃** | **၃၉.၆** | **၆၉.၀** | **၆၆.၅** | **၇၂.၀** |
| မြို့ပြ | ၂၉.၁ | ၃၅.၂ | ၆၉.၉ | ၆၇.၄ | ၇၂.၉ |
| ကျေးလက် | ၃၃.၇ | ၄၁.၆ | ၆၈.၆ | ၆၆.၁ | ၇၁.၆ |
| ကချင် | ၃၈.၃ | ၄၈.၀ | ၆၇.၅ | ၆၄.၁ | ၇၁.၇ |
| ကယား | ၄၂.၈ | ၅၄.၃ | ၆၆.၄ | ၆၂.၇ | ၇၀.၂ |
| ကရင် | ၃၉.၀ | ၄၉.၀ | ၆၇.၃ | ၆၂.၆ | ၇၃.၈ |
| ချင်း | * | * | * | * | * |
| စစ်ကိုင်း | ၄၀.၀ | ၅၀.၃ | ၆၇.၁ | ၆၄.၂ | ၇၀.၅ |
| တနင်္သာရီ | ၃၅.၁ | ၄၃.၄ | ၆၈.၃ | ၆၅.၃ | ၇၁.၉ |
| ပဲခူး | ၂၆.၃ | ၃၁.၅ | ၇၀.၇ | ၆၇.၃ | ၇၅.၈ |
| မကွေး | ၄၂.၆ | ၅၄.၁ | ၆၆.၄ | ၆၃.၁ | ၇၀.၄ |
| မန္တလေး | ၂၆.၀ | ၃၁.၂ | ၇၀.၈ | ၆၈.၆ | ၇၃.၅ |
| မွန် | ၃၅.၂ | ၄၃.၅ | ၆၈.၃ | ၆၆.၄ | ၇၀.၄ |
| ရခိုင် | ၄၂.၇ | ၅၄.၂ | ၆၆.၄ | ၆၂.၉ | ၇၀.၉ |
| ရန်ကုန် | ၂၀.၇ | ၂၄.၄ | ၇၂.၅ | ၇၁.၅ | ၇၃.၅ |
| ရှမ်း | ၃၅.၈ | ၄၄.၄ | ၆၈.၁ | ၆၆.၇ | ၆၉.၅ |
| ဧရာဝတီ | ၃၇.၆ | ၄၇.၀ | ၆၇.၇ | ၆၄.၂ | ၇၁.၉ |
| နေပြည်တော် | ၂၄.၉ | ၂၉.၇ | ၇၁.၁ | ၆၉.၂ | ၇၃.၆ |

*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

ပြည်ထောင်စုအဆင့်တွင် အရှင်မွေးကလေး ၁,၀၀၀ ဦးလျှင် တစ်နှစ်အောက်ကလေး သေနှုန်း ၃၂.၃ ဦးနှင့် ငါးနှစ်အောက်ကလေးသေနှုန်း ၃၉.၆ ဦးတို့ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ကျေးလက်သည် မြို့ပြထက် သေနှုန်းမြင့်မားပါသည်။ ကျေးလက်တွင် တစ်နှစ်အောက်ကလေး သေနှုန်း ၃၃.၇ ဦးနှင့် ငါးနှစ်အောက်ကလေးသေနှုန်း ၄၁.၆ ဦးရှိပြီး မြို့ပြတွင် တစ်နှစ်အောက် ကလေးသေနှုန်း ၂၉.၁ ဦးနှင့် ငါးနှစ်အောက်ကလေးသေနှုန်း ၃၅.၂ ဦးရှိပါသည်။ မွေးဖွားစဉ်

မျှော်မှန်းသက်တမ်းတွင်လည်း မြို့ပြ/ကျေးလက်အကြား ကွာဟမှုရှိပြီး မြို့ပြတွင် ၆၉.၉ နှစ် (ကျား ၆၇.၄ နှစ်နှင့် မ ၇၂.၉ နှစ်) ရှိပြီး ကျေးလက်တွင် ၆၈.၆ နှစ် (ကျား ၆၆.၁ နှစ်နှင့် မ ၇၁.၆ နှစ်) ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင်လည်း ကွာဟမှုများရှိကြောင်း တွေ့ရှိရပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် သေနှုန်းအနိမ့်ဆုံးဖြစ်ပြီး တစ်နှစ်အောက်ကလေးသေနှုန်း ၂၀.၇ ဦးနှင့် ငါးနှစ်အောက်ကလေးသေနှုန်း ၂၄.၄ ဦးရှိပါသည်။ မွေးဖွားစဉ်မျှော်မှန်းသက်တမ်းသည် အမြင့်ဆုံးဖြစ်ပြီး ၇၂.၅ နှစ် ရှိပါသည်။ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် သေနှုန်းမြင့်မားပြီး ငါးနှစ်အောက်ကလေးသေနှုန်း ၅၀ ဦးအထက်တွင် ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်များတွင် အမျိုးသမီးများသည် အမျိုးသားများထက် ၂ နှစ်မှ ၄ နှစ်အထိ ပိုမိုအသက်ရှည်ကြပါသည်။ ပြည်ထောင်စုအဆင့်တွင် အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းသည် ၇၂.၀ နှစ်ဖြစ်၍ အမျိုးသားများ၏ မျှော်မှန်းသက်တမ်းသည် ၆၆.၅ နှစ်ဖြစ်ပြီး ၅.၅ နှစ် ကွာဟပါသည်။ မန္တလေးတိုင်းဒေသကြီး (ကျား ၆၈.၆ နှစ်နှင့် မ ၇၃.၅ နှစ်) နှင့် ပဲခူးတိုင်းဒေသကြီး (ကျား ၆၇.၃ နှစ်နှင့် မ ၇၅.၈ နှစ်) တို့တွင် အမျိုးသမီးများသည် အမျိုးသားများထက် ၅ နှစ်မှ ၈ နှစ်အထိ အသက်ပိုရှည်ကြောင်း တွေ့ရှိရပါသည်။

ပုံ (၃.၈)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် တစ်နှစ်အောက်ကလေးသေနှုန်းနှင့် ငါးနှစ်အောက်ကလေးသေနှုန်း




*အညွှန်းကိန်းများ တွက်ချက်ရန် လုံလောက်သောအရေအတွက် မရရှိပါ။

## ၃.၇.၂ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် သေဆုံးရသည့်အကြောင်းရင်းများ

မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သေဆုံးရသည့်အကြောင်းရင်းများ (ရောဂါ၊ မတော်တဆထိခိုက်မှု၊ မိမိကိုယ်ကိုသတ်သေခြင်း၊ အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှု၊ အခြားအကြောင်းရင်းများနှင့် အမျိုးအမည်မသိသောအကြောင်းရင်းများ) ကို ဇယား (၃.၁၂) တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် ရောဂါ (၉၁.၆%) ကြောင့် သေဆုံးခြင်းသည် အများဆုံးဖြစ်ပြီး မတော်တဆထိခိုက်မှု (၄.၈%) ကြောင့် သေဆုံးခြင်းသည် ဒုတိယအများဆုံးဖြစ်ပါသည်။။ မိမိကိုယ်ကိုသတ်သေခြင်း၊ အကြမ်းဖက်မှု၊ အိမ်တွင်းအကြမ်းဖက်မှုနှင့် အခြားအကြောင်းရင်းများသည် ရာခိုင်နှုန်းအနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ/ကျေးလက်ကို လေ့လာရာတွင် မြို့ပြ၌ ရောဂါကြောင့်သေဆုံးမှုသည် ကျေးလက်ထက် အနည်းငယ်ပိုများပါသည်။ ကျေးလက်၌ မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုနှင့် အမျိုးအမည်မသိသော အကြောင်းရင်းများကြောင့်သေဆုံးမှုသည် မြို့ပြထက်ပိုများပါသည်။ ၎င်းသည် ကျေးလက်တွင် နေထိုင်သူများသည် မတော်တဆထိခိုက်မှုများဖြစ်စေသည့် ပတ်ဝန်းကျင်ဆိုင်ရာ သို့မဟုတ် လုပ်ငန်းခွင်ဆိုင်ရာ အန္တရာယ်များနှင့် ပိုမိုရင်ဆိုင်ရနိုင်ခြင်း၊ ဖြေဆိုမှုမပြည့်စုံခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုရယူနိုင်ခြင်းတို့တွင် ကွာဟချက်များရှိခြင်းတို့ကြောင့် အမျိုးအမည်မသိသောအကြောင်းရင်းဖြင့် သေဆုံးမှုများ မြင့်မားနေရခြင်း ဖြစ်နိုင်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွဲပြားခြားနားမှုများကိုလည်း ထင်ရှားစွာ တွေ့ရှိရပါသည်။ ကယားပြည်နယ်သည် ရောဂါကြောင့်သေဆုံးမှု အနည်းဆုံး (၇၅.၁%) ဖြစ်သော်လည်း မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှု (၁၄.၂%) သည် မြင့်မားပါသည်။ အလားတူ ကချင်ပြည်နယ်တွင်လည်း မတော်တဆထိခိုက်မှုကြောင့် သေဆုံးမှုမြင့်မားပြီး ၇.၈ ရာခိုင်နှုန်း ရှိပါသည်။ အခြားအကြောင်းရင်းများကြောင့် သေဆုံးမှုသည် ရခိုင်ပြည်နယ်တွင် ၆.၈ ရာခိုင်နှုန်းရှိပြီး အမျိုးအမည်မသိသောအကြောင်းရင်းများကြောင့် သေဆုံးမှုသည် ၂.၄ ရာခိုင်နှုန်းရှိပါသည်။ ကရင်ပြည်နယ်တွင် မိမိကိုယ်ကိုသတ်သေခြင်းသည် ၁.၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။

ပြည်ထောင်စုအဆင့်တွင် ရောဂါကြောင့်သေဆုံးမှုသည် သေဆုံးရသည့်အဓိကအကြောင်းရင်းဖြစ်ပါသည်။ အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် မတော်တဆထိခိုက်မှု၊ အခြားအကြောင်းရင်း သို့မဟုတ် အမျိုးအမည်မသိသောအကြောင်းရင်းဖြင့် သေဆုံးမှုအချိုး မြင့်မားလျက်ရှိပြီး ဒေသဆိုင်ရာအခြေအနေ၊ ကျန်းမာရေးအန္တရာယ်များကြောင့်ဖြစ်နိုင်ပြီး အချက်အလက်ကောက်ယူခြင်း သို့မဟုတ် ဖြေဆိုခြင်းတို့တွင် ကွဲပြားမှုတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။

ဇယား (၃.၁၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် သေဆုံးရသည့် အကြောင်းရင်း

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက် | သေဆုံးရသည့်အကြောင်းရင်း | | | | | | | |
|---|---|---|---|---|---|---|---|---|
| | စုစုပေါင်း | ရောဂါ | မတော်တဆ ထိခိုက်မှု | မိမိကိုယ်ကို သတ်သေ ခြင်း | အကြမ်းဖက်မှု | အိမ်တွင်း အကြမ်းဖက်မှု | အခြား အကြောင်းရင်း | မသိပါ |
| **ပြည်ထောင်စု** | **၁၀၀** | **၉၁.၆** | **၄.၈** | **၀.၂** | **၀.၆** | ***** | **၂.၄** | **၀.၄** |
| မြို့ပြ | ၁၀၀ | ၉၂.၂ | ၄.၅ | ၀.၁ | ၀.၇ | * | ၂.၁ | ၀.၃ |
| ကျေးလက် | ၁၀၀ | ၉၁.၁ | ၅.၁ | ၀.၂ | ၀.၅ | * | ၂.၆ | ၀.၅ |
| ကချင် | ၁၀၀ | ၈၇.၃ | ၇.၈ | ၀.၂ | ၀.၉ | ၀.၁ | ၂.၈ | ၀.၉ |
| ကယား | ၁၀၀ | ၇၅.၁ | ၁၄.၂ | - | ၂.၈ | - | ၅.၅ | ၂.၄ |
| ကရင် | ၁၀၀ | ၈၉.၇ | ၅.၆ | ၁.၀ | ၁.၂ | ၀.၁ | ၂.၂ | ၀.၃ |
| ချင်း | ၁၀၀ | ၈၈.၀ | - | - | - | - | ၁၂.၀ | - |
| စစ်ကိုင်း | ၁၀၀ | ၈၇.၅ | ၅.၅ | ၀.၁ | ၂.၅ | - | ၃.၃ | ၁.၁ |
| တနင်္သာရီ | ၁၀၀ | ၈၈.၅ | ၆.၇ | ၀.၄ | ၀.၇ | * | ၃.၃ | ၀.၂ |
| ပဲခူး | ၁၀၀ | ၉၂.၂ | ၅.၂ | ၀.၂ | ၀.၅ | * | ၁.၈ | ၀.၂ |
| မကွေး | ၁၀၀ | ၉၁.၆ | ၄.၇ | ၀.၁ | ၁.၂ | - | ၂.၀ | ၀.၄ |
| မန္တလေး | ၁၀၀ | ၉၀.၆ | ၄.၇ | ၀.၂ | ၀.၉ | * | ၂.၉ | ၀.၇ |
| မွန် | ၁၀၀ | ၉၁.၀ | ၄.၈ | ၀.၂ | ၀.၈ | - | ၂.၉ | ၀.၃ |
| ရခိုင် | ၁၀၀ | ၈၄.၂ | ၅.၀ | ၀.၅ | ၁.၁ | - | ၆.၈ | ၂.၄ |
| ရန်ကုန် | ၁၀၀ | ၉၂.၉ | ၄.၀ | ၀.၁ | ၀.၃ | * | ၂.၄ | ၀.၃ |
| ရှမ်း | ၁၀၀ | ၈၉.၁ | ၅.၈ | ၀.၄ | ၀.၆ | * | ၃.၂ | ၀.၉ |
| ဧရာဝတီ | ၁၀၀ | ၉၃.၇ | ၄.၂ | ၀.၁ | ၀.၂ | * | ၁.၅ | ၀.၂ |
| နေပြည်တော် | ၁၀၀ | ၈၇.၅ | ၆.၈ | ၀.၃ | ၀.၇ | - | ၄.၃ | ၀.၅ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက် နည်းပါသည်။

## ၃.၈ အိမ်ထောင်စုအရွယ်အစားနှင့် ဖွဲ့စည်းမှုပုံစံ

### ၃.၈.၁ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်ထောင်စုအရွယ်အစား

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုတစ်စု၌ လူ ၃.၈ ဦး နေထိုင်လျက်ရှိကြောင်း ပုံ (၃.၉) တွင် ဖော်ပြထားပါသည်။ တိုင်းဒေသကြီး/ပြည်နယ်များအကြား သိသိသာသာ ကွာခြားမှုရှိပါသည်။ ပျမ်းမျှအိမ်ထောင်စုအရွယ်အစားသည် ကချင်ပြည်နယ်တွင် အိမ်ထောင်စု

တစ်စုၜ လူ ၄.၅ ဦးဖြင့် အကြီးဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင် ၃.၃ ဦးဖြင့် အသေးငယ်ဆုံးဖြစ်ပါသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ပျမ်းမျှအိမ်ထောင်စု အရွယ်အစားမှာ ၄.၀ ဦးခန့် သို့မဟုတ် ၄.၀ ဦးအထက်ရှိကြောင်း တွေ့ရှိရပြီး ကယားပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့သည် ပြည်ထောင်စုအဆင့် ပျမ်းမျှအိမ်ထောင်စု အရွယ်အစားထက် သေးငယ်ကြောင်း တွေ့ရှိရပါသည်။

ပုံ (၃.၉)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ပျမ်းမျှအိမ်ထောင်စုအရွယ်အစား




## ၃.၈.၂ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး

ဇယား (၃.၁၃) တွင် မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အမျိုးသား အိမ်ထောင်ဦးစီးနှင့် အမျိုးသမီးအိမ်ထောင်ဦးစီးတို့၏အချိုးကို ဖော်ပြထားပါသည်။ ပြည်ထောင်စု အဆင့်တွင် အိမ်ထောင်စုများ၏ ၇၂.၈ ရာခိုင်နှုန်းသည် အမျိုးသားဦးစီးသော အိမ်ထောင်စုများ ဖြစ်ပြီး ၂၇.၂ ရာခိုင်နှုန်းမှာ အမျိုးသမီးဦးစီးသော အိမ်ထောင်စုများဖြစ်ပါသည်။ မြို့ပြ/ကျေးလက် အကြားကွာခြားမှုရှိ၍ မြို့ပြတွင် အမျိုးသမီးအိမ်ထောင်ဦးစီး ၃၂.၀ ရာခိုင်နှုန်းရှိပြီး ကျေးလက် တွင် ၂၄.၃ ရာခိုင်နှုန်းရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွဲပြားသည့်ပုံစံများကို တွေ့ရှိရပါသည်။ မွန်ပြည်နယ်သည် အမျိုးသမီးအိမ်ထောင်ဦးစီး ၃၄.၀ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီး (၂၂.၇%) နှင့် ချင်းပြည်နယ် (၂၂.၁%) တို့သည် အနည်းဆုံးဖြစ်ပါသည်။ သို့သော် ချင်းပြည်နယ်သည် အမျိုးသားအိမ်ထောင်ဦးစီး ၇၇.၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်း အမျိုးသမီးအိမ်ထောင်ဦးစီး ၃၁.၂ ရာခိုင်နှုန်းအသီးသီးရှိပြီး လုပ်သား ရွှေ့ပြောင်းသွားလာမှု သို့မဟုတ် ဒေသတွင်းလူမှုစီးပွားအခြေအနေများနှင့် ဆက်စပ်မှုရှိနိုင်ပါသည်။

ပြည်ထောင်စုအဆင့်တွင် အမျိုးသားအိမ်ထောင်ဦးစီးသည် အများစုဖြစ်သော်လည်း ဒေသဆိုင်ရာအခြေအနေ၊ မြို့ပြ/ကျေးလက်ကွာခြားမှု၊ စီးပွားရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အချက်အလက်များစသည်တို့ လွှမ်းမိုးလေ့ရှိသောကြောင့် အမျိုးသမီးအိမ်ထောင်ဦးစီးအချိုးသည် သိသိသာသာ ကွဲပြားမှုရှိကြောင်း တွေ့ရှိရပါသည်။

ဇယား (၃.၁၃)။ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက်နှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး ရာခိုင်နှုန်း

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်ဦးစီးရာခိုင်နှုန်း | |
|---|---|---|---|
| | | ကျား | မ |
| **ပြည်ထောင်စု** | **၇,၇၈၀,၉၂၆** | **၇၂.၈** | **၂၇.၂** |
| မြို့ပြ | ၂,၉၀၈,၀၄၂ | ၆၈.၀ | ၃၂.၀ |
| ကျေးလက် | ၄,၈၇၂,၈၈၄ | ၇၅.၇ | ၂၄.၃ |
| ကချင် | ၁၅၀,၇၉၇ | ၆၈.၈ | ၃၁.၂ |
| ကယား | ၈,၉၃၂ | ၇၃.၀ | ၂၇.၀ |
| ကရင် | ၁၈၃,၆၁၁ | ၆၈.၈ | ၃၁.၂ |
| ချင်း | ၈,၁၉၁ | ၇၇.၉ | ၂၂.၁ |
| စစ်ကိုင်း | ၁၈၀,၀၈၁ | ၇၁.၉ | ၂၈.၁ |
| တနင်္သာရီ | ၁၇၇,၃၈၈ | ၇၆.၀ | ၂၄.၀ |
| ပဲခူး | ၁,၀၂၉,၉၆၂ | ၇၃.၆ | ၂၆.၄ |
| မကွေး | ၅၄၉,၉၀၆ | ၇၁.၆ | ၂၈.၄ |
| မန္တလေး | ၁,၀၀၅,၃၇၄ | ၇၂.၁ | ၂၇.၉ |
| မွန် | ၃၁၇,၆၄၆ | ၆၆.၀ | ၃၄.၀ |
| ရခိုင် | ၆၂,၃၆၉ | ၇၁.၁ | ၂၈.၉ |
| ရန်ကုန် | ၁,၆၆၈,၈၆၅ | ၇၀.၁ | ၂၉.၉ |
| ရှမ်း | ၆၇၅,၄၅၅ | ၇၅.၆ | ၂၄.၄ |

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ကျေးလက် | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်ဦးစီးရာခိုင်နှုန်း | |
|---|---|---|---|
| | | ကျား | မ |
| ရောဝတီ | ၁,၄၈၅,၉၂၆ | ၇၇.၃ | ၂၂.၇ |
| နေပြည်တော် | ၂၇၆,၄၂၃ | ၇၁.၇ | ၂၈.၃ |

## ၃.၈.၃ အသက်အုပ်စုနှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီး

ဇယား (၃.၁၄) တွင် အသက်အုပ်စုအလိုက် အမျိုးသားနှင့် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများ၏ ရာခိုင်နှုန်းကို ဖော်ပြထားပါသည်။ အိမ်ထောင်စု ၇၂.၈ ရာခိုင်နှုန်းသည် အမျိုးသားဦးစီးသော အိမ်ထောင်စုများဖြစ်ပြီး ၂၇.၂ ရာခိုင်နှုန်းသည် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများဖြစ်ပါသည်။ အသက်အုပ်စု ၁၀-၁၄ တွင် အမျိုးသမီးအိမ်ထောင်ဦးစီး (၅၂.၁%) သည် အမျိုးသားအိမ်ထောင်ဦးစီး (၄၇.၉%) ထက်များပါသည်။ သို့သော် အသက် ၂၀ နှစ်မှ ၄၀ နှစ်များသို့ ရောက်ရှိလာသည်နှင့်အမျှ အမျိုးသားအိမ်ထောင်ဦးစီးများလာပြီး အသက်အုပ်စု ၃၀-၃၄ တွင် ၈၃.၃ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။

အသက် ၅၀ နှစ်ခန့်မှစတင်၍ အမျိုးသားအိမ်ထောင်ဦးစီးအချိုး တဖြည်းဖြည်း ကျဆင်းလာပြီး အမျိုးသမီးအိမ်ထောင်ဦးစီးများကို သက်ကြီးပိုင်း အသက်အုပ်စုများတွင် ပိုမိုတွေ့ရှိရပါသည်။ အသက်အုပ်စု ၈၅-၈၉ တွင် အိမ်ထောင်စုထက်ဝက်ကျော် (၅၄.၉%) သည် အမျိုးသမီးဦးစီးသော အိမ်ထောင်စုများဖြစ်ပြီး အသက် ၉၀ နှစ်နှင့်အထက်အုပ်စုတွင် ၅၈.၆ ရာခိုင်နှုန်းအထိ ရှိကြောင်း တွေ့ရှိရပါသည်။ ယဉ်ကျေးမှုစံနှုန်းများနှင့် စီးပွားရေးအခြေအနေများအရ အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားများတွင် အမျိုးသားအိမ်ထောင်ဦးစီးအရေအတွက်ကို မြင့်မားစေပြီး အမျိုးသမီးများ၏ မျှော်မှန်းသက်တမ်းမြင့်မားမှုသည် သက်ကြီးပိုင်းတွင် အမျိုးသမီးအိမ်ထောင်ဦးစီးအရေအတွက် များပြားလာခြင်းကို ဖြစ်ပေါ်စေနိုင်ကြောင်း ညွှန်ပြနေပါသည်။

ဇယား (၃.၁၄)။ အသက်အုပ်စုနှင့် ကျား/မအလိုက် အိမ်ထောင်ဦးစီးရာခိုင်နှုန်း

| အသက်အုပ်စု | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်ဦးစီးရာခိုင်နှုန်း | |
|---|---|---|---|
| | | ကျား | မ |
| **စုစုပေါင်း** | **၇,၇၈၀,၉၂၆** | **၇၂.၈** | **၂၇.၂** |
| ၁၀-၁၄ | ၃,၁၃၅ | ၄၇.၉ | ၅၂.၁ |
| ၁၅ - ၁၉ | ၂၄,၃၅၄ | ၆၉.၃ | ၃၀.၇ |
| ၂၀-၂၄ | ၁၃၁,၆၄၂ | ၈၀.၁ | ၁၉.၉ |
| ၂၅-၂၉ | ၃၁၇,၆၄၅ | ၈၂.၇ | ၁၇.၃ |

| အသက်အုပ်စု | အိမ်ထောင်စု အရေအတွက် | အိမ်ထောင်ဦးစီးရာခိုင်နှုန်း | |
|---|---|---|---|
| | | ကျား | မ |
| ၃၀-၃၄ | ၅၁၅,၇၈၆ | ၈၃.၃ | ၁၆.၇ |
| ၃၅-၃၉ | ၇၂၇,၈၈၉ | ၈၃.၂ | ၁၆.၈ |
| ၄၀-၄၄ | ၈၃၉,၉၉၉ | ၈၁.၃ | ၁၈.၇ |
| ၄၅-၄၉ | ၈၇၃,၅၅၄ | ၇၈.၉ | ၂၁.၁ |
| ၅၀-၅၄ | ၉၂၇,၂၂၆ | ၇၅.၅ | ၂၄.၅ |
| ၅၅-၅၉ | ၉၀၁,၉၅၇ | ၇၁.၃ | ၂၈.၇ |
| ၆၀-၆၄ | ၈၀၈,၄၉၀ | ၆၇.၁ | ၃၂.၉ |
| ၆၅-၆၉ | ၆၇၅,၂၁၅ | ၆၃.၂ | ၃၆.၈ |
| ၇၀-၇၄ | ၄၈၅,၀၃၅ | ၅၈.၅ | ၄၁.၅ |
| ၇၅-၇၉ | ၂၉၀,၃၉၀ | ၅၃.၅ | ၄၆.၅ |
| ၈၀-၈၄ | ၁၄၃,၅၅၇ | ၄၈.၈ | ၅၁.၂ |
| ၈၅-၈၉ | ၇၉,၉၂၁ | ၄၅.၁ | ၅၄.၉ |
| ၉၀+ | ၃၅,၁၃၁ | ၄၁.၄ | ၅၈.၆ |

## ၃.၉ ကိုးကွယ်သည့်ဘာသာ

ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေရာခိုင်နှုန်းကို ဇယား (၃.၁၅) တွင် ဖော်ပြထားပါသည်။ လူအများစု (ငါးပုံလေးပုံကျော်) သည် ဗုဒ္ဓဘာသာဖြစ်ကြောင်းတွေ့ရှိရပါသည်။ ခရစ်ယာန်ဘာသာ၊ အစ္စလာမ်ဘာသာ၊ ဟိန္ဒူ ဘာသာ၊ နတ်ကိုးကွယ်မှုနှင့် အခြားဘာသာများသည် ရာခိုင်နှုန်းအနည်းငယ်သာရှိပြီး ဘာသာမရှိ သို့မဟုတ် မဖြေဆိုသည့် ရာခိုင်နှုန်းမှာလည်း သေးငယ်ပါသည်။ အဆိုပါ အချက်အလက်များအရ မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာ ကိုးကွယ်သူအများစုနှင့်အတူ မတူကွဲပြားသော ဘာသာဝင်များလည်း နေထိုင်လျက်ရှိကြောင်း တွေ့ရှိပါသည်။ စာရင်းမကောက်ယူနိုင်ခဲ့သောဒေသများတွင် ဗုဒ္ဓဘာသာဝင် မဟုတ်သူများ ပါဝင်နိုင်သည့်အတွက် ထိုဒေသများကိုပါ ကောက်ယူနိုင်ခဲ့လျှင် ကိုးကွယ်သည့်ဘာသာအလိုက် လူဦးရေရာခိုင်နှုန်း ပြောင်းလဲသွားနိုင်ပါသည်။

ဇယား (၃.၁၅)။ ကိုးကွယ်သည့်ဘာသာအလိုက် ရာခိုင်နှုန်း၊ ပြည်ထောင်စု

| ကိုးကွယ်သည့်ဘာသာ | လူဦးရေ | ရာခိုင်နှုန်း |
|---|---|---|
| **စုစုပေါင်း** | **၃၂,၁၈၃,၅၉၉** | **၁၀၀** |
| ဗုဒ္ဓဘာသာ | ၂၉,၃၇၂,၉၈၉ | ၉၁.၃ |
| ခရစ်ယာန်ဘာသာ | ၁,၄၈၆,၂၅၇ | ၄.၆ |
| အစ္စလာမ်ဘာသာ | ၁,၀၅၃,၇၀၁ | ၃.၃ |
| ဟိန္ဒူဘာသာ | ၁၈၉,၇၁၈ | ၀.၆ |
| နတ်ကိုးကွယ်မှု | ၅၈,၄၈၃ | ၀.၂ |
| အခြားဘာသာ | ၁၅,၄၆၄ | * |
| ဘာသာမရှိ | ၃,၀၆၈ | * |
| မဖြေဆို | ၃,၉၁၉ | * |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ၃.၁၀ ကိုင်ဆောင်သည့်လက်မှတ်နှင့် မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ

### ၃.၁၀.၁ အသက် ၁၈ နှင့်အထက်လူဦးရေ၏ ကိုင်ဆောင်သည့်လက်မှတ်

အသက် ၁၈ နှစ်နှင့်အထက်လူဦးရေ၏ ကိုင်ဆောင်သည့်လက်မှတ်အလိုက် ရာခိုင်နှုန်းကို ပုံ (၃.၁၀) တွင် ဖော်ပြထားပါသည်။ လူအများစု (၉၃.၆%) သည် နိုင်ငံသားစိစစ်ရေးကတ် ကိုင်ဆောင်ထားပြီး အရွယ်ရောက်ပြီးသူ အားလုံးနီးပါးဖြစ်ကြောင်း တွေ့ရှိရပါသည်။ အရွယ်ရောက်ပြီးသူ အနည်းငယ် (၄.၅% ခန့်) သည် မည်သည့်ကတ်မျှကိုင်ဆောင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။

ဧည့်နိုင်ငံသားကတ်၊ နိုင်ငံသားပြုခွင့်ရသူကတ်နှင့် အခြားကတ်များ (ဥပမာ- သာသနာဝင်/ သာသနာနွယ်ဝင်ကတ်၊ နိုင်ငံသားအဖြစ်စိစစ်ခံရမည့်သူ၏ သက်သေခံကတ်၊ နိုင်ငံခြားသား မှတ်ပုံတင်လက်မှတ် သို့မဟုတ် နိုင်ငံခြားသားနိုင်ငံကူးလက်မှတ်) သည် အသက် ၁၈ နှစ်နှင့် အထက်လူဦးရေ၏ ၁ ရာခိုင်နှုန်းအောက်သာရှိပါသည်။ ဤတွေ့ရှိချက်များသည် နိုင်ငံသားစိစစ်ရေး ကတ် ကိုင်ဆောင်သူများပြားကြောင်းနှင့် အခြားကတ်ကိုင်ဆောင်သူ သို့မဟုတ် မည်သည့်ကတ်မျှ မကိုင်ဆောင်သူ အနည်းငယ်သာရှိကြောင်း ပြသနေပါသည်။

ပုံ (၃.၁၀)။ အသက် ၁၈ နှစ်နှင့်အထက်လူဦးရေ၏ ကိုင်ဆောင်သည့်လက်မှတ်အမျိုးအစား (ပြည်ထောင်စု)




## ၃.၁၀.၂ အသက် ၁၅ နှစ်နှင့်အောက်လူဦးရေ၏ မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ

တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အောက်ကလေးများ၏ မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေကို ဇယား (၃.၁၆) တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် အသက် ၁၅ နှစ်နှင့်အောက်ကလေး ၉၃.၈ ရာခိုင်နှုန်းသည် မွေးစာရင်းရှိကြပြီး ၁.၃ ရာခိုင်နှုန်းသည် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်ထံတွင် မှတ်ပုံတင်ဖူးကြကြောင်း တွေ့ရှိရပါသည်။ ကလေး ၃.၉ ရာခိုင်နှုန်းခန့်သည် မွေးစာရင်းမရှိ သို့မဟုတ် မှတ်ပုံမတင်ရသေးကြောင်း တွေ့ရှိရပြီး ၁.၀ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုထားကြောင်း တွေ့ရှိရပါသည်။ မြို့ပြ (၉၆.၃%) တွင် မွေးစာရင်းမှတ်ပုံတင်မှုသည် ကျေးလက် (၉၂.၅%) ထက် ပိုများပါသည်။

မွေးစာရင်း မှတ်ပုံတင်မှုအခြေအနေသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် သိသာစွာကွဲပြားသည်ကို တွေ့ရှိရပါသည်။ ကယားပြည်နယ် (၉၇.၈%) နှင့် ကချင်ပြည်နယ် (၉၇.၇%) တို့တွင် မွေးစာရင်းမှတ်ပုံတင်မှု ရာခိုင်နှုန်း အမြင့်ဆုံးဖြစ်ပြီး ရခိုင်ပြည်နယ်တွင် ၆၉.၂ ရာခိုင်နှုန်းသာရှိ၍ လွမ်းခြုံမှုနည်းပါးပါသည်။ ရခိုင်ပြည်နယ်တွင် ကလေး ၂၀.၈ ရာခိုင်နှုန်းမှာ မွေးစာရင်းမှတ်ပုံတင်မှုမရှိကြဘဲ ၅.၈ ရာခိုင်နှုန်းမှာ မသိပါဟု ဖြေဆိုကြောင်းတွေ့ရှိရပြီး အထောက်အထားစာရွက်စာတမ်း ကိုင်ဆောင်မှုနှင့်ပတ်သက်၍ ကြီးမားသောကွာဟချက်ကို ညွှန်ပြနေပါသည်။ စစ်ကိုင်းတိုင်းဒေသကြီးတွင် မွေးစာရင်းမှတ်ပုံတင်မှု (၈၄.၂%) သည် ပြည်ထောင်စုအဆင့်ထက်နည်းကြောင်းတွေ့ရှိရပါသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ တိုင်းဒေသကြီး/ပြည်နယ်အများစုတွင် မွေးဖွားမှုမှတ်ပုံတင်နှုန်း မြင့်မားသော်လည်း အချို့တိုင်းဒေသကြီး/ပြည်နယ်များနှင့် ကျေးလက်

ဒေသများတွင် နောက်ကျကျန်နေကြောင်း တွေ့ရှိရပါသည်။ အဆိုပါလိုအပ်ချက်သည် ကလေးများ၏ အခြေခံအခွင့်အရေးများနှင့် ဝန်ဆောင်မှုများ (ကလေးတိုင်း မွေးစာရင်းမှတ်ပုံတင်နိုင်ရေးအတွက် ဦးတည်ချက်ထားရှိမှု) ရယူခွင့်ကို အကန့်အသတ် ဖြစ်စေနိုင်ပါသည်။

ဇယား (၃.၁၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အသက် ၁၅ နှစ်နှင့်အောက် လူဦးရေ၏ မွေးစာရင်းမှတ်ပုံတင်မှုအခြေအနေ

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက် | မွေးစာရင်း ရှိပါသည် | မှတ်ပုံတင် ဖူးပါသည် | နှစ်မျိုးလုံး မရှိပါ | မသိပါ | စုစုပေါင်း | စုစုပေါင်း လူဦးရေ |
|---|---|---|---|---|---|---|
| **ပြည်ထောင်စု** | **၉၃.၈** | **၁.၃** | **၃.၉** | **၁.၀** | **၁၀၀** | **၇,၃၂၆,၉၂၇** |
| မြို့ပြ | ၉၆.၃ | ၁.၀ | ၂.၀ | ၀.၇ | ၁၀၀ | ၂,၅၀၁,၉၅၂ |
| ကျေးလက် | ၉၂.၅ | ၁.၄ | ၄.၈ | ၁.၂ | ၁၀၀ | ၄,၈၂၄,၉၇၅ |
| ကချင် | ၉၇.၇ | ၀.၆ | ၁.၁ | ၀.၆ | ၁၀၀ | ၁၉၂,၂၆၆ |
| ကယား | ၉၇.၈ | ၀.၉ | ၁.၁ | ၀.၂ | ၁၀၀ | ၈,၁၀၆ |
| ကရင် | ၉၄.၂ | ၀.၇ | ၄.၂ | ၀.၉ | ၁၀၀ | ၂၂၉,၀၂၅ |
| ချင်း | ၉၄.၆ | ၁.၁ | ၂.၂ | ၂.၁ | ၁၀၀ | ၄,၀၃၈ |
| စစ်ကိုင်း | ၈၄.၂ | ၂.၄ | ၁၁.၅ | ၁.၉ | ၁၀၀ | ၂၀၃,၂၃၄ |
| တနင်္သာရီ | ၉၄.၅ | ၁.၆ | ၂.၈ | ၁.၀ | ၁၀၀ | ၂၁၁,၂၄၃ |
| ပဲခူး | ၉၄.၂ | ၁.၄ | ၃.၃ | ၁.၁ | ၁၀၀ | ၈၉၆,၄၀၉ |
| မကွေး | ၉၅.၈ | ၁.၁ | ၂.၁ | ၀.၉ | ၁၀၀ | ၄၆၂,၆၃၈ |
| မန္တလေး | ၉၆.၇ | ၁.၁ | ၁.၃ | ၀.၈ | ၁၀၀ | ၈၉၇,၁၆၈ |
| မွန် | ၉၆.၉ | ၁.၀ | ၁.၂ | ၀.၉ | ၁၀၀ | ၃၃၅,၈၈၉ |
| ရခိုင် | ၆၉.၂ | ၄.၂ | ၂၀.၈ | ၅.၈ | ၁၀၀ | ၇၆,၈၉၂ |
| ရန်ကုန် | ၉၅.၆ | ၁.၀ | ၂.၈ | ၀.၆ | ၁၀၀ | ၁,၃၄၉,၂၀၅ |
| ရှမ်း | ၈၉.၇ | ၁.၂ | ၇.၁ | ၂.၀ | ၁၀၀ | ၇၀၇,၉၆၀ |
| ဧရာဝတီ | ၉၂.၂ | ၁.၅ | ၅.၂ | ၁.၀ | ၁၀၀ | ၁,၄၈၁,၁၇၅ |
| နေပြည်တော် | ၉၆.၄ | ၁.၂ | ၁.၈ | ၀.၇ | ၁၀၀ | ၂၇၁,၆၇၉ |

# အခန်း (၄) အိမ်အကြောင်းအရာ

အိမ်အကြောင်းအရာများသည် လူတစ်ဦးချင်းနှင့် မိသားစုများ၏ ဘဝအရည်အသွေးနှင့် ပျော်ရွှင်မှုအပေါ်သက်ရောက်မှုရှိပါသည်။ ဤအခန်းတွင် မြန်မာနိုင်ငံရှိ အိမ်ထောင်စုများ နေထိုင်သည့် အိမ်အမျိုးအစား၊ အရည်အသွေး၊ အိမ်ပိုင်ဆိုင်မှုအခြေအနေ၊ အခြေခံလိုအပ်ချက်များ ဖြစ်သော အိမ်အသုံးအဆောင်ပစ္စည်းများနှင့် ဝန်ဆောင်မှုများအား လက်လှမ်းမီရရှိနိုင်မှု စသည်တို့ကို ဆန်းစစ်လေ့လာထားပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက်၊ မြို့ပြနှင့် ကျေးလက်အလိုက် ကွာခြားချက်များအား လေ့လာဖော်ထုတ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ မူဝါဒများနှင့် စီမံကိန်းများရေးဆွဲရာတွင် အိမ်အကြောင်းအရာများ၏ အရေးပါသောကဏ္ဍကို ညွှန်းဆိုပြသထားပါသည်။

ဤအခန်းရှိ ဆန်းစစ်လေ့လာမှုများသည် စာရင်းကောက်ယူရရှိသော အိမ်ထောင်စု ၇.၈ သန်းခန့်ကို အခြေခံထားခြင်းဖြစ်ပါသည်။ ထို့ကြောင့် ရလဒ်များသည် ပြည်ထောင်စုအဆင့် အိမ်ထောင်စုလူဦးရေကို အပြည့်အဝကိုယ်စားမပြုနိုင်သည့်အတွက် တွေ့ရှိချက်များကို ဆန်းစစ်လေ့လာရာတွင် အဆိုပါလွှမ်းခြုံမှုကွာဟချက်ကို ထည့်သွင်းစဉ်းစားသင့်ပါသည်။

## ၄.၁ နေအိမ်အမျိုးအစားနှင့် အိမ်အရည်အသွေး

### ၄.၁.၁ နေအိမ်အမျိုးအစား

မြန်မာနိုင်ငံတွင် အများဆုံးနေထိုင်သည့် နေအိမ်အမျိုးအစားများကို ဇယား (၄.၁) ၌ ဖော်ပြထားပြီး ပျဉ်ထောင်အိမ်/သစ်သားအိမ်မှာ (၃၈.၀%) အများဆုံးဖြစ်၍ ဝါးအိမ် (၂၀.၅%) နှင့် တိုက်အိမ် (၂၀.၅%) တို့သည် ဒုတိယအများဆုံးဖြစ်ပါသည်။ တိုက်ခန်းတွဲ/တိုက်ခန်းများ (၉.၄%) သည် နည်းပါးသော်လည်း မြို့ပြ (၂၀.၆%) တွင် ကျေးလက် (၂.၆%) ထက် ပိုမိုများပြားကြောင်း တွေ့ရှိရ ပါသည်။ သို့သော် ဝါးအိမ် (၂၆.၈%) နှင့် ပျဉ်ထောင်အိမ်/သစ်သားအိမ် (၄၃.၃%) များသည် ကျေးလက်တွင်ပိုမိုများပြားပြီး ဒေသအလိုက်ရရှိနိုင်သည့် ထွက်ကုန်ပစ္စည်းများအပေါ်ဆက်လက် မှီခိုနေရခြင်းကို ထင်ဟပ်စေပါသည်။ တိုက်ခံအိမ် အမျိုးအစားများဖြင့် နေထိုင်မှုမှာ ၉.၃ ရာခိုင်နှုန်း ရှိပြီး မြို့ပြ (၁၁.၁%) တွင် ကျေးလက် (၈.၂%) ထက် အနည်းငယ်ပိုများပါသည်။ တဲအိမ်များ နှင့် အခြားအိမ်အမျိုးအစားများဖြင့်နေထိုင်မှုမှာ နည်းပါးပြီး ၃ ရာခိုင်နှုန်းအောက်သာရှိပါသည်။ ဤအချက်အလက်များက မြို့ပြနှင့် ကျေးလက်ကွာဟမှုကို ဖော်ပြလျက်ရှိပါသည်။ မြို့ပြတွင် တိုက်ခန်း၊ တိုက်အိမ်များဖြင့် ပိုမိုနေထိုင်ကြပြီး ကျေးလက်တွင် သစ်သား၊ ဝါးတို့ဖြင့် တည်ဆောက် ထားသော အိမ်များဖြင့် ပိုမိုနေထိုင်ကြကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၁)။ နေအိမ်အမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| နေအိမ်အမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | ၇,၇၈၀,၉၂၆ | ၂,၉၀၈,၀၄၂ | ၄,၈၇၂,၈၈၄ |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ |
| တိုက်ခန်းတွဲ/တိုက်ခန်း | ၉.၄ | ၂၀.၆ | ၂.၆ |
| တိုက်အိမ် | ၂၀.၅ | ၂၇.၀ | ၁၆.၇ |
| တိုက်ခံအိမ် | ၉.၃ | ၁၁.၁ | ၈.၂ |
| ပျဉ်ထောင်အိမ်/သစ်သားအိမ် | ၃၈.၀ | ၂၉.၄ | ၄၃.၃ |
| ဝါးအိမ် | ၂၀.၅ | ၁၀.၀ | ၂၆.၈ |
| တဲအိမ် | ၁.၈ | ၁.၂ | ၂.၁ |
| အခြား | ၀.၅ | ၀.၇ | ၀.၃ |

## ၄.၁.၂ အိမ်ဆောက်လုပ်ရာတွင်အသုံးပြုသည့် ပစ္စည်းအမျိုးအစားများ

ပြည်ထောင်စုအဆင့်တွင် အုတ်ကြွပ်/အုတ်/ကွန်ကရစ်ဖြင့် ကာရံထားသည့်အိမ်များ၌ နေထိုင်မှုအများဆုံးဖြစ်ပြီး အိမ်ထောင်စု ၃၄.၇ ရာခိုင်နှုန်းရှိပါသည်။ သစ်သားဖြင့် ကာရံထားသည့် အိမ်တွင် ၂၅.၄ ရာခိုင်နှုန်းနှင့် ဝါးဖြင့်ကာရံထားသည့်အိမ်တွင် ၂၃.၄ ရာခိုင်နှုန်း နေထိုင်ကြပါသည်။ မြန်မာနိုင်ငံတွင် အများဆုံးအသုံးပြုသည့် အမိုးအမျိုးအစားမှာ သွပ်ဖြစ်ပြီး ၈၀.၈ ရာခိုင်နှုန်းရှိပါသည်။ အုတ်ကြွပ်/အုတ်/ကွန်ကရစ်ကို အမိုးအဖြစ်အသုံးပြုသည့် အိမ်ထောင်စု ၆.၃ ရာခိုင်နှုန်းသာရှိပြီး ဓနိ/သက်ကယ်/ထန်းလက်/အင်ဖက်ကို အမိုးအဖြစ်အသုံးပြုသည့် အိမ်ထောင်စု ၁၁.၂ ရာခိုင်နှုန်းရှိပါသည်။ သစ်သားကြမ်းခင်းကို အသုံးပြုသည့် အိမ်ထောင်စု ၄၇.၇ ရာခိုင်နှုန်းရှိပြီး အုတ်ကြွပ်/အုတ်/ကွန်ကရစ် ၃၅.၈ ရာခိုင်နှုန်းနှင့် ဝါး ၁၂.၃ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြနှင့် ကျေးလက်တို့တွင် နေအိမ်များဆောက်လုပ်ရာ၌ အသုံးပြုသည့်နံရံ၊ အမိုးနှင့် ကြမ်းခင်းအမျိုးအစားများကို ဇယား (၄.၂) တွင် ဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် အုတ်ကြွပ်/အုတ်/ကွန်ကရစ်ဖြင့် ကာရံထားသည့်အိမ်များ၌ နေထိုင်မှုအများဆုံးဖြစ်ပြီး အိမ်ထောင်စု ၃၄.၇ ရာခိုင်နှုန်းရှိ၍ မြို့ပြ (၅၃.၃%) တွင် ကျေးလက် (၂၃.၅%) ထက် အသုံးပြုမှုပိုမိုများပြားပါသည်။ ကျေးလက်ရှိ အိမ်ထောင်စုများသည် သစ်သား (၂၈.၀%) နှင့် ဝါး (၂၉.၄%) တို့ဖြင့် ကာရံထားသည့် အိမ်များတွင် နေထိုင်မှုပိုမိုများပြားပါသည်။ မြို့ပြရှိ အိမ်ထောင်စုများသည် သစ်သား ၂၀.၈ ရာခိုင်နှုန်း နှင့် ဝါး ၁၃.၅ ရာခိုင်နှုန်းတို့ဖြင့် ကာရံထားသည့်အိမ်များတွင် နေထိုင်ကြသည်ကို တွေ့ရှိရပါသည်။

အမိုးအမျိုးအစားများကိုလေ့လာပါက အိမ်ထောင်စုများသည် သွပ်မိုးကို မြို့ပြ (၈၁.၃%) နှင့် ကျေးလက် (၈၀.၆%) နှစ်ခုလုံးတွင် အဓိကအသုံးပြုကြကြောင်းတွေ့ရှိရပါသည်။ သို့သော်

အုတ်ကြွပ်/အုတ်/ကွန်ကရစ်အမိုးသည် မြို့ပြ (၁၄.၂%) တွင် ကျေးလက် (၁.၅%) ထက် ၉ ဆကျော် ပိုများပါသည်။ ကျေးလက်ရှိ အိမ်ထောင်စုများ (၁၆.၂%) သည် ဓနိ/သက်ကယ်/ထန်းလက်/အင်ဖက် ကဲ့သို့သော အမိုးအမျိုးအစားများကို မြို့ပြရှိ အိမ်ထောင်စုများ (၂.၈%) ထက် ပိုမိုအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

ကြမ်းခင်းအမျိုးအစားများကိုလေ့လာပါက အုတ်ကြွပ်/အုတ်/ကွန်ကရစ်သည် မြို့ပြတွင် (၅၇.၉%) အသုံးပြုမှုအမြင့်ဆုံးဖြစ်ပြီး ကျေးလက်ရှိ အိမ်ထောင်စုများသည် သစ်သား (၅၅.၈%) ကို အဓိကအသုံးပြုနေကြပါသည်။ ဝါးကြမ်းခင်းသည် ကျေးလက် (၁၇.၃%) တွင် မြို့ပြ (၃.၈%) ထက် အသုံးပြုမှုပိုမိုများပါသည်။ အဆိုပါအချက်အလက်များအရ ဆောက်လုပ်ရေးပစ္စည်းများ အသုံးပြုမှုတွင် မြို့ပြနှင့် ကျေးလက်ကွာဟချက်ကို ထင်ရှားစွာတွေ့ရှိရပါသည်။ မြို့ပြရှိ အိမ်ထောင်စုများသည် ရေရှည်အသုံးပြုနိုင်သည့် (အုတ်ကြွပ်/အုတ်/ကွန်ကရစ်) ပစ္စည်းများကိုပိုမို အသုံးပြုကြပြီး ကျေးလက်ရှိ အိမ်ထောင်စုများသည် သစ်သားနှင့် ဝါးတို့ကို ပိုမိုအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၂)။ အိမ်ဆောက်လုပ်သည့် ပစ္စည်းအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| ဆောက်လုပ်သည့်ပစ္စည်းအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | ၇,၇၈၀,၉၂၆ | ၂,၉၀၈,၀၄၂ | ၄,၈၇၂,၈၈၄ |
| **နံရံ** | ၁၀၀ | ၁၀၀ | ၁၀၀ |
| ဓနိ/သက်ကယ်/ထန်းလက်/ အင်ဖက် | ၁၀.၁ | ၃.၃ | ၁၄.၁ |
| ဝါး | ၂၃.၄ | ၁၃.၅ | ၂၉.၄ |
| မြေကြီး | ၀.၁ | ၀.၁ | ၀.၂ |
| သစ်သား | ၂၅.၄ | ၂၀.၈ | ၂၈.၀ |
| သွပ် | ၂.၀ | ၂.၉ | ၁.၅ |
| ကွန်ပိုစစ်/ပလာစတာဘုတ်/ကျောက်ပြား | ၃.၉ | ၅.၇ | ၂.၉ |
| အုတ်ကြွပ်/အုတ်/ ကွန်ကရစ် | ၃၄.၇ | ၅၃.၃ | ၂၃.၅ |
| အခြား | ၀.၄ | ၀.၄ | ၀.၄ |
| **အမိုး** | ၁၀၀ | ၁၀၀ | ၁၀၀ |
| ဓနိ/သက်ကယ်/ ထန်းလက်/အင်ဖက် | ၁၁.၂ | ၂.၈ | ၁၆.၂ |
| ဝါး | ၀.၅ | ၀.၃ | ၀.၆ |
| မြေကြီး | ၀.၁ | ၀.၁ | ၀.၁ |
| သစ်သား | ၁.၀ | ၁.၂ | ၀.၉ |

| ဆောက်လုပ်သည့်ပစ္စည်းအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| သွပ် | ၈၀.၈ | ၈၁.၃ | ၈၀.၆ |
| အုတ်ကြွပ်/အုတ်/ ကွန်ကရစ် | ၆.၃ | ၁၄.၂ | ၁.၅ |
| အခြား | ၀.၁ | ၀.၁ | ၀.၁ |
| **ကြမ်းခင်း** | **၁၀၀** | **၁၀၀** | **၁၀၀** |
| ဝါး | ၁၂.၃ | ၃.၈ | ၁၇.၃ |
| မြေကြီး | ၄.၁ | ၄.၀ | ၄.၂ |
| သစ်သား | ၄၇.၇ | ၃၄.၁ | ၅၅.၈ |
| အုတ်ကြွပ်/အုတ်/ ကွန်ကရစ် | ၃၅.၈ | ၅၇.၉ | ၂၂.၆ |
| အခြား | ၀.၁ | ၀.၂ | ၀.၁ |

## ၄.၂ အိမ်ပိုင်ဆိုင်မှု

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုများ၏ ၈၄.၆ ရာခိုင်နှုန်းမှာ အိမ်ပိုင်ဆိုင်ကြပြီး ၁၀.၉ ရာခိုင်နှုန်းသာ ငှားရမ်းနေထိုင်နေကြကြောင်း ဇယား (၄.၃) တွင် ဖော်ပြထားပါသည်။

မြို့ပြနှင့် ကျေးလက် ခွဲခြားလေ့လာရာ၌ ကျေးလက်တွင် အိမ်ပိုင်ဆိုင်မှုမြင့်မား၍ ၉၃.၉ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် အိမ်ထောင်စု ၆၉.၀ ရာခိုင်နှုန်းသာ အိမ်ပိုင်ဆိုင်ကြပါသည်။ မြို့ပြတွင် အိမ်ငှားရမ်းနေထိုင်မှု သိသိသာသာ မြင့်မား၍ ၂၃.၂ ရာခိုင်နှုန်းရှိပြီး ကျေးလက်တွင် ၃.၆ ရာခိုင်နှုန်းသာရှိပါသည်။

အခြားအိမ်ပိုင်ဆိုင်မှုအမျိုးအစားမှာ ရာခိုင်နှုန်းအနည်းငယ်သာရှိပါသည်။ ပိုင်ရှင်/အိမ်ငှား၏ အိမ်ထောင်စုနှင့်အတူပူးတွဲနေထိုင်သည့် အိမ်ထောင်စုများသည် ပြည်ထောင်စုအဆင့်တွင် ၀.၇ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၁.၁%) တွင် ကျေးလက် (၀.၄%) ထက် အနည်းငယ်ပိုများပါသည်။ အစိုးရဝန်ထမ်းအိမ်ရာများသည် ပြည်ထောင်စုအဆင့်တွင် ၃.၁ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၅.၆%) တွင် ကျေးလက် (၁.၆%) ထက် ပိုများပါသည်။ ပုဂ္ဂလိက ဝန်ထမ်းအိမ်ရာများသည် ပြည်ထောင်စုအဆင့်တွင် ၀.၅ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၀.၇%) တွင် ကျေးလက် (၀.၄%) ထက် အနည်းငယ်ပိုများကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၃)။ အိမ်ပိုင်ဆိုင်မှုအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| အိမ်ပိုင်ဆိုင်မှုအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉၀၈,၀၅၂** | **၄,၈၇၂,၈၈၄** |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** |

| အိမ်ပိုင်ဆိုင်မှုအမျိုးအစား | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| ပိုင်ရှင် | ၈၄.၆ | ၆၉.၀ | ၉၃.၉ |
| အိမ်ငှား | ၁၀.၉ | ၂၃.၂ | ၃.၆ |
| ပူးတွဲ (ပိုင်ရှင်/အိမ်ငှား၏ အိမ်ထောင်စုနှင့် အတူပူးတွဲ နေထိုင်ခြင်း) | ၀.၇ | ၁.၁ | ၀.၄ |
| အစိုးရဝန်ထမ်းအိမ်ရာ | ၃.၁ | ၅.၆ | ၁.၆ |
| ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ | ၀.၅ | ၀.၇ | ၀.၄ |
| အခြား | ၀.၂ | ၀.၄ | ၀.၁ |

## ၄.၃ အခန်းအရေအတွက်

လူနေအိမ်တစ်လုံးတွင်ရှိသော အခန်းအရေအတွက်သည် အိမ်ရာအရည်အသွေးနှင့် နေရာလုံလောက်မှုကိုပြဆိုသော အဓိကအညွှန်းကိန်းတစ်ခုဖြစ်ပြီး စီးပွားရေးအခြေအနေနှင့် လူများပြွတ်သိပ်စွာနေထိုင်ရမှု အခြေအနေတို့ကိုလည်း ညွှန်ပြပါသည်။ သန်းခေါင်စာရင်းတွင် “အခန်း” ဆိုသည်မှာ နေထိုင်ခြင်း၊ အိပ်စက်ခြင်း၊ ထမင်းစားခြင်း သို့မဟုတ် အလားတူလုပ်ငန်းများ ဆောင်ရွက်ရန်အတွက်ဖြစ်ပါသည်။ အဆိုပါအခန်းတွင် စင်္ကြံလမ်း၊ အိမ်သာ၊ ရေချိုးခန်းနှင့် လေသာဆောင်များ ကဲ့သို့သောနေရာများ မပါဝင်ပါ။

### ၄.၃.၁ အခန်းအရေအတွက်အလိုက် အိမ်ထောင်စု

ပြည်ထောင်စုအဆင့်တွင် အခန်းသုံးခန်းပါသောအိမ်များသည် ၃၄.၂ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း ဇယား (၄.၄) တွင် ဖော်ပြထားပါသည်။ အဆိုပါအိမ်များသည် ကျေးလက်တွင် ပိုများ၍ ၃၆.၉ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် ၂၉.၆ ရာခိုင်နှုန်းရှိပါသည်။ အခန်းနှစ်ခန်းပါသောအိမ်များသည် ၂၆.၀ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး မြို့ပြတွင် ၂၆.၁ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၂၅.၈ ရာခိုင်နှုန်းအသီးသီးရှိပါသည်။ အခန်းတစ်ခန်းသာပါသော အိမ်များသည် ၁၁.၅ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၁၆.၀%) တွင် ကျေးလက် (၈.၉%) ထက် သိသိသာသာပိုများကြောင်း တွေ့ရှိရပါသည်။ ဤအချက်အလက်များက မြို့ပြတွင် အရွယ်အစားသေးငယ်သော နေအိမ်များတွင် ပိုမိုနေထိုင်ကြပြီး လူဦးရေသိပ်သည်းမှုမြင့်မားခြင်းနှင့် တိုက်ခန်းတွဲ/တိုက်ခန်းများတွင် နေထိုင်သည့်ပုံစံကို ထင်ဟပ်စေပါသည်။

အခန်းလေးခန်းနှင့်အထက်ရှိသည့် အိမ်ရာများအား တွေ့ရနည်းပြီး အခန်းအရေအတွက် တိုးလာသည်နှင့်အမျှ အိမ်ထောင်စုအချိုးအစားနည်းပါးသွားပါသည်။ အခန်းလေးခန်းပါသော အိမ်များသည် ၁၆.၂ ရာခိုင်နှုန်းရှိပြီး ကျေးလက် (၁၆.၉%) တွင် မြို့ပြ (၁၅.၁%) ထက် အနည်းငယ်ပိုများပါသည်။ အခန်းငါးခန်းပါသောအိမ်များသည် ၇.၈ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၈.၄%) နှင့် ကျေးလက်

(၇.၄%) အကြားကွာဟမှု အနည်းငယ်သာရှိပါသည်။ အခန်းခုနစ်ခန်းပါသောအိမ်များသည် ဝ.၅ ရာခိုင်နှုန်းသာ (မြို့ပြတွင် ဝ.၈% နှင့် ကျေးလက်တွင် ဝ.၃%) ရှိပါသည်။ အခန်းရှစ်ခန်း သို့မဟုတ် ရှစ်ခန်းအထက်ပါသော အိမ်များ၏ ရာခိုင်နှုန်းသည်လည်း အလွန်နည်းကြောင်း တွေ့ရှိရပါသည်။ ဤအချက်အလက်များအရ အထူးသဖြင့် မြို့ပြတွင် အသေးစားနှင့် အလတ်စားနေအိမ်များတွင် ပိုမို နေထိုင်ကြပြီး ကျေးလက်တွင် အခန်းသုံးခန်းနှင့် လေးခန်းပါအိမ်များဖြင့် ပိုမိုနေထိုင်ကြကြောင်း ညွှန်ပြနေပါသည်။

ဇယား (၄.၄)။ အခန်းအရေအတွက်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| အခန်းအရေအတွက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉၀၈,၀၄၂** | **၄,၈၇၂,၈၈၄** |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** |
| ၁ ခန်း | ၁၁.၅ | ၁၆.၀ | ၈.၉ |
| ၂ ခန်း | ၂၆.၀ | ၂၆.၁ | ၂၅.၈ |
| ၃ ခန်း | ၃၄.၂ | ၂၉.၆ | ၃၆.၉ |
| ၄ ခန်း | ၁၆.၂ | ၁၅.၁ | ၁၆.၉ |
| ၅ ခန်း | ၇.၈ | ၈.၄ | ၇.၄ |
| ၆ ခန်း | ၂.၉ | ၃.၁ | ၂.၉ |
| ၇ ခန်း | ၀.၅ | ၀.၈ | ၀.၃ |
| ၈ ခန်း | ၀.၄ | ၀.၅ | ၀.၄ |
| ၉ ခန်း | ၀.၃ | ၀.၂ | ၀.၃ |
| ၁၀ ခန်းနှင့်အထက် | ၀.၂ | ၀.၂ | ၀.၂ |

## ၄.၃.၂ အိပ်ခန်းအရေအတွက်အလိုက် အိမ်ထောင်စု

ပြည်ထောင်စုအဆင့်တွင် အိပ်ခန်းတစ်ခန်းပါသောအိမ်များသည် အိမ်ထောင်စုအားလုံး၏ ၆၁.၅ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း ဇယား (၄.၅) တွင် ဖော်ပြထားပြီး မြို့ပြ (၅၇.၁%) နှင့် ကျေးလက် (၆၄.၂%) နှစ်ခုလုံးတွင်လည်း အများဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ အိပ်ခန်းနှစ်ခန်းပါသောအိမ်များသည် ပြည်ထောင်စုအဆင့်တွင် ၂၈.၄ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး မြို့ပြ (၂၉.၃%) တွင် ကျေးလက် (၂၇.၈%) ထက် အနည်းငယ်ပိုများပါသည်။ အိပ်ခန်းသုံးခန်းပါသောအိမ်များသည် ၆.၅ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၈.၅%) တွင် ကျေးလက် (၅.၄%) ထက် နှစ်ဆနီးပါး ပိုများပါသည်။

အိပ်ခန်းလေးခန်းပါသောအိမ်များသည် အနည်းငယ်သာရှိပြီး အိမ်ထောင်စုအားလုံး၏ ၁.၆ ရာခိုင်နှုန်း၊ မြို့ပြတွင် ၂.၄ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၁.၁ ရာခိုင်နှုန်းသာရှိပါသည်။ အိပ်ခန်း ငါးခန်းနှင့်အထက်ပါသော အိမ်များသည် ဝ.၇ ရာခိုင်နှုန်းသာရှိပြီး မြို့ပြ (၁.၂%) တွင် ကျေးလက် (ဝ.၃%) ထက် လေးဆပိုများပါသည်။ အိပ်ခန်းမရှိသောအိမ်များသည် ၁.၃ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၁.၅%) တွင် ကျေးလက် (၁.၂%) ထက် အနည်းငယ်ပိုများကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင် အခန်းတစ်ခန်းသာပါဝင်သည့် အိမ်ခန်းငယ်များဖြင့်လည်း နေထိုင်လေ့ရှိကြကြောင်း ဖော်ပြနေပါသည်။

ဇယား (၄.၅)။ အိပ်ခန်းအရေအတွက်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| အိပ်ခန်းအရေအတွက် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉ဝ၈,ဝ၄၂** | **၄,၈၇၂,၈၈၄** |
| **စုစုပေါင်း** | **၁ဝဝ** | **၁ဝဝ** | **၁ဝဝ** |
| အိပ်ခန်းမရှိ | ၁.၃ | ၁.၅ | ၁.၂ |
| ၁ ခန်း | ၆၁.၅ | ၅၇.၁ | ၆၄.၂ |
| ၂ ခန်း | ၂၈.၄ | ၂၉.၃ | ၂၇.၈ |
| ၃ ခန်း | ၆.၅ | ၈.၅ | ၅.၄ |
| ၄ ခန်း | ၁.၆ | ၂.၄ | ၁.၁ |
| ၅ ခန်းနှင့်အထက် | ဝ.၇ | ၁.၂ | ဝ.၃ |

## ၄.၃.၃ အခန်းတစ်ခန်းတွင် နေထိုင်သောလူဦးရေ

အိမ်ရာများတွင် လူများပြွတ်သိပ်စွာနေထိုင်ခြင်းသည် လူတစ်ဦးချင်းစီနှင့် လူမှုအသိုက်အဝန်း၏ ကောင်းကျိုးချမ်းသာ ရရှိမှုအပေါ် ဆိုးရွားစွာထိခိုက်စေနိုင်သော အရေးကြီးပြဿနာတစ်ရပ်ဖြစ်ပါသည်။ နေထိုင်ရန်နေရာ ကျဉ်းမြောင်းလွန်းပါက အိမ်ထောင်စုဝင်များသည် ပုဂ္ဂလိက လွတ်လပ်မှုနည်းပါးခြင်း၊ စိတ်ဖိစီးမှုများတိုးပွားလာခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ပြဿနာများ ပိုမိုကြုံတွေ့ရနိုင်ခြင်းအစရှိသည့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်ရနိုင်ပါသည်။ ဤအခြေအနေများသည် ပညာရေးဆိုင်ရာ ရလဒ်များနှင့် ဘဝအရည်အသွေးကိုထိခိုက်စေသည့် လူမှုစီးပွားဆိုးကျိုးသံသရာကို ဖြစ်ပေါ်စေနိုင်ပါသည်။ ထို့ကြောင့် လူနေထူထပ်မှုပြဿနာကို ဖြေရှင်းခြင်းသည် မြို့ပြစီမံကိန်းချမှတ်ခြင်း၊ ပြည်သူ့ကျန်းမာရေးနှင့် လူမှုရေးတန်းတူညီမျှမှုအတွက် အလွန်အရေးပါသော ကိစ္စရပ်တစ်ခု ဖြစ်ပါသည်။

လူများပြွတ်သိပ်စွာနေထိုင်ခြင်း ရှိ/မရှိ သိရှိရန်အတွက် အခန်းတစ်ခန်းတွင်နေထိုင်သော လူဦးရေကိုအခြေခံ၍ အကဲဖြတ်သတ်မှတ်ချက်များပြုလုပ်ရန် အရေးကြီးပါသည်။ လေ့လာမှုများ

အရ အခန်းတစ်ခန်းတွင် လူ ၁.၅ ဦးနှုန်းနေထိုင်ခြင်းကို လူများပြွတ်သိပ်စွာနေထိုင်ခြင်းမရှိသော အခြေအနေအဖြစ်သတ်မှတ်ပါသည်။[၂] အခန်းတစ်ခန်းတွင် ပျမ်းမျှ ၁.၅ ဦးထက် ပိုမိုနေထိုင်သော အိမ်ထောင်စုများကို လူများပြွတ်သိပ်စွာနေထိုင်သော အိမ်ထောင်စုများအဖြစ်သတ်မှတ်ပြီး အလယ်အလတ်အဆင့် (အခန်းတစ်ခန်းတွင် လူ ၁.၅၁ ဦးမှ ၂ ဦးကြား) နှင့် အလွန်အမင်းအဆင့် (အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက်) ဟူ၍လည်း ခွဲခြားသတ်မှတ်ထားပါသည်။ ဤအဆင့်သတ်မှတ်ချက်များသည် နေထိုင်မှုအခြေအနေကို အကဲဖြတ်ရန်နှင့် တိုင်းဒေသကြီး/ ပြည်နယ်များအကြား လူများပြွတ်သိပ်စွာ နေထိုင်ခြင်းကို နှိုင်းယှဉ်လေ့လာရန်အတွက် စံနှုန်းတစ်ခုဖြစ်ပါသည်။

ပြည်ထောင်စုအဆင့်၌ အိမ်ထောင်စု ၈၀.၁ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် ပျမ်းမျှ လူ ၁.၅ ဦး သို့မဟုတ် ၁.၅ ဦးထက်လျော့နည်းနေထိုင်ပြီး လူများပြွတ်သိပ်စွာနေထိုင်ခြင်း မရှိကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စု ၁၉.၉ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ ၁.၅ ဦးထက်ပို၍ နေထိုင်လျက်ရှိပြီး အိမ်ထောင်စု ၁၀.၄ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ ၁.၅၁ ဦးမှ ၂ ဦးထိ နှင့် အိမ်ထောင်စု ၉.၅ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက် နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။ ဤအချက်အလက်များက နိုင်ငံတစ်ဝှမ်းရှိ အိမ်ရာအခြေအနေများကို ဖော်ပြလျက်ရှိပြီး လူဦးရေပြွတ်သိပ်နေထိုင်မှု အဆင့်အမျိုးမျိုးကို ကြုံတွေ့နေရသော အိမ်ထောင်စုများ၏ အချိုးအစားကို ညွှန်ပြလျက်ရှိပါသည်။

မြို့ပြနှင့် ကျေးလက် နှိုင်းယှဉ်ကြည့်လျှင် အခန်းတစ်ခန်းတွင် လူ ၁.၅ ဦးထက်ပို၍ နေထိုင်သောအိမ်ထောင်စုအချိုးအစား ကွာဟမှုရှိပြီး မြို့ပြတွင် ၂၃.၄ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၁၇.၇ ရာခိုင်နှုန်းရှိပါသည်။ သို့သော် အခန်းတစ်ခန်းတွင် လူ ၂ ဦးထက် ပို၍နေထိုင်သော အိမ်ထောင်စု အချိုးသည် မြို့ပြ (၁၁.၉%) ၌ ကျေးလက် (၈.၀%) ထက် အနည်းငယ်မြင့်မားကြောင်း တွေ့ရှိရပါသည်။ ဤအချက်က လူများပြွတ်သိပ်စွာနေထိုင်မှုနှုန်းသည် မြို့ပြနှင့် ကျေးလက်တွင် ကွာခြားမှုနည်းသော်လည်း ပြင်းထန်မှုအဆင့်သည် မြို့ပြဒေသများတွင် ပိုမိုမြင့်မားလေ့ရှိကြောင်း ညွှန်ပြနေပါသည်။

လူများပြွတ်သိပ်စွာနေထိုင်ခြင်းသည် တိုင်းဒေသကြီး/ပြည်နယ်များအကြားတွင် သိသာစွာ ကွာဟမှုရှိကြောင်း ဖော်ပြနေပါသည်။ အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက်နေထိုင်သည့် အိမ်ထောင်စုအချိုးအစားသည် တနင်္သာရီတိုင်းဒေသကြီးတွင် ၂၁.၅ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ အခန်းတစ်ခန်းတွင် လူ ၁.၅၁ ဦးမှ ၂ ဦးအကြား နေထိုင်သောအိမ်ထောင်စု ၁၅.၁ ရာခိုင်နှုန်းရှိသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၃၆.၆ ရာခိုင်နှုန်းသည် အခန်းတစ်ခန်းတွင် လူ ၁.၅ ဦးအထက် ကျော်လွန်နေထိုင်ကြကြောင်း တွေ့ရှိရပါသည်။ အလားတူ

၂ U.S. Department of Housing and Urban Development. (2007). Measuring overcrowding in housing. https://www.huduser.gov/publications/pdf/measuring_overcrowding_in_hsg.pdf

ရန်ကုန်တိုင်းဒေသကြီး (အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက်နေထိုင်သော အိမ်ထောင်စု ၁၄.၅ ရာခိုင်နှုန်း) နှင့် ကရင်ပြည်နယ် (အခန်းတစ်ခန်းတွင် လူ ၂ ဦးအထက်နေထိုင်သော အိမ်ထောင်စု ၁၃.၄ ရာခိုင်နှုန်း) တို့တွင်လည်း လူများပြွတ်သိပ်စွာနေထိုင်မှု အတော်အတန်မြင့်မားနေပါသည်။ သို့သော် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်မူ လူများပြွတ်သိပ်စွာ နေထိုင်ခြင်းမရှိဆိုသော စံသတ်မှတ်ချက်နှင့် ကိုက်ညီသည့် အိမ်ထောင်စုအချိုးအစား မြင့်မားသည့်အတွက် ပိုမိုကျယ်ဝန်းသောအိမ်ရာများတွင် နေထိုင်ကြကြောင်း ညွှန်ပြနေပါသည်။

အခန်းတစ်ခန်းတွင်နေထိုင်သော ပျမ်းမျှလူဦးရေကိုအခြေခံသည့် ဤလေ့လာမှုသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်ရာအခြေအနေကွာဟချက်များနှင့် မူဝါဒများချမှတ်ဆောင်ရွက်ရန် အလိုအပ်ဆုံးသောဒေသများကို ညွှန်ပြနေပါသည်။

ဇယား (၄.၆)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အခန်းတစ်ခန်းတွင် နေထိုင်သော ပျမ်းမျှလူဦးရေ

| တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက် | အခန်းတစ်ခန်းတွင်နေထိုင်သောလူဦးရေ | | | စုစုပေါင်း | အိမ်ထောင်စု ပေါင်း |
|---|---|---|---|---|---|
| | ၁.၅ ဦးနှင့်အောက် | ၁.၅၁ ဦးမှ ၂ ဦး | ၂ ဦးအထက် | | |
| **ပြည်ထောင်စု** | ၈၀.၁ | ၁၀.၄ | ၉.၅ | ၁၀၀ | ၇,၇၈၀,၉၂၆ |
| မြို့ပြ | ၇၆.၆ | ၁၁.၅ | ၁၁.၉ | ၁၀၀ | ၂,၉၀၈,၀၄၂ |
| ကျေးလက် | ၈၂.၃ | ၉.၇ | ၈.၀ | ၁၀၀ | ၄,၈၇၂,၈၈၄ |
| ကချင် | ၈၅.၃ | ၈.၇ | ၆.၀ | ၁၀၀ | ၁၅၀,၇၉၇ |
| ကယား | ၈၇.၀ | ၇.၇ | ၅.၃ | ၁၀၀ | ၈,၉၃၂ |
| ကရင် | ၇၃.၈ | ၁၂.၈ | ၁၃.၄ | ၁၀၀ | ၁၈၃,၆၁၁ |
| ချင်း | ၉၆.၉ | ၂.၃ | ၀.၈ | ၁၀၀ | ၈,၁၉၁ |
| စစ်ကိုင်း | ၈၁.၄ | ၉.၇ | ၈.၉ | ၁၀၀ | ၁၈၀,၀၈၁ |
| တနင်္သာရီ | ၆၃.၄ | ၁၅.၁ | ၂၁.၅ | ၁၀၀ | ၁၇၇,၃၈၈ |
| ပဲခူး | ၈၂.၃ | ၉.၄ | ၈.၃ | ၁၀၀ | ၁,၀၂၉,၉၆၂ |
| မကွေး | ၈၁.၃ | ၉.၇ | ၉.၀ | ၁၀၀ | ၅၄၉,၉၀၆ |
| မန္တလေး | ၈၁.၇ | ၉.၉ | ၈.၄ | ၁၀၀ | ၁,၀၀၅,၃၇၄ |
| မွန် | ၇၅.၅ | ၁၂.၁ | ၁၂.၄ | ၁၀၀ | ၃၁၇,၆၄၆ |
| ရခိုင် | ၇၉.၀ | ၁၁.၂ | ၉.၈ | ၁၀၀ | ၆၂,၃၆၉ |
| ရန်ကုန် | ၇၂.၁ | ၁၃.၄ | ၁၄.၅ | ၁၀၀ | ၁,၆၆၈,၈၆၅ |
| ရှမ်း | ၈၅.၁ | ၈.၈ | ၆.၁ | ၁၀၀ | ၆၇၅,၄၅၅ |
| ဧရာဝတီ | ၈၆.၀ | ၈.၅ | ၅.၅ | ၁၀၀ | ၁,၄၈၅,၉၂၆ |
| နေပြည်တော် | ၈၄.၉ | ၈.၄ | ၆.၇ | ၁၀၀ | ၂၇၆,၄၂၃ |

### ၄.၃.၄ အိပ်ခန်းတစ်ခန်းတွင် နေထိုင်သောလူဦးရေ

အိမ်အကြောင်းအရာလေ့လာမှုများတွင် အိပ်ခန်းတစ်ခန်းကို လူ ၂ ဦးနှုန်း အသုံးပြုခြင်းအား လူများပြွတ်သိပ်စွာနေထိုင်ခြင်းမရှိသော အခြေအနေအဖြစ်သတ်မှတ်ပြီး ၎င်းအခြေအနေသည် အိမ်ထောင်စုဝင်တစ်ဦးချင်းအတွက် လုံလောက်သောနေရာနှင့် ပုဂ္ဂလိကလွတ်လပ်မှုရှိကြောင်း ဖော်ပြထားပါသည်။ အိပ်ခန်းတစ်ခန်းတွင် လူ ၂.၀၁ ဦးမှ ၃ ဦးအထိ အသုံးပြုပါက အလယ်အလတ် အဆင့်ပြွတ်သိပ်စွာနေထိုင်သည်ဟု သတ်မှတ်ပြီး လူ ၃ ဦးအထက်အသုံးပြုပါက အလွန်အမင်း ပြွတ်သိပ်စွာနေထိုင်သည်ဟု သတ်မှတ်ပါသည်။[၃] အဆိုပါ အဆင့်သတ်မှတ်ချက်များသည် တိုင်းဒေသကြီး/ပြည်နယ်များအကြား လူနေမှုအခြေအနေများကို နှိုင်းယှဉ်ရန်နှင့် မူဝါဒရေးရာ ပါဝင်ဆောင်ရွက်ရန် သို့မဟုတ် လေ့လာမှုများပြုလုပ်ရန်အတွက် စံသတ်မှတ်ချက်တစ်ခုဖြစ်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အိပ်ခန်းတစ်ခန်းတွင် နေထိုင်သော ပျမ်းမျှလူဦးရေကို ဇယား (၄.၇) တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စု ၆၇.၆ ရာခိုင်နှုန်းသည် အိပ်ခန်းတစ်ခန်းတွင် လူ ၂ ဦးနှင့်အောက် အသုံးပြုသည့်အတွက် သတ်မှတ်ထားသည့် စံနှုန်းများအရ လက်ခံနိုင်သည့်အခြေအနေဖြစ်ပါသည်။ သို့ရာတွင် အိမ်ထောင်စု ၁၅.၉ ရာခိုင်နှုန်းသည် အိပ်ခန်းတစ်ခန်းတွင် လူ ၂.၀၁ ဦးမှ ၃ ဦးထိ အသုံးပြုကြပြီး အလယ်အလတ်အဆင့် ပြွတ်သိပ်စွာနေထိုင်ကြောင်းနှင့် ၁၆.၁ ရာခိုင်နှုန်းသည် အိပ်ခန်းတစ်ခန်းတွင် လူ ၃ ဦးအထက် အသုံးပြုကြပြီး အလွန်အမင်း ပြွတ်သိပ်စွာနေထိုင်ကြောင်း တွေ့ရှိရပါသည်။ ထို့ပြင် အိမ်ထောင်စု ၀.၄ ရာခိုင်နှုန်းခန့်သည် သီးခြားသတ်မှတ်ထားသည့် အိပ်ခန်းလုံးဝမရှိဟုဖြေဆိုခဲ့ကြပါသည်။

မြို့ပြနှင့် ကျေးလက်တို့ကို လေ့လာဆန်းစစ်ကြည့်လျှင် အိပ်ခန်းတစ်ခန်းတွင် လူ ၂ ဦးနှင့်အောက်အသုံးပြုသည့် အိမ်ထောင်စုအချိုးအစားသည် မြို့ပြတွင် ၆၈.၃ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၆၇.၂ ရာခိုင်နှုန်းရှိပါသည်။ သို့သော် အိပ်ခန်းလုံးဝမရှိသည့်အိမ်ထောင်စုသည် ကျေးလက်ထက် မြို့ပြတွင် အနည်းငယ်ပိုများပါသည် (မြို့ပြ ၀.၄% နှင့် ကျေးလက် ၀.၃%)။ အိပ်ခန်းတစ်ခန်းတွင် လူ ၃ ဦးအထက် အသုံးပြုခြင်းသည် မြို့ပြ (၁၆.၀%) နှင့် ကျေးလက် (၁၆.၂%) တို့၌ တူညီလုနီးပါးဖြစ်ကြောင်း တွေ့ရှိရပါသည်။

အိပ်ခန်းကိုအခြေခံ၍ လူများပြွတ်သိပ်စွာနေထိုင်ခြင်းကို လေ့လာရာတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွာဟချက်များရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၂၆.၀ ရာခိုင်နှုန်းသည် အလွန်အမင်း ပြွတ်သိပ်စွာနေထိုင်ကြောင်း (အိပ်ခန်းတစ်ခန်းတွင် လူ ၃ ဦးအထက်) နှင့် ၁၇.၆ ရာခိုင်နှုန်းသည် အလယ်အလတ်အဆင့်ပြွတ်သိပ်စွာ နေထိုင်

---

၃ U.S. Department of Housing and Urban Development. (2007). Measuring overcrowding in housing. https://www.huduser.gov/publications/pdf/measuring_overcrowding_in_hsg.pdf

ကြောင်း (အိပ်ခန်းတစ်ခန်းတွင် လူ ၂.၀၁ ဦးမှ ၃ ဦးထိ) တွေ့ရှိရပါသည်။ ထို့ကြောင့် တနင်္သာရီတိုင်းဒေသကြီးတွင် အိမ်ထောင်စု ၄၀ ရာခိုင်နှုန်းကျော်သည် အလယ်အလတ်အဆင့်မှ အလွန်အမင်းအဆင့်အထိ ပြွတ်သိပ်စွာနေထိုင်ကြပါသည်။ အလားတူ ကရင်ပြည်နယ်တွင် အိမ်ထောင်စု ၂၄.၁ ရာခိုင်နှုန်းနှင့် မွန်ပြည်နယ်တွင် အိမ်ထောင်စု ၂၁.၀ ရာခိုင်နှုန်းတို့သည် အိပ်ခန်းတစ်ခန်းတွင် လူ ၃ ဦးအထက် အသုံးပြု၍ အလွန်အမင်း ပြွတ်သိပ်စွာနေထိုင်ကြပါသည်။ သို့သော် ကချင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင်မူ လူများပြွတ်သိပ်စွာနေထိုင်မှု နည်းပါးကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၇)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် မြို့ပြ/ကျေးလက်အလိုက် အိပ်ခန်းတစ်ခန်းတွင် နေထိုင်သောပျမ်းမျှလူဦးရေ

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက် | အိပ်ခန်းတစ်ခန်းတွင်နေထိုင်သောလူဦးရေ | | | အိပ်ခန်း မရှိ | စုစုပေါင်း | အိမ်ထောင်စု ပေါင်း |
|---|---|---|---|---|---|---|
| | ၂ ဦးနှင့်အောက် | ၂.၀၁ ဦးမှ ၃ ဦး | ၃ ဦး အထက် | | | |
| **ပြည်ထောင်စု** | **၆၇.၆** | **၁၅.၉** | **၁၆.၁** | **၀.၄** | **၁၀၀** | **၇,၇၈၀,၉၂၆** |
| မြို့ပြ | ၆၈.၃ | ၁၅.၃ | ၁၆.၀ | ၀.၄ | ၁၀၀ | ၂,၉၀၈,၀၄၂ |
| ကျေးလက် | ၆၇.၂ | ၁၆.၃ | ၁၆.၂ | ၀.၃ | ၁၀၀ | ၄,၈၇၂,၈၈၄ |
| ကချင် | ၈၀.၉ | ၁၁.၃ | ၇.၈ | * | ၁၀၀ | ၁၅၀,၇၉၇ |
| ကယား | ၇၇.၆ | ၁၂.၈ | ၉.၆ | * | ၁၀၀ | ၈,၉၃၂ |
| ကရင် | ၅၈.၀ | ၁၇.၄ | ၂၄.၁ | ၀.၅ | ၁၀၀ | ၁၈၃,၆၁၁ |
| ချင်း | ၉၁.၇ | ၆.၁ | ၂.၂ | - | ၁၀၀ | ၈,၁၉၁ |
| စစ်ကိုင်း | ၇၂.၁ | ၁၃.၇ | ၁၄.၀ | ၀.၂ | ၁၀၀ | ၁၈၀,၀၈၁ |
| တနင်္သာရီ | ၅၄.၂ | ၁၇.၆ | ၂၆.၀ | ၂.၂ | ၁၀၀ | ၁၇၇,၃၈၈ |
| ပဲခူး | ၆၈.၉ | ၁၅.၅ | ၁၅.၃ | ၀.၃ | ၁၀၀ | ၁,၀၂၉,၉၆၂ |
| မကွေး | ၆၉.၈ | ၁၅.၄ | ၁၄.၁ | ၀.၇ | ၁၀၀ | ၅၄၉,၉၀၆ |
| မန္တလေး | ၇၃.၈ | ၁၄.၁ | ၁၂.၀ | ၀.၁ | ၁၀၀ | ၁,၀၀၅,၃၇၄ |
| မွန် | ၆၀.၇ | ၁၇.၅ | ၂၁.၀ | ၀.၈ | ၁၀၀ | ၃၁၇,၆၄၆ |
| ရခိုင် | ၆၈.၄ | ၁၅.၈ | ၁၅.၇ | ၀.၁ | ၁၀၀ | ၆၂,၃၆၉ |
| ရန်ကုန် | ၆၃.၇ | ၁၇.၁ | ၁၈.၇ | ၀.၅ | ၁၀၀ | ၁,၆၆၈,၈၆၅ |
| ရှမ်း | ၇၂.၃ | ၁၄.၈ | ၁၂.၈ | ၀.၁ | ၁၀၀ | ၆၇၅,၄၅၅ |
| ဧရာဝတီ | ၆၅.၃ | ၁၇.၂ | ၁၇.၃ | ၀.၂ | ၁၀၀ | ၁,၄၈၅,၉၂၆ |
| နေပြည်တော် | ၆၉.၇ | ၁၅.၂ | ၁၅.၀ | ၀.၁ | ၁၀၀ | ၂၇၆,၄၂၃ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက် နည်းပါသည်။

## ၄.၄ အစားအစာချက်ပြုတ်သည့်နေရာ

အိမ်ထောင်စုအများစု (၈၁.၄%) သည် သီးခြားမီးဖိုခန်း (အိမ်ထောင်စုသုံး) ကို အသုံးပြုကြပြီး ကျေးလက် (၈၂.၆%) တွင် မြို့ပြ (၇၉.၆%) ထက် အနည်းငယ်ပိုများကြောင်း ဇယား (၄.၈) တွင် ဖော်ပြထားပါသည်။ ဒုတိယအများဆုံးမှာ မီးဖိုခန်းမရှိသည့် အိမ်ထောင်စုများဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် ၈.၁ ရာခိုင်နှုန်းရှိပါသည်။ မီးဖိုခန်းမရှိသည့် အိမ်ထောင်စုများသည် မြို့ပြ (၁၀.၂%) တွင် ကျေးလက် (၆.၈%) ထက် ပိုများသည်ကိုစိတ်ဝင်စားဖွယ်တွေ့ရှိရပြီး မြို့ပြတွင် မီးဖိုခန်းအတွက် နေရာမလုံလောက်မှု သို့မဟုတ် ပြင်ပမှဝယ်ယူသည့် အစားအစာအပေါ် ပိုမိုမှီခိုမှု တို့ကြောင့် ဖြစ်နိုင်ပါသည်။

အိမ်ထောင်စု ၅.၃ ရာခိုင်နှုန်းသည် အိမ်အပြင်ဘက်တွင် အစားအစာချက်ပြုတ်ကြပြီး ကျေးလက် (၅.၇%) သည် မြို့ပြ (၄.၆%) ထက် အနည်းငယ်ပိုများပါသည်။ အမိုး သို့မဟုတ် အကာမရှိသော မီးဖိုခန်းများသည် ၁.၀ ရာခိုင်နှုန်းရှိပြီး ကျေးလက် (၁.၁%) တွင် မြို့ပြ (၀.၈%) ထက်အနည်းငယ်ပိုများပါသည်။ သီးခြားမီးဖိုခန်း (အခြားအိမ်ထောင်စုများနှင့်မျှဝေသုံးစွဲ) သည် ပြည်ထောင်စုအဆင့်တွင် ၂.၀ ရာခိုင်နှုန်းရှိပြီး မြို့ပြနှင့် ကျေးလက်အကြားကွာဟချက် အနည်းငယ်သာရှိပါသည်။ အိပ်ခန်း သို့မဟုတ် ဧည့်ခန်းတွင် အစားအစာချက်ပြုတ်သည့် အိမ်ထောင်စု (၁.၆%) သည် အနည်းငယ်သာရှိပြီး မြို့ပြ (၂.၀%) တွင် ကျေးလက် (၁.၃%) ထက် ပိုများပါသည်။ အိမ်ထောင်စု အနည်းငယ် (၀.၆%) သည် လေသာဆောင် သို့မဟုတ် စင်္ကြံလမ်းတွင် အစားအစာချက်ပြုတ်ကြပြီး မြို့ပြ (၀.၇%) တွင် ကျေးလက် (၀.၅%) ထက် အနည်းငယ်ပိုများကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၈)။ အစားအစာချက်ပြုတ်သည့်နေရာအလိုက်အိမ်ထောင်စုရာခိုင်နှုန်း(မြို့ပြ/ကျေးလက်)

| အစားအစာချက်ပြုတ်သည့်နေရာ | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉၀၈,၀၄၂** | **၄,၈၇၂,၈၈၄** |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** |
| သီးခြားမီးဖိုခန်း (အိမ်ထောင်စုသုံး) | ၈၁.၄ | ၇၉.၆ | ၈၂.၆ |
| သီးခြားမီးဖိုခန်း (အခြားအိမ်ထောင်စုများနှင့်မျှဝေသုံးစွဲ) | ၂.၀ | ၂.၁ | ၂.၀ |
| အိပ်ခန်း/ဧည့်ခန်း | ၁.၆ | ၂.၀ | ၁.၃ |
| လေသာဆောင်/စင်္ကြံလမ်း | ၀.၆ | ၀.၇ | ၀.၅ |
| မီးဖိုခန်း (အမိုးမရှိ/အကာမရှိ) | ၁.၀ | ၀.၈ | ၁.၁ |
| အိမ်အပြင်ဘက် | ၅.၃ | ၄.၆ | ၅.၇ |
| မီးဖိုခန်းမရှိပါ | ၈.၁ | ၁၀.၂ | ၆.၈ |

## ၄.၅ စွမ်းအင်သုံးစွဲမှု

### ၄.၅.၁ အလင်းရောင်အတွက်အဓိကအသုံးပြုသည့် မီးအမျိုးအစား

လျှပ်စစ်မီးသည် အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ၆၆.၃ ရာခိုင်နှုန်းက အသုံးပြုကြပါသည်။ သို့သော် မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက လျှပ်စစ်မီးကို မြို့ပြတွင် ၉၁.၂ ရာခိုင်နှုန်း အသုံးပြုကြပြီး ကျေးလက်တွင် ၅၁.၆ ရာခိုင်နှုန်းအသုံးပြုကြပါသည်။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) သည် ၁၉.၈ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး ကျေးလက် (၂၉.၇%) တွင် မြို့ပြ (၃.၁%) ထက် ပိုမိုအသုံးပြုကြပါသည်။ ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ်သည် ၆.၉ ရာခိုင်နှုန်းဖြင့် တတိယအများဆုံးဖြစ်ပြီး ကျေးလက် (၉.၈%) တွင် မြို့ပြ (၁.၉%) ထက် ပိုမိုအသုံးပြုကြသည့်အတွက် ကျေးလက်တွင် လျှပ်စစ်မီးရရှိမှု အခက်အခဲများရှိကြောင်း ညွှန်ပြနေပါသည်။

ဖယောင်းတိုင်၊ ရေနံဆီနှင့် မီးစက် (ပုဂ္ဂလိက) အသုံးပြုမှု အချိုးအစားသည် ပြည်ထောင်စုအဆင့်တွင် အနည်းငယ်သာရှိပြီး ကျေးလက်တွင် မြို့ပြထက် ပိုမိုအသုံးပြုကြပါသည်။ မြို့ပြနှင့် ကျေးလက်နှိုင်းယှဉ်ပါက ကျေးလက်ရှိ အိမ်ထောင်စု ၅.၈ ရာခိုင်နှုန်းနှင့် မြို့ပြရှိ အိမ်ထောင်စု ၂.၀ ရာခိုင်နှုန်းသည် အလင်းရောင်အတွက် ဖယောင်းတိုင်ကို အဓိကအသုံးပြုကြပါသည်။ ဤအချက်အလက်များအရ လျှပ်စစ်မီးရရှိမှုတွင် မြို့ပြ/ကျေးလက်ကွာဟမှုရှိကြောင်း ထင်ရှားစေပါသည်။ လျှပ်စစ်မီးရရှိမှုသည် မြို့ပြတွင်သာ လွှမ်းခြုံမှုရှိပြီး ကျေးလက်တွင် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) နှင့် ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ်ကဲ့သို့သော မီးအမျိုးအစားများကို မှီခိုနေရကြောင်း တွေ့ရှိရပါသည်။

ပုံ (၄.၁)။ အလင်းရောင်အတွက် အဓိကအသုံးပြုသည့် မီးအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)




| | လျှပ်စစ်ဓာတ်အားလိုင်း | မီးစက် (ပုဂ္ဂလိက) | နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) | လေအား/ရေအား လျှပ်စစ် | ရေနံဆီ | ဖယောင်းတိုင် | ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ် | အခြား |
|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၆၆.၃ | ၁.၆ | ၁၉.၈ | ၀.၄ | ၀.၅ | ၄.၄ | ၆.၉ | ၀.၁ |
| မြို့ပြ | ၉၁.၂ | ၁.၅ | ၃.၁ | ၀.၁ | ၀.၁ | ၂.၀ | ၁.၉ | ၀.၁ |
| ကျေးလက် | ၅၁.၆ | ၁.၇ | ၂၉.၇ | ၀.၅ | ၀.၈ | ၅.၈ | ၉.၈ | ၀.၁ |

### ၄.၅.၂ ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစား

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုထက်ဝက်ကျော် (၅၄.၇%) သည် လျှပ်စစ်မီးကို အစားအစာချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့် လောင်စာအဖြစ် အသုံးပြုကြပြီး အိမ်ထောင်စု ၃၉.၁ ရာခိုင်နှုန်းသည် သစ်သား/ထင်းကို အသုံးပြုကြကြောင်း ပုံ (၄.၂) တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စု ၃.၉ ရာခိုင်နှုန်းသည် မီးသွေး/လောင်စာတောင့်ကို အသုံးပြုကြပြီး မီးစက် (ပုဂ္ဂလိက)၊ ဓာတ်ငွေ့(ဂက်စ်) သို့မဟုတ် ဘိုင်အိုဂက်စ်ကဲ့သို့သော အခြားလောင်စာအမျိုးအစားများ အသုံးပြုမှုသည် တစ်ရာခိုင်နှုန်းအောက်သာရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် ကွာဟမှုရှိကြောင်း တွေ့ရှိရပါသည်။ မြို့ပြတွင် အိမ်ထောင်စု ၈၂.၅ ရာခိုင်နှုန်းသည် လျှပ်စစ်မီးကို အဓိကအသုံးပြု၍ အစားအစာချက်ပြုတ်ကြပြီး ကျေးလက်တွင်မူ အိမ်ထောင်စု ၃၈.၂ ရာခိုင်နှုန်းသာ အသုံးပြုကြပါသည်။ သို့သော် ကျေးလက်တွင် အိမ်ထောင်စု ၅၆.၅ ရာခိုင်နှုန်းသည် သစ်သား/ထင်းကို အဓိကအသုံးပြုပြီး မြို့ပြတွင်မူ အိမ်ထောင်စု ၉.၉ ရာခိုင်နှုန်းသာ အသုံးပြုကြပါသည်။ မီးသွေး/လောင်စာတောင့် အသုံးပြုမှုသည် မြို့ပြ (၅.၉%) တွင် ကျေးလက် (၂.၈%) ထက်ပိုများပြီး လောင်စာအမျိုးအစားသုံးစွဲမှုနှင့် ချက်ပြုတ်သည့် အလေ့အကျင့်ကွဲပြားမှုများကို ထင်ဟပ်စေနိုင်ပါသည်။ နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) နှင့် အခြားလောင်စာအမျိုးအစားများအသုံးပြုမှုသည် ယေဘုယျအားဖြင့် အနည်းငယ်သာ ရှိပါသည်။ ကျေးလက်တွင် အိမ်ထောင်စု ၁.၇ ရာခိုင်နှုန်းသည် အစားအစာချက်ပြုတ်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) ကို အသုံးပြုနေပြီး မြို့ပြတွင် ဝ.၃ ရာခိုင်နှုန်းသာ အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။

ဤအချက်အလက်များအရ ချက်ပြုတ်ရန်အတွက် လောင်စာအသုံးပြုမှုတွင် မြို့ပြနှင့် ကျေးလက်အကြား သိသိသာသာ ကွာဟမှုရှိကြောင်း ဖော်ပြနေပါသည်။ ကျေးလက်တွင် နေထိုင်သူများသည် သစ်သား/ထင်းကို အဓိကလောင်စာအဖြစ် အသုံးပြုနေရသော်လည်း မြို့ပြရှိ အိမ်ထောင်စုများသည် လျှပ်စစ်မီးကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြောင်း တွေ့ရှိရပါသည်။ ဓာတ်ငွေ့ (ဂက်စ်) နှင့် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) ကဲ့သို့သော ခေတ်မီလောင်စာအမျိုးအစားများကို မြို့ပြနှင့် ကျေးလက်နှစ်ခုလုံးတွင် အသုံးပြုနေသော်လည်း အချိုးအစားနည်းပါးကြောင်း တွေ့ရှိရပါသည်။

ပုံ (၄.၂)။ ချက်ပြုတ်ရာတွင် အဓိကအသုံးပြုသည့်လောင်စာအမျိုးအစားအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)




| | လျှပ်စစ် ဓာတ်အားလိုင်း | မီးဖက် (ပုဂ္ဂလိက) | နေရောင်ခြည် စွမ်းအင်သုံး (ဆိုလာပြား) | လေအား/ ရေအား လျှပ်စစ် | ဓာတ်ငွေ့ (ဂက်စ်) | ဘိုင်အိုဂက်စ် (ဇီဝ) | သစ်သား/ ထင်း | မီးသွေး/ လောင်စာ တောင့် | ကျောက်မီးသွေး /ကောက်ရိုး/ မြက်ခြောက်/ အခြား |
|---|---|---|---|---|---|---|---|---|---|
| ပြည်ထောင်စု | ၅၄.၇ | ၀.၂ | ၁.၂ | ၀.၁ | ၀.၅ | ၀.၁ | ၃၉.၁ | ၃.၉ | ၀.၂ |
| မြို့ပြ | ၈၂.၅ | ၀.၂ | ၀.၃ | ၀.၁ | ၀.၈ | ၀.၁ | ၉.၉ | ၅.၉ | ၀.၂ |
| ကျေးလက် | ၃၈.၂ | ၀.၂ | ၁.၇ | ၀.၁ | ၀.၃ | ၀.၁ | ၅၆.၅ | ၂.၈ | ၀.၁ |

## ၄.၅.၃ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှု

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုငါးပုံတစ်ပုံခန့် (၂၀.၂%) သည် အလင်းရောင်အတွက် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ရင်းမြစ်များဖြစ်သည့် နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) နှင့် လေအား/ရေအားလျှပ်စစ်တို့ကို အသုံးပြုနေကြကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုအချိုးအစားသည် ကျေးလက် (၃၀.၂%) တွင် မြို့ပြ (၃.၂%) ထက် သိသိသာသာ မြင့်မားပါသည်။ လျှပ်စစ်ဓာတ်အားလိုင်းလက်လှမ်းမီရရှိမှု နည်းပါးသော သို့မဟုတ် ရရှိရန်ခက်ခဲသောဒေသများတွင် နေရောင်ခြည်စွမ်းအင်ကို ပိုမိုကျယ်ပြန့်စွာ အသုံးပြုကြကြောင်း ပြဆိုနေပါသည်။ အလင်းရောင်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှုသည် ၁၉.၈ ရာခိုင်နှုန်းရှိပြီး လေအား/ရေအားလျှပ်စစ်သုံးစွဲမှုသည် ၀.၄ ရာခိုင်နှုန်းသာရှိပါသည်။ မြို့ပြရှိ အိမ်ထောင်စုများသည် အလင်းရောင်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကို အနည်းငယ်သာ (၃.၂%) အသုံးပြုကြပြီး အများစုမှာ လျှပ်စစ်မီးကို အသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

အစားအစာချက်ပြုတ်ရန် အဓိကအသုံးပြုသည့် လောင်စာနှင့်ပတ်သက်၍ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် (နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား)၊ လေအား/ရေအားလျှပ်စစ်နှင့် ဘိုင်အိုဂက်စ်) အသုံးပြုမှုသည် ၁.၄ ရာခိုင်နှုန်းသာရှိပြီး ကျေးလက် (၁.၉%) တွင် မြို့ပြ (၀.၅%) ထက် ပိုမိုအသုံးပြုကြပါသည်။ အစားအစာချက်ပြုတ်ရန်အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုမှုတွင် နေရောင်ခြည်စွမ်းအင်သုံးစွဲမှုသည် အများဆုံး (ပြည်ထောင်စုအဆင့် ၁.၂%) ဖြစ်သော်လည်း နေရောင်ခြည်စွမ်းအင်ကိုအခြေခံ၍ ချက်ပြုတ်ရန်အတွက် ပစ္စည်းကိရိယာများ တပ်ဆင်ရာတွင်

ခက်ခဲခြင်း သို့မဟုတ် ဈေးနှုန်းမြင့်မားခြင်းတို့ကြောင့် အကန့်အသတ်ရှိနေဆဲဖြစ်ပါသည်။ ချက်ပြုတ်ရန်အတွက် လေအား/ရေအားလျှပ်စစ်နှင့် ဘိုင်အိုဂက်စ်တို့ကို လောင်စာအဖြစ် အသုံးပြုမှုသည် ဂ.၁ ရာခိုင်နှုန်းအသီးသီးရှိကြောင်း တွေ့ရှိရပါသည်။

## ၄.၆ အိမ်အသုံးအဆောင်ပစ္စည်းများသုံးစွဲနိုင်မှု

### ၄.၆.၁ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများ

ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများတွင် လက်ကိုင်ဖုန်း သို့မဟုတ် ကြိုးဖုန်းအသုံးပြုမှုသည် ပြည်ထောင်စုအဆင့်၌ အိမ်ထောင်စု ၈၂.၉ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ကြောင်း ဇယား (၄.၉) တွင် ဖော်ပြထားပါသည်။ ၎င်းသည် မြို့ပြ (၉၁.၅%) တွင် ကျေးလက် (၇၇.၈%) ထက်ပိုများပြီး နည်းပညာအသုံးပြုမှု၌ မြို့ပြနှင့် ကျေးလက်အကြား ကွာဟမှုကိုထင်ဟပ်စေပါသည်။ အိမ်တွင် အင်တာနက်တပ်ဆင်ထားခြင်း (လက်ကိုင်ဖုန်းမှတစ်ဆင့်အပါအဝင်) သည် ဒုတိယအများဆုံးဖြစ်၍ ၅၇.ဂ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၆၆.၁%) တွင် ကျေးလက် (၅၁.၆%) ထက်ပိုများပါသည်။ ရုပ်မြင်သံကြားအသုံးပြုမှုသည် ၄၆.၁ ရာခိုင်နှုန်းရှိပြီး မြို့ပြ (၅၈.၅%) တွင် ကျေးလက် (၃၈.၈%) ထက်ပိုမိုအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။

ယခင်က ဆက်သွယ်ရေးအတွက် အဓိကအသုံးပြုခဲ့သော ရေဒီယိုများသည် ယခုအခါတွင် အသုံးပြုမှုနည်းပါးလာပြီး ၄.၆ ရာခိုင်နှုန်းသာရှိပါသည်။ ကျေးလက်ရှိ အိမ်ထောင်စုများ (၅.၇%) သည် မြို့ပြရှိ အိမ်ထောင်စုများ (၂.၈%) ထက် အနည်းငယ်ပိုမိုအသုံးပြုကြပါသည်။ ကွန်ပျူတာအသုံးပြုမှုသည် ပြည်ထောင်စုအဆင့်တွင် ၄.၂ ရာခိုင်နှုန်းသာရှိသော်လည်း မြို့ပြ (၉.၄%) တွင် ကျေးလက် (၁.၂%) ထက် ပိုမိုများပြားကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ အသုံးအဆောင်ပစ္စည်းများတွင် မည်သည့်ပစ္စည်းမျှမရှိသည့် အိမ်ထောင်စု ၁၄.၇ ရာခိုင်နှုန်းခန့်ရှိပါသည်။ ၎င်းရာခိုင်နှုန်းမှာ ကျေးလက်ဒေသတွင် ၁၈.၈ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် ၇.၈ ရာခိုင်နှုန်းသာရှိပါသည်။ ဤအချက်အလက်များအရ ခေတ်မီဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာများအားလက်လှမ်းမီမှုတွင် မြို့ပြနှင့် ကျေးလက်အကြား ကွာဟမှုရှိနေကြောင်း ပေါ်လွင်စေပါသည်။

ဇယား (၄.၉)။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာပစ္စည်းများ သုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် ဆိုင်ရာပစ္စည်းများ | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---:|---:|---:|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉၀၈,၀၄၂** | **၄,၈၇၂,၈၈၄** |
| ရေဒီယို | ၄.၆ | ၂.၈ | ၅.၇ |
| ရုပ်မြင်သံကြား | ၄၆.၁ | ၅၈.၅ | ၃၈.၈ |
| လက်ကိုင်ဖုန်း/ကြိုးဖုန်း | ၈၂.၉ | ၉၁.၅ | ၇၇.၈ |
| ကွန်ပျူတာ | ၄.၂ | ၉.၄ | ၁.၂ |
| အိမ်တွင်အင်တာနက် တပ်ဆင်ထားခြင်း (လက်ကိုင်ဖုန်းမှတစ်ဆင့် အပါအဝင်) | ၅၇.၀ | ၆၆.၁ | ၅၁.၆ |
| *မည်သည့်ပစ္စည်းမျှမရှိသည့် ရာခိုင်နှုန်း* | *၁၄.၇* | *၇.၈* | *၁၈.၈* |

## ၄.၆.၂ သယ်ယူပို့ဆောင်ရေးဆိုင်ရာ ယာဉ်များအသုံးပြုမှု

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုထက်ဝက်နီးပါး (၄၉.၆%) သည် မော်တော်ဆိုင်ကယ်/ လျှပ်စစ်စက်ဘီး/ သုံးဘီးကားကို အများဆုံးအသုံးပြုကြပါသည်။ စက်ဘီးအသုံးပြုမှုသည် ၃၀.၃ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံးဖြစ်ပြီး လှည်း (ကျွဲ၊ နွား၊ မြင်းစသည်ဖြင့်) အသုံးပြုမှုသည် ၁၀.၅ ရာခိုင်နှုန်းရှိပါသည်။ ကား/ ပစ်ကပ်/ ထရပ်ကား/ ဗင်န်အသုံးပြုမှုသည် ၇.၂ ရာခိုင်နှုန်းရှိပါသည်။ ၄ ဘီးပါထော်လာဂျီ၊ ကနူးလှေ/ သမ္ဗန်၊ စက်လှေ/ မော်တော်ဘုတ် အသုံးပြုမှုသည် ရာခိုင်နှုန်းအနည်းငယ်သာရှိပြီး ၂ ရာခိုင်နှုန်းနှင့် ၃ ရာခိုင်နှုန်းကြားတွင် အသီးသီးရှိကြကြောင်း ဇယား (၄.၁၀) တွင် ဖော်ပြထားပါသည်။

မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် မြို့ပြရှိအိမ်ထောင်စုများ (၁၂.၃%) သည် ကျေးလက်ရှိ အိမ်ထောင်စုများ (၄.၂%) ထက် ကား/ ပစ်ကပ်/ ထရပ်ကား/ ဗင်န်အသုံးပြုမှု ပိုများပါသည်။ ကျေးလက်တွင် မိရိုးဖလာ သို့မဟုတ် စိုက်ပျိုးရေးလုပ်ငန်းများတွင် အသုံးပြုနိုင်သည့် လှည်း (ကျွဲ၊ နွား၊ မြင်းစသည်ဖြင့်) (ကျေးလက်တွင် ၁၆.၀%နှင့် မြို့ပြတွင် ၁.၂%) နှင့် ၄ ဘီးပါထော်လာဂျီ (ကျေးလက်တွင် ၃.၄% နှင့် မြို့ပြတွင် ၁.၃%) ကဲ့သို့သော သယ်ယူပို့ဆောင်ရေးပစ္စည်းများကို ပိုမိုအသုံးပြုကြကြောင်း တွေ့ရှိရပါသည်။ ကနူးလှေ/ သမ္ဗန်၊ စက်လှေ/ မော်တော်ဘုတ် စသည်တို့ကို အသုံးပြုမှုသည် ကျေးလက်တွင်ပိုများပြီး ဒေသဆိုင်ရာပထဝီဝင်အနေအထားကို ထင်ဟပ်စေပါသည်။

ဇယား (၄.၁၀)။ သယ်ယူပို့ဆောင်ရေးပစ္စည်းများ သုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| သယ်ယူပို့ဆောင်ရေးပစ္စည်းများ | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | **၇,၇၈၀,၉၂၆** | **၂,၉၀၈,၀၄၂** | **၄,၈၇၂,၈၈၄** |
| ကား/ပစ်ကပ်/ထရပ်ကား/ဗင်န် | ၇.၂ | ၁၂.၃ | ၄.၂ |
| မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား | ၄၉.၆ | ၄၇.၆ | ၅၀.၉ |
| စက်ဘီး | ၃၀.၃ | ၃၂.၅ | ၂၉.၀ |
| ၄ ဘီးပါထော်လာဂျီ | ၂.၆ | ၁.၃ | ၃.၄ |
| ကနူးလှေ/သမ္ဗန် | ၂.၅ | ၀.၈ | ၃.၆ |
| စက်လှေ/မော်တော်ဘုတ် | ၂.၉ | ၀.၆ | ၄.၂ |
| လှည်း (ကျွဲ၊ နွား၊ မြင်းစသဖြင့်) | ၁၀.၅ | ၁.၂ | ၁၆.၀ |

## ၄.၇ ရေရရှိမှု၊ အိမ်သာအသုံးပြုမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု

### ၄.၇.၁ ရေရရှိမှု

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ၈၈.၃ ရာခိုင်နှုန်းသည် ကောင်းမွန်သော ရေအရင်းအမြစ်များဖြစ်သည့် ပိုက်လိုင်း၊ အများသုံးရေဘုံဘိုင်၊ အဝီစိတွင်း၊ အကာအကွယ်ရှိသော ရေတွင်း/စိမ့်စမ်းရေ၊ မိုးရေ၊ ရေသန့်ဘူး/ပုလင်း/ရေသန့်စက်မှရရှိသောရေကို သောက်ရေအဖြစ် အသုံးပြုကြကြောင်း ဇယား (၄.၁၁) တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စု ၁၁.၇ ရာခိုင်နှုန်းသည် ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်များဖြစ်သည့် အကာအကွယ်မရှိသော ရေတွင်း/စိမ့်စမ်းရေ၊ ရေကား/ရေစည်လှည်းမှရေနှင့် မြေပေါ်ရေတို့ကို သောက်ရေအဖြစ် အသုံးပြုနေကြရပါသည်။ ကောင်းမွန်သော ရေအရင်းအမြစ်ကို အသုံးပြုသည့် အိမ်ထောင်စုရာခိုင်နှုန်းသည် မြို့ပြ (၉၄.၆%) တွင် ကျေးလက် (၈၄.၅%) ထက် ပိုများပါသည်။ ပိုက်လိုင်းမှရေကိုအသုံးပြုမှုသည် မြို့ပြ (၂၆.၈%) တွင် ကျေးလက် (၁၇.၅%) ထက် ပိုများပါသည်။ အဝီစိတွင်းသည် ကျေးလက်တွင် အဓိက ရေအရင်းအမြစ်ဖြစ်ပြီး အိမ်ထောင်စု ၃၅.၄ ရာခိုင်နှုန်းအသုံးပြုကြပါသည်။ ရေသန့်ဘူး/ ပုလင်း/ ရေသန့်စက်မှရေကို သောက်ရေအဖြစ် အသုံးပြုမှုသည် ပြည်ထောင်စုအဆင့်တွင် ၂၃.၁ ရာခိုင်နှုန်း ရှိ၍ မြို့ပြတွင် ၄၅.၉ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင်နေထိုင်သူများသည် စီးပွားဖြစ်ထုတ်လုပ်ရောင်းချသည့် ရေသန့်ဘူးများကို အဓိကအားထားသုံးစွဲနေကြောင်း ဖော်ပြနေပါသည်။

ပြည်ထောင်စုအဆင့်တွင် ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်များမှရရှိသောရေကို သောက်ရေအဖြစ်အသုံးပြုသည့် အိမ်ထောင်စု ၁၁.၇ ရာခိုင်နှုန်းရှိပြီး ကျေးလက် (၁၅.၅%) တွင် မြို့ပြ (၅.၄%) ထက် ပိုများပါသည်။ မြေပေါ်ရေသည် ကျေးလက်တွင် အဓိကအသုံးပြုသည့်

ရေအရင်းအမြစ်ဖြစ်၍ ၁၂.၁ ရာခိုင်နှုန်းရှိပြီး မြို့ပြတွင် ၁.၈ ရာခိုင်နှုန်းသာ အသုံးပြုကြပါသည်။ ကျေးလက်တွင် နေထိုင်သူများသည် အခြေခံဝန်ဆောင်မှုများရရှိအသုံးပြုမှုတွင် အခက်အခဲများနှင့် အကန့်အသတ်များရှိကြောင်း ပြသနေပါသည်။

ဇယား (၄.၁၁)။ သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| မြို့ပြ/ ကျေးလက် | အိမ်ထောင်စုပေါင်း | ကောင်းမွန်သောရေအရင်းအမြစ် (%) | | | | | | | ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ် (%) | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ပိုက်လိုင်း (အိမ်ထဲသို့/ခြံဝင်း/ အိမ်နီးချင်းခြံဝင်းအတွင်းသို့) | အများသုံးရေပိုက်ခေါင်း | အဝီစိတွင်း (၈ ပေ ကျော် ရေတွင်း/ တွင်းနက်/တွင်းတိမ်) | အကာအကွယ်ရှိသော ရေတွင်း/စိမ့်စမ်းရေ | မိုးရေ | ရေသန့်ဗူး/ပုလင်း/ရေသန့်စက် | စုစုပေါင်း | အကာအကွယ်မဲ့သော ရေတွင်း/စိမ့်စမ်းရေ | ချောင်း/မြစ်/ကန်/ဆည်/တူးမြောင်း | မြေပေါ်ရေ | စုစုပေါင်း |
| **ပြည်ထောင်စု** | **၇,၇၈၀,၉၂၆** | **၂၁.၀** | **၂.၆** | **၂၇.၄** | **၇.၃** | **၆.၉** | **၂၃.၁** | **၈၈.၃** | **၁.၄** | **၂.၁** | **၈.၂** | **၁၁.၇** |
| မြို့ပြ | ၂,၉၀၈,၀၄၂ | ၂၆.၈ | ၁.၆ | ၁၄.၂ | ၃.၅ | ၂.၆ | ၄၅.၉ | ၉၄.၆ | ၀.၄ | ၃.၂ | ၁.၈ | ၅.၄ |
| ကျေးလက် | ၄,၈၇၂,၈၈၄ | ၁၇.၅ | ၃.၂ | ၃၅.၄ | ၉.၅ | ၉.၄ | ၉.၅ | ၈၄.၅ | ၂.၀ | ၁.၄ | ၁၂.၁ | ၁၅.၅ |

မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ်ကို ပုံ (၄.၃) တွင် ဖော်ပြထားပါသည်။ ချင်းပြည်နယ်သည် ကောင်းမွန်သောရေအရင်းအမြစ်အသုံးပြုမှု အများဆုံးဖြစ်ပြီး ၉၈ ရာခိုင်နှုန်းကျော်ရှိပါသည်။ ကချင်ပြည်နယ်တွင် ၉၇.၁ ရာခိုင်နှုန်းရှိ၍ နေပြည်တော်တွင် ၉၆.၁ ရာခိုင်နှုန်းရှိပါသည်။ သို့သော် ဧရာဝတီတိုင်းဒေသကြီးသည် ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်အသုံးပြုမှု အများဆုံးဖြစ်ပြီး ၂၅.၀ ရာခိုင်နှုန်းခန့်ရှိ၍ ပြည်ထောင်စုအဆင့် ၁၁.၇ ရာခိုင်နှုန်းထက် ပိုများပါသည်။ ကောင်းမွန်ခြင်းမရှိသော ရေအရင်းအမြစ်များကို အသုံးပြုမှုမြင့်မားသည့် အခြားတိုင်းဒေသကြီး/ပြည်နယ်များမှာ စစ်ကိုင်းတိုင်းဒေသကြီး (၁၂.၄%) နှင့် ရခိုင်ပြည်နယ် (၁၂.၉%) တို့ဖြစ်ကြကြောင်း တွေ့ရှိရပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အများစုသည် ကောင်းမွန်သောရေအရင်းအမြစ်များ အသုံးပြုမှုတွင် ပြည်ထောင်စုအဆင့်ထက် မြင့်မားသော်လည်း အချို့တိုင်းဒေသကြီး/ပြည်နယ်များ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၌ ဘေးကင်းပြီး ယုံကြည်စိတ်ချရသော သောက်ရေရရှိမှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရပါသည်။

ပုံ(၄.၃)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် သောက်ရေအတွက် အဓိကအသုံးပြုသည့် ရေအရင်းအမြစ်




ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု သုံးပုံတစ်ပုံ (၂၉.၈%) ခန့်သည် ၎င်းတို့၏ နေအိမ်အတွင်း၌ သုံးရေကိုရယူအသုံးပြုနိုင်ကြောင်း ဇယား (၄.၁၂) တွင် ဖော်ပြထားပါသည်။ ၎င်းသည် မြို့ပြ (၄၉.၁%) တွင် ကျေးလက် (၁၈.၃%) ထက်ပိုများပြီး အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုရရှိမှု ကွာဟချက်များကို ထင်ဟပ်စေပါသည်။ အိမ်ထောင်စု ၅၄.၁ ရာခိုင်နှုန်းသည် ၎င်းတို့၏ ကိုယ်ပိုင်ခြံဝင်းအတွင်း၌ သုံးရေကိုရယူအသုံးပြုကြပြီး အထူးသဖြင့် ကျေးလက် (၆၀.၄%) တွင် မြို့ပြ (၄၃.၅%) ထက်ပိုများပါသည်။ အိမ်ထောင်စု ၁၆.၁ ရာခိုင်နှုန်းသည် သုံးရေရရှိရန် အခြားနေရာများသို့ သွားရောက်ရေခပ်ယူရပြီး ကျေးလက် (၂၁.၃%) တွင် မြို့ပြ (၇.၄%) ထက် သိသိသာသာ မြင့်မားကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၁၂)။ သုံးရေရယူအသုံးပြုသည့်နေရာအလိုက်အိမ်ထောင်စုရာခိုင်နှုန်း(မြို့ပြ/ကျေးလက်)

| သုံးရေခပ်ယူမှု | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း** | ၇,၇၈၀,၉၂၆ | ၂,၉၀၈,၀၄၂ | ၄,၈၇၂,၈၈၄ |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ |
| မိမိနေအိမ်အတွင်း | ၂၉.၈ | ၄၉.၁ | ၁၈.၃ |
| မိမိနေအိမ်ခြံဝင်းအတွင်း | ၅၄.၁ | ၄၃.၅ | ၆၀.၄ |
| အခြားနေရာ | ၁၆.၁ | ၇.၄ | ၂၁.၃ |

သုံးရေရရှိရန် အခြားနေရာများသို့ သွားရောက်ရေခပ်ယူရသည့် အိမ်ထောင်စုများတွင် အများစုမှာ ကြာချိန်မိနစ် ၃၀ အောက် (ပြည်ထောင်စုအဆင့် ၈၇.၈%) ရှိပြီး ကျေးလက်တွင် ၈၈.၄

ရာခိုင်နှုန်းနှင့် မြို့ပြတွင် ၈၅.၃ ရာခိုင်နှုန်းရှိပါသည်။ အိမ်ထောင်စု ၁၂.၂ ရာခိုင်နှုန်းသည် သုံးရေ ရရှိရန် အခြားနေရာများသို့ သွားရောက်ရေခပ်ယူရန်ကြာချိန် မိနစ် ၃၀ နှင့်အထက်ရှိကြပြီး မြို့ပြ (၁၄.၇%) တွင် ကျေးလက် (၁၁.၆%) ထက် အနည်းငယ်ပိုများကြောင်း ဇယား (၄.၁၃) တွင် တွေ့ ရှိရပါသည်။

ဇယား (၄.၁၃)။ သုံးရေသွားရောက်ခပ်ရန်ကြာချိန်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| သုံးရေခပ်ယူမှုကြာချိန် | ပြည်ထောင်စု | မြို့ပြ | ကျေးလက် |
|---|---|---|---|
| **အိမ်ထောင်စုပေါင်း (အခြားနေရာ)** | **၁,၂၅၀,၉၃၃** | **၂၁၄,၄၅၅** | **၁,၀၃၆,၄၇၈** |
| **စုစုပေါင်း** | **၁၀၀** | **၁၀၀** | **၁၀၀** |
| မိနစ် ၃၀ အောက် | ၈၇.၈ | ၈၅.၃ | ၈၈.၄ |
| မိနစ် ၃၀ နှင့်အထက် | ၁၂.၂ | ၁၄.၇ | ၁၁.၆ |

## ၄.၇.၂ အိမ်သာအသုံးပြုမှု

ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ၉၂.၃ ရာခိုင်နှုန်းသည် သန့်ရှင်းသော ယင်လုံ အိမ်သာ ဆောက်လုပ်သုံးစွဲကြပြီး ၇.၇ ရာခိုင်နှုန်းသည် မသန့်ရှင်းသောအိမ်သာ သုံးစွဲကြကြောင်း ဇယား (၄.၁၄) ၌ ဖော်ပြထားပါသည်။

မြို့ပြတွင် သန့်ရှင်းသော ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲမှုသည် ၉၇.၁ ရာခိုင်နှုန်း ရှိပြီး ကျေးလက်တွင် ၈၉.၅ ရာခိုင်နှုန်းရှိပါသည်။ မြို့ပြတွင် အိမ်ထောင်စု ၁၉.၃ ရာခိုင်နှုန်းသည် ရေဆွဲအိမ်သာကို အသုံးပြုကြပြီး ကျေးလက်တွင် ၃.၇ ရာခိုင်နှုန်းသာ အသုံးပြုပါသည်။ သို့သော် အိမ်ထောင်စုများတွင် ရေလောင်း/ယင်လုံအိမ်သာ အသုံးပြုမှုသည် မြို့ပြနှင့် ကျေးလက်နှစ်ခု လုံးတွင် မြင့်မားပြီး မြို့ပြတွင် ၇၇.၈ ရာခိုင်နှုန်းနှင့် ကျေးလက်တွင် ၈၅.၈ ရာခိုင်နှုန်းတို့ ဖြစ်ကြ ပါသည်။ ကျေးလက်ရှိ အိမ်ထောင်စုများသည် မသန့်ရှင်းသောအိမ်သာများကို ပိုမိုအသုံးပြုနေကြ ရပါသည်။ ကျေးလက်ရှိ အိမ်ထောင်စု ၁၀.၅ ရာခိုင်နှုန်းသည် တွင်း/ဇလားအိမ်သာ (၆.၆%) နှင့် တွင်းမရှိ အိမ်သာ (၁.၄%) တို့ကိုအသုံးပြုနေကြပြီး အိမ်သာမရှိသည့် အိမ်ထောင်စု ၂.၄ ရာခိုင်နှုန်း ရှိပါသည်။ မြို့ပြရှိ အိမ်ထောင်စု ၂.၉ ရာခိုင်နှုန်းသာ မသန့်ရှင်းသောအိမ်သာများကို အသုံးပြုကြ ကြောင်း တွေ့ရှိရပါသည်။

သန်းခေါင်စာရင်းအချက်အလက်များအရ မြို့ပြတွင် သန့်ရှင်းသော ယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု မြင့်မားပြီး ကျေးလက်တွင် တွင်း/ဇလားအိမ်သာ ဆောက်လုပ်သုံးစွဲမှု များပြား ကြောင်း တွေ့ရှိရပါသည်။

ဇယား (၄.၁၄)။ အိမ်သာအမျိုးအစားအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| မြို့ပြ/ကျေးလက် | အိမ်ထောင်စုပေါင်း | သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု (%) | | | မသန့်ရှင်းသောအိမ်သာသုံးစွဲမှု (%) | | | | |
|---|---|---|---|---|---|---|---|---|---|
| | | ရေပိုက်အိမ်သာ | ရေလောင်း/ယင်လုံ အိမ်သာ | စုစုပေါင်း | တွင်း/ဗလားအိမ်သာ | တွင်းမရှိအိမ်သာ | အိမ်သာမရှိ | အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | **၇,၇၈၀,၉၂၆** | **၉.၅** | **၈၂.၈** | **၉၂.၃** | **၅.၀** | **၀.၉** | **၁.၇** | ***** | **၇.၇** |
| မြို့ပြ | ၂,၉၀၈,၀၄၂ | ၁၉.၃ | ၇၇.၈ | ၉၇.၁ | ၂.၃ | ၀.၂ | ၀.၄ | * | ၂.၉ |
| ကျေးလက် | ၄,၈၇၂,၈၈၄ | ၃.၇ | ၈၅.၈ | ၈၉.၅ | ၆.၆ | ၁.၄ | ၂.၄ | * | ၁၀.၅ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက် နည်းပါသည်။

ပုံ (၄.၄) တွင် မြန်မာနိုင်ငံရှိ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်သာအသုံးပြုမှုကို ဖော်ပြထားပါသည်။ ကယားပြည်နယ်သည် သန့်ရှင်းသောယင်လုံအိမ်သာ ဆောက်လုပ်သုံးစွဲမှု အမြင့်ဆုံးဖြစ်ပြီး ၉၉.၈ ရာခိုင်နှုန်းရှိပါသည်။ ချင်းပြည်နယ်သည် ဒုတိယအမြင့်ဆုံးဖြစ်၍ ပြည်ထောင်စုအဆင့် ၉၂.၃ ရာခိုင်နှုန်းထက် မြင့်ပါသည်။ ရခိုင်ပြည်နယ်သည် မသန့်ရှင်းသောအိမ်သာသုံးစွဲမှု အမြင့်ဆုံးဖြစ်ပြီး ၁၈.၇ ရာခိုင်နှုန်းရှိပါသည်။ ဧရာဝတီတိုင်းဒေသကြီး (၁၂.၉%) နှင့် တနင်္သာရီတိုင်းဒေသကြီး (၁၁.၉%) တို့သည်လည်း မသန့်ရှင်းသောအိမ်သာသုံးစွဲမှု မြင့်မားကြပြီး ပြည်ထောင်စုအဆင့် ၇.၇ ရာခိုင်နှုန်းထက် မြင့်ပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လေ့လာရာတွင် ကွဲပြားမှုများရှိနေသော်လည်း ယေဘုယျအားဖြင့် တိုင်းဒေသကြီး/ပြည်နယ်အများစုသည် ဘေးကင်း၍သန့်ရှင်းသော အိမ်သာများကို လက်လှမ်းမီအသုံးပြုနိုင်မှုတွင် တိုးတက်မှုရှိကြောင်း တွေ့ရှိရပါသည်။

ပုံ (၄.၄)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အိမ်သာအသုံးပြုမှု




ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ၈.၀ ရာခိုင်နှုန်းသည် သန့်ရှင်းသောယင်လုံအိမ်သာများအား မျှဝေသုံးစွဲနေပြီး ၈၄.၃ ရာခိုင်နှုန်းသည် မျှဝေသုံးစွဲခြင်းမရှိကြောင်း ဇယား (၄.၁၅) တွင် ဖော်ပြထားပါသည်။ အိမ်ထောင်စုများ၏ ၀.၅ ရာခိုင်နှုန်းသည် မသန့်ရှင်းသောအိမ်သာများကို မျှဝေသုံးစွဲနေပြီး ၅.၅ ရာခိုင်နှုန်းသည် မျှဝေသုံးစွဲခြင်းမရှိကြောင်း တွေ့ရှိရပါသည်။ အိမ်ထောင်စု ၁.၇ ရာခိုင်နှုန်းမှာ အိမ်သာမရှိကြကြောင်း တွေ့ရှိရပါသည်။

မြို့ပြ/ကျေးလက်ခွဲခြားလေ့လာရာတွင် မြို့ပြရှိအိမ်ထောင်စု ၁၁.၈ ရာခိုင်နှုန်းနှင့် ကျေးလက်ရှိအိမ်ထောင်စု ၅.၈ ရာခိုင်နှုန်းတို့သည် သန့်ရှင်းသောယင်လုံအိမ်သာများကို မျှဝေသုံးစွဲနေကြပါသည်။ ထို့ကြောင့် မြို့ပြတွင် အိမ်ထောင်စုများစုပေါင်းနေထိုင်ခြင်း သို့မဟုတ် တိုက်ခန်းတွဲ/တိုက်ခန်းဖြင့်နေထိုင်ခြင်းတို့ကြောင့် အများသုံးအိမ်သာ သို့မဟုတ် မျှဝေသုံးစွဲသည့် အိမ်သာများကို ပိုမိုအသုံးပြုနိုင်ကြောင်း တွေ့ရှိရပါသည်။ မြို့ပြရှိအိမ်ထောင်စု ၀.၃ ရာခိုင်နှုန်းနှင့် ကျေးလက်ရှိ အိမ်ထောင်စု ၀.၆ ရာခိုင်နှုန်းတို့သည် မသန့်ရှင်းသောအိမ်သာများကို မျှဝေသုံးစွဲနေကြရပါသည်။ သို့သော် ကျေးလက်တွင် မျှဝေသုံးစွဲခြင်းမရှိသည့် မသန့်ရှင်းသောအိမ်သာများ (၇.၅%) နှင့် အိမ်သာမရှိသည့်အိမ်ထောင်စုများ (၂.၄%) သည် မြို့ပြထက်ပိုများပါသည်။ မြို့ပြတွင် မျှဝေသုံးစွဲခြင်းမရှိသည့် မသန့်ရှင်းသောအိမ်သာသုံးစွဲမှု ၂.၂ ရာခိုင်နှုန်းနှင့် အိမ်သာမရှိသည့် အိမ်ထောင်စု ၀.၄ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

မြို့ပြရှိအိမ်ထောင်စုများသည် သန့်ရှင်းသောယင်လုံအိမ်သာ မျှဝေသုံးစွဲမှုတွင် ကျေးလက်ထက် ပိုများပါသည်။ ကျေးလက်ရှိ အိမ်ထောင်စုများသည် မသန့်ရှင်းသောအိမ်သာ မျှဝေသုံးစွဲမှုနှင့် အိမ်သာမရှိသည့် အိမ်ထောင်စုများပြားကြောင်း အချက်အလက်များက ပြသနေပါသည်။

ဇယား (၄.၁၅)။ အိမ်သာမျှဝေသုံးစွဲမှုအလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| မြို့ပြ/ ကျေးလက် | အိမ်ထောင်စု ပေါင်း | သန့်ရှင်းသော ယင်လုံ အိမ်သာ ဆောက်လုပ် သုံးစွဲမှု | | မသန့်ရှင်းသော အိမ်သာသုံးစွဲမှု | | အိမ်သာ မရှိ | စုစုပေါင်း |
|---|---|---|---|---|---|---|---|
| | | မျှဝေ သုံးစွဲ | မျှဝေသုံးစွဲခြင်း မရှိ | မျှဝေ သုံးစွဲ | မျှဝေသုံးစွဲခြင်း မရှိ | | |
| ပြည်ထောင်စု | ၇,၇၈၀,၉၂၆ | ၈.၀ | ၈၄.၃ | ၀.၅ | ၅.၅ | ၁.၇ | ၁၀၀ |
| မြို့ပြ | ၂,၉၀၈,၀၄၂ | ၁၁.၈ | ၈၅.၃ | ၀.၃ | ၂.၂ | ၀.၄ | ၁၀၀ |
| ကျေးလက် | ၄,၈၇၂,၈၈၄ | ၅.၈ | ၈၃.၇ | ၀.၆ | ၇.၅ | ၂.၄ | ၁၀၀ |

## ၄.၇.၃ တစ်ကိုယ်ရေသန့်ရှင်းမှု

အိမ်ထောင်စုများ၏ အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲမှုကို ပုံ (၄.၅) တွင် အဆင့်လိုက်ဖော်ပြထားရာ အခြေခံဝန်ဆောင်မှု၊ အကန့်အသတ်ရှိသောဝန်ဆောင်မှု၊ လက်ဆေးရန်နေရာမရှိပါ၊ ကြည့်ရှုခွင့်မရခဲ့ဟု ခွဲခြားဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်၌ အိမ်ထောင်စု ၇၀.၁ ရာခိုင်နှုန်းသည် လက်ဆေးရန်နေရာတွင် ဆပ်ပြာနှင့် ရေထားရှိသည့် အခြေခံ ကျန်းမာရေးနှင့် သန့်ရှင်းမှုဆိုင်ရာဝန်ဆောင်မှုကို အသုံးပြုနေကြပါသည်။ အိမ်ထောင်စု ၁၇.၈ ရာခိုင်နှုန်းသည် လက်ဆေးရန်နေရာ သတ်သတ်မှတ်မှတ်ရှိသော်လည်း ဆပ်ပြာ သို့မဟုတ် ရေမရှိသည့်အတွက် အကန့်အသတ်ရှိသောဝန်ဆောင်မှုကိုသာ အသုံးပြုနေကြပါသည်။ အိမ်ထောင်စု ၁၁.၂ ရာခိုင်နှုန်းသည် လက်ဆေးရန်နေရာလုံးဝမရှိပါ။ အနည်းငယ်သော အိမ်ထောင်စုများ (၀.၉%) သည် စာရင်းကောက်များအား ၎င်းတို့၏လက်ဆေးသည့်နေရာကို ကြည့်ရှုခွင့်မပြုခဲ့ကြပါ။

မြို့ပြတွင် အခြေခံသန့်ရှင်းရေးဝန်ဆောင်မှုကို အသုံးပြုသည့် အိမ်ထောင်စုသည် ၇၂.၀ ရာခိုင်နှုန်းရှိ၍ ပြည်ထောင်စုအဆင့်ထက် အနည်းငယ်ပိုများပြီး အိမ်ထောင်စု ၁၈.၈ ရာခိုင်နှုန်းသည် အကန့်အသတ်ရှိသောဝန်ဆောင်မှုကို အသုံးပြုကြောင်း တွေ့ရှိရပါသည်။ လက်ဆေးရန်နေရာမရှိသည့် အိမ်ထောင်စုများသည် မြို့ပြတွင် ၈.၆ ရာခိုင်နှုန်းခန့်သာရှိပြီး ပြည်ထောင်စုအဆင့်ထက်နည်းပါသည်။ သို့သော် ကျေးလက်ရှိ အိမ်ထောင်စုများ၏ ၆၈.၉ ရာခိုင်နှုန်းသည် အခြေခံသန့်ရှင်းရေးဝန်ဆောင်မှုများကို အသုံးပြုကြပြီး ၁၇.၂ ရာခိုင်နှုန်းသည် အကန့်အသတ်ရှိသော လက်ဆေးခြင်းဝန်ဆောင်မှုများကို အသုံးပြုကြပါသည်။ ကျေးလက်တွင် အိမ်ထောင်စု ၁၂.၈ ရာခိုင်နှုန်းသည် လက်ဆေးရန် နေရာလုံးဝမရှိကြောင်းတွေ့ရှိရပါသည်။ ဤအချက်အလက်များသည် မြို့ပြ/ကျေးလက်ကွာဟမှုကိုဖော်ပြနေပြီး ကျေးလက်ရှိ အိမ်ထောင်စုများသည် သင့်တော်သည့် ကျန်းမာရေးနှင့်သန့်ရှင်းမှုဆိုင်ရာ ဝန်ဆောင်မှုများမရှိကြောင်းကိုလည်း ဖော်ပြနေပါသည်။

ယေဘုယျအားဖြင့် ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုအများစုသည် ဆပ်ပြာနှင့် ရေထားရှိသည့် အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများကို ရရှိသုံးစွဲကြသော်လည်း မြို့ပြနှင့် ကျေးလက်အကြား ကွာဟမှုများရှိနေသေးကြောင်း တွေ့ရှိရပါသည်။

ပုံ (၄.၅)။ အခြေခံတစ်ကိုယ်ရေသန့်ရှင်းရေးဝန်ဆောင်မှုများ ရရှိသုံးစွဲမှုအလိုက် အိမ်ထောင်စု ရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)




ဇယား (၄.၁၆) တွင် အမှိုက်စွန့်ပစ်မှုစနစ်အလိုက် အိမ်ထောင်စုများကို မြို့ပြ/ကျေးလက် ခွဲခြားဖော်ပြထားပါသည်။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စုများ၏ ၃၀.၂ ရာခိုင်နှုန်းခန့်သည် စည်ပင်အသိအမှတ်ပြု ဝန်ဆောင်မှုပေးသူများမှတစ်ဆင့် အမှိုက်စွန့်ပစ်ခြင်းပြုလုပ်ကြပြီး မြို့ပြ (၆၉.၁%) တွင် ကျေးလက် (၇.၀%) ထက် သိသိသာသာ ပိုများပါသည်။ ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ၃.၁ ရာခိုင်နှုန်းသည် အခြားဝန်ဆောင်မှုပေးသူများမှတစ်ဆင့် အမှိုက်စွန့်ပစ်ခြင်း ပြုလုပ်ကြပြီး မြို့ပြ (၄.၇%) တွင် ကျေးလက် (၂.၂%) ထက် အနည်းငယ်ပိုများကြောင်း တွေ့ရှိရပါသည်။

ဝန်ဆောင်မှုပေးသူများမှတစ်ဆင့် အမှိုက်စွန့်ပစ်ရန် လက်လှမ်းမမီသော အိမ်ထောင်စုများတွင် အများစုသည် အမှိုက်များကို သတ်မှတ်ထားသောနေရာတွင်စွန့်ပစ်ခြင်း သို့မဟုတ် မိမိအိမ်ခြံဝင်းအတွင်းစွန့်ပစ်ခြင်း သို့မဟုတ် ကျင်းတူး၍ မြေမြှုပ်ခြင်း သို့မဟုတ် မီးရှို့ခြင်းများ ပြုလုပ်ကြပါသည်။ ဤသို့သော အမှိုက်စွန့်ပစ်ခြင်းသည် ပြည်ထောင်စုအဆင့်တွင် အိမ်ထောင်စု ထက်ဝက်နီးပါး (၄၈.၉%) ရှိပြီး ကျေးလက် (၆၅.၄%) သည် မြို့ပြ (၂၁.၃%) နှင့် နှိုင်းယှဉ်လျှင် ပိုများပါသည်။ အိမ်ထောင်စု ၁၇.၈ ရာခိုင်နှုန်းသည် အမှိုက်များကို ကြံ့ရာ/အခြားနေရာများတွင် စွန့်ပစ်ကြပြီး ကျေးလက် (၂၅.၄%) တွင် မြို့ပြ (၄.၉%) ထက် ပိုများကြောင်း တွေ့ရှိရပါသည်။

ဤအချက်အလက်များအရ မြို့ပြနှင့် ကျေးလက်တို့တွင် အမှိုက်စွန့်ပစ်မှုစနစ် သိသိသာသာ ကွာဟမှုရှိကြောင်း ဖော်ပြနေပြီး ကျေးလက်တွင် ပိုမိုကောင်းမွန်သော အမှိုက်စွန့်ပစ်သည့် ဝန်ဆောင်မှုများ လိုအပ်လျက်ရှိကြောင်းကိုလည်း ဖော်ပြနေပါသည်။

ဇယား (၄.၁၆)။ အမှိုက်စွန့်ပစ်မှုစနစ်အလိုက် အိမ်ထောင်စုရာခိုင်နှုန်း (မြို့ပြ/ကျေးလက်)

| မြို့ပြ/ကျေးလက် | အိမ်ထောင်စုပေါင်း | အမှိုက်စွန့်ပစ်မှုစနစ် | | | | |
|---|---|---|---|---|---|---|
| | | ဝန်ဆောင်မှု ပေးသူများမှ အမှိုက်သိမ်းခြင်း (စည်ပင်အသိအမှတ်ပြုသူ) | ဝန်ဆောင်မှု ပေးသူများမှ အမှိုက်သိမ်းခြင်း (အခြားဝန်ဆောင်မှုပေးသူ) | သတ်မှတ်ထားသောနေရာ/မိမိအိမ်ခြံဝင်းအတွင်း အမှိုက်စွန့်ပစ်ခြင်း၊ မြေမြှုပ်ခြင်း(သို့) မီးရှို့ခြင်း | ကြုံရာနေရာတွင်စွန့်ပစ်ခြင်း/ အခြား | စုစုပေါင်း |
| **ပြည်ထောင်စု** | **၇,၇၈၀,၉၂၆** | **၂၀.၂** | **၃.၁** | **၄၈.၉** | **၁၇.၈** | **၁၀၀** |
| မြို့ပြ | ၂,၉၀၈,၀၄၂ | ၆၉.၁ | ၄.၇ | ၁၂.၃ | ၄.၉ | ၁၀၀ |
| ကျေးလက် | ၄,၈၇၂,၈၈၄ | ၇.၀ | ၂.၂ | ၆၅.၄ | ၂၅.၄ | ၁၀၀ |

# အခန်း (၅) လူမှုစီးပွားဆိုင်ရာ အညွှန်းကိန်းများ

အခန်း (၅) တွင် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးအခြေအနေကို ပညာရေး၊ လုပ်သား အင်အားနှင့် မသန်စွမ်းမှုဟူသော ခေါင်းစဉ်များဖြင့် အပိုင်း ၃ ပိုင်း ခွဲခြားဖော်ပြထားပါသည်။

ပထမအပိုင်းတွင် စာတတ်မြောက်မှုနှင့် ဂဏန်းတွက်ချက်နိုင်မှုကဲ့သို့သော အခြေခံ စွမ်းရည်များမှသည် ကျောင်းတက်ရောက်မှုအခြေအနေနှင့် အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် ပညာရေးအဆင့်များအထိ မြန်မာနိုင်ငံ၏လူ့စွမ်းအားအရင်းအမြစ် တည်ဆောက်မှု တိုးတက်လာပုံ ကို ဖော်ပြထားပြီး တိုင်းဒေသကြီး/ပြည်နယ်၊ အသက်အုပ်စုနှင့် ကျား/မအလိုက် ကွာခြားမှုများကို လည်း အထူးပြုဖော်ပြထားပါသည်။

ဒုတိယပိုင်းတွင် အဆိုပါလူသားအရင်းအမြစ်များက လုပ်သားဈေးကွက်တွင် မည်ကဲ့သို့ ပါဝင်နေသည်ကို အလုပ်အကိုင်အခြေအနေ၊ လုပ်သားကဏ္ဍအလိုက် ပါဝင်ဆောင်ရွက်နေမှု၊ ပုံမှန် လုပ်ငန်းခွင်နှင့် ပုံမှန်မဟုတ်သောလုပ်ငန်းခွင်များတွင် မည်ကဲ့သို့လုပ်ကိုင်နေကြသည်ကို အသေးစိတ် ဖော်ပြထားပါသည်။

တတိယပိုင်းတွင် မြန်မာနိုင်ငံရှိ မသန်စွမ်းမှုဆိုင်ရာအခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်၊ အသက်နှင့် ကျား/မအလိုက်ဖြစ်ပွားနှုန်းများဖြင့် ဖော်ပြထားပါသည်။ ထို့ပြင် မသန်စွမ်းမှုဆိုင်ရာ ခက်ခဲမှုအဆင့်များကိုလည်း ကျား/မအလိုက်ခွဲခြား၍ အသေးစိတ်လေ့လာသုံးသပ်ထားပါသည်။

## ၅.၁ မြန်မာနိုင်ငံ၏ပညာရေးအခြေအနေ

ပညာရေးသည် လူတစ်ဦးချင်းစီ၏ ဘဝအခွင့်အလမ်းများသာမက နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်ရေးကိုပါ အဆုံးအဖြတ်ပေးသည့် အရေးပါသော အခန်းကဏ္ဍတစ်ခု ဖြစ်ပါသည်။ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းသည် နိုင်ငံသားများ ပညာသင်ကြားခဲ့ ရာတွင် အမြင့်ဆုံးရောက်ရှိခဲ့သည့်အဆင့်၊ မည်သည့်အသက်အရွယ်အထိ ကျောင်းတက်ခဲ့သည် အစရှိသည့် ပညာရေးစနစ်၏ ထိရောက်မှုကို မီးမောင်းထိုးပြနိုင်စွမ်းရှိပါသည်။

ဤကဏ္ဍတွင် ဘဝတစ်လျှောက်လုံးအတွက် ဆန်းစစ်ထားသော အညွှန်းကိန်းများကို လည်း စုစည်းတင်ပြထားပြီး ကလေးသူငယ်များ၏ မူကြိုအရွယ်ကျောင်းနေမှုမှသည် အခြေခံ စာတတ်မြောက်မှု၊ အထက်တန်းအဆင့်ပညာ ဆက်လက်သင်ယူမှုနှင့်အဆင့်မြင့် ပညာတတ် မြောက်မှုအထိ ပါဝင်သည့်အပြင် မြို့ပြ/ကျေးလက်ကွာဟချက်များ၊ ကျား/မနှင့် ဒေသအလိုက် ကွဲပြားခြားနားမှုများကိုလည်း အချက်အလက်များဖြင့် စနစ်တကျ ရှင်းလင်းတင်ပြထားသည်။

## ၅.၁.၁ စာတတ်မြောက်မှုနှင့်တွက်ချက်နိုင်မှု

ဇယား (၅.၁) တွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းမှရရှိသော အချက်အလက်များကို အခြေခံ၍ အသက် ၁၅ နှစ်နှင့်အထက်ရှိသူတိုင်း၏ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုအခြေအနေများကို အနှစ်ချုပ်ဖော်ပြထားပါသည်။

**ဇယား (၅.၁)။** အသက် ၁၅ နှစ်နှင့်အထက်အိမ်ထောင်စုလူဦးရေ၏ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုကို ပြည်ထောင်စု၊ မြို့ပြ/ကျေးလက်နှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မ ခွဲခြားဖော်ပြသောဇယား

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက်၊ | စုစုပေါင်းလူဦးရေ | | | စာတတ်မြောက်မှုနှုန်း | | | တွက်ချက်နိုင်မှုနှုန်း | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| **ပြည်ထောင်စု** | **၂၂,၃၆၄,၉၂၈** | **၉,၉၃၆,၅၃၅** | **၁၂,၄၂၈,၃၉၃** | **၉၂.၁** | **၉၃.၅** | **၉၀.၉** | **၉၂.၃** | **၉၃.၇** | **၉၁.၃** |
| မြို့ပြ | ၈,၉၀၈,၆၃၁ | ၃,၈၃၅,၄၉၄ | ၅,၀၇၃,၁၃၇ | ၉၅.၀ | ၉၆.၂ | ၉၄.၂ | ၉၅.၁ | ၉၆.၂ | ၉၄.၃ |
| ကျေးလက် | ၁၃,၄၅၆,၂၉၇ | ၆,၁၀၁,၀၄၁ | ၇,၃၅၅,၂၅၆ | ၉၀.၁ | ၉၁.၈ | ၈၈.၇ | ၉၀.၅ | ၉၂.၀ | ၈၉.၂ |
| ကချင် | ၄၉၈,၂၁၇ | ၂၂၅,၄၅၂ | ၂၇၂,၇၆၅ | ၉၃.၅ | ၉၄.၉ | ၉၂.၄ | ၉၃.၇ | ၉၅.၀ | ၉၂.၇ |
| ကယား | ၂၃,၂၉၃ | ၁၀,၉၇၈ | ၁၂,၃၁၅ | ၉၁.၂ | ၉၄.၂ | ၈၈.၅ | ၉၂.၀ | ၉၄.၅ | ၈၉.၇ |
| ကရင် | ၅၁၁,၀၄၁ | ၂၂၇,၆၂၉ | ၂၈၃,၄၁၂ | ၇၈.၁ | ၇၉.၆ | ၇၆.၉ | ၈၁.၃ | ၈၂.၆ | ၈၀.၃ |
| ချင်း | ၂၃,၄၆၂ | ၁၁,၂၀၄ | ၁၂,၂၅၈ | ၉၀.၃ | ၉၀.၅ | ၉၀.၁ | ၈၉.၇ | ၈၉.၉ | ၈၉.၆ |
| စစ်ကိုင်း | ၅၄၆,၀၆၄ | ၂၃၆,၇၀၈ | ၃၀၉,၃၅၆ | ၈၈.၄ | ၈၉.၇ | ၈၇.၅ | ၈၉.၅ | ၉၀.၉ | ၈၈.၅ |
| တနင်္သာရီ | ၅၂၉,၄၃၈ | ၂၄၀,၅၃၃ | ၂၈၈,၉၀၅ | ၉၄.၀ | ၉၄.၆ | ၉၃.၄ | ၉၃.၄ | ၉၄.၀ | ၉၂.၉ |
| ပဲခူး | ၂,၈၈၇,၂၈၃ | ၁,၂၇၉,၀၂၄ | ၁,၆၀၈,၂၅၉ | ၉၅.၇ | ၉၆.၉ | ၉၄.၉ | ၉၅.၂ | ၉၆.၃ | ၉၄.၃ |
| မကွေး | ၁,၅၀၂,၄၁၆ | ၆၄၆,၈၈၁ | ၈၅၅,၅၃၅ | ၉၃.၄ | ၉၅.၇ | ၉၁.၆ | ၉၂.၈ | ၉၅.၁ | ၉၁.၁ |
| မန္တလေး | ၃,၁၀၇,၄၄၂ | ၁,၃၅၃,၉၈၃ | ၁,၇၅၃,၄၅၉ | ၉၅.၃ | ၉၆.၉ | ၉၄.၀ | ၉၄.၈ | ၉၆.၄ | ၉၃.၆ |
| မွန် | ၈၉၇,၆၆၄ | ၃၇၆,၅၈၃ | ၅၂၁,၀၈၁ | ၈၈.၀ | ၈၈.၈ | ၈၇.၄ | ၈၈.၅ | ၈၉.၂ | ၈၈.၀ |
| ရခိုင် | ၁၇၈,၆၃၆ | ၇၉,၉၃၅ | ၉၈,၇၀၁ | ၇၁.၀ | ၇၃.၇ | ၆၈.၇ | ၇၁.၆ | ၇၄.၃ | ၆၉.၄ |
| ရန်ကုန် | ၄,၉၅၀,၆၈၂ | ၂,၁၆၅,၀၅၇ | ၂,၇၈၅,၆၂၅ | ၉၅.၈ | ၉၆.၇ | ၉၅.၀ | ၉၅.၄ | ၉၆.၄ | ၉၄.၇ |
| ရှမ်း | ၁,၉၅၄,၄၈၃ | ၉၁၃,၈၉၅ | ၁,၀၄၀,၅၈၈ | ၇၃.၂ | ၇၆.၆ | ၇၀.၃ | ၇၈.၉ | ၈၁.၅ | ၇၆.၇ |
| ဧရာဝတီ | ၃,၉၈၄,၉၃၇ | ၁,၈၃၂,၀၀၈ | ၂,၁၅၂,၉၂၉ | ၉၄.၄ | ၉၅.၆ | ၉၃.၅ | ၉၃.၉ | ၉၅.၀ | ၉၃.၀ |
| နေပြည်တော် | ၇၆၉,၈၇၀ | ၃၃၆,၆၆၅ | ၄၃၃,၂၀၅ | ၉၄.၀ | ၉၆.၅ | ၉၂.၁ | ၉၃.၇ | ၉၆.၀ | ၉၁.၉ |

ပြည်ထောင်စုအဆင့်တွင် အသက် ၁၅ နှစ်နှင့်အထက် အရွယ်ရောက်ပြီးသူ ၁၀ ဦးလျှင် ၉ ဦးသည် စာရေးနိုင်၊ ဖတ်နိုင်ပြီး စာတတ်မြောက်မှုနှုန်းမှာ ၉၂.၁ ရာခိုင်နှုန်းရှိပါသည်။ အခြေခံ

သင်္ချာတွက်ချက်နိုင်မှုသည် ၉၂.၃ ရာခိုင်နှုန်းဖြင့် ထပ်တူနီးပါးရှိရာ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စာရေးစာဖတ်ခြင်းနှင့် အခြေခံတွက်ချက်မှု စွမ်းရည်များသည် ညီမျှစွာရှိကြောင်း ညွှန်ပြနေပါသည်။ မြို့ပြ/ကျေးလက် ခွဲခြားလေ့လာရာတွင် မြို့ပြတွင် စာတတ်မြောက်မှုနှုန်း ၉၅.၀ ရာခိုင်နှုန်းရှိပြီး ကျေးလက်တွင် ၉၀.၁ ရာခိုင်နှုန်းရှိ၍ မြို့ပြနှင့်ကျေးလက် ရာခိုင်နှုန်းကွာခြားမှု ၅ ရှိပါသည်။ အလားတူပင် တွက်ချက်နိုင်မှုတွင်လည်း မြို့ပြသည် ၉၅.၁ ရာခိုင်နှုန်းဖြစ်ပြီး ကျေးလက်သည် ၉၀.၅ ရာခိုင်နှုန်းဖြစ်၍ မြို့ပြနှင့်ကျေးလက် ရာခိုင်နှုန်းကွာခြားချက် ၄ မှ ၅ အထိ ရှိကြောင်းတွေ့ရှိရပါသည်။

အခြေခံစာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုစွမ်းရည်များသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွဲပြားခြားနားမှုရှိကြောင်း ပုံ (၅.၁) တွင် ရှင်းလင်းစွာပြသနေပါသည်။ ရန်ကုန်၊ ပဲခူး၊ မန္တလေးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည် စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှု နှစ်ရပ်စလုံးတွင် ၉၄ ရာခိုင်နှုန်းကျော်ဖြင့် ထိပ်ဆုံးမှရပ်တည်နေပြီး တစ်နိုင်ငံလုံး၏ ပျမ်းမျှ (စာတတ်မြောက်မှု ၉၂.၁%၊ တွက်ချက်နိုင်မှု ၉၂.၃%) ကို သိသာစွာကျော်လွန် နေကြောင်းတွေ့ရပါသည်။ နေပြည်တော်၊ တနင်္သာရီ၊ ကချင်နှင့် မကွေးတို့မှာ တစ်နိုင်ငံလုံး၏ ပျမ်းမျှဝန်းကျင်တွင်ရှိနေပါသည်။ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုစွမ်းရည်သည် မြို့ပြဒေသများတွင် သာလွန်သည်ဟူသော သမားရိုးကျ ကန့်သတ်ချက်မရှိတော့ကြောင်း အဆိုပါအချက်အလက်များက ဖော်ညွှန်းနေပါသည်။

စာတတ်မြောက်မှုကိုပြဆိုသောပုံတွင် ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့သည် တစ်နိုင်ငံလုံး ပျမ်းမျှရာခိုင်နှုန်းအောက် အနည်းငယ်သာရောက်ရှိကြ၍ ကြိုးပမ်းဆောင်ရွက်ပါက ပိုမိုတိုးတက်သောအဆင့်သို့ ရောက်ရှိနိုင်ကြောင်း ဖော်ပြနေပါသည်။ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှုနှုန်းများကိုဖော်ပြသည့် ပုံနှစ်ခုစလုံး၏အောက်ခြေ (တစ်နိုင်ငံလုံး၏ပျမ်းမျှအောက်) တွင်ရှိသည့်ဒေသများတွင် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ပါဝင်ပါသည်။ အထင်ရှားဆုံးမှာ ရခိုင်ပြည်နယ်ဖြစ်၍ စာတတ်မြောက်မှု ၇၀ ရာခိုင်နှုန်းကျော်သာရှိကြောင်း တွေ့ရပါသည်။ အဆိုပါအချက်အလက်များက တိုင်းဒေသကြီးများနှင့် ပြည်နယ်များအကြား မညီမျှမှုများ ဆက်လက်တည်ရှိနေဆဲဖြစ်ကြောင်း မီးမောင်းထိုးပြနေပါသည်။

တိုင်းဒေသကြီး/ပြည်နယ်အများစုတွင် စာတတ်မြောက်မှုနှင့်တွက်ချက်နိုင်မှု စွမ်းရည်နှစ်ရပ်လုံးသည် အဆင့်တူညီသော်လည်း ဖွံ့ဖြိုးမှုနောက်ကျသောဒေသများ အထူးသဖြင့် ကရင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် တွက်ချက်နိုင်မှုမှာ စာတတ်မြောက်မှုထက် အနည်းငယ်သာလွန်သည်ကိုတွေ့ရှိရပါသည်။

ဤအချက်အလက်များက အဓိကသတင်းစကားနှစ်ခုကို ဖော်ညွှန်းနေပါသည်။ မြန်မာနိုင်ငံသည် ဒေသများစွာတွင် စာရေးစာဖတ်နှင့် တွက်ချက်မှုဆိုင်ရာ အခြေခံကျွမ်းကျင်မှုများ အပြည့်အဝနီးပါးရရှိအောင် ဆောင်ရွက်နိုင်ခဲ့သော်လည်း ပြည်နယ်အနည်းငယ်မှာမူ ပြည်ထောင်စု ပျမ်းမျှအောက်တွင် များစွာနိမ့်ကျနေဆဲဖြစ်ပါသည်။ ထိုဒေသများကို ဦးတည်ထားသော စာတတ်မြောက်ရေး အစီအစဉ်များနှင့် ဒုတိယအခွင့်အလမ်း သင်ယူမှုအစီအစဉ်များကို ပိုမိုစီစဉ်ဆောင်ရွက်နိုင်ပါက အကျိုးကျေးဇူးများစွာကို ရရှိစေမည်ဖြစ်ပါသည်။

ပုံ (၅.၁)။ အသက် ၁၅ နှစ်နှင့်အထက်အိမ်ထောင်စုလူဦးရေ၏ စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှု







## ၅.၁.၂ ကျောင်းတက်ရောက်မှုအခြေအနေ

မြန်မာနိုင်ငံရှိ အသက် ၃ နှစ်မှ ၂၅ နှစ်ကြား လူဦးရေ ၁၀.၅ သန်းခန့်အနက် ၅၆.၁ ရာခိုင်နှုန်းသည် လက်ရှိတွင် ကျောင်းတက်နေကြသူများဖြစ်ပြီး ၃၄.၁ ရာခိုင်နှုန်းမှာ ယခင်က ကျောင်းတက်ခဲ့ဖူးသူများ ဖြစ်ပါသည်။ ကျောင်းလုံးဝမတက်ဘူးသူ ၉.၈ ရာခိုင်နှုန်း ရှိပါသည်။

ပုံ (၅.၂) တွင် အသက် ၃ နှစ်မှ ၂၅ နှစ်ကြား မြို့ပြနှင့် ကျေးလက်တွင်နေထိုင်သူများ၏ ကျောင်းတက်ရောက်မှုအခြေအနေကို လက်ရှိကျောင်းတက်နေသူများ၊ ယခင်က ကျောင်းတက်ရောက်ဖူးသူများနှင့် လုံးဝကျောင်းမတက်ဘူးသူများဟူ၍ အုပ်စုသုံးစုခွဲကာ နှိုင်းယှဉ်ဖော်ပြထားပါသည်။

မြို့ပြဒေသများသည် ကျေးလက်ဒေသများထက် လက်ရှိကျောင်းတက်ရောက်နေသူ အချိုးအစား ပိုမိုများပြားသည်ကိုတွေ့ရပါသည်။ မြို့ပြဒေသ၌ ၅၇.၄ ရာခိုင်နှုန်းရှိပြီး ကျေးလက်ဒေသ၌ ၅၅.၂ ရာခိုင်နှုန်းရှိသဖြင့် ရာခိုင်နှုန်းကွာခြားမှု ၂ ရှိပါသည်။ ဤပုံစံသည် အမျိုးသမီးများနှင့် (မြို့ပြ ၅၆.၂%၊ ကျေးလက် ၅၅.၄%) အမျိုးသားများတွင်လည်း (မြို့ပြ ၅၈.၈%၊ ကျေးလက် ၅၅.၁ %) ပုံစံတူညီကြောင်းတွေ့ရှိရပါသည်။

ယခင်ကကျောင်းတက်ခဲ့ဖူးသူများ၏ ရာခိုင်နှုန်းသည်လည်း မြို့ပြဒေသတွင် ပိုမိုမြင့်မားသည်ကို တွေ့ရပါသည်။ မြို့ပြတွင်နေထိုင်သူများအနက် ယခင်က ကျောင်းတက်ဖူးသူ ၃၅.၄ ရာခိုင်နှုန်းရှိပြီး ကျေးလက်နေထိုင်သူများတွင် ၃၃.၄ ရာခိုင်နှုန်းသာရှိရာ ရာခိုင်နှုန်းကွာခြားမှု ၂ သာရှိပါသည်။ အမျိုးသမီးများတွင် ဤကွာဟချက်ကပိုမိုကြီးမားကာ မြို့ပြနေ အမျိုးသမီး ၃၇.၀ ရာခိုင်နှုန်းနှင့် ကျေးလက်နေ အမျိုးသမီး ၃၃.၇ ရာခိုင်နှုန်းတို့ကြား ၃.၃ ကွာဟမှုရှိပါသည်။ ဤအချက်အလက်များသည် မြို့ပြဒေသများတွင် ပညာရေးအခွင့်အလမ်းများ ပိုမိုရရှိခဲ့ကြောင်း ညွှန်ပြနေပါသည်။

မြို့ပြ၏ အားသာချက်သည် ကျောင်းလုံးဝမတက်ဘူးသူများအုပ်စုတွင် ပို၍ပင် ထင်ရှားနေကြောင်း တွေ့ရပါသည်။ မြို့ပြနေထိုင်သူများ၏ ၇.၂ ရာခိုင်နှုန်းသာ ကျောင်းလုံးဝမတက်ဘူးသူများဖြစ်ပြီး ကျေးလက်ဒေသများတွင်မူ ၁၁.၄ ရာခိုင်နှုန်း ရှိပါသည်။ ဤကွာဟချက်အား အမျိုးသား (မြို့ပြ ၇.၅%၊ ကျေးလက် ၁၁.၉%) နှင့် အမျိုးသမီး (မြို့ပြ ၆.၈%၊ ကျေးလက် ၁၀.၉%) နှစ်မျိုးလုံးတွင် ရှင်းလင်းစွာမြင်တွေ့နိုင်ပါသည်။

ဇယား (၅.၂)။ အသက် ၃ နှစ်မှ ၂၅ နှစ်ရှိ အိမ်ထောင်စုလူဦးရေ၏ ကျောင်းတက်ရောက်မှု အခြေအနေကို မြို့ပြ/ကျေးလက်အလိုက် ကျား/မခွဲခြားဖော်ပြသောဇယား

| မြို့ပြ/ ကျေးလက် | ကျောင်းတက်နေသူ | | | ကျောင်းတက်ဖူးသူ | | | လုံးဝကျောင်းမတက်ဘူးသူ | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| လူဦးရေ | ၅,၈၅၂,၇၄၀ | ၂,၈၆၅,၈၈၄ | ၂,၉၈၆,၈၅၆ | ၃,၅၆၂,၅၂၄ | ၁,၆၉၀,၀၁၁ | ၁,၈၇၂,၅၁၃ | ၁,၀၂၅,၆၃၀ | ၅၂၂,၇၄၇ | ၅၀၂,၈၈၃ |
| ပြည်ထောင်စု | ၅၆.၁ | ၅၆.၄ | ၅၅.၇ | ၃၄.၁ | ၃၃.၃ | ၃၄.၉ | ၉.၈ | ၁၀.၂ | ၉.၄ |
| မြို့ပြ | ၅၇.၄ | ၅၈.၈ | ၅၆.၂ | ၃၅.၄ | ၃၃.၇ | ၃၇.၀ | ၇.၂ | ၇.၅ | ၆.၈ |
| ကျေးလက် | ၅၅.၂ | ၅၅.၁ | ၅၅.၄ | ၃၃.၄ | ၃၃.၀ | ၃၃.၇ | ၁၁.၄ | ၁၁.၉ | ၁၀.၉ |

ပုံ (၅.၂)။ အသက် ၃ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ မြို့ပြနှင့်ကျေးလက်အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ




ကျောင်းတက်ရောက်မှုနှုန်းများကို လေ့လာပါက တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွာခြားမှုရှိသည်ကို တွေ့ရပါသည်။ လက်ရှိကျောင်းတက်ရောက်နေမှုတွင် နေပြည်တော်သည် ၆၄.၉ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး ကချင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့သည် ၆၄.၅ ရာခိုင်နှုန်း၊ ၆၁.၆ ရာခိုင်နှုန်း နှင့် ၆၁.၄ ရာခိုင်နှုန်းတို့ အသီးသီးရှိကြသည်ကို တွေ့ရပါသည်။ ရခိုင်ပြည်နယ်သည် လက်ရှိကျောင်းတက်ရောက်မှုနှုန်း အနိမ့်ဆုံးဖြစ်ပြီး ၃၉.၄ ရာခိုင်နှုန်းသာ ရှိပါသည်။ (ဇယား ၅.၃ နှင့် ပုံ ၅.၃)

ယခင်က ကျောင်းတက်ရောက်မှုနှုန်းကို ထည့်သွင်းစဉ်းစားပါက ရန်ကုန်တိုင်းဒေသကြီးသည် ထိပ်ဆုံးနေရာတွင်ရပ်တည်နေပြီး ၄၀.၁ ရာခိုင်နှုန်းသည် အနည်းဆုံးအတန်းပညာ တစ်ပိုင်းတစ်စ သင်ယူခဲ့ဖူးသူများဖြစ်ကာ ၇.၅ ရာခိုင်နှုန်းသာ လုံးဝကျောင်းမတက်ဘူးသူများ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည် ယခင်က ကျောင်းတက်ရောက်ခဲ့ဖူးသူရာခိုင်နှုန်း အနည်းဆုံး (၂၄.၁%) ဖြစ်ပြီး လုံးဝကျောင်းမတက်ဘူးသူရာခိုင်နှုန်း အများဆုံး (၃၆.၄%) ဖြစ်ပါသည်။ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့တွင်လည်း လုံးဝကျောင်းမတက်ဘူးသူ များပြားပြီး ၁၂.၉ ရာခိုင်နှုန်းနှင့် ၁၇.၁ ရာခိုင်နှုန်း အသီးသီးရှိကြပါသည်။(ဇယား ၅.၃ နှင့် ပုံ ၅.၃)

ဇယား (၅.၃)။ အသက် ၃ နှစ်မှ ၂၅ နှစ်ရှိ အိမ်ထောင်စုလူဦးရေ၏ ကျောင်းတက်ရောက်မှု အခြေအနေကို တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျား/မခွဲခြားဖော်ပြသောဇယား

| တိုင်းဒေသကြီး/ ပြည်နယ် | စုစုပေါင်း လူဦးရေ | ကျောင်းတက်နေသူ | ကျောင်းတက်ဖူးသူ | လုံးဝ ကျောင်းမတက်ဘူးသူ |
|---|---|---|---|---|
| **ပြည်ထောင်စု** | **၁၀,၄၄၀,၈၉၄** | **၅၆.၁** | **၃၄.၁** | **၉.၈** |
| ကချင် | ၂၇၆,၇၅၄ | ၆၄.၅ | ၃၀.၉ | ၄.၇ |
| ကယား | ၁၁,၂၅၀ | ၆၀.၇ | ၃၂.၂ | ၇.၁ |
| ကရင် | ၂၉၅,၁၈၄ | ၅၅.၁ | ၃၂.၁ | ၁၂.၉ |
| ချင်း | ၇,၅၃၇ | ၅၈.၂ | ၃၄.၉ | ၆.၉ |
| စစ်ကိုင်း | ၂၇၃,၉၇၃ | ၆၁.၄ | ၂၆.၇ | ၁၁.၉ |
| တနင်္သာရီ | ၃၀၀,၄၄၁ | ၅၅.၁ | ၃၅.၅ | ၉.၄ |
| ပဲခူး | ၁,၂၈၄,၀၂၅ | ၅၆.၅ | ၃၄.၉ | ၈.၆ |
| မကွေး | ၆၂၄,၉၈၁ | ၆၁.၆ | ၂၉.၃ | ၉.၁ |
| မန္တလေး | ၁,၃၃၄,၁၁၀ | ၅၇.၅ | ၃၅.၁ | ၇.၄ |
| မွန် | ၄၄၇,၄၆၃ | ၅၉.၆ | ၃၀.၆ | ၉.၈ |
| ရခိုင် | ၁၀၅,၂၅၉ | ၃၉.၄ | ၂၄.၁ | ၃၆.၄ |
| ရန်ကုန် | ၂,၁၄၈,၂၈၉ | ၅၂.၃ | ၄၀.၁ | ၇.၅ |
| ရှမ်း | ၁,၀၀၇,၂၁၇ | ၄၈.၈ | ၃၄.၁ | ၁၇.၁ |
| ဧရာဝတီ | ၁,၉၄၉,၉၇၅ | ၅၇.၆ | ၃၂.၁ | ၁၀.၃ |
| နေပြည်တော် | ၃၇၄,၄၃၆ | ၆၄.၉ | ၂၇.၃ | ၇.၈ |

ပုံ (၅.၃)။ အသက် ၃ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကျောင်းတက်ရောက်မှုအခြေအနေ



ဇယား (၅.၄) နှင့် ပုံ (၅.၄) တို့တွင် မြန်မာနိုင်ငံလူဦးရေအား ငါးနှစ်အလိုက် အသက်အုပ်စုများခွဲ၍ ပညာရေးစနစ်အတွင်း ၎င်းတို့မည်သို့ပါဝင်ခဲ့သည်ကို အသေးစိတ်ဖော်ပြထားပြီး လက်ရှိကျောင်းတက်နေသူများ၊ ကျောင်းတက်ခဲ့ဖူးသူများနှင့် လုံးဝကျောင်းမတက်ဘူးသူများဟု ခွဲခြားဖော်ပြထားပါသည်။ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းမှရရှိခဲ့သော ဤကိန်းဂဏန်းများသည် ကိုဗစ်ကပ်ရောဂါ ဖြစ်ပွားပြီးနောက် မြန်မာနိုင်ငံ၏ ကျောင်းပညာသင်ကြားမှုအခြေအနေ၊ ကျား/မ ကွာခြားချက်များအား ပထမဆုံးအကြိမ်အဖြစ် ပြည့်စုံစွာဖော်ပြပေးနိုင်ခဲ့ပါသည်။

ဇယား (၅.၄)။ ပြည်ထောင်စုရှိ အသက် ၃ နှစ်နှင့်အထက် အိမ်ထောင်စုလူဦးရေ၏ ကျောင်းတက်ရောက်မှုအခြေအနေကို ကျား/မခွဲခြား ဖော်ပြသောဇယား

| အသက်အုပ်စု | စုစုပေါင်းလူဦးရေ | | | ကျောင်းတက်နေသူ (ရာခိုင်နှုန်း) | | | ကျား/မ ကွာခြားချက် | ကျောင်းတက်ဖူးသူ (ရာခိုင်နှုန်း) | | | ကျား/မ ကွာခြားချက် | လုံးဝကျောင်းမတက်ဘူးသူ (ရာခိုင်နှုန်း) | | | ကျား/မ ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | | ပေါင်း | ကျား | မ | | ပေါင်း | ကျား | မ | |
| ၃-၄ | ၈၂၇,၉၀၃ | ၄၂၁,၉၄၁ | ၄၀၅,၉၆၂ | ၂၂.၅ | ၂၂.၃ | ၂၂.၈ | -၀.၅ | ၀.၀ | ၀.၀ | ၀.၀ | ၀.၀ | ၇၇.၅ | ၇၇.၇ | ၇၇.၂ | ၀.၅ |
| ၅-၉ | ၂,၄၈၅,၄၄၂ | ၁,၂၆၁,၅၀၆ | ၁,၂၂၃,၉၃၆ | ၉၀.၉ | ၉၀.၆ | ၉၁.၂ | -၀.၆ | ၂.၄ | ၂.၅ | ၂.၄ | ၀.၁ | ၆.၇ | ၆.၉ | ၆.၄ | ၀.၅ |
| ၁၀-၁၄ | ၂,၅၀၉,၁၂၇ | ၁,၂၄၇,၇၉၇ | ၁,၂၆၁,၃၃၀ | ၈၄.၂ | ၈၃.၈ | ၈၄.၆ | -၀.၈ | ၁၃.၄ | ၁၃.၇ | ၁၃.၁ | ၀.၆ | ၂.၄ | ၂.၅ | ၂.၃ | ၀.၂ |
| ၁၅-၁၉ | ၂,၂၅၁,၇၇၃ | ၁,၀၈၄,၁၀၀ | ၁,၁၆၇,၆၇၃ | ၄၃.၃ | ၄၁.၈ | ၄၄.၇ | -၂.၉ | ၅၃.၉ | ၅၅.၄ | ၅၂.၆ | ၂.၈ | ၂.၈ | ၂.၈ | ၂.၇ | ၀.၁ |
| ၂၀-၂၄ | ၁,၉၇၁,၇၅၁ | ၈၈၇,၃၄၅ | ၁,၀၈၄,၄၀၆ | ၁၅.၀ | ၁၃.၄ | ၁၆.၂ | -၂.၈ | ၈၁.၂ | ၈၂.၆ | ၈၀.၂ | ၂.၄ | ၃.၈ | ၄.၀ | ၃.၆ | ၀.၄ |
| ၂၅-၂၉ | ၁,၉၄၂,၉၂၈ | ၈၆၂,၄၉၂ | ၁,၀၈၀,၄၃၆ | ၃.၁ | ၃.၅ | ၂.၇ | ၀.၈ | ၉၂.၄ | ၉၁.၈ | ၉၂.၉ | -၁.၁ | ၄.၅ | ၄.၇ | ၄.၄ | ၀.၃ |
| ၃၀-၃၄ | ၂,၀၇၁,၃၀၈ | ၉၁၇,၆၉၅ | ၁,၁၅၃,၆၁၃ | ၀.၆ | ၀.၈ | ၀.၅ | ၀.၃ | ၉၄.၃ | ၉၄.၁ | ၉၄.၅ | -၀.၄ | ၅.၁ | ၅.၁ | ၅.၀ | ၀.၁ |
| ၃၅-၃၉ | ၂,၂၂၇,၃၅၈ | ၁,၀၁၁,၃၇၄ | ၁,၂၁၅,၉၈၄ | ၀.၄ | ၀.၅ | ၀.၃ | ၀.၂ | ၉၃.၈ | ၉၄.၁ | ၉၃.၆ | ၀.၅ | ၅.၈ | ၅.၄ | ၆.၁ | -၀.၇ |
| ၄၀-၄၄ | ၂,၁၈၈,၇၆၃ | ၉၈၉,၆၄၄ | ၁,၁၉၉,၁၁၉ | ၀.၃ | ၀.၄ | ၀.၃ | ၀.၁ | ၉၃.၁ | ၉၃.၇ | ၉၂.၆ | ၁.၁ | ၆.၆ | ၅.၉ | ၇.၁ | -၁.၂ |
| ၄၅-၄၉ | ၂,၀၀၈,၁၄၄ | ၈၉၅,၂၀၃ | ၁,၁၁၂,၉၄၁ | ၀.၃ | ၀.၄ | ၀.၃ | ၀.၁ | ၉၂.၃ | ၉၃.၁ | ၉၁.၆ | ၁.၅ | ၇.၄ | ၆.၅ | ၈.၁ | -၁.၆ |
| ၅၀+ | ၇,၇၀၂,၈၈၅ | ၃,၂၈၈,၆၆၆ | ၄,၄၁၄,၂၁၉ | ၀.၃ | ၀.၃ | ၀.၂ | ၀.၁ | ၈၈.၅ | ၉၀.၆ | ၈၇.၀ | ၃.၆ | ၁၁.၂ | ၉.၁ | ၁၂.၈ | -၃.၇ |

လက်ရှိကျောင်းတက်ရောက်မှုနှုန်းသည် မူကြိုအရွယ်ပြီးနောက် သိသာစွာတိုးတက်လာကာ မူလတန်းအရွယ်အစောပိုင်းနှစ်များတွင် အမြင့်ဆုံးသို့ရောက်ရှိပါသည်။ အသက် ၃-၄ နှစ်အရွယ်ကလေးများတွင် ငါးဦးလျှင်တစ်ဦးသာ ကျောင်းတက်ရောက်သော်လည်း အသက် ၅-၉ နှစ်အရွယ်တွင် ဆယ်ဦးလျှင်ကိုးဦး ကျောင်းတက်နေပါသည်။ အသက် ၁၀-၁၄ နှစ် အရွယ်တွင် ၈၄.၂ ရာခိုင်နှုန်းအထိရှိခဲ့ပြီး ၁၅-၁၉ နှစ်အရွယ်တွင် ၄၃.၃ ရာခိုင်နှုန်းအထိ ထက်ဝက်ခန့် ကျဆင်းခဲ့ပါသည်။ အသက် ၂၀-၂၄ နှစ်တွင် ၁၅ ရာခိုင်နှုန်းသို့ သိသိသာသာ လျော့ကျသွားပါသည်။ အသက် ၂၅ နှစ်နောက်ပိုင်းတွင် ကျောင်းတက်ရောက်မှုနှုန်း မရှိသလောက် နည်းပါးသွားပြီး သက်လတ်ပိုင်းတွင် အဆင့်မြင့်ပညာ ဆက်လက်သင်ယူသူ သို့မဟုတ် ကျောင်းပြန်တက်သူ အနည်းငယ်သာရှိကြောင်း တွေ့ရှိရပါသည်။

အသက် ၁၅ နှစ်နှင့်အထက် လူအများစုက "ယခင်က ကျောင်းတက်ခဲ့ဖူးသည်" ဟု ဖြေကြားခဲ့ပါသည်။ အသက် ၁၅-၁၉ နှစ်အရွယ်လူငယ်များ၏ ထက်ဝက်ကျော်သည် ကျောင်းမနေကြတော့ဘဲ အသက် ၂၅-၂၉ နှစ်အရွယ်တွင် ၉၂.၄ ရာခိုင်နှုန်းအထိ ရှိလာကာ အသက် ၄၀ ကျော်အရွယ်တွင် ၉၄ ရာခိုင်နှုန်းခန့် ရှိပါသည်။ အသက် ၅၀ နှစ် နောက်ပိုင်းတွင် ကျောင်းတက်ရောက်ဖူးသူ အချိုးအစားသည် ၈၈.၅ ရာခိုင်နှုန်းသို့ကျဆင်းသွားရာ သက်ကြီးမျိုးဆက်များတွင် ကျောင်းတက်ရောက်ခဲ့မှု နည်းပါးခဲ့ကြောင်း ဖော်ပြနေပါသည်။

လက်ရှိတွင် လူငယ်များအကြား ကျောင်းလုံးဝမတက်ဘူးသူ အနည်းငယ်သာရှိပါသည်။ အသက် ၁၀-၁၄ နှစ်အရွယ်တွင် ၂.၄ ရာခိုင်နှုန်း၊ ၁၅-၁၉ နှစ်အရွယ်တွင် ၂.၈ ရာခိုင်နှုန်းနှင့် ၂၀-၂၄ နှစ်အရွယ်တွင် ၃.၈ ရာခိုင်နှုန်းသည်ကျောင်းလုံးဝမတက်ဘူးကြောင်း တွေ့ရပါသည်။ ဤနှုန်းသည် အသက် ၃၀ နှစ်ပိုင်း (၅%ခန့်) နှင့် ၄၀ နှစ်ပိုင်း (၆-၇%) တို့တွင် တဖြည်းဖြည်းတက်လာပြီး အသက် ၅၀ အထက်တွင် ၁၁.၂ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါသည်။

မြန်မာနိုင်ငံ၏ အသက်အလိုက် ပညာရေးအဆင့်အတန်းများ ကွာခြားမှုများသည် နိုင်ငံ၏ အခြေခံပညာရေးကို ကာလကြာရှည်စွာကြိုးပမ်း၍ အောင်မြင်စွာ မြှင့်တင်နိုင်ခဲ့သည်ကို ထင်ရှားစွာ ပြသနေပါသည်။ သို့ရာတွင် ဤအချက်အလက်များကပင် ကျောင်းတက်ရန် အခွင့်အလမ်းမရရှိခဲ့သော သက်ကြီးရွယ်အိုအုပ်စုတစ်စုသည် ယနေ့တိုင်တည်ရှိနေဆဲဖြစ်ကြောင်းကိုလည်း မီးမောင်းထိုးပြနေပါသည်။

ပုံ (၅.၄)။ ပြည်ထောင်စုရှိအသက် ၃ နှစ်နှင့်အထက်လူဦးရေ၏ကျောင်းတက်ရောက်မှုအခြေအနေ




## ၅.၁.၃ လက်ရှိကျောင်းတက်ရောက်မှုအခြေအနေ (အသက် ၅ နှစ်မှ ၂၉ နှစ်)

ပုံ (၅.၅) တွင် အသက် ၅ နှစ်မှ ၂၉ နှစ်အတွင်း အသက်အလိုက် လက်ရှိကျောင်းတက်ရောက်နေသူများ၏အချိုးကို ဖော်ပြထားပြီး မျှော်မှန်းထားသည့် သမားရိုးကျ ကျောင်းတက်ရောက်မှုပုံစံကို ထင်ဟပ်ပြသပါသည်။

အသက် ၅ နှစ်မှ ၆ နှစ်အတွင်း လက်ရှိကျောင်းတက်ရောက်နှုန်းသည် သိသာစွာ စတင်မြင့်တက်လာပြီး အသက် ၇ နှစ်အရွယ်တွင် ၉၅ ရာခိုင်နှုန်းနီးပါးအထိ ရောက်ရှိပါသည်။ အသက် ၇ နှစ်မှ ၁၀ နှစ်အရွယ်ထိ အဆိုပါနှုန်းအတိုင်းဆက်လက်ရှိနေပြီး အလယ်တန်းအဆင့်သို့ ကူးပြောင်းသည့် အသက် ၁၁ နှစ်မှစ၍ တဖြည်းဖြည်း လျော့ကျလာခဲ့ပါသည်။ အသက် ၁၅ နှစ်တွင် လူငယ် ၅ ဦး အနက် ၃ ဦးသည် ကျောင်းတက်ဆဲဖြစ်ပြီး အသက် ၁၆ နှစ်တွင် ၅၀.၈ ရာခိုင်နှုန်း၊ ၁၈ နှစ်တွင် ၃၂.၉ ရာခိုင်နှုန်း၊ အသက် ၂၄ နှစ်တွင် ၁၀ ရာခိုင်နှုန်းအောက်သို့ လျင်မြန်စွာ ကျဆင်းသွားပါသည်။ အသက် ၂၅ နှစ်အရွယ်မှစ၍ ကျောင်းတက်နေသူ မရှိသလောက်ဖြစ်လာပြီး အဆင့်မြင့်ပညာရေးသို့မဟုတ် အသက်မွေးဝမ်းကျောင်း သင်တန်းများ ဆက်လက်တက်ရောက်နေသော သက်ကြီးကျောင်းသားအနည်းငယ်သာရှိပါသည်။

ယောကျ်ားလေးနှင့် မိန်းကလေး ကျောင်းတက်ရောက်နှုန်းသည် အသက် ၁၂ နှစ်အထိ အတူတူနီးပါးဖြစ်ပါသည်။ အသက် ၁၃-၁၈ နှစ်တွင် မိန်းကလေးများ၏ ကျောင်းတက်နှုန်းသည်

ယောက်ျားလေးများထက် ရာခိုင်နှုန်းအနည်းငယ် မြင့်မားပါသည်။ အသက် ၂၀ ဝန်းကျင်တွင် ကျောင်းတက်နှုန်းသည် ထပ်တူညီသွားပြီး အဆင့်မြင့်ပညာ (တက္ကသိုလ်) တက်နေသူများတွင် ကျား/မအချိုးညီမျှကြောင်း ဖော်ပြနေပါသည်။

ပုံ (၅.၅)။ အသက် ၅ နှစ်မှ ၂၉ နှစ်လူဦးရေ၏ ကျား/မအလိုက် လက်ရှိကျောင်းတက်ရောက်မှု




## ၅.၁.၄ အမြင့်ဆုံးတက်ရောက်အောင်မြင်ခဲ့သည့်အတန်း/ပညာအဆင့်

ဇယား (၅.၅) တွင် အရွယ်ရောက်ပြီးသူများ ပြီးမြောက်ခဲ့သည့် အမြင့်ဆုံး ပညာအရည်အချင်းကို ဖော်ပြထားရာ မူလတန်းကျောင်း မပြီးမြောက်သေးသူများမှသည် ဘွဲ့လွန်ဒီဂရီရသူများအထိ ပါဝင်ပါသည်။

အရွယ်ရောက်ပြီးသူလူဦးရေစုစုပေါင်း၏ ထက်ဝက်နီးပါးဖြစ်သော ၄၆ ရာခိုင်နှုန်းသည် KG သို့မဟုတ် မူလတန်းအဆင့်ကိုသာ ပြီးမြောက်ခဲ့ကြပါသည်။ ဤအဆင့်တွင် အမျိုးသားများ (၄၃.၆%) ထက် အမျိုးသမီးများ (၄၈.၀%) က ပိုမိုများပြားပြီး ကျား/မရာခိုင်နှုန်းကွာခြားချက် ၄.၄ ရှိပါသည်။

ဒုတိယအများဆုံးအုပ်စုမှာ အလယ်တန်းအဆင့်ပညာရေး ပြီးမြောက်သူများဖြစ်ပြီး လူဦးရေ၏ ၂၃.၈ ရာခိုင်နှုန်း ရှိပါသည်။ ဤအုပ်စုတွင် အမျိုးသမီးများ (၂၁.၉%) ထက် အမျိုးသားများ (၂၆.၀%) ပိုမိုများပြားပြီး ကျား/မ ရာခိုင်နှုန်းကွာခြားချက် ၄.၁ ဖြင့် အမျိုးသားများက ဦးဆောင်နေပါသည်။

အထက်တန်းဆင့်ပြီးမြောက်သူသည် လူဦးရေ၏ ၁၄.ဝ ရာခိုင်နှုန်းရှိပါသည်။ ဤအဆင့်တွင်လည်း အမျိုးသားများက ၁၅.၆ ရာခိုင်နှုန်းဖြင့် အမျိုးသမီးများ၏ ၁၂.၆ ရာခိုင်နှုန်းထက်သာလွန်နေပြီး ကျား/မကွာခြားချက် ၃ ဖြင့် အမျိုးသားများက ပိုများနေပါသည်။ နည်းပညာနှင့် သက်မွေးပညာသင်တန်း (TVET) အောင်မြင်သူများ၊ သို့မဟုတ် မဟာဘွဲ့၊ ပါရဂူဘွဲ့ရရှိသူများသည် ဝ.၁ ရာခိုင်နှုန်းမှ ဝ.၂ ရာခိုင်နှုန်းသာရှိကြောင်းတွေ့ရပြီး ကျား/မကွာခြားမှု မရှိသလောက်ဖြစ်သည်ကို တွေ့ရပါသည်။

တက္ကသိုလ်/ကောလိပ်အဆင့်တစ်ခုခုကို တက်ရောက်ပြီးသူများသည် ၁.၆ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသား ၂.ဝ ရာခိုင်နှုန်း၊ အမျိုးသမီး ၁.၃ ရာခိုင်နှုန်းဖြစ်၍ အမျိုးသားများက ပို၍မြင့်မားပါသည်။ ဘွဲ့ရရှိသူများ (မဟာဘွဲ့အောက်အဆင့်) သည် ၁၁.၅ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများက ၁၃.၂ ရာခိုင်နှုန်း၊ အမျိုးသားများက ၉.၅ ရာခိုင်နှုန်းဖြစ်၍ ကျား/မကွာခြားချက် ၃.၇ ရှိပါသည်။

ဤကိန်းဂဏန်းအချက်အလက်များအရ မူလတန်းပညာရေးတွင် အမျိုးသမီးများ၏ ပါဝင်မှုမြင့်မားသည်ကိုပြသနေသော်လည်း အလယ်အလတ်အဆင့်ပညာရေးတွင် အမျိုးသားများက ပိုမိုလွှမ်းမိုးနေသည်ကိုတွေ့ရပါသည်။ သို့ရာတွင် ဘွဲ့ရအဆင့်တွင် အမျိုးသမီးများက ပြန်လည်ဦးဆောင်လာသည်ကို မြင်တွေ့ရပါသည်။

ဇယား (၅.၅)။ အသက် ၂၅ နှစ်နှင့်အထက်လူဦးရေကို အမြင့်ဆုံးအောင်မြင်ခဲ့သည့် အတန်း/ပညာအဆင့်အလိုက် ကျား/မခွဲခြား ဖော်ပြသောဇယား

| အမြင့်ဆုံးအောင်မြင်ခဲ့သည့် အတန်း/ပညာအဆင့် | စုစုပေါင်းလူဦးရေ | | | ရာခိုင်နှုန်း | | | ကျား/မ ကွာခြားချက် |
|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | |
| **စုစုပေါင်းလူဦးရေ** | **၁၈,၂၂၆,၆၉၁** | **၈,၃၃၀,၁၃၆** | **၉,၈၉၆,၅၅၅** | **၁၀၀** | **၁၀၀** | **၁၀၀** | |
| အတန်းတစ်တန်းမျှမအောင် | ၄၂၈,၁၉၇ | ၂၀၆,၂၀၉ | ၂၂၁,၉၈၈ | ၂.၄ | ၂.၅ | ၂.၂ | ဝ.၃ |
| မူကြို | ၄၅,၄၅၃ | ၁၉,၄၉၂ | ၂၅,၉၆၁ | ဝ.၂ | ဝ.၂ | ဝ.၃ | -ဝ.၁ |
| KG နှင့် မူလတန်း | ၈,၃၈၇,၃၂၂ | ၃,၆၃၁,၂၁၃ | ၄,၇၅၆,၁၀၉ | ၄၆.ဝ | ၄၃.၆ | ၄၈.ဝ | -၄.၄ |
| အလယ်တန်း | ၄,၃၃၄,၄၅၆ | ၂,၁၆၈,၆၁၇ | ၂,၁၆၅,၈၃၉ | ၂၃.၈ | ၂၆.ဝ | ၂၁.၉ | ၄.၁ |
| အထက်တန်း | ၂,၅၄၄,၉၃၅ | ၁,၂၉၉,၄၅၁ | ၁,၂၄၅,၄၈၄ | ၁၄.ဝ | ၁၅.၆ | ၁၂.၆ | ၃.ဝ |
| TVET | ၁၄,၈၇၃ | ၉,၆၅၃ | ၅,၂၂၀ | ဝ.၁ | ဝ.၁ | ဝ.၁ | ဝ.ဝ |
| တက္ကသိုလ်/ကောလိပ်/ ဘွဲ့ကြိုဒီပလိုမာ | ၂၉၅,၂၇၇ | ၁၆၄,၂၇၆ | ၁၃၁,ဝ၀၁ | ၁.၆ | ၂.ဝ | ၁.၃ | ဝ.၇ |
| ဘွဲ့ရ/ ဘွဲ့လွန်ဒီပလိုမာ | ၂,ဝ၉၃,၂၈၅ | ၇၈၉,၄၃၈ | ၁,၃၀၃,၈၄၇ | ၁၁.၅ | ၉.၅ | ၁၃.၂ | -၃.၇ |
| မဟာဘွဲ့/ပါရဂူဘွဲ့ | ၄၃,၆၅၄ | ၁၈,၅၆၆ | ၂၅,ဝ၈၈ | ဝ.၂ | ဝ.၂ | ဝ.၂ | ဝ.ဝ |
| အခြား | ၃၉,၂၃၉ | ၂၃,၂၂၁ | ၁၆,ဝ၁၈ | ဝ.၂ | ဝ.၃ | ဝ.၂ | ဝ.၁ |

### ၅.၁.၅ ကျောင်းဆက်မတက်ရသည့် အဓိကအကြောင်းရင်း

ပုံ (၅.၆) ပါ အချက်အလက်များအရ ကျောင်းသူကျောင်းသားအများစု ကျောင်းထွက်ရခြင်းသည် ပညာရေးစနစ်ကြောင့်မဟုတ်ဘဲ မိသားစုအတွင်းဖိအားများကြောင့်ဖြစ်ကြောင်း ဖော်ပြနေပါသည်။ အဓိကအကြောင်းရင်းတစ်ခုဖြစ်သည့် မိသားစုကိုကူညီရန်/ အိမ်အလုပ်များ လုပ်ကိုင်ရန်/ မိဘဆွေမျိုးများကို ပြုစုစောင့်ရှောက်ရန်အတွက် ကျောင်းထွက်ရခြင်းသည် ၂၇.၁ ရာခိုင်နှုန်းရှိနေရာ အိမ်မှုကိစ္စနှင့် ပြုစုစောင့်ရှောက်မှုတာဝန်များက ကလေးများနှင့် ဆယ်ကျော်သက်များကို ကျောင်းမှထွက်ရန်တွန်းအားပေးနေကြောင်း ပြဆိုနေပါသည်။

ဒုတိယအရေးပါသောအကြောင်းရင်းမှာ စီးပွားရေးနှင့်သက်ဆိုင်သည့် ကျောင်းစရိတ်မတတ်နိုင်ခြင်း (၂၀.၆%)၊ လုပ်ငန်းခွင်လိုအပ်ချက်များ (စိုက်ပျိုးရေး ၁၂.၁%၊ အခြားလုပ်ငန်းများ ၁၃.၁%) တို့ဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကျောင်းဆက်မနေနိုင်ကြသူများ၏ ထက်ဝက်ခန့်သည် မိသားစုလိုအပ်ချက် သို့မဟုတ် ပညာရေးအတွက် တိုက်ရိုက်/ သွယ်ဝိုက်စရိတ်များကို မတတ်နိုင်ခြင်းကြောင့် ဖြစ်ပါသည်။

ထို့အပြင် ကျောင်းဆက်မတက်သူများ၏ ၁၇.၃ ရာခိုင်နှုန်းက "လိုချင်သောပညာရေးအဆင့်ကိုပြီးမြောက်ပြီး" ကျောင်းထွက်ကြောင်း ဖြေဆိုထားကြရာ ၎င်းတို့ကိုယ်တိုင် သို့မဟုတ် ၎င်းတို့၏မိသားစုများက အလယ်/အထက်တန်းအဆင့်အထိသာ မျှော်မှန်းထားကြောင်း ညွှန်ပြနေပါသည်။ ကလေး၏သင်ယူမှုအခက်အခဲ သို့မဟုတ် စိတ်မဝင်စားမှု (၄.၄%)၊ နာမကျန်းခြင်း သို့မဟုတ် မသန်စွမ်းခြင်း (၂.၃%) ကဲ့သို့သော အကြောင်းရင်းများရှိသော်လည်း ရာခိုင်နှုန်းအနည်းငယ်သာရှိကြောင်း တွေ့ရပါသည်။

ကျောင်းသို့သွားရန် ဝေးလံခက်ခဲခြင်း၊ လုံခြုံရေးပြဿနာ၊ သဘာဝဘေးအန္တရာယ် သို့မဟုတ် လက်နက်ကိုင်ပဋိပက္ခကဲ့သို့သော ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ အတားအဆီးများသည် တစ်ခုချင်းစီအနေဖြင့် ၁ ရာခိုင်နှုန်းအောက်သာရှိပြီး၊ အရွယ်မရောက်မီ လက်ထပ်ခြင်း သို့မဟုတ် ကိုယ်ဝန်ဆောင်ခြင်းကြောင့် ကျောင်းထွက်ရသူမှာ ၁.၁ ရာခိုင်နှုန်းကျော်သာရှိပါသည်။ ဤအချက်က မြန်မာနိုင်ငံတွင် အရွယ်မရောက်မီ လက်ထပ်ခြင်းကဲ့သို့သော လူမှုရေးဓလေ့ထုံးစံများထက် စီးပွားရေးလိုအပ်ချက်များက ကျောင်းထွက်မှုကို ပိုမိုဖြစ်ပေါ်စေကြောင်း ညွှန်ပြနေပါသည်။

ပုံ (၅.၆)။ အသက် ၅ နှစ်မှ ၂၅ နှစ်အတွင်း အိမ်ထောင်စုလူဦးရေ၏ ကျောင်းဆက်မတက်ရသည့် အဓိကအကြောင်းရင်း




## ၅.၂ လုပ်သားအင်အားပါဝင်မှု

ဤအပိုင်းတွင် မြန်မာနိုင်ငံ၏ လုပ်သားအင်အားပြောင်းလဲမှုကို အသက်အရွယ်၊ ကျား/မ၊ နေထိုင်ရာဒေသနှင့် တိုင်းဒေသကြီး/ပြည်နယ်အလိုက် လေ့လာထားပါသည်။ အလုပ်အကိုင်အမျိုးအစားအလိုက် လေ့လာရာတွင် အစိုးရအလုပ်မှစ၍ ကိုယ်ပိုင်လုပ်ငန်း၊ လုပ်ခလစာမရသောမိသားစုဝင်လုပ်သား/ မိသားစုလုပ်ငန်းအထိ အသေးစိတ်ဖော်ပြထားပြီး၊ မြို့ပြနှင့် ကျေးလက်ဒေသအလိုက် နှိုင်းယှဉ်လေ့လာထားပါသည်။ ထို့ပြင် မြန်မာနိုင်ငံ၏ လုပ်သားဈေးကွက်ကို အပြည့်အဝနားလည်နိုင်စေရန် ရည်ရွယ်၍ လုပ်သားအင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့နှုန်းနှင့် လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုးများအပြင် ကျား/မကွာဟမှု၊ အလုပ်အကိုင်အခြေအနေနှင့် အသက်အရွယ်အလိုက် လုပ်သားအင်အားပါဝင်နှုန်းများကို သုံးသပ်လေ့လာထားပါသည်။

### ၅.၂.၁ လုပ်သားအင်အားဆိုင်ရာ အညွှန်းကိန်းများ

ဇယား (၅.၆) တွင် လုပ်သားဈေးကွက်ဆိုင်ရာ အဓိကအညွှန်းကိန်းသုံးခုကို ဖော်ပြထားပါသည်။ လုပ်သားအင်အားပါဝင်နှုန်းသည် အသက် ၁၅ နှစ်နှင့်အထက် လူဦးရေအနက် အလုပ်လုပ်ကိုင်နေသူ သို့မဟုတ် အလုပ်အကိုင်ရှာဖွေနေသူများ၏ ရာခိုင်နှုန်းဖြစ်ပြီး စီးပွားရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်နေသည့် လူဦးရေ၏အချိုးအစားကိုတိုင်းတာသည့် အရေးပါသောအညွှန်းကိန်းတစ်ခု ဖြစ်ပါသည်။ အလုပ်လက်မဲ့နှုန်းသည် လုပ်သားအင်အားစုအတွင်းရှိ အလုပ်မရှိ

သော်လည်း အလုပ်အကိုင်ရှာဖွေနေပြီး အလုပ်စတင်ရန် အဆင်သင့်ဖြစ်နေသူများ၏ ရာခိုင်နှုန်းကို ဖော်ပြပါသည်။ လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုးသည် အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ အနက် လုပ်ငန်းတစ်ခုခု၌ အလုပ်လုပ်နေသူများ၏အချိုးကို ဖော်ပြပါသည်။ ဤအညွှန်းကိန်းသည် အလုပ်လုပ်နိုင်သည့်အသက်အရွယ် လူဦးရေ၏ အလုပ်အကိုင်ရရှိမှုကို ပိုမိုကျယ်ပြန့်စွာ တိုင်းတာ ပေးနိုင်ပါသည်။ ထို့ပြင် အညွှန်းကိန်းတစ်ခုစီ၏ "ကျား/မကွာခြားမှု" စာတိုင်သည် လုပ်သား ဈေးကွက်တွင် ကျား/မအလိုက်ပါဝင်နိုင်မှုနှင့် ၎င်းရလဒ်များအကြား ကွဲပြားခြားနားမှု အခြေအနေ များကို ရှင်းလင်းစွာ မြင်တွေ့နိုင်စေပါသည်။

### ၅.၂.၁.၁ ပြောင်းလဲမှုပုံစံနှင့် ကျား/မကွာခြားမှုများ

တစ်နိုင်ငံလုံးအနေဖြင့် အသက် ၁၅ နှစ်နှင့်အထက် လုပ်သားအင်အားပါဝင်နှုန်းသည် ၄၇.၅ ရာခိုင်နှုန်းဖြစ်ပါသည်။ ကျား လုပ်သားအင်အားပါဝင်နှုန်း (၆၃.၈%) သည် မ လုပ်သား အင်အားပါဝင်နှုန်း (၃၄.၁%) ထက် ပိုမိုမြင့်မားပြီး သိသာထင်ရှားသည့် ကျား/မ ရာခိုင်နှုန်း ကွာခြားမှု ၂၉.၆ ရှိနေပါသည်။ ဤခြားနားမှုကို မြို့ပြနှင့် ကျေးလက်နှစ်နေရာလုံးတွင် တွေ့ရှိရပြီး ကျေးလက်ဒေသ၏ ကျား/မကွာခြားမှု ၃၂.၀ သည် မြို့ပြဒေသ၏ ကျား/မကွာခြားမှု ၂၆.၃ ထက် အနည်းငယ် ပို၍မြင့်မားပါသည်။

ပြည်ထောင်စုအဆင့် အသက် ၁၅ နှစ်နှင့်အထက် အလုပ်လက်မဲ့နှုန်းသည် ၀.၇ ရာခိုင်နှုန်းဖြစ်ပြီး ကျား/မကွာခြားမှု အတော်ပင်နည်းပါးပါသည်။ အလားတူပင် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုးသည် ပြည်ထောင်စုအဆင့်တွင် ၄၇.၂ ရာခိုင်နှုန်းရှိပြီး ကျား/မကွာခြားမှု သည် လုပ်သားအင်အားပါဝင်နှုန်းနှင့် တူညီလုနီးပါး (၂၉.၆) ရှိပါသည်။

ဇယား (၅.၆)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ လုပ်သား အင်အားပါဝင်နှုန်း၊ အလုပ်လက်မဲ့နှုန်းနှင့် လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုး

| တိုင်းဒေသကြီး/ပြည်နယ်၊ မြို့ပြ/ကျေးလက် | လုပ်သားအင်အား ပါဝင်နှုန်း | | | ကျား/မ ကွာခြားချက် | အလုပ်လက်မဲ့နှုန်း | | | လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုး | | | ကျား/မ ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | |
| **ပြည်ထောင်စု** | **၄၇.၅** | **၆၃.၈** | **၃၄.၁** | **၂၉.၆** | **၀.၇** | **၀.၆** | **၀.၉** | **၄၇.၂** | **၆၃.၄** | **၃၃.၈** | **၂၉.၆** |
| မြို့ပြ | ၄၅.၄ | ၆၀.၀ | ၃၃.၇ | ၂၆.၃ | ၀.၈ | ၀.၇ | ၁.၀ | ၄၅.၀ | ၅၉.၆ | ၃၃.၄ | ၂၆.၂ |
| ကျေးလက် | ၄၉.၁ | ၆၆.၄ | ၃၄.၄ | ၃၂.၀ | ၀.၆ | ၀.၅ | ၀.၉ | ၄၈.၈ | ၆၆.၁ | ၃၄.၂ | ၃၁.၉ |
| ကချင် | ၄၁.၇ | ၅၅.၀ | ၃၀.၃ | ၂၄.၇ | ၁.၇ | ၁.၄ | ၂.၁ | ၄၁.၀ | ၅၄.၂ | ၂၉.၇ | ၂၄.၅ |
| ကယား | ၄၉.၈ | ၆၃.၁ | ၃၃.၃ | ၂၉.၈ | ၀.၈ | ၀.၈ | ၀.၇ | ၄၉.၄ | ၆၂.၆ | ၃၃.၀ | ၂၉.၆ |
| ကရင် | ၄၀.၅ | ၅၄.၉ | ၂၈.၄ | ၂၆.၅ | ၀.၇ | ၀.၇ | ၀.၉ | ၄၀.၂ | ၅၄.၅ | ၂၈.၁ | ၂၆.၄ |

| တိုင်းဒေသကြီး/ ပြည်နယ်၊ မြို့ပြ/ ကျေးလက် | လုပ်သားအင်အား ပါဝင်နှုန်း | | | ကျား/မ ကွာခြားချက် | အလုပ်လက်မဲ့နှုန်း | | | လူဦးရေတွင် အလုပ်လုပ်သူ ပါဝင်မှုအချိုး | | | ကျား/မ ကွာခြားချက် |
|---|---|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | |
| ချင်း | ၂၄.၉ | ၃၃.၄ | ၁၆.၆ | ၁၆.၈ | ၆.၀ | ၄.၈ | ၈.၄ | ၂၃.၄ | ၃၁.၈ | ၁၅.၂ | ၁၆.၆ |
| စစ်ကိုင်း | ၄၄.၅ | ၅၇.၁ | ၃၄.၄ | ၂၂.၇ | ၀.၆ | ၀.၅ | ၀.၇ | ၄၄.၃ | ၅၆.၈ | ၃၄.၂ | ၂၂.၆ |
| တနင်္သာရီ | ၄၃.၀ | ၆၃.၈ | ၂၄.၇ | ၃၉.၁ | ၀.၄ | ၀.၃ | ၀.၅ | ၄၂.၉ | ၆၃.၆ | ၂၄.၆ | ၃၉.၀ |
| ပဲခူး | ၄၁.၂ | ၆၀.၃ | ၂၅.၇ | ၃၄.၆ | ၀.၈ | ၀.၆ | ၁.၁ | ၄၀.၉ | ၅၉.၉ | ၂၅.၄ | ၃၄.၅ |
| မကွေး | ၅၃.၉ | ၆၇.၇ | ၄၃.၁ | ၂၄.၆ | ၀.၄ | ၀.၃ | ၀.၅ | ၅၃.၇ | ၆၇.၅ | ၄၂.၉ | ၂၄.၆ |
| မန္တလေး | ၅၀.၈ | ၆၅.၀ | ၃၉.၃ | ၂၅.၇ | ၀.၆ | ၀.၅ | ၀.၇ | ၅၀.၅ | ၆၄.၇ | ၃၉.၀ | ၂၅.၆ |
| မွန် | ၃၇.၈ | ၅၅.၆ | ၂၄.၂ | ၃၁.၃ | ၁.၀ | ၀.၇ | ၁.၅ | ၃၇.၄ | ၅၅.၂ | ၂၃.၉ | ၃၁.၃ |
| ရခိုင် | ၂၂.၈ | ၃၃.၄ | ၁၃.၂ | ၂၀.၂ | ၄.၆ | ၃.၆ | ၆.၉ | ၂၁.၈ | ၃၂.၂ | ၁၂.၃ | ၁၉.၉ |
| ရန်ကုန် | ၄၇.၁ | ၆၃.၀ | ၃၄.၃ | ၂၈.၇ | ၀.၆ | ၀.၆ | ၀.၇ | ၄၆.၈ | ၆၂.၇ | ၃၄.၁ | ၂၈.၆ |
| ရှမ်း | ၆၁.၃ | ၇၁.၁ | ၅၂.၂ | ၁၈.၉ | ၁.၀ | ၀.၉ | ၁.၂ | ၆၀.၆ | ၇၀.၅ | ၅၁.၆ | ၁၈.၉ |
| ဧရာဝတီ | ၄၅.၇ | ၆၆.၈ | ၂၇.၅ | ၃၉.၃ | ၀.၆ | ၀.၄ | ၀.၉ | ၄၅.၅ | ၆၆.၅ | ၂၇.၃ | ၃၉.၂ |
| နေပြည်တော် | ၅၃.၃ | ၆၉.၃ | ၄၀.၅ | ၂၈.၈ | ၀.၈ | ၀.၇ | ၀.၉ | ၅၂.၉ | ၆၈.၈ | ၄၀.၁ | ၂၈.၇ |

### ၅.၂.၁.၂ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်သားအင်အားပါဝင်မှု

တိုင်းဒေသကြီး/ပြည်နယ်အလိုက် လုပ်သားအင်အားပါဝင်မှု သိသာစွာကွဲပြားမှုများ ရှိနေသည်ကို သန်းခေါင်စာရင်းအချက်အလက်များက ဖော်ပြနေပါသည်။ ရှမ်းပြည်နယ်သည် ၆၁.၃ ရာခိုင်နှုန်းဖြင့် လုပ်သားအင်အားပါဝင်နှုန်းအမြင့်ဆုံးဖြစ်ပြီး အမျိုးသားများ (၇၁.၁%) ၏ ပါဝင်မှုနှုန်းသည် အမျိုးသမီးများ (၅၂.၂%) ထက် သိသာစွာပိုမိုမြင့်မားနေပါသည်။ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် လုပ်သားအင်အားပါဝင်နှုန်း အနိမ့်ဆုံး (၂၄.၉% နှင့် ၂၂.၈%) ဖြစ်ပါသည်။ ထိုသို့ဖြစ်ရသည့် အကြောင်းရင်းများအနက်တစ်ခုမှာ မိန်းကလေးများ၏ လုပ်သားအင်အားပါဝင်မှုနည်းပါးခြင်းကြောင့်ဖြစ်ပြီး ချင်းပြည်နယ်တွင် ၁၆.၆ ရာခိုင်နှုန်းနှင့် ရခိုင်ပြည်နယ်တွင် ၁၃.၂ ရာခိုင်နှုန်းသာ ရှိပါသည်။ မကွေးတိုင်းဒေသကြီး (၅၃.၉%)၊ နေပြည်တော် (၅၃.၃%) နှင့် မန္တလေးတိုင်းဒေသကြီး (၅၀.၈%) တို့သည် ပြည်ထောင်စုအဆင့်ထက် လုပ်သားအင်အားပါဝင်နှုန်း မြင့်မားသည်ကို တွေ့ရှိရပါသည်။

### ၅.၂.၁.၃ တိုင်းဒေသကြီး/ပြည်နယ်အလိုက် အလုပ်လက်မဲ့နှုန်း

ယေဘုယျအားဖြင့် ပြည်ထောင်စုအဆင့်တွင် အလုပ်လက်မဲ့နှုန်း နည်းပါးသော်လည်း အချို့ တိုင်းဒေသကြီး/ပြည်နယ်များတွင် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ချင်းပြည်နယ်၏ အလုပ်လက်မဲ့နှုန်းသည် ၆.၀ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး အမျိုးသမီးအလုပ်လက်မဲ့နှုန်း (၈.၄%) သည်

အမျိုးသားအလုပ်လက်မဲ့နှုန်း (၄.၈%) ထက် သိသာစွာပိုမိုမြင့်မားပါသည်။ ရခိုင်ပြည်နယ်တွင်လည်း ၄.၆ ရာခိုင်နှုန်းဖြင့် အလုပ်လက်မဲ့နှုန်း မြင့်မားသည်ကို တွေ့ရှိရပါသည်။ သို့သော် တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာရင်းကောက်ယူရရှိမှုမှာ မတူညီသဖြင့် အချက်အလက်များအား သုံးသပ်ရာတွင် အထူးသတိပြုရန် လိုအပ်ပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အများစုတွင် အလုပ်လက်မဲ့နှုန်း နိမ့်ကျသည်ကိုတွေ့ရှိရပြီး ယေဘုယျအားဖြင့် ၁ ရာခိုင်နှုန်းအောက်ရှိပါသည်။

### ၅.၂.၁.၄ တိုင်းဒေသကြီး/ပြည်နယ်အလိုက် လူဦးရေတွင်အလုပ်လုပ်သူပါဝင်မှုအချိုး

လူဦးရေတွင် အလုပ်လုပ်သူပါဝင်မှုအချိုးကိုလေ့လာရာတွင် လုပ်သားအင်အားပါဝင်နှုန်းနှင့် အလားသဏ္ဌာန်တူသည်ကို တွေ့ရှိရပါသည်။ ရှမ်းပြည်နယ်တွင် ၆၀.၆ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိ လူဦးရေအများစုသည် အလုပ်လုပ်ကိုင်လျက်ရှိကြောင်း ဖော်ပြနေပါသည်။ ချင်းပြည်နယ် (၂၃.၄%) နှင့် ရခိုင်ပြည်နယ် (၂၁.၈%) တို့တွင် ဤအချိုးအစားသည် အနိမ့်ဆုံးဖြစ်ပါသည်။ ကျား/မကွာခြားမှုသည် လုပ်သားအင်အားပါဝင်နှုန်းကဲ့သို့ပင် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် မြင့်မားသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးတွင် အမျိုးသား ၆၆.၅ ရာခိုင်နှုန်းဖြစ်ပြီး အမျိုးသမီး ၂၇.၃ ရာခိုင်နှုန်းသာရှိသဖြင့် ကျား/မအကြား အလုပ်အကိုင်အခွင့်အလမ်းများ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာပါဝင်မှုစံနှုန်းများတွင် ကြီးမားသောကွာဟချက်ရှိနေကြောင်း ထင်ရှားနေပါသည်။

## ၅.၂.၂ အသက်နှင့် ကျား/မအလိုက် လုပ်သားအင်အားပါဝင်နှုန်း

အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ ကျား/မအလိုက် လုပ်သားအင်အားပါဝင်နှုန်းကို ပုံ (၅.၇) တွင် ဖော်ပြထားပါသည်။ အဆိုပါပုံတွင် လူလားမြောက်သောအရွယ်မှ သက်ကြီးရွယ်အိုအထိ အသက်အုပ်စုအလိုက် တစ်ဆင့်ချင်း ဆွဲပြထားခြင်းဖြင့် လုပ်သားအင်အားပါဝင်မှုသည် အသက်အုပ်စုအလိုက်တိုးတက်လာမှု၊ အမြင့်ဆုံးသို့ရောက်ရှိမှုနှင့် နောက်ပိုင်းတွင် ကျဆင်းသွားမှု၊ အမျိုးသားနှင့်အမျိုးသမီးများအကြား ကွဲပြားခြားနားမှုတို့ကို မြင်သာစေပါသည်။

ပုံ (၅.၇)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ အသက်အုပ်စုအလိုက် လုပ်သားအင်အားပါဝင်နှုန်း




## ၅.၂.၂.၁ အသက်အပိုင်းအခြားအလိုက် ပြောင်းလဲမှုဖြစ်စဉ်များ

လုပ်သားအင်အားပါဝင်နှုန်းသည် အသက်အငယ်ဆုံးအုပ်စုဖြစ်သည့် ၁၅–၁၉ အုပ်စုတွင် ၂၅.၈ ရာခိုင်နှုန်းဖြစ်ပြီး တဖြည်းဖြည်းမြင့်တက်လာကာ အသက် ၃၀ ကျော်အရွယ်တွင် အမြင့်ဆုံးဖြစ်လာပါသည်။ အသက် ၃၅-၃၉ နှင့် ၄၀-၄၄ အရွယ်အုပ်စုတွင် အမြင့်ဆုံးဖြစ်ပြီး အသက်ကြီးလာသည်နှင့်အမျှ လုပ်သားအင်အားပါဝင်နှုန်းမှာ တဖြည်းဖြည်းသိသာစွာ ကျဆင်းလာပါသည်။ ထိုဖြစ်စဉ်သည် ပုံမှန်ဘဝသံသရာလမ်းကြောင်းနှင့် ကိုက်ညီမှုရှိပြီး လူတစ်ဦးချင်းစီ၏ အလုပ်လုပ်ရန် အသင့်တော်ဆုံးအရွယ်တွင် လုပ်သားဈေးကွက်၌ ပါဝင်နိုင်မှုမြင့်မားခြင်းနှင့် အသက်အရွယ်ကြီးရင့်လာသည်နှင့်အမျှ အလုပ်မှအနားယူခြင်း သို့မဟုတ် လုပ်သားအင်အားပါဝင်မှု လျော့နည်းလာခြင်းတို့ကို ပြဆိုနေပါသည်။

## ၅.၂.၂.၂ ကျား/မကွာခြားချက်

သန်းခေါင်စာရင်းအချက်အလက်များအရ အမျိုးသားများ၏ လုပ်သားအင်အားပါဝင်နှုန်းသည် အသက်အုပ်စုတိုင်းတွင် အမျိုးသမီးများထက် ပိုမိုမြင့်မားနေသည်ကို တစ်သမတ်တည်းပြသနေပါသည်။ ဥပမာအားဖြင့် အသက် ၁၅–၁၉ အုပ်စုတွင် အမျိုးသား ၂၉.၁ ရာခိုင်နှုန်းရှိပြီး အမျိုးသမီးများမှာ ၂၂.၇ ရာခိုင်နှုန်းသာရှိပါသည်။ ကျား/မ ကွာခြားမှုသည် အသက် ၂၅–၂၉ အုပ်စုမှစတင်မြင့်မားလာပြီး သက်လတ်ပိုင်းအုပ်စုများတွင် ပို၍မြင့်မားလာပါသည်။ အမျိုးသား လုပ်သားအင်အားပါဝင်နှုန်းသည် အသက် ၄၀–၄၄ အုပ်စုတွင် ၈၀.၈ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပြီး အမျိုးသမီးများမှာ အသက် ၂၅–၂၉ အုပ်စုတွင် ၄၅ ရာခိုင်နှုန်းခန့်သာရှိပါသည်။ အသက်အရွယ်

ကြီးလာသည်နှင့်အမျှ အုပ်စုနှစ်စုလုံးတွင် လုပ်သားအင်အားပါဝင်နှုန်း တဖြည်းဖြည်း လျော့နည်းလာသော်လည်း အသက်အုပ်စုတိုင်းတွင် ကျား/မကွာခြားမှု ရှိနေပါသည်။ ဤကွာခြားချက်များအရ အမျိုးသားများသည် အမျိုးသမီးများထက် လုပ်သားဈေးကွက် (အထူးသဖြင့် အလုပ်လုပ်ရန် အသင့်တော်ဆုံးအသက်အရွယ်) တွင် ပိုမိုတက်ကြွစွာ ပါဝင်နေကြောင်း ဖော်ပြနေပါသည်။

## ၅.၂.၃ အလုပ်အကိုင်အခြေအနေ

အသက် ၁၅ နှစ်နှင့်အထက် အလုပ်လုပ်သူများကို အလုပ်အကိုင်အမျိုးအစား ၇ မျိုးဖြစ်သော အစိုးရဝန်ထမ်း၊ အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း)၊ လုပ်ခရသော အလုပ်သင်၊ အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့်)၊ ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်သူ၊ အခကြေးငွေမရသော မိသားစုဝင် လုပ်သား/မိသားစုလုပ်ငန်းနှင့် အခြားစသည်ဖြင့် ဇယား (၅.၇) နှင့် ပုံ (၅.၈) တို့တွင် ခွဲခြားဖော်ပြထားပါသည်။

ဇယား (၅.၇)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ အလုပ်အကိုင်အခြေအနေ

| အလုပ်အကိုင်အခြေအနေ | စုစုပေါင်း | ကျား | မ | ကျား/မ ကွာခြားချက် |
|---|---|---|---|---|
| **အလုပ်လုပ်သူဦးရေ စုစုပေါင်း** | ၁၁,၆၁၈,၁၈၂ | ၇,၀၅၉,၃၈၈ | ၄,၅၅၈,၇၉၄ | - |
| **စုစုပေါင်း** | ၁၀၀ | ၁၀၀ | ၁၀၀ | - |
| အစိုးရဝန်ထမ်း | ၈.၃ | ၇.၅ | ၉.၅ | -၂.၀ |
| အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း) | ၃၁.၉ | ၃၂.၂ | ၃၁.၆ | ၀.၆ |
| လုပ်ခရသောအလုပ်သင် | ၅.၄ | ၅.၉ | ၄.၆ | ၁.၃ |
| အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့်) | ၈.၂ | ၉.၀ | ၆.၉ | ၂.၁ |
| ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (ပုံမှန်အလုပ်သမားမရှိ) | ၃၆.၆ | ၃၇.၈ | ၃၄.၇ | ၃.၁ |
| အခကြေးငွေမရသော မိသားစုဝင် လုပ်သား/ မိသားစုလုပ်ငန်း | ၈.၇ | ၆.၆ | ၁၁.၉ | -၅.၃ |
| အခြား | ၀.၉ | ၁.၀ | ၀.၈ | ၀.၂ |

အဆိုပါဇယားအရ ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (ပုံမှန်အလုပ်သမားမရှိ) သည် ၃၆.၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပြီး အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း) သည် ၃၁.၉ ရာခိုင်နှုန်းဖြင့် ဒုတိယအများဆုံး ဖြစ်ပါသည်။ ထိုအမျိုးအစားနှစ်ခုတွင် လုပ်ကိုင်နေသူများသည် အလုပ်လုပ်သူ စုစုပေါင်း၏ သုံးပုံနှစ်ပုံကျော်ရှိသည်ကို တွေ့ရှိရပါသည်။

စုစုပေါင်း အလုပ်လုပ်သူလူဦးရေ၏ ၈.၃ ရာခိုင်နှုန်းသည် အစိုးရဝန်ထမ်းများဖြစ်ကြပြီး အမျိုးသား ၇.၅ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၉.၅ ရာခိုင်နှုန်းဖြစ်ပါသည်။ အမျိုးသမီးများသည် အမျိုးသားများထက် အစိုးရအလုပ်တွင် ပိုမိုပါဝင်လုပ်ကိုင်ကြကြောင်းတွေ့ရှိရပြီး ကျား/မ ရာခိုင်နှုန်းကွာခြားမှုမှာ -၂.ဝ ဖြစ်ပါသည်။ (အနုတ်လက္ခဏာတန်ဖိုးများသည် အမျိုးသမီးများက အမျိုးသားများထက် ပိုမိုသည်ဟုဆိုလိုပါသည်။)

အလုပ်လုပ်သူလူဦးရေ၏ ၃၁.၉ ရာခိုင်နှုန်းသည် ပုဂ္ဂလိက/အဖွဲ့အစည်းများတွင် လုပ်ကိုင်နေသူများဖြစ်ပြီး အမျိုးသား ၃၂.၂ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၁.၆ ရာခိုင်နှုန်းရှိသဖြင့် ကျား/မ ကွာခြားမှု အနည်းငယ်သာရှိပါသည်။ ထို့ကြောင့် ပုဂ္ဂလိကကဏ္ဍတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား အလုပ်အကိုင်အခွင့်အလမ်းရရှိမှုသည် သာတူညီမျှမှုရှိသည်ဟု ဆိုနိုင်ပါသည်။

လုပ်ခရသောအလုပ်သင်သည် စုစုပေါင်းအလုပ်လုပ်သူလူဦးရေ၏ ၅.၄ ရာခိုင်နှုန်းရှိပါသည်။ အမျိုးသား ၅.၉ ရာခိုင်နှုန်းသည် အမျိုးသမီး ၄.၆ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်ပါက အနည်းငယ်ပိုများသည်ကို တွေ့ရှိ ရပြီး ကျား/မရာခိုင်နှုန်းကွာခြားမှုမှာ ၁.၃ ဖြစ်ပါသည်။ အလုပ်သင် သင်တန်းအစီအစဉ်များတွင် အမျိုးသားနှင့် အမျိုးသမီးများအကြား အခွင့်အလမ်း သို့မဟုတ် ဦးစားပေးမှုအခြေအနေ အနည်းငယ်ကွာခြားမှုရှိကြောင်း တွေ့ရှိရပါသည်။

စုစုပေါင်းအလုပ်လုပ်သူလူဦးရေ၏ ၈.၂ ရာခိုင်နှုန်းသည် ပုံမှန်အလုပ်သမားရှိသည့် အလုပ်ရှင်များဖြစ်ကြပြီး အမျိုးသား ၉.ဝ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၆.၉ ရာခိုင်နှုန်းဖြစ်သဖြင့် ကျား/မရာခိုင်နှုန်းကွာခြားမှုမှာ ၂.၁ ဖြစ်ပါသည်။ စီးပွားရေးလုပ်ငန်းများတွင် အမျိုးသားများသည် အမျိုးသမီးများထက် အလုပ်ရှင်အဖြစ် ပိုမိုလုပ်ကိုင်ကြကြောင်း ညွှန်ပြနေပါသည်။

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (ပုံမှန်အလုပ်သမားမရှိ) သည် ၃၆.၆ ရာခိုင်နှုန်းဖြင့် အများဆုံးဖြစ်ပါသည်။ အမျိုးသား ၃၇.၈ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၃၄.၇ ရာခိုင်နှုန်းရှိပြီး ကျား/မရာခိုင်နှုန်းကွာခြားမှုမှာ ၃.၁ ဖြစ်ပါသည်။ အမျိုးသားများသည် အမျိုးသမီးများထက် ကိုယ်ပိုင်လုပ်ငန်း ပိုမိုလုပ်ကိုင်ကြသည်ကို တွေ့ရှိရပါသည်။

အခကြေးငွေမရသော မိသားစုဝင်လုပ်သား/ မိသားစုလုပ်ငန်းသည် အလုပ်လုပ်သူလူဦးရေ၏ ၈.၇ ရာခိုင်နှုန်းရှိပြီး အမျိုးသား ၆.၆ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၁၁.၉ ရာခိုင်နှုန်းရှိသဖြင့် ကျား/မကွာခြားချက်မြင့်မားပါသည်။ အမျိုးသမီးများသည် မိသားစုလုပ်ငန်းများတွင် ပို၍ပါဝင်လုပ်ကိုင်နိုင်ခြေများကြောင်း လေ့လာတွေ့ရှိရပြီး ၎င်းသည် ရိုးရာဓလေ့ထုံးတမ်းများနှင့် ဆက်နွယ်မှုရှိနေနိုင်ကြောင်း ဖော်ပြနေပါသည်။

ပုံ (၅.၈)။ အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ၏ ကျား/မအလိုက် အလုပ်အကိုင်အခြေအနေ




## ၅.၃ မသန်စွမ်းမှု

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့် ပတ်သက်၍ အဓိကအမျိုးအစား ၆ မျိုး (အမြင်၊ အကြား၊ ပစ္စည်းကိုင်တွယ်/လမ်းလျှောက်/လှေကားတက်၊ မှတ်ဉာဏ်/သင်ယူလေ့လာခြင်း၊ မိမိကိုယ်ကိုစောင့်ရှောက်နိုင်မှုနှင့် အခြားသူများနှင့်ဆက်သွယ်မှု) ကို Washington Group Short Set of Questions အသုံးပြု၍ အသက် ၅ နှစ်နှင့် အထက်လူတိုင်းကို မေးမြန်းကောက်ယူခဲ့ပြီး မသန်စွမ်းမှုရှိပါက အမျိုးအစားတစ်ခုစီ၏ ခက်ခဲမှုအတိုင်းအတာကိုလည်း ထည့်သွင်းမေးမြန်းခဲ့ပါသည်။ ဖြေဆိုသူများ၏ ကျန်းမာရေးပြဿနာများ သို့မဟုတ် အခြားအခြေအနေများကြောင့် လုပ်ရှားမှုတစ်ခုစီ လုပ်ဆောင်ရာတွင် “မခက်ခဲပါ”၊ “အနည်းငယ်ခက်ခဲ”၊ “အများကြီးခက်ခဲ” နှင့် “လုံးဝမကောင်းပါ” ဟု ခက်ခဲမှုအတိုင်းအတာ ၄ မျိုးကို ခွဲခြားမေးမြန်းခဲ့ပါသည်။

### ၅.၃.၁ မသန်စွမ်းဖြစ်ပွားမှုနှုန်း

မသန်စွမ်းဖြစ်ပွားမှုနှုန်းကို တွက်ချက်ရာတွင် ခက်ခဲမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပိုရှိနေသူများ၏ရာခိုင်နှုန်းကို တိုင်းဒေသကြီး/ ပြည်နယ်အလိုက် တွက်ချက်ထားပါသည်။ သတ်မှတ်ဧရိယာတစ်ခုအတွင်း မသန်စွမ်းမှုများဖြစ်ပွားနေသည့် အတိုင်းအတာကိုသိရှိနိုင်ရန် မသန်စွမ်းသူအရေအတွက်အားလည်းကောင်း၊ မတူညီသောလူဦးရေ အချိုးအစားများရှိနေသည့် ဒေသအသီးသီးအား နှိုင်းယှဉ်နိုင်ရန် မသန်စွမ်းဖြစ်ပွားမှုနှုန်းအားလည်းကောင်း ဇယား (၅.၈) တွင် ဖော်ပြထားပါသည်။

ဇယား (၅.၈)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မသန်စွမ်းမှုအမျိုးအစားအလိုက် မသန်စွမ်းသူဦးရေနှင့် မသန်စွမ်းဖြစ်ပွားမှုနှုန်း

| တိုင်းဒေသကြီး/ ပြည်နယ် | မသန်စွမ်းသူဦးရေ (မည်သည့် မသန်စွမ်းမှု အမျိုးအစားမဆို) | မသန်စွမ်းဖြစ်ပွားမှုနှုန်း (%) | မသန်စွမ်းမှုအမျိုးအစား (%) | | | | | |
|---|---|---|---|---|---|---|---|---|
| | | | အမြင် | အကြား | ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်ခြင်း | မှတ်ဉာဏ်/သင်ယူ လေ့လာခြင်း | မိမိကိုယ်ကို စောင့်ရှောက်ခြင်း | အခြားသူများနှင့် ဆက်သွယ်ခြင်း |
| ပြည်ထောင်စု | ၂,၂၉၀,၇၃၄ | ၇.၆ | ၄.၁ | ၂.၇ | ၃.၁ | ၂.၈ | ၂.၆ | ၂.၄ |
| ကချင် | ၄၃,၈၅၆ | ၆.၁ | ၃.၀ | ၂.၃ | ၂.၁ | ၂.၄ | ၁.၉ | ၁.၉ |
| ကယား | ၂,၇၆၆ | ၇.၇ | ၄.၀ | ၂.၅ | ၂.၇ | ၂.၄ | ၂.၂ | ၁.၈ |
| ကရင် | ၅၃,၀၅၆ | ၇.၄ | ၄.၁ | ၂.၇ | ၃.၁ | ၃.၀ | ၂.၈ | ၂.၅ |
| ချင်း | ၃,၆၄၈ | ၁၂.၇ | ၇.၁ | ၆.၂ | ၅.၂ | ၇.၃ | ၅.၀ | ၆.၄ |
| စစ်ကိုင်း | ၆၅,၅၃၄ | ၈.၇ | ၄.၈ | ၃.၁ | ၃.၃ | ၃.၁ | ၂.၇ | ၂.၅ |
| တနင်္သာရီ | ၅၁,၀၂၂ | ၇.၁ | ၃.၆ | ၂.၆ | ၂.၈ | ၂.၈ | ၂.၅ | ၂.၄ |
| ပဲခူး | ၂၄၈,၈၁၄ | ၆.၈ | ၃.၄ | ၂.၆ | ၂.၇ | ၂.၇ | ၂.၅ | ၂.၄ |
| မကွေး | ၁၅၈,၅၉၉ | ၈.၃ | ၄.၆ | ၃.၄ | ၃.၇ | ၃.၃ | ၃.၁ | ၂.၈ |
| မန္တလေး | ၂၅၆,၉၀၈ | ၆.၁ | ၃.၁ | ၂.၁ | ၂.၅ | ၂.၃ | ၂.၂ | ၂.၀ |
| မွန် | ၉၇,၃၆၆ | ၈.၁ | ၄.၁ | ၂.၉ | ၃.၃ | ၃.၂ | ၂.၉ | ၂.၅ |
| ရခိုင် | ၃၀,၇၅၃ | ၉.၉ | ၅.၅ | ၄.၅ | ၄.၅ | ၅.၃ | ၄.၁ | ၄.၅ |
| ရန်ကုန် | ၅၉၃,၇၈၃ | ၈.၅ | ၄.၉ | ၂.၇ | ၃.၃ | ၂.၉ | ၂.၇ | ၂.၃ |
| ရှမ်း | ၁၄၆,၄၆၀ | ၅.၄ | ၂.၃ | ၁.၉ | ၂.၀ | ၂.၁ | ၁.၈ | ၁.၇ |
| ဧရာဝတီ | ၄၅၅,၃၀၁ | ၈.၉ | ၅.၄ | ၃.၄ | ၃.၈ | ၃.၅ | ၃.၁ | ၂.၇ |
| နေပြည်တော် | ၈၂,၈၆၉ | ၇.၈ | ၄.၃ | ၂.၄ | ၃.၁ | ၂.၅ | ၂.၄ | ၂.၀ |

ပြည်ထောင်စုအဆင့် ကောက်ယူရရှိသောလူဦးရေ၏ ၂.၂၉ သန်း (၇.၆% ခန့်) သည် မသန်စွမ်းမှုအမျိုးအစား ၆ မျိုးအနက် အနည်းဆုံးတစ်မျိုးဖြစ်နေကြောင်း တွေ့ရှိရပါသည်။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ရှမ်းပြည်နယ်တွင် ၅.၄ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်ပြီး ချင်းပြည်နယ်တွင် ၁၂.၇ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် မသန်စွမ်းသူဦးရေ ၆ သိန်းနီးပါးဖြင့် အများဆုံးဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ၄.၅ သိန်းကျော်နှင့် မန္တလေးတိုင်းဒေသကြီးတွင် ၂.၆ သိန်းခန့်တို့ ရှိကြပါသည်။

အချို့တိုင်းဒေသကြီး/ပြည်နယ်များတွင် ပဋိပက္ခများနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များကြောင့် နယ်မြေဒေသအချို့သာ စာရင်းကောက်ယူနိုင်သည့်အတွက် ၎င်းဒေသ၏ ကိန်းဂဏန်းအချက်အလက်များကို သတိပြုသုံးသပ်သင့်ပါသည်။

မသန်စွမ်းမှုဆိုင်ရာအချက်အလက်များကို ဆန်းစစ်လေ့လာရာတွင် ဒေသအသီးသီးသည် မတူကွဲပြားသောပုံစံများရှိနေကြောင်း တွေ့ရှိနိုင်ပါသည်။ ချင်းပြည်နယ်သည် မသန်စွမ်းမှု အမျိုးအစားအားလုံးတွင် အမြင့်ဆုံးဖြစ်ပြီး အမြင်အာရုံခက်ခဲမှု ၇.၁ ရာခိုင်နှုန်း၊ အကြားအာရုံ ခက်ခဲမှု ၆.၂ ရာခိုင်နှုန်း၊ မှတ်ဉာဏ်/ သင်ယူလေ့လာခြင်းတို့တွင်ခက်ခဲမှု ၇.၃ ရာခိုင်နှုန်းနှင့် အခြားသူများနှင့် ဆက်သွယ်ရာတွင်ခက်ခဲမှု ၆.၄ ရာခိုင်နှုန်းတို့ဖြစ်ပါသည်။ ရခိုင်ပြည်နယ်သည်လည်း မသန်စွမ်းဖြစ်ပွားမှုနှုန်း ၉.၉ ရာခိုင်နှုန်းဖြင့် မြင့်မားကြောင်းတွေ့ရှိရပြီး မိမိကိုယ်ကို စောင့်ရှောက်ရာတွင် ခက်ခဲမှု ၄.၁ ရာခိုင်နှုန်းမှ အမြင်အာရုံခက်ခဲမှု ၅.၅ ရာခိုင်နှုန်းထိ အသီးသီးရှိကြောင်းကို တွေ့ရှိရပါသည်။

မသန်စွမ်းမှုသည် ရှမ်းပြည်နယ်တွင် ၅.၄ ရာခိုင်နှုန်းဖြင့် အနိမ့်ဆုံးဖြစ်ပြီး အမြင်အာရုံခက်ခဲမှု ၂.၃ ရာခိုင်နှုန်း၊ အကြားအာရုံခက်ခဲမှု ၁.၉ ရာခိုင်နှုန်းနှင့် ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်ရာတွင်ခက်ခဲမှု ၂.၀ ရာခိုင်နှုန်း အသီးသီးရှိပါသည်။ မြို့ပြဒေသများဖြစ်သည့် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် အလယ်အလတ်မှ အနိမ့်ဆုံး (၆.၁% နှင့် ၈.၅% အသီးသီး) သာရှိကြောင်းတွေ့ရှိရသော်လည်း အဆိုပါ တိုင်းဒေသကြီးများတွင် နေထိုင်သူဦးရေ များပြားခြင်းကြောင့် မသန်စွမ်းသူအရေအတွက် များပြားနေခဲ့ပါသည်။

မသန်စွမ်းမှုအမျိုးအစားများသည် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ကွဲပြားသည်ကို တွေ့ရှိရပါသည်။ ဥပမာအားဖြင့် မှတ်ဉာဏ်/သင်ယူလေ့လာခြင်းတို့တွင် ခက်ခဲမှုသည် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၅ ရာခိုင်နှုန်းထက် ပိုမိုမြင့်မားပြီး ရှမ်းပြည်နယ်တွင် ၂.၁ ရာခိုင်နှုန်းသာရှိပါသည်။ အလားတူ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိမိကိုယ်ကိုစောင့်ရှောက်ရာတွင် ခက်ခဲမှုသည် ၂ ရာခိုင်နှုန်းအောက်သာရှိပြီး ချင်းပြည်နယ်တွင် ၅ ရာခိုင်နှုန်းထိရှိကြောင်း တွေ့ရှိရပါသည်။

## ၅.၃.၂ အသက်အရွယ်အလိုက် မသန်စွမ်းမှု

လူတိုင်းသည် မည်သည့်အသက်အရွယ်တွင်မဆို မသန်စွမ်းမှုကို တွေ့ကြုံခံစားနိုင်သော်လည်း တိကျခိုင်မာသော အထောက်အထားများအရ အသက်အရွယ်ကြီးလာသည်နှင့်အမျှ မသန်စွမ်းမှု ပိုမိုတိုးမြင့်လာကြောင်း တွေ့ရှိရပါသည်။ ပုံ (၅.၉) တွင်ဖော်ပြထားသည့် လေ့လာတွေ့

ရှိချက်များကလည်း မသန်စွမ်းမှုသည် အသက်အရွယ်နှင့် ဆက်နွယ်မှုရှိကြောင်း ထင်ရှားစွာဖော်ပြနေပါသည်။ အသက် ၅ နှစ်မှ ၂၉ နှစ်အတွင်း ငယ်ရွယ်သည့်အုပ်စုများတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ၅ ရာခိုင်နှုန်းအောက်သာရှိသော်လည်း အသက် ၅၅ နှစ်မှ ၅၉ နှစ်အတွင်းတွင် ၁၂ ရာခိုင်နှုန်းနီးပါး သိသိသာသာမြင့်တက်လာပြီး အသက် ၈၀ နှစ်နှင့်အထက် အသက်အုပ်စုများတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ၄၀ ရာခိုင်နှုန်းအထက်ရှိသည်ကို တွေ့ရှိရပါသည်။

အမျိုးသားများနှင့် အမျိုးသမီးများအကြား၌ မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် ငယ်ရွယ်စဉ်တွင် အနည်းငယ်သာကွာခြားမှုရှိပါသည်။ အသက် ၅၅ နှစ်နှင့် ၅၉ နှစ်အတွင်းတွင်လည်း အမျိုးသားများနှင့် အမျိုးသမီးများ၏ မသန်စွမ်းဖြစ်ပွားမှုနှုန်းများသည် ကွာခြားမှုနည်းပါးနေဆဲဖြစ်သော်လည်း အသက် ၅၉ နှစ်နောက်ပိုင်းတွင် မသန်စွမ်းဖြစ်ပွားမှုနှုန်းမြင့်တက်လာခြင်းသည် အမျိုးသားများထက် အမျိုးသမီးများတွင် အနည်းငယ်ပိုမိုလျင်မြန်လာသည်ကို တွေ့ရပါသည်။

ပုံ (၅.၉)။ အသက် ၅ နှစ်နှင့်အထက်လူဦးရေ၏ အသက်အုပ်စုနှင့် ကျား/မအလိုက် မသန်စွမ်းဖြစ်ပွားမှုနှုန်း




## ၅.၃.၃ ခက်ခဲမှုအတိုင်းအတာနှင့် အမျိုးအစားအလိုက် မသန်စွမ်းဖြစ်ပွားမှု

အသက် ၅ နှစ်နှင့်အထက် လူတိုင်းကို မသန်စွမ်းမှုအမျိုးအစား ၆ မျိုး မေးမြန်းခဲ့ပါသည်။ ခက်ခဲမှုအတိုင်းအတာနှင့် ကျား/မအလိုက် မသန်စွမ်းဖြစ်ပွားမှုနှုန်းများကို ပုံ (၅.၁၀) တွင် နှိုင်းယှဉ်ဖော်ပြထားခြင်းဖြင့် ခက်ခဲမှုအတိုင်းအတာနှင့် ကျား/မအလိုက် ကွာဟချက်များကို သိသာထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။

အသက် ၅ နှစ်နှင့်အထက် လူဦးရေတွင် "အနည်းငယ်ခက်ခဲ" နှင့် "အများကြီးခက်ခဲ" ဟု ဖြေဆိုသူ အနည်းငယ်သာရှိပြီး အမျိုးသမီးများ၏ မသန်စွမ်းဖြစ်ပွားမှုနှုန်းသည် အမျိုးသားများထက် ပိုမိုမြင့်မားသည်ကို တွေ့ရှိရပါသည်။ အမြင်အာရုံတွင် "အနည်းငယ်ခက်ခဲ" ဟုဖြေဆိုသည့် အမျိုးသမီး ၃.၉ ရာခိုင်နှုန်းနှင့် အမျိုးသား ၃.၄ ရာခိုင်နှုန်းရှိပြီး ပစ္စည်းကိုင်တွယ်/ လမ်းလျှောက်/ လှေကားတက်ရာတွင် ခက်ခဲမှု (၂.၅% နှင့် ၂.၃%) နှင့် အကြားအာရုံခက်ခဲမှု (၂.၅% နှင့် ၂.၂%) တို့တွင် အနည်းငယ်သာ ကွာခြားမှုရှိပါသည်။ မှတ်ဉာဏ်/ သင်ယူလေ့လာခြင်းနှင့် မိမိကိုယ်ကို စောင့်ရှောက်နိုင်ခြင်းတို့တွင် အမျိုးသမီး (၂.၄% နှင့် ၂.၁%) နှင့်နှိုင်းယှဉ်ပါက အမျိုးသား (၂.၂% နှင့် ၁.၉%) သာခက်ခဲမှုရှိသည်ကို တွေ့ရှိရပါသည်။ အခြားသူများနှင့် ဆက်သွယ်ပြောဆိုရာတွင် "အနည်းငယ်ခက်ခဲ" ဟုဖြေဆိုသည့် ရာခိုင်နှုန်းသည် အနိမ့်ဆုံးဖြစ်ပြီး အမျိုးသမီးများသည် ၂.၀ ရာခိုင်နှုန်းနှင့် အမျိုးသားများသည် ၁.၈ ရာခိုင်နှုန်း ဖြစ်ပါသည်။

လူဦးရေ၏ ၀.၅ ရာခိုင်နှုန်းအောက်သာ "အများကြီးခက်ခဲ" သို့မဟုတ် လုပ်ငန်းဆောင်တာများကို လုံးဝမလုပ်ဆောင်နိုင် "လုံးဝမကောင်းပါ" ဟု ဖြေဆိုကြပါသည်။ ထို့ကြောင့် နိုင်ငံလူဦးရေ၏ အနည်းငယ်သာ မသန်စွမ်းမှုဆိုင်ရာခက်ခဲမှုအချို့ရှိသော်လည်း အများစုသည် နေ့စဉ်လုပ်ငန်းဆောင်တာများကို ပုံမှန်လုပ်ဆောင်နိုင်ကြောင်း တွေ့ရှိရပါသည်။

ပုံ (၅.၁၀)။ မသန်စွမ်းမှုအမျိုးအစား၊ ခက်ခဲမှုအတိုင်းအတာနှင့် ကျား/မ အလိုက် အသက် ၅ နှစ်နှင့် အထက် မသန်စွမ်းသူဦးရေအချိုးအစား



# အခန်း (၆)	ရွှေ့ပြောင်းသွားလာခြင်းနှင့် မြို့ပြထွန်းကားလာခြင်း

ဤအခန်းတွင် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းမှ ရရှိသော အချက်အလက်များကိုအခြေခံ၍ မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းသွားလာမှုနှင့် မြို့ပြထွန်းကားလာမှု ဖြစ်စဉ်များကို ပြည့်စုံစွာခွဲခြားဖော်ပြထားပါသည်။ ပြည်တွင်း/ပြည်ပရွှေ့ပြောင်းသွားလာမှုများ၊ ရွှေ့ပြောင်းရသည့်အခြေခံအကြောင်းရင်းများနှင့် အကျိုးသက်ရောက်မှုများ ပါဝင်ပါသည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း ပြောင်းလဲနေသော မြို့ပြထွန်းကားလာမှုအခြေအနေကို လေ့လာဆန်းစစ်ထားပြီးလူဦးရေဆိုင်ရာအဓိက ပြောင်းလဲမှုများနှင့်ဒေသအလိုက် ခြားနားမှုများကို အလေးထား ဖော်ပြထားပါသည်။

## ၆.၁	ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း

ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံ၏ လူမှုစီးပွားရေးဆိုင်ရာ ပြောင်းလဲမှု များကို ဖြစ်ပေါ်စေသည့် အရေးကြီးသော လူဦးရေဆိုင်ရာဖြစ်စဉ်တစ်ခုဖြစ်ပါသည်။ ဤအပိုင်းတွင် ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ရွှေပြောင်းသွားရသည့် အဓိက အကြောင်းရင်းများနှင့် ရွှေ့ပြောင်းသူများ၏ ဝိသေသလက္ခဏာများကို ဆန်းစစ်လေ့လာထား ပါသည်။ ထို့ပြင် ဘဝတစ်လျှောက်အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလော ရွှေ့ပြောင်းသွားလာသူများဟူ၍ ရွှေ့ပြောင်းသွားလာမှုပုံစံနှစ်မျိုးလုံးကို ဆန်းစစ်လေ့လာခြင်းဖြင့် ပြည်တွင်းရွှေ့ပြောင်းသွားလာမှု၏ ပြည့်စုံသောပုံရိပ်ကို ပေးနိုင်ရန်ရည်ရွယ်ပါသည်။

### ၆.၁.၁	ဘဝတစ်လျှောက် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလော ရွှေ့ပြောင်းသွားလာမှုအခြေအနေ

ဤအပိုင်းတွင် မြန်မာနိုင်ငံအတွင်း ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းများကို ဇယား (၆.၁) ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုနှုန်းနှင့် ဇယား (၆.၂) လတ်တလော ရွှေ့ပြောင်း သွားလာမှုနှုန်းတို့တွင် ပြည့်စုံစွာဖော်ပြထားပါသည်။

ဤအစီရင်ခံစာတွင် မြို့နယ်တစ်ခုမှ အခြားမြို့နယ်တစ်ခုသို့ ဘဝတစ်လျှောက် အနည်းဆုံးတစ်ကြိမ် ရွှေ့ပြောင်းနေထိုင်ခဲ့ဖူးသူများအား ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာ သူများ အဖြစ်သတ်မှတ်ပါသည်။ လွန်ခဲ့သော ၅ နှစ်အတွင်း မြို့နယ်တစ်ခုမှ အခြားမြို့နယ် တစ်ခုသို့ ရွှေ့ပြောင်းနေထိုင်ခဲ့ဖူးသူများအား လတ်တလောရွှေ့ပြောင်းသွားလာသူများအဖြစ် သတ်မှတ်ပါသည်။

ပြောင်းဝင်နှုန်းဆိုသည်မှာ သတ်မှတ်ထားသည့်နှစ်တစ်နှစ်အတွင်း ဦးတည်ရာဒေသရှိ

လူဦးရေ ၁,၀၀၀ တွင် ပြောင်းဝင်လာသူ အရေအတွက်ကို ဆိုလိုပါသည်။ ပြောင်းထွက်နှုန်း ဆိုသည်မှာ သတ်မှတ်ထားသည့်နှစ်တစ်နှစ်အတွင်း မူလဒေသရှိ လူဦးရေ ၁,၀၀၀ မှ ပြောင်းထွက်သွားသူအရေအတွက်ကို ဆိုလိုပါသည်။ အသားတင်ရွှေ့ပြောင်းနှုန်းဆိုသည်မှာ ပြောင်းဝင်နှုန်းမှ ပြောင်းထွက်နှုန်းအားနှုတ်ယူသည့် ခြားနားချက်ဖြစ်ပါသည်။ ပြောင်းဝင်နှုန်းသည် ပြောင်းထွက်နှုန်းထက်မြင့်မားပါက အသားတင်ပြောင်းဝင်နှုန်းဟု သတ်မှတ်ပြီး အပေါင်းလက္ခဏာ “+” ဖြင့် ဖော်ပြပါသည်။ အလားတူပင် ပြောင်းထွက်နှုန်းသည် ပြောင်းဝင်နှုန်းထက် မြင့်မားပါက အသားတင်ပြောင်းထွက်နှုန်းဟု သတ်မှတ်၍ အနုတ်လက္ခဏာ “-” ဖြင့် ဖော်ပြပါသည်။

ဤနှုန်းထားများကို ကျား/မအလိုက်ခွဲခြားဖော်ပြထားခြင်းဖြင့် ကျား/မအလိုက် ကွဲပြားသော ရွှေ့ပြောင်းနေထိုင်မှုပုံစံများကို သိရှိနိုင်ရန်ဖြစ်ပြီး လူမှုရေးဓလေ့ထုံးတမ်းများနှင့် စီးပွားရေးဆိုင်ရာအခန်းကဏ္ဍများနှင့်ပတ်သက်သည့် အခြေခံအကြောင်းရင်းများကို ထင်ဟပ်ဖော်ပြနေပါသည်။

ဇယား (၆.၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက်ဘဝတစ်လျှောက်ရွှေ့ပြောင်းနှုန်း

| နေမြဲအရပ် | ပြောင်းဝင်နှုန်း | | | ပြောင်းထွက်နှုန်း | | | အသားတင်ရွှေ့ပြောင်းနှုန်း | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၁၁၉.၆ | ၁၂၉.၅ | ၁၁၀.၉ | ၆၄.၆ | ၅၃.၁ | ၇၄.၇ | ၅၅.၀ | ၇၆.၅ | ၃၆.၂ |
| ကယား | ၂၀၇.၀ | ၂၁၄.၀ | ၂၀၀.၇ | ၆၇၃.၂ | ၅၈၇.၈ | ၇၅၁.၄ | -၄၆၆.၂ | -၃၇၃.၈ | -၅၅၀.၇ |
| ကရင် | ၁၁၈.၅ | ၁၂၆.၄ | ၁၁၁.၇ | ၃၄.၆ | ၃၀.၁ | ၃၈.၅ | ၈၃.၉ | ၉၆.၃ | ၇၃.၂ |
| ချင်း | ၂၅.၃ | ၂၈.၄ | ၂၂.၅ | ၉၃၂.၀ | ၈၂၈.၃ | ၁,၀၂၇.၁ | -၉၀၆.၇ | -၇၉၉.၉ | -၁,၀၀၄.၇ |
| စစ်ကိုင်း | ၄၃.၇ | ၄၈.၂ | ၄၀.၀ | ၃၁၂.၆ | ၃၁၈.၁ | ၃၀၈.၀ | -၂၆၈.၉ | -၂၇၀.၀ | -၂၆၈.၀ |
| တနင်္သာရီ | ၅၃.၂ | ၆၁.၉ | ၄၅.၆ | ၄၅.၄ | ၃၇.၆ | ၅၂.၃ | ၇.၈ | ၂၄.၄ | -၆.၇ |
| ပဲခူး | ၂၅.၂ | ၂၅.၆ | ၂၄.၈ | ၈၈.၂ | ၈၈.၂ | ၈၈.၃ | -၆၃.၁ | -၆၂.၇ | -၆၃.၄ |
| မကွေး | ၂၃.၆ | ၂၄.၄ | ၂၂.၉ | ၁၄၅.၉ | ၁၅၆.၅ | ၁၃၇.၃ | -၁၂၂.၃ | -၁၃၂.၁ | -၁၁၄.၄ |
| မန္တလေး | ၇၀.၇ | ၇၀.၀ | ၇၁.၂ | ၆၇.၈ | ၇၃.၀ | ၆၃.၆ | ၂.၈ | -၃.၀ | ၇.၆ |
| မွန် | ၃၇.၆ | ၄၂.၈ | ၃၃.၅ | ၉၇.၀ | ၉၁.၁ | ၁၀၁.၇ | -၅၉.၄ | -၄၈.၃ | -၆၈.၂ |
| ရခိုင် | ၂၀.၆ | ၂၃.၉ | ၁၇.၈ | ၅၉၄.၂ | ၅၄၄.၆ | ၆၃၇.၁ | -၅၇၃.၆ | -၅၂၀.၇ | -၆၁၉.၄ |
| ရန်ကုန် | ၁၉၆.၂ | ၁၈၈.၉ | ၂၀၂.၃ | ၂၉.၇ | ၃၁.၄ | ၂၈.၃ | ၁၆၆.၆ | ၁၅၇.၅ | ၁၇၄.၀ |
| ရှမ်း | ၇၄.၁ | ၇၈.၉ | ၆၉.၉ | ၄၉.၂ | ၄၁.၈ | ၅၅.၈ | ၂၄.၉ | ၃၇.၀ | ၁၄.၀ |
| ဧရာဝတီ | ၁၆.၉ | ၁၆.၆ | ၁၇.၁ | ၉၉.၉ | ၉၆.၉ | ၁၀၂.၅ | -၈၃.၀ | -၈၀.၃ | -၈၅.၄ |
| နေပြည်တော် | ၂၀၆.၄ | ၂၀၄.၀ | ၂၀၈.၄ | ၃၆.၅ | ၃၈.၇ | ၃၄.၇ | ၁၆၉.၉ | ၁၆၅.၃ | ၁၇၃.၇ |

ပုံ (၆.၁)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် ဘဝတစ်လျှောက်အသားတင်ရွှေ့ပြောင်းနှုန်း




ဇယား (၆.၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် လတ်တလောရွှေ့ပြောင်းနှုန်း

| နေမြဲအရပ် | ပြောင်းဝင်နှုန်း | | | ပြောင်းထွက်နှုန်း | | | အသားတင်ရွှေ့ပြောင်းနှုန်း | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ကချင် | ၁၁၀.၈ | ၁၁၉.၂ | ၁၀၃.၆ | ၅၉.၃ | ၅၂.၆ | ၆၅.၂ | ၅၁.၅ | ၆၆.၅ | ၃၈.၃ |
| ကယား | ၁၈၂.၄ | ၁၈၈.၅ | ၁၇၆.၈ | ၆၄၉.၅ | ၅၈၇.၀ | ၇၀၆.၈ | -၄၆၇.၁ | -၃၉၈.၅ | -၅၃၀.၀ |
| ကရင် | ၁၀၇.၀ | ၁၁၃.၉ | ၁၀၁.၀ | ၃၃.၂ | ၃၀.၅ | ၃၅.၅ | ၇၃.၈ | ၈၃.၄ | ၆၅.၅ |
| ချင်း | ၂၄.၂ | ၂၈.၇ | ၂၀.၀ | ၇၈၃.၀ | ၆၉၃.၇ | ၈၆၅.၀ | -၇၅၈.၉ | -၆၆၅.၀ | -၈၄၄.၉ |
| စစ်ကိုင်း | ၄၀.၀ | ၄၄.၂ | ၃၆.၆ | ၂၆၆.၇ | ၂၆၉.၅ | ၂၆၄.၅ | -၂၂၆.၇ | -၂၂၅.၃ | -၂၂၇.၉ |
| တနင်္သာရီ | ၄၇.၆ | ၅၅.၀ | ၄၁.၁ | ၄၃.၅ | ၃၉.၁ | ၄၇.၄ | ၄.၁ | ၁၅.၉ | -၆.၃ |
| ပဲခူး | ၂၃.၅ | ၂၃.၉ | ၂၃.၂ | ၇၃.၄ | ၇၂.၈ | ၇၃.၉ | -၄၉.၉ | -၄၈.၉ | -၅၀.၇ |
| မကွေး | ၂၁.၉ | ၂၂.၉ | ၂၁.၁ | ၁၂၀.၂ | ၁၂၆.၉ | ၁၁၄.၇ | -၉၈.၃ | -၁၀၄.၀ | -၉၃.၆ |
| မန္တလေး | ၆၂.၅ | ၆၂.၂ | ၆၂.၇ | ၅၇.၉ | ၆၁.၆ | ၅၄.၉ | ၄.၆ | ၀.၆ | ၇.၈ |
| မွန် | ၃၃.၄ | ၃၈.၀ | ၂၉.၇ | ၇၉.၇ | ၇၆.၃ | ၈၂.၃ | -၄၆.၃ | -၃၈.၃ | -၅၂.၆ |
| ရခိုင် | ၁၇.၃ | ၂၀.၆ | ၁၄.၄ | ၅၀၅.၈ | ၄၆၇.၄ | ၅၃၉.၀ | -၄၈၈.၅ | -၄၄၆.၈ | -၅၂၄.၆ |
| ရန်ကုန် | ၁၆၃.၇ | ၁၅၇.၁ | ၁၆၉.၀ | ၂၈.၉ | ၃၀.၅ | ၂၇.၇ | ၁၃၄.၇ | ၁၂၆.၇ | ၁၄၁.၃ |

| နေမြဲအရပ် | ပြောင်းဝင်နှုန်း | | | ပြောင်းထွက်နှုန်း | | | အသားတင်ရွှေ့ပြောင်းနှုန်း | | |
|---|---|---|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| ရှမ်း | ၆၄.၈ | ၆၈.၄ | ၆၁.၅ | ၄၇.၃ | ၄၂.၈ | ၅၁.၃ | ၁၇.၅ | ၂၅.၆ | ၁၀.၂ |
| ဧရာဝတီ | ၁၅.၇ | ၁၅.၅ | ၁၅.၉ | ၈၂.၈ | ၇၉.၆ | ၈၅.၆ | -၆၇.၁ | -၆၄.၁ | -၆၉.၇ |
| နေပြည်တော် | ၁၈၅.၆ | ၁၈၃.၅ | ၁၈၇.၃ | ၄၁.၇ | ၄၄.၃ | ၃၉.၆ | ၁၄၃.၈ | ၁၃၉.၂ | ၁၄၇.၇ |

ပုံ (၆.၂)။ တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မ အလိုက် လတ်တလောအသားတင် ရွှေ့ပြောင်းနှုန်း




အထက်တွင်ဖော်ပြထားသည့် ဇယားနှင့် ပုံများတွင်ဖော်ပြထားသည့် ရလဒ်များအရ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့သည် ဘဝတစ်တစ်လျှောက်နှင့် လတ်တလော ရွှေ့ပြောင်းသူများ၏ အဓိကဦးတည်ရာဒေသများအဖြစ် ထင်ရှားစွာရှိနေပါသည်။ နေပြည်တော်သည် ဘဝတစ်လျှောက် အသားတင်ပြောင်းဝင်နှုန်း လူဦးရေ ၁,၀၀၀ တွင် ၁၇၀ ဦး နှင့် လတ်တလော အသားတင်ပြောင်းဝင်နှုန်း လူဦးရေ ၁,၀၀၀ ၌ ၁၄၄ ဦးတို့ဖြင့် အမြင့်ဆုံး ဖြစ်ပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် ဘဝတစ်တစ်လျှောက်အသားတင်ပြောင်းဝင်နှုန်း လူဦးရေ ၁,၀၀၀ တွင် ၁၆၇ ဦး နှင့် လတ်တလောအသားတင်ပြောင်းဝင်နှုန်း လူဦးရေ ၁,၀၀၀ တွင် ၁၃၅ ဦးတို့ဖြင့် ဒုတိယအမြင့်ဆုံးဖြစ်ပါသည်။ ၎င်းဒေသများ၏ ပြောင်းဝင်နှုန်းများ ဆက်လက်မြင့်မားနေခြင်းနှင့်အတူ ပြောင်းထွက်နှုန်းများ သိသာစွာနိမ့်ကျနေခြင်းတို့က စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာဗဟိုချက်များ အဖြစ်တည်ရှိနေပြီး ခိုင်မာသည့်ဆွဲဆောင်မှုများရှိနေကြောင်း ဖော်ပြနေပါသည်။ အလားတူပင် ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့သည်လည်း ကာလနှစ်ခုစလုံးတွင် အသားတင်ဝင်ရောက်မှုနှုန်းသည် အပေါင်းလက္ခဏာပြနေကြောင်း တွေ့ရှိရပါသည်။

သို့ရာတွင် ပြည်နယ်အချို့သည် ဘ၀တစ်လျှောက်နှင့် လတ်တလောရွှေ့ပြောင်းမှု နှစ်မျိုးစလုံး၌ အသားတင်လူဦးရေဆုံးရှုံးမှုများ သိသာစွာဖြစ်ပေါ်နေခဲ့ပါသည်။ ချင်းပြည်နယ်သည် ဘ၀တစ်လျှောက် အသားတင်ရွှေ့ပြောင်းနှုန်း လူဦးရေ ၁,၀၀၀ ဦး၌ (-)၉၀၇ ဦးဖြစ်ပြီး လတ်တလောနှုန်းမှာ လူဦးရေ ၁,၀၀၀ ဦးတွင် (-)၇၅၉ ဦးရှိသဖြင့် လူဦးရေဆုံးရှုံးမှု အလွန်မြင့်မားနေကြောင်းတွေ့ရှိရပါသည်။ ဤဒေသမှ အခြားဒေသများသို့ ပြောင်းထွက်နှုန်းသည်လည်း အလွန်မြင့်မားလျက် (ဘ၀တစ်လျှောက် ရွှေ့ပြောင်းနှုန်း ၉၃၂ ဦး နှင့် လတ်တလောရွှေ့ပြောင်းနှုန်း ၇၈၃ ဦး) ရှိပါသည်။ ထိုနည်းတူစွာ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့သည်လည်း ပြောင်းထွက်နှုန်းလွန်စွာမြင့်မားပြီး အကျိုးဆက်အဖြစ် အသားတင်လူဦးရေဆုံးရှုံးမှုများ ဖြစ်ပေါ်နေပါ သည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်၏ ဘ၀တစ်လျှောက်အသားတင်ရွှေ့ပြောင်းနှုန်းသည် (-)၅၇၄ ဦးနှင့် လတ်တလောရွှေ့ပြောင်းနှုန်းသည် (-)၄၈၉ ဦး၊ ကယားပြည်နယ်၏ ဘ၀တစ်လျှောက် အသားတင်ရွှေ့ပြောင်းနှုန်းသည် (-)၄၆၆ ဦးနှင့် လတ်တလောရွှေ့ပြောင်းနှုန်းသည် (-)၄၆၇ ဦး ရှိပါသည်။ အဆိုပါပြည်နယ်များတွင် အပြည့်အ၀စာရင်းကောက်နိုင်မှုမရှိခြင်းကြောင့် အချက်အလက် ခိုင်မာမှုအားနည်းသည်ဟုဆိုနိုင်သော်လည်း ရွှေ့ပြောင်းမှုအမျိုးအစားနှစ်မျိုးစလုံးတွင် လူဦးရေပြောင်းထွက်မှုများတစ်သမတ်တည်းဖြစ်ပေါ်နေခဲ့ခြင်းကြောင့် ယင်းဒေသများမှထွက်ခွာရန် တွန်းအားပေးသည့်အကြောင်းရင်းများရှိနေကြောင်း ညွှန်ပြနေပါသည်။

ရွှေ့ပြောင်းမှုကြောင့် လူဦးရေအသားတင်ဆုံးရှုံးမှုများ ရင်ဆိုင်နေရသည့် အခြားသောဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာ၀တီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ဖြစ်ကြပြီး ရွှေ့ပြောင်းသွားလာမှုနှစ်မျိုးစလုံးတွင် လူဦးရေဆုံးရှုံးမှုများရှိနေပါသည်။ ဘ၀တစ်လျှောက်အသားတင်ရွှေ့ပြောင်းနှုန်းများမှာ စစ်ကိုင်းတိုင်းဒေသကြီးတွင် လူ ၁,၀၀၀ ဦးတွင် (-)၂၆၉ ဦး၊ မကွေးတိုင်းဒေသကြီးတွင် (-)၁၂၂ ဦး၊ ဧရာ၀တီတိုင်းဒေသကြီးတွင် (-)၈၃ ဦးနှင့် ပဲခူးတိုင်းဒေသကြီးတွင် (-)၆၃ ဦးတို့ဖြစ်ပါသည်။

### ၆.၁.၁.၁ ကျား/မကွာခြားမှုများ

ဇယား (၆.၃) နှင့် ဇယား (၆.၄) တို့တွင်ဖော်ပြထားသည့် အချက်အလက်များအရ ကျား/မအလိုက် ရွှေ့ပြောင်းမှုပုံစံများတွင် ကွဲပြားမှုများကို ရှင်းလင်းစွာ တွေ့မြင်နိုင်ပါသည်။ အသားတင်ရွှေ့ပြောင်းနှုန်း အပေါင်းလက္ခဏာပြသည့် ရန်ကုန်တိုင်းဒေသကြီးနှင့် နေပြည်တော်တို့တွင် အမျိုးသမီးများ၏ အသားတင်ရွှေ့ပြောင်းနှုန်းသည် အမျိုးသားများထက် အနည်းငယ်ပိုမိုမြင့်မားနေပါသည်။ ဥပမာအားဖြင့် လတ်တလောအသားတင်ရွှေ့ပြောင်းနှုန်းမှာ ရန်ကုန်တိုင်းဒေသကြီးတွင် အမျိုးသမီး ၁၄၁.၃၊ အမျိုးသား ၁၂၆.၇ ဖြစ်ပြီး နေပြည်တော်တွင် အမျိုးသမီး ၁၄၇.၇ နှင့် အမျိုးသား ၁၃၉.၂ ဖြစ်ပါသည်။

သို့ရာတွင် အသားတင်လူဦးရေ ဆုံးရှုံးမှုမြင့်မားသည့် ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်မူ အမျိုးသမီးများ၏ အသားတင်လူဦးရေဆုံးရှုံးမှုနှုန်းသည် အမျိုးသားများထက် သိသာစွာပိုများနေပါသည်။ ဥပမာအားဖြင့် ချင်းပြည်နယ်တွင် ဘဝတစ်လျှောက် အသားတင်ရွှေ့ပြောင်းနှုန်းမှာ (-)၁,၁၀၄.၇ ဦးဖြစ်ပြီး အမျိုးသား (-)၇၉၉.၉ ဦးသာရှိပါသည်။ လတ်တလောရွှေ့ပြောင်းမှုတွင်လည်း အမျိုးသမီး (-)၈၄၄.၉ ဦးဖြစ်ပြီး အမျိုးသား (-)၆၆၅.၀ ဦးဖြစ်ပါသည်။ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင်လည်း အလားတူပုံစံများကိုတွေ့ရှိရပြီး ရွှေ့ပြောင်းမှုနှစ်မျိုးလုံးတွင် အမျိုးသမီးများ၏ဆုံးရှုံးမှုနှုန်းသည် အမျိုးသားများ၏ဆုံးရှုံးမှုနှုန်းထက် ပိုမိုမြင့်မားနေပါသည်။

ဤအချက်အလက်များမှ ထင်ရှားစွာသိနိုင်သည့်အချက်မှာ လူဦးရေပြောင်းထွက်မှု မြင့်မားသည့်ဒေသများတွင် အမျိုးသမီးလူဦးရေဆုံးရှုံးမှုသည် အလွန်မြင့်မားနေခြင်းဖြစ်ပါသည်။ ထို့အပြင် ရန်ကုန်၊ နေပြည်တော်ကဲ့သို့သော မြို့ပြဒေသများသို့ အမျိုးသမီးများ ပိုမိုရွှေ့ပြောင်းလာကြသည့်အပြင် နယ်စပ်ဒေသများမှ အမျိုးသမီးအများအပြား ရွှေ့ပြောင်းထွက်ခွာနေကြကြောင်း ညွှန်ပြနေပါသည်။

မြန်မာနိုင်ငံ၏ ရွှေ့ပြောင်းနေထိုင်မှုဆိုင်ရာအချက်အလက်များကို ဘဝတစ်လျှောက်နှင့် လတ်တလောကာလနှစ်ခုစလုံးအတွက် ဆန်းစစ်ရာတွင် လူဦးရေရွှေ့ပြောင်းမှုပုံစံများသည် ကာလကြာမြင့်စွာမပြောင်းလဲဘဲ တည်ရှိနေသည်ကိုတွေ့ရှိရပါသည်။ လူဦးရေဝင်ရောက်မှုမြင့်မားသော "ဆွဲငင်အားရှိသည့်ဒေသ" များနှင့် လူဦးရေထွက်ခွာမှုမြင့်မားသော "တွန်းကန်အားရှိသည့်ဒေသ" များ၏ အခြေအနေမှာမပြောင်းလဲဘဲ တစ်သမတ်တည်းဖြစ်နေဆဲဟု သုံးသပ်နိုင်ပါသည်။ သို့ရာတွင် လူဦးရေစာရင်းကောက်ယူမှု၏ ပြီးပြည့်စုံမှုနှုန်းများ ဒေသအလိုက်ကွဲပြားသည်ကိုလည်း ထည့်သွင်းစဉ်းစားရန် အထူးအရေးကြီးပါသည်။ အထူးသဖြင့် ခန့်မှန်းလူဦးရေအချိုးအစားမြင့်မားသည့်ဒေသများ၏ ကိန်းဂဏန်းများကို ပိုမိုဂရုပြုသုံးသပ်ရန် လိုအပ်ပါသည်။

## ၆.၁.၂ ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလော ရွှေ့ပြောင်းသွားလာမှု လမ်းကြောင်းများ

လူဦးရေရွှေ့ပြောင်းနေထိုင်မှုလမ်းကြောင်းများသည် လူများမည်ကဲ့သို့ ရွှေ့ပြောင်းကြသည်ကို ဖော်ပြပေးပါသည်။ အဆိုပါရွှေ့ပြောင်းမှုလမ်းကြောင်းများကို မြို့ပြဒေသ သို့မဟုတ် ကျေးလက်ဒေသမှ စတင်ရွှေ့ပြောင်းလာခြင်းအပေါ်မူတည်၍ ခွဲခြားဆန်းစစ်လေ့လာနိုင်ပါသည်။ မြို့ပြ-မြို့ပြ ရွှေ့ပြောင်းသူဆိုသည်မှာ မြို့တစ်မြို့မှ နောက်မြို့တစ်မြို့သို့ ရွှေ့ပြောင်းသူဖြစ်ပါသည်။ ကျေးလက်-မြို့ပြ ရွှေ့ပြောင်းသူဆိုသည်မှာ ကျေးလက်ဒေသမှ မြို့ပြဒေသသို့ ရွှေ့ပြောင်းလာသူဖြစ်ပါသည်။ မြို့ပြ-ကျေးလက် ရွှေ့ပြောင်းသူဆိုသည်မှာ မြို့ပြဒေသမှ ကျေးလက်ဒေသ

သို့ ရွှေ့ပြောင်းခဲ့သူဖြစ်ပါသည်။ ကျေးလက်-ကျေးလက် ရွှေ့ပြောင်းသူဆိုသည်မှာ ကျေးလက်ဒေသတစ်ခုမှ အခြားကျေးလက်ဒေသတစ်ခုသို့ ရွှေ့ပြောင်းသူဖြစ်ပါသည်။ အဆိုပါမတူညီသည့် ရွှေ့ပြောင်းမှုအမျိုးအစားများသည် နိုင်ငံတစ်ဝန်းတွင် မည်ကဲ့သို့လူများဖြန့်ကျက်နေထိုင်နေသည်ကို သိရှိနိုင်ရန် အထောက်အကူပြုပါသည်။

ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလောရွှေ့ပြောင်းသွားလာသူများအတွက် ရွှေ့ပြောင်းမှုလမ်းကြောင်းများကို ဇယား (၆.၃) နှင့် (၆.၄) တို့တွင် ကျား/မ အလိုက် ခွဲခြားဖော်ပြထားပါသည်။ ရွှေ့ပြောင်းမှုကာလနှစ်ခုစလုံးတွင် စုစုပေါင်းရွှေ့ပြောင်းမှု၏ ထက်ဝက်ကျော်သည် မြို့ပြဒေသများအတွင်း (မြို့ပြ-မြို့ပြ) ၌ ဖြစ်ပေါ်ခဲ့ပါသည်။ ဤအချက်အလက်အရ ကျေးလက်မှမြို့ပြများသို့ ရွှေ့ပြောင်းမှုများသာမက မြို့ပြစနစ်အတွင်း၌ပင် ရွှေ့ပြောင်းမှုများရှိနေကြောင်းဖော်ပြနေပါသည်။ ကျေးလက်-မြို့ပြ ရွှေ့ပြောင်းမှုများသည် စုစုပေါင်း၏ လေးပုံတစ်ပုံခန့်ဖြစ်ပြီး ပညာရေး၊ အလုပ်အကိုင်၊ ဝန်ဆောင်မှုများနှင့် ပိုမိုကောင်းမွန်သည်ဟု ယူဆရသည့် အခွင့်အလမ်းများကြောင့် မြို့ကြီးများ၏ ဆွဲဆောင်နိုင်စွမ်းကို ထင်ဟပ်စေပါသည်။ မြို့ပြ-ကျေးလက်နှင့် ကျေးလက်-ကျေးလက် ရွှေ့ပြောင်းမှုများမှာ စုစုပေါင်း၏ ငါးပုံတစ်ပုံအောက်သာရှိသောကြောင့် မြို့ပြမှ ပြန်လည်ထွက်ခွာခြင်းနှင့် ကျေးလက်အချင်းချင်း ရွှေ့ပြောင်းနေထိုင်ခြင်းတို့မှာ အနည်းငယ်သာရှိကြောင်း ညွှန်ပြနေပါသည်။ ယေဘုယျအားဖြင့် ကျား/မ နှစ်မျိုးစလုံးတွင် ဤပုံစံသည် သိသာစွာတူညီနေပြီး ရွှေ့ပြောင်းမှု အချိုးအစားများသည် အမျိုးသားနှင့်အမျိုးသမီးများအကြား ကွာခြားမှုအနည်းငယ်သာရှိပါသည်။

ဇယား (၆.၃) အရ ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာသူများအနက် မြို့ပြမှမြို့ပြသို့ ရွှေ့ပြောင်းသူအရေအတွက်မှာ ၁.၉၅ သန်း (စုစုပေါင်း ၃.၈၈ သန်း၏ ၅၀.၃%) ရှိပြီး အများဆုံးဖြစ်ပါသည်။ ကျေးလက်မှမြို့ပြသို့ ရွှေ့ပြောင်းသူ ၉၅၉,၅၉၃ ဦး (၂၄.၇%)၊ ကျေးလက်မှကျေးလက်သို့ ရွှေ့ပြောင်းနေထိုင်သူ ၇၁၅,၄၂၁ ဦး (၁၈.၄%) နှင့် မြို့ပြမှ ကျေးလက်သို့ ရွှေ့ပြောင်းနေထိုင်သူ ၂၅၅,၃၈၉ ဦး (၆.၆%) တို့အသီးသီး ဖြစ်ကြပါသည်။

အမျိုးသားများ၏ ဘဝတစ်လျှောက် ရွှေ့ပြောင်းမှုပုံစံများသည်လည်း ဤအချိုးအစားများနှင့်အနီးစပ်ဆုံးတူညီပြီး မြို့ပြ-မြို့ပြ ရွှေ့ပြောင်းမှု ၄၉.၂ ရာခိုင်နှုန်း၊ ကျေးလက်-မြို့ပြ ရွှေ့ပြောင်းမှု ၂၄.၈ ရာခိုင်နှုန်း၊ ကျေးလက်-ကျေးလက် ရွှေ့ပြောင်းမှု ၁၉.၂ ရာခိုင်နှုန်းနှင့် မြို့ပြ-ကျေးလက် ရွှေ့ပြောင်းမှု ၆.၈ ရာခိုင်နှုန်းတို့ဖြစ်ကြပါသည်။ အမျိုးသမီးများ၏ မြို့ပြ-မြို့ပြ ရွှေ့ပြောင်းမှုသည် (၅၁.၂%) အမျိုးသားများထက် အနည်းငယ်ပိုများ၍ ကျေးလက်-ကျေးလက်ရွှေ့ပြောင်းမှုသည် အနည်းငယ်ပိုနည်းသည် (၁၇.၈%) ကို တွေ့ရပါသည်။

လတ်တလောရွှေ့ပြောင်းသွားလာမှုတွင်လည်း အလားတူပုံစံများရှိနေကြောင်း ဇယား (၆.၄) တွင် တွေ့မြင်နိုင်ပါသည်။ လတ်တလောရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၁.၄၄ သန်းအနက် မြို့ပြမှမြို့ပြသို့ ၇၃၁,၄၄၁ ဦး (၅၀.၆ %)၊ ကျေးလက်မှမြို့ပြသို့ ၃၄၅,၃၃၉ ဦး (၂၃.၉%)၊ ကျေးလက်မှကျေးလက်သို့ ၂၅၈,၈၂၁ ဦး (၁၇.၉%) နှင့် မြို့ပြမှကျေးလက်သို့ ၁၁၀,၁၁၁ ဦး (၇.၆ %) တို့ရှိပါသည်။

အမျိုးသားများတွင် လတ်တလောရွှေ့ပြောင်းသွားလာမှုမှာ မြို့ပြမှမြို့ပြသို့ ၅၀.၁ ရာခိုင်နှုန်းနှင့် ကျေးလက်မှမြို့ပြသို့ ၂၃.၄ ရာခိုင်နှုန်းဖြစ်ပါသည်။ အမျိုးသမီးများသည် မြို့ပြမှ မြို့ပြသို့ ၅၁.၀ ရာခိုင်နှုန်းနှင့် ကျေးလက်မှမြို့ပြသို့ ၂၄.၃ ရာခိုင်နှုန်းတို့ဖြင့် အမျိုးသားများထက် အနည်းငယ်ပိုများပါသည်။ အမျိုးသမီးများ၏ မြို့ပြ-ကျေးလက် ရွှေ့ပြောင်းမှုများ ၇.၄ ရာခိုင်နှုန်းသည် အမျိုးသားများ၏ ၇.၉ ရာခိုင်နှုန်းထက်အနည်းငယ် လျော့နည်းပါသည်။

ဇယား (၆.၃)။ ကျား/မအလိုက် ဘဝတစ်လျှောက်ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်း

| ကျား/မ | ရွှေ့ပြောင်းမှုလမ်းကြောင်း | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | မြို့ပြ - မြို့ပြ | ကျေးလက် - မြို့ပြ | ကျေးလက် - ကျေးလက် | မြို့ပြ - ကျေးလက် | |
| **စုစုပေါင်း** | ၁,၉၅၁,၃၁၆ | ၉၅၉,၅၉၃ | ၇၁၅,၄၂၁ | ၂၅၅,၃၈၉ | ၃,၈၈၁,၇၁၉ |
| **ရာခိုင်နှုန်း** | ၅၀.၃ | ၂၄.၇ | ၁၈.၄ | ၆.၆ | ၁၀၀.၀ |
| ကျား | ၈၆၀,၃၇၅ | ၄၃၄,၂၄၄ | ၃၃၅,၅၆၆ | ၁၁၉,၂၉၃ | ၁,၇၄၉,၄၇၈ |
| ရာခိုင်နှုန်း | ၄၉.၂ | ၂၄.၈ | ၁၉.၂ | ၆.၈ | ၁၀၀.၀ |
| မ | ၁,၀၉၀,၉၄၁ | ၅၂၅,၃၄၉ | ၃၇၉,၈၅၅ | ၁၃၆,၀၉၆ | ၂,၁၃၂,၂၄၁ |
| ရာခိုင်နှုန်း | ၅၁.၂ | ၂၄.၆ | ၁၇.၈ | ၆.၄ | ၁၀၀.၀ |

ဇယား (၆.၄)။ ကျား/မအလိုက် လတ်တလောရွှေ့ပြောင်းသွားလာမှုလမ်းကြောင်း

| ကျား/မ | ရွှေ့ပြောင်းမှုလမ်းကြောင်း | | | | စုစုပေါင်း |
|---|---|---|---|---|---|
| | မြို့ပြ - မြို့ပြ | ကျေးလက် - မြို့ပြ | ကျေးလက် - ကျေးလက် | မြို့ပြ - ကျေးလက် | |
| **စုစုပေါင်း** | ၇၃၁,၄၄၁ | ၃၄၅,၃၃၉ | ၂၅၈,၈၂၁ | ၁၁၀,၁၁၁ | ၁,၄၄၅,၇၁၂ |
| **ရာခိုင်နှုန်း** | ၅၀.၆ | ၂၃.၉ | ၁၇.၉ | ၇.၆ | ၁၀၀.၀ |
| ကျား | ၃၂၁,၃၁၄ | ၁၅၀,၁၆၃ | ၁၁၈,၈၃၃ | ၅၀,၉၀၄ | ၆၄၁,၂၁၄ |
| ရာခိုင်နှုန်း | ၅၀.၁ | ၂၃.၄ | ၁၈.၅ | ၇.၉ | ၁၀၀.၀ |
| မ | ၄၁၀,၁၂၇ | ၁၉၅,၁၇၆ | ၁၃၉,၉၈၈ | ၅၉,၂၀၇ | ၈၀၄,၄၉၈ |
| ရာခိုင်နှုန်း | ၅၁.၀ | ၂၄.၃ | ၁၇.၄ | ၇.၄ | ၁၀၀.၀ |

## ၆.၁.၃ ရွှေ့ပြောင်းသွားလာခြင်း၏ အဓိကအကြောင်းရင်းများ

ဇယား (၆.၅) တွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ အဓိကရွှေ့ပြောင်းရခြင်း အကြောင်းရင်းများကို တိုင်းဒေသကြီး/ပြည်နယ်နှင့် ကျား/မအလိုက် ခွဲခြားဖော်ပြထားပါသည်။ ပုံ (၆.၃) တွင် ရွှေ့ပြောင်းရသည့်အကြောင်းရင်းများအား ပြည်ထောင်စုအဆင့် ရာခိုင်နှုန်းဖြင့်သာ ဖော်ပြထားသော်လည်း ဤဇယားတွင် တိုင်းဒေသကြီး/ပြည်နယ်အလိုက် ဖော်ပြထားသဖြင့် ရွှေ့ပြောင်းရသည့် အဓိကအကြောင်းရင်းများကို ပိုမိုနားလည်စေရန် အထောက်အကူပြုပါသည်။

သန်းခေါင်စာရင်းကောက်ယူချိန်တွင် ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူ ၃,၈၉၆,၅၉၄ ဦး ရှိကြောင်း ဖော်ထုတ်တွေ့ရှိခဲ့ပြီး ၎င်းတို့တွင် မြန်မာနိုင်ငံအတွင်း ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာမှုနှင့် လတ်တလောရွှေ့ပြောင်းသွားလာမှု နှစ်မျိုးစလုံးပါဝင်ပါသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအကြား ရွှေ့ပြောင်းနေထိုင်ရခြင်း၏ အဓိက အကြောင်းရင်းများကို လေ့လာသုံးသပ်ရာတွင် သိသာထင်ရှားသည့် ပုံစံများကိုတွေ့ရပါသည်။ နိုင်ငံတစ်ဝှမ်းလုံးအနေဖြင့် စီးပွားရေးအကြောင်းပြချက်များက အဓိကဖြစ်ပြီး ရွှေ့ပြောင်းသူစုစုပေါင်း၏ ၄၂.၈ ရာခိုင်နှုန်းသည် "အလုပ်အကိုင်ရှာဖွေရန်" သို့မဟုတ် စီးပွားရေးဆိုင်ရာ အကြောင်းပြချက်များကြောင့် ရွှေ့ပြောင်းခဲ့ကြပါသည်။ "မိသားစုနောက်လိုက်၍" သည် ဒုတိယ အဓိကအကြောင်းရင်း (၃၁.၉%) ဖြစ်ပြီး "အိမ်ထောင်ကျ၍" ရွှေ့ပြောင်းရခြင်းသည် (၁၈.၁%) တတိယနေရာတွင် ရှိပါသည်။ အခြားအကြောင်းရင်းများဖြစ်သော "ပဋိပက္ခများ/တိုက်ပွဲများ ကြောင့်" (၃.၃%)၊ "ကျန်းမာရေးစောင့်ရှောက်မှု" (၀.၇%)၊ "သဘာဝဘေးအန္တရာယ်" (၀.၄%) နှင့် "အခြား" (၀.၃%) တို့ကမူ သိသိသာသာ နည်းပါးနေသည်ကို တွေ့ရှိရပါသည်။

ရွှေ့ပြောင်းမှုအကြောင်းရင်းများသည် ဒေသအလိုက်ကွဲပြားမှုများ ရှိနေပါသည်။ ရန်ကုန်တိုင်းဒေသကြီး (၄၆.၂%)၊ တနင်္သာရီတိုင်းဒေသကြီး (၄၃.၃%) နှင့် နေပြည်တော် (၄၄.၂%) ကဲ့သို့သော အဓိကမြို့ပြဒေသများသည် အလုပ်နှင့်သက်ဆိုင်သော ရွှေ့ပြောင်းနေထိုင်သူ အချိုးအစားအမြင့်ဆုံးဖြစ်ပြီး ၎င်းဒေသများ၏ စီးပွားရေးအချက်အချာကျမှုကို ထင်ဟပ်ပြသနေ ပါသည်။ ဧရာဝတီတိုင်းဒေသကြီး (၃၀.၂%) နှင့် ပဲခူးတိုင်းဒေသကြီး (၃၂.၈%) တို့တွင် စီးပွားရေး ကြောင့် ရွှေ့ပြောင်းမှုအချိုးအစား နည်းပါးပါသည်။ သို့ရာတွင် ဧရာဝတီတိုင်းဒေသကြီးသည် "အိမ်ထောင်ကျ၍" ရွှေ့ပြောင်းမှု ၃၇.၆ ရာခိုင်နှုန်းဖြင့် အမြင့်မားဆုံးဖြစ်ပါသည်။ "မိသားစု နောက်လိုက်၍" ရွှေ့ပြောင်းမှုများက နေပြည်တော် (၃၆.၇%) နှင့် မွန်ပြည်နယ် (၃၁.၅%) တို့တွင် အများဆုံးဖြစ်ပြီး ဤဒေသများရှိ လူမှုရေးနှင့်မိသားစု ဖွဲ့စည်းမှုပုံစံများကြောင့်ဖြစ်နိုင်ပါသည်။ ကယားပြည်နယ် (၁၄.၁%)၊ ရခိုင်ပြည်နယ် (၁၃.၉%) နှင့် ချင်းပြည်နယ် (၁၃.၃%) ကဲ့သို့သော

နယ်စပ်ဒေသများတွင် ပဋိပက္ခကြောင့် ရွှေ့ပြောင်းမှုများသည် တစ်နိုင်ငံလုံး၏ပျမ်းမျှ (၃.၃%) ထက် သိသာစွာပိုမိုမြင့်မားနေပါသည်။

ရွှေ့ပြောင်းမှုအကြောင်းရင်းများတွင် ကျား/မအလိုက်ကွဲပြားမှုများလည်း သိသာထင်ရှားစွာ တွေ့ရှိရပါသည်။ အမျိုးသားများအတွက် အဓိကအကြောင်းရင်းသည် အလုပ်အကိုင် (တစ်နိုင်ငံလုံးအတွက်ပျမ်းမျှ ၅၆.၀%) အတွက်ဖြစ်ပါသည်။ အမျိုးသမီးများ၏ ရွှေ့ပြောင်းမှုပုံစံက သိသာစွာကွဲပြားပြီး "မိသားစုနောက်လိုက်၍" သည် (တစ်နိုင်ငံလုံးအတွက်ပျမ်းမျှ ၃၇.၄ %) အဓိကအကြောင်းရင်းဖြစ်ပါသည်။ ထို့အပြင် အမျိုးသမီးများသည် "အိမ်ထောင်ကျ၍" ရွှေ့ပြောင်းမှုမှာ အမျိုးသားများထက် နှစ်ဆနီးပါး ပိုမိုများပြား (တစ်နိုင်ငံလုံးပျမ်းမျှ ၂၃.၃% နှင့် ၁၁.၈%) ပါသည်။

ပြည်တွင်းရွှေ့ပြောင်းရသည့် အကြောင်းရင်းများကို ခြုံငုံသုံးသပ်ကြည့်လျှင် အဓိကအားဖြင့် "အလုပ်အကိုင်ရရှိရန်" နှင့် "မိသားစုနောက်သို့လိုက်ပါရန်" တို့ဖြစ်ကြောင်း တွေ့ရပါသည်။ အလုပ်အကိုင်ရရှိရန် ရွှေ့ပြောင်းသူများတွင် အမျိုးသားဦးရေသည် အမျိုးသမီးဦးရေထက် ပိုမိုများပြားပြီး အမျိုးသမီးများအတွက် "အိမ်ထောင်ပြုခြင်း" နှင့် "မိသားစုနောက်လိုက်ပါခြင်း" တို့သည် အဓိကရွှေ့ပြောင်းရသည့် အကြောင်းရင်းများဖြစ်ကြောင်း တွေ့ရပါသည်။

ပုံ (၆.၃)။ ကျား/မအလိုက် ရွှေ့ပြောင်းရသည့် အဓိကအကြောင်းရင်း



ဇယား (၆.၅)။ တိုင်းဒေသကြီး/ပြည်နယ်အလိုက် ရွှေ့ပြောင်းရသည့်အဓိကအကြောင်းရင်း

| နောက်ဆုံး နေထိုင်ခဲ့သည့် ဒေသ | ရွှေ့ပြောင်းရသည့်အဓိကအကြောင်းရင်း (ရာခိုင်နှုန်း) | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | အလုပ်ကြောင့်/ အလုပ်ရှာရန်/ စီးပွားရေးကြောင့် | ပညာရေးကြောင့် | အိမ်ထောင်ကျ၍ | မိသားစုနောက် လိုက်၍ | ပဋိပက္ခများ/ တိုက်ပွဲများကြောင့် | ဆေးကုသမှုခံယူရန်/ ကျန်းမာရေးစောင့်ရှောက်မှုများရရှိရန် | သဘာဝဘေးအန္တရာယ်ကြောင့် | အခြား | စုစုပေါင်း ရာခိုင်နှုန်း | စုစုပေါင်း |
| **ပြည်ထောင်စု** | ၄၂.၈ | ၂.၄ | ၁၈.၁ | ၃၁.၉ | ၃.၃ | ၀.၇ | ၀.၄ | ၀.၃ | ၁၀၀ | ၃,၈၉၆,၅၉၄ |
| ကချင် | ၄၂.၃ | ၄.၃ | ၁၄.၈ | ၃၂.၆ | ၅.၁ | ၀.၅ | ၀.၃ | ၀.၂ | ၁၀၀ | ၁၃၃,၁၁၃ |
| ကယား | ၃၄.၃ | ၁.၈ | ၁၅.၃ | ၃၃.၂ | ၁၄.၁ | ၀.၃ | ၀.၆ | ၀.၅ | ၁၀၀ | ၈,၇၃၄ |
| ကရင် | ၄၈.၇ | ၁.၁ | ၁၀.၉ | ၃၀.၅ | ၈.၃ | ၀.၂ | ၀.၂ | ၀.၂ | ၁၀၀ | ၁၀၄,၅၉၂ |
| ချင်း | ၃၉.၂ | ၅.၆ | ၁၀.၄ | ၂၈.၆ | ၁၃.၃ | ၁.၆ | ၀.၇ | ၀.၇ | ၁၀၀ | ၃,၁၃၈ |
| စစ်ကိုင်း | ၃၉.၇ | ၄.၉ | ၁၇.၈ | ၃၀.၀ | ၆.၁ | ၀.၉ | ၀.၄ | ၀.၂ | ၁၀၀ | ၉၁,၂၄၅ |
| တနင်္သာရီ | ၄၃.၃ | ၅.၅ | ၁၅.၇ | ၃၁.၇ | ၂.၂ | ၀.၈ | ၀.၂ | ၀.၅ | ၁၀၀ | ၈၆,၁၅၈ |
| ပဲခူး | ၃၂.၈ | ၂.၂ | ၃၀.၄ | ၂၈.၇ | ၄.၂ | ၀.၆ | ၀.၉ | ၀.၂ | ၁၀၀ | ၁၇၂,၁၈၃ |
| မကွေး | ၃၄.၃ | ၃.၉ | ၂၈.၈ | ၂၆.၈ | ၄.၅ | ၁.၀ | ၀.၅ | ၀.၂ | ၁၀၀ | ၁၁၅,၅၈၅ |
| မန္တလေး | ၄၂.၆ | ၂.၇ | ၁၈.၉ | ၂၉.၇ | ၄.၆ | ၁.၀ | ၀.၃ | ၀.၂ | ၁၀၀ | ၄၅၇,၈၄၃ |
| မွန် | ၃၈.၉ | ၂.၉ | ၂၂.၉ | ၃၁.၅ | ၂.၆ | ၀.၆ | ၀.၅ | ၀.၂ | ၁၀၀ | ၆၁,၇၉၁ |
| ရခိုင် | ၃၂.၅ | ၃.၉ | ၁၄.၅ | ၃၂.၉ | ၁၃.၉ | ၁.၃ | ၀.၅ | ၀.၅ | ၁၀၀ | ၂၂,၆၆၉ |
| ရန်ကုန် | ၄၆.၂ | ၂.၀ | ၁၅.၀ | ၃၄.၄ | ၁.၀ | ၀.၈ | ၀.၃ | ၀.၄ | ၁၀၀ | ၁,၇၇၄,၆၇၃ |
| ရှမ်း | ၄၃.၆ | ၁.၉ | ၁၄.၆ | ၂၈.၀ | ၁၁.၀ | ၀.၃ | ၀.၄ | ၀.၃ | ၁၀၀ | ၃၃၄,၉၇၉ |
| ဧရာဝတီ | ၃၀.၂ | ၂.၄ | ၃၇.၆ | ၂၅.၈ | ၂.၂ | ၀.၆ | ၁.၁ | ၀.၃ | ၁၀၀ | ၂၈၈,၆၄၉ |
| နေပြည်တော် | ၄၄.၂ | ၂.၀ | ၁၃.၃ | ၃၆.၇ | ၂.၃ | ၀.၈ | ၀.၂ | ၀.၆ | ၁၀၀ | ၂၃၅,၉၁၇ |
| မြန်မာနိုင်ငံ ပြင်ပ | ၈၀.၁ | ၃.၄ | ၂.၀ | ၁၃.၇ | ၀.၁ | ၀.၄ | * | ၀.၃ | ၁၀၀ | ၅,၃၂၅ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ၆.၁.၄ မြန်မာနိုင်ငံ၏ ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာသူများနှင့် လတ်တလော ရွှေ့ပြောင်းသွားလာသူများ၏ လူဦးရေဆိုင်ရာအချက်အလက်များ

ဤအပိုင်းတွင် ဇယား (၆.၆) တွင်ပါရှိသည့် အချက်အလက်များကိုအခြေခံ၍ မြန်မာနိုင်ငံရှိ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ လူဦးရေဆိုင်ရာဝိသေသလက္ခဏာများကို နှိုင်းယှဉ်လေ့လာထားပါသည်။ ဤဆန်းစစ်ချက်များတွင် ဘဝတစ်လျှောက်ရွှေ့ပြောင်းသူများနှင့် လတ်တလောရွှေ့ပြောင်းသူများဟု ခွဲခြားသတ်မှတ်ထားသည့်အပြင် ကျား/မအလိုက်လည်း ထပ်မံခွဲခြားဖော်ပြထားပါသည်။ အသက်အရွယ်၊ အိမ်ထောင်ရေးအခြေအနေ၊ ပညာရေးအဆင့်အတန်းနှင့် အလုပ်အကိုင်အခြေအနေစသည့် နောက်ခံဝိသေသလက္ခဏာများကို စနစ်တကျလေ့လာခြင်းဖြင့် မည်သို့သောလူများက ရွှေ့ပြောင်းလေ့ရှိကြောင်းနှင့် ၎င်းတို့၏နောက်ခံအကြောင်းအရာများသည် ရွှေ့ပြောင်းမှုအမျိုးအစားအလိုက် မည်သို့ကွဲပြားကြောင်းကို နားလည်နိုင်ပါသည်။

အသက်အုပ်စုအလိုက် ခွဲခြားလေ့လာရာတွင် ရွှေ့ပြောင်းနေထိုင်ခြင်းသည် အဓိကအားဖြင့် လူငယ်နှင့်သက်လတ်ပိုင်း အရွယ်ရောက်ပြီးသူများတွင် အများဆုံးဖြစ်ကြောင်း တွေ့ရှိရပါသည်။ ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများအနက် ၅ ရာခိုင်နှုန်းအောက်သည် ဆယ်နှစ်အောက်အရွယ်များဖြစ်ပြီး အသက် ၂၀ နှစ်မှ ၃၄ နှစ်အထိအုပ်စုသည် စုစုပေါင်းရွှေ့ပြောင်းသူများ၏ လေးပုံတစ်ပုံခန့်ရှိပါသည်။ အသက် ၃၅-၃၉ အုပ်စုသည် ၁၀.၁ ရာခိုင်နှုန်းဖြင့် အမြင့်ဆုံးဖြစ်နေသည်။ လတ်တလောရွှေ့ပြောင်းသူများအနက် အသက်ဆယ်နှစ်အောက်ကလေးများသည် ၁၀ ရာခိုင်နှုန်းခန့်ရှိပြီး အသက် ၂၀ နှစ်မှ ၂၉ နှစ်အထိအုပ်စုသည် ၂၃ ရာခိုင်နှုန်းနီးပါးအထိ (၂၀-၂၄ အုပ်စုတွင် ၁၁.၈%၊ ၂၅-၂၉ အုပ်စုတွင် ၁၁.၁%) မြင့်တက်လာသည်ကို တွေ့ရပါသည်။ ဤတွေ့ရှိချက်အရ အရွယ်ရောက်ပြီးစ အစောပိုင်းကာလများတွင် ရွှေ့ပြောင်းမှုအများဆုံးဖြစ်ကြောင်း အတည်ပြုနိုင်ပါသည်။

လတ်တလောရွှေ့ပြောင်းလာသူများအနက် အမျိုးသားများတွင် အသက် ၂၀-၂၄ နှစ်အုပ်စုသည် ၁၀.၉ ရာခိုင်နှုန်း၊ အသက် ၂၅-၂၉ နှစ်အုပ်စုသည် ၁၀.၈ ရာခိုင်နှုန်းရှိပါသည်။ ထို့နောက် အသက်ကြီးလာသည်နှင့်အမျှ တဖြည်းဖြည်းလျော့ကျသွားကာ အသက် ၆၅ နှစ်နှင့်အထက်တွင် ၅.၂ ရာခိုင်နှုန်းသာ ရှိပါသည်။ ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာသူများအုပ်စုတွင်မူ အမျိုးသားများ၏ အမြင့်ဆုံးအချိုးအစားသည် အသက် ၃၅-၃၉ နှစ်အုပ်စုတွင် ၁၀.၅ ရာခိုင်နှုန်းဖြစ်ပါသည်။ လတ်တလောရွှေ့ပြောင်းလာသည့် အမျိုးသမီးများတွင်မူ အရွယ်ရောက်ပြီးစ အသက်အုပ်စုများတွင် ပိုမိုများပြားနေပြီး အသက် ၂၀-၂၄ နှစ်အုပ်စု၌ ၁၂.၅ ရာခိုင်နှုန်း၊ အသက် ၂၅-၂၉ နှစ်အုပ်စု၌ ၁၁.၄ ရာခိုင်နှုန်းရှိပါသည်။ ဘဝတစ်လျှောက်ရွှေ့ပြောင်းလာသည့် အမျိုးသမီးများအနက် အသက် ၆၅ နှစ်နှင့်အထက်အုပ်စုတွင် ၁၁.၆ ရာခိုင်နှုန်းရှိသဖြင့် သက်ကြီးရွယ်အို အမျိုးသမီးများသည်လည်း ရွှေ့ပြောင်းသွားလာမှုအတွေ့အကြုံရှိကြောင်း ညွှန်ပြနေပါသည်။

အိမ်ထောင်ရေးအခြေအနေနှင့်ပတ်သက်၍ ဘဝတစ်လျှောက်ရွှေ့ပြောင်းနေထိုင်သူများ အနက် ၆၄.၈ ရာခိုင်နှုန်းမှာ အိမ်ထောင်ရှိသူများ၊ ၂၅.၂ ရာခိုင်နှုန်းမှာ အိမ်ထောင်မရှိသူ (အပျို/လူပျို) များဖြစ်ကာ ကျန်ရှိသူများမှာ မုဆိုးဖို/မုဆိုးမ သို့မဟုတ် အိမ်ထောင်ကွဲသူများ ဖြစ်ကြပါသည်။ လတ်တလောရွှေ့ပြောင်းလာသည့် အိမ်ထောင်မရှိသူများ၏အချိုးအစားသည် ဘဝတစ်လျှောက် ရွှေ့ပြောင်းသူများထက် ပိုမိုမြင့်မားပြီး အိမ်ထောင်မရှိသူ ၃၅.၇ ရာခိုင်နှုန်း၊ အိမ်ထောင်ရှိသူ ၅၇.၀ ရာခိုင်နှုန်းဖြစ်ပါသည်။

ဘဝတစ်လျှောက်ရွှေ့ပြောင်းနေထိုင်သူ အမျိုးသားများအနက် ၇၁.၃ ရာခိုင်နှုန်းသည် အိမ်ထောင်ရှိသူများ၊ ၂၄.၂ ရာခိုင်နှုန်းမှာ အိမ်ထောင်မရှိသူများ၊ ၃.၂ ရာခိုင်နှုန်းမှာ မုဆိုးဖိုများ ဖြစ်ကြပါသည်။ လတ်တလောရွှေ့ပြောင်းသူများတွင် အိမ်ထောင်ရှိသူများ၏အချိုးအစားသည် ၆၁.၄ ရာခိုင်နှုန်းသို့ ကျဆင်းသွားပြီး လူပျိုများသည် ၃၅.၅ ရာခိုင်နှုန်းသို့ တိုးလာပါသည်။ ဘဝ တစ်လျှောက်ရွှေ့ပြောင်းအမျိုးသမီးများအနက် ၅၉.၄ ရာခိုင်နှုန်းသည် အိမ်ထောင်ရှိသူများ၊ ၂၆.၀ ရာခိုင်နှုန်းသည် အပျိုများနှင့် ၁၂.၄ ရာခိုင်နှုန်းသည် မုဆိုးမများဖြစ်ကြပါသည်။ လတ်တလော ရွှေ့ပြောင်းသူအမျိုးသမီးများတွင် အိမ်ထောင်ရှိသူ ၅၃.၆ ရာခိုင်နှုန်း၊ အပျို ၃၅.၉ ရာခိုင်နှုန်းနှင့် မုဆိုးမ ၈.၅ ရာခိုင်နှုန်းတို့ ဖြစ်ကြပါသည်။ ဤအချက်များက ငယ်ရွယ်ပြီး အိမ်ထောင်မရှိသူများ နှင့် အသက်ကြီးရင့်သည့် မုဆိုးမများ၏ ရွှေ့ပြောင်းမှုအချိုးအစားက ပိုမိုမြင့်မားကြောင်း ညွှန်ပြနေ ပါသည်။

ရွှေ့ပြောင်းနေထိုင်သူများ၏ ပညာရေးအဆင့်အတန်းကို ဆန်းစစ်ရာတွင် အများစုမှာ အခြေခံပညာအဆင့်အထိသာ သင်ယူပြီးမြောက်ထားကြောင်း တွေ့ရှိရပါသည်။ ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်သူများအနက် ၃၃.၅ ရာခိုင်နှုန်းသည် မူလတန်း၊ ၂၅.၀ ရာခိုင်နှုန်းသည် အလယ်တန်း၊ ၁၉.၇ ရာခိုင်နှုန်းသည် အထက်တန်း (သို့) သက်မွေးပညာကို သင်ယူပြီးမြောက်ထား ပါသည်။ လတ်တလောရွှေ့ပြောင်းနေထိုင်သူများ၏ အချိုးအစားများသည်လည်း အလားသဏ္ဍာန် တူညီပြီး ၃၁.၄ ရာခိုင်နှုန်းသည် မူလတန်း၊ ၂၄.၇ ရာခိုင်နှုန်းသည် အလယ်တန်းနှင့် ၂၀.၅ ရာခိုင်နှုန်း သည် အထက်တန်းပညာရေးကို ပြီးမြောက်ထားကြပါသည်။ တက္ကသိုလ်/ကောလိပ် ပညာရေး အဆင့်ရှိသူများ၏ အချိုးအစားမှာ ၄ ရာခိုင်နှုန်းအောက်သာရှိပြီး ဘွဲ့ရ/ဘွဲ့လွန်ဒီပလိုမာ ရရှိထား သူများမှာ ၁၅.၅ ရာခိုင်နှုန်းခန့် ရှိပါသည်။

ရွှေ့ပြောင်းနေထိုင်သူများ၏ ပညာရေးနောက်ခံအချက်အလက်များကို ကျား/မအလိုက် လေ့လာရာတွင် သိသာထင်ရှားသော ကွာခြားမှုများကို တွေ့ရှိရပါသည်။ အမျိုးသားများတွင် ဘဝ တစ်လျှောက်ရွှေ့ပြောင်းသူ ၃၁.၉ ရာခိုင်နှုန်းနှင့် လတ်တလောရွှေ့ပြောင်းသူများ၏ ၃၀.၁ ရာခိုင်နှုန်း သည် မူလတန်းအဆင့်ကိုသာပြီးမြောက်ထားကြပြီး အမျိုးသမီးများတွင်မူ ဤအချိုးအစား

မှာ ပိုမိုမြင့်မားကာ ဘဝတစ်လျှောက်ရွှေ့ပြောင်းသူများတွင် ၃၄.၉ ရာခိုင်နှုန်းနှင့် လတ်တလော ရွှေ့ပြောင်းသူများတွင် ၃၁.၇ ရာခိုင်နှုန်းဖြစ်ပါသည်။ အလယ်တန်းကျောင်းပြီးမြောက်မှုတွင် ကျား/မကွာခြားမှုအနည်းငယ်သာရှိပြီး အမျိုးသားများက အမျိုးသမီးများထက် အနည်းငယ်ပိုများပါသည်။ အမျိုးသားများတွင် ဘဝတစ်လျှောက်ရွှေ့ပြောင်းလာသူ ၁၃.၆ ရာခိုင်နှုန်းနှင့် လတ်တလော ရွှေ့ပြောင်းလာသူများ၏ ၁၃.၉ ရာခိုင်နှုန်းသည် တက္ကသိုလ်မှဘွဲ့ရရှိထားသူများ ဖြစ်ကြပါသည်။ ထူးခြားသည့်အချက်မှာ ဘွဲ့ရအဆင့်တွင် အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုမြင့်မားပြီး ဘဝတစ်လျှောက်ရွှေ့ပြောင်းသူ အမျိုးသမီးများ၏ ၁၇.၁ ရာခိုင်နှုန်းနှင့် လတ်တလောရွှေ့ပြောင်းသူ ၁၆.၇ ရာခိုင်နှုန်းတို့သည် ဘွဲ့ရရှိထားသူများ ဖြစ်ကြပါသည်။ ဤအချက်က အဆင့်မြင့်ပညာပြီးမြောက်ထားသော အမျိုးသမီးများသည် ပြည်တွင်းရွှေ့ပြောင်းမှုများတွင် သိသာထင်ရှားစွာ ပါဝင်နေကြောင်း ညွှန်ပြနေပါသည်။

လုပ်သားအင်အားအခြေအနေဆိုင်ရာ ဆန်းစစ်ချက်များအရ အသက် ၅ နှစ်နှင့်အထက် ရွှေ့ပြောင်းနေထိုင်သူအများစုသည် အလုပ်လုပ်ကိုင်နေသူများ သို့မဟုတ် အလုပ်ရှာဖွေနေသူများ ဖြစ်ကြောင်းတွေ့ရပါသည်။ ဘဝတစ်လျှောက်ရွှေ့ပြောင်းသူများ၏ ၄၇.၅ ရာခိုင်နှုန်းသည် အလုပ်လုပ်နေသူများ၊ ၀.၃ ရာခိုင်နှုန်းသည် အလုပ်လက်မဲ့များ၊ ၅၂.၂ ရာခိုင်နှုန်းမှာ လုပ်သားအင်အားတွင်မပါဝင်သူများ ဖြစ်ကြပါသည်။ လတ်တလောရွှေ့ပြောင်းလာသူများတွင် အလုပ်လုပ်နေသူအချိုးအစား အနည်းငယ်လျော့နည်းကာ ၄၄.၉ ရာခိုင်နှုန်းရှိပြီး လုပ်သားအင်အားတွင်မပါဝင်သူများ၏ အချိုးအစားမှာ ၅၄.၇ ရာခိုင်နှုန်းဖြင့် ပိုမိုမြင့်မားသည်ကိုတွေ့ရှိရပါသည်။

အမျိုးသားရွှေ့ပြောင်းသူများအနက် ဘဝတစ်လျှောက်ရွှေ့ပြောင်းသူများ၏ ၆၅ ရာခိုင်နှုန်းနှင့် လတ်တလောရွှေ့ပြောင်းသူများ၏ ၅၉.၉ ရာခိုင်နှုန်းသည် အလုပ်လုပ်ကိုင်လျက်ရှိပြီး အုပ်စုနှစ်ခုစလုံးတွင် အလုပ်လက်မဲ့ဖြစ်နေသူများမှာ ၀.၃-၀.၄ ရာခိုင်နှုန်းခန့်သာရှိပါသည်။ လုပ်သားအင်အားတွင် မပါဝင်သူအချိုးအစားမှာ ဘဝတစ်လျှောက်အတွက် ၃၄.၈ ရာခိုင်နှုန်းနှင့် လတ်တလော ရွှေ့ပြောင်းသွားလာခြင်းအတွက် ၃၉.၇ ရာခိုင်နှုန်းဖြစ်ပါသည်။ ဘဝတစ်လျှောက်ရွှေ့ပြောင်းသူ အမျိုးသမီးများ၏ ၃၃.၂ ရာခိုင်နှုန်းနှင့် လတ်တလောရွှေ့ပြောင်းလာသူများ၏ ၃၃.၁ ရာခိုင်နှုန်းသာ အလုပ်လုပ်ကိုင်နေကြပြီး အလုပ်လက်မဲ့နှုန်းမှာလည်း အလားတူနည်းပါးကာ ၀.၃-၀.၄ ရာခိုင်နှုန်းသာရှိပါသည်။ အုပ်စုနှစ်ခုစလုံးတွင် သုံးပုံနှစ်ပုံခန့်သောအမျိုးသမီးများသည် လုပ်သားအင်အား၌ မပါဝင်သူများဖြစ်ကြပါသည်။

ဇယား (၆.၆)။ ပြည်တွင်းရွှေ့ပြောင်းနေထိုင်သူများ၏ နောက်ခံအချက်အလက်များ

| နောက်ခံအချက်အလက်များ | ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာခြင်း | | | လတ်တလော ရွှေ့ပြောင်းသွားလာခြင်း | | |
|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| **အသက်အုပ်စု** | **၃,၈၉၇,၃၇၁** | **၁,၇၅၈,၂၀၇** | **၂,၁၃၉,၁၆၄** | **၁,၄၅၃,၅၉၆** | **၆၄၅,၇၂၆** | **၈၀၇,၈၇၀** |
| ၀ - ၄ | ၆၆,၄၇၂ | ၁.၉ | ၁.၅ | ၆၆,၄၂၀ | ၅.၂ | ၄.၀ |
| ၅ - ၉ | ၁၃၁,၁၃၂ | ၃.၈ | ၃.၀ | ၉၅,၀၅၆ | ၇.၅ | ၅.၈ |
| ၁၀ - ၁၄ | ၁၅၉,၄၆၉ | ၄.၅ | ၃.၈ | ၉၃,၇၁၀ | ၇.၁ | ၅.၉ |
| ၁၅ - ၁၉ | ၂၂၁,၆၅၄ | ၅.၇ | ၅.၇ | ၁၃၅,၇၂၇ | ၉.၀ | ၉.၆ |
| ၂၀ - ၂၄ | ၂၈၀,၂၆၁ | ၆.၇ | ၇.၆ | ၁၇၁,၃၈၂ | ၁၀.၉ | ၁၂.၅ |
| ၂၅ - ၂၉ | ၃၂၂,၈၆၅ | ၇.၉ | ၈.၆ | ၁၆၁,၆၀၀ | ၁၀.၈ | ၁၁.၄ |
| ၃၀ - ၃၄ | ၃၆၆,၂၀၅ | ၉.၂ | ၉.၆ | ၁၄၇,၆၆၇ | ၁၀.၂ | ၁၀.၂ |
| ၃၅ - ၃၉ | ၃၉၃,၆၄၇ | ၁၀.၅ | ၉.၈ | ၁၂၈,၃၉၅ | ၉.၃ | ၈.၅ |
| ၄၀ - ၄၄ | ၃၇၇,၁၄၇ | ၁၀.၀ | ၉.၄ | ၁၀၃,၄၀၉ | ၇.၄ | ၆.၉ |
| ၄၅ - ၄၉ | ၃၃၅,၉၈၇ | ၈.၈ | ၈.၅ | ၈၁,၁၃၉ | ၅.၆ | ၅.၆ |
| ၅၀ - ၅၄ | ၃၁၇,၀၇၃ | ၈.၂ | ၈.၀ | ၇၁,၈၇၆ | ၄.၈ | ၅.၁ |
| ၅၅ - ၅၉ | ၂၇၄,၂၆၂ | ၇.၀ | ၇.၁ | ၆၀,၇၄၀ | ၃.၉ | ၄.၄ |
| ၆၀ - ၆၄ | ၂၂၀,၇၉၅ | ၅.၅ | ၅.၈ | ၄၉,၈၀၀ | ၃.၂ | ၃.၆ |
| ၆၅ နှစ်နှင့်အထက် | ၄၃၀,၄၀၂ | ၁၀.၃ | ၁၁.၆ | ၈၆,၆၇၅ | ၅.၂ | ၆.၆ |
| **အိမ်ထောင်ရေးအခြေအနေ** | **၃,၆၉၉,၇၆၇** | **၁,၆၅၇,၂၆၃** | **၂,၀၄၂,၅၀၄** | **၁,၂၉၂,၁၂၀** | **၅၆၃,၂၈၆** | **၇၂၈,၈၃၄** |
| အပျို/လူပျို | ၉၃၁,၇၄၂ | ၂၄.၂ | ၂၆.၀ | ၄၆၁,၇၄၈ | ၃၅.၅ | ၃၅.၉ |
| အိမ်ထောင်ရှိ | ၂,၃၉၆,၀၇၁ | ၇၁.၃ | ၅၉.၄ | ၇၃၆,၇၈၈ | ၆၁.၄ | ၅၃.၆ |
| မုဆိုးဖို/မုဆိုးမ | ၃၀၇,၂၆၃ | ၃.၂ | ၁၂.၄ | ၇၃,၃၇၈ | ၂.၀ | ၈.၅ |
| ကွဲကွာ | ၆၃,၉၆၄ | ၁.၂ | ၂.၁ | ၁၉,၉၄၄ | ၁.၁ | ၁.၉ |
| သာသနာ့ဝင်/ သာသနာ့နွယ်ဝင် | ၇၂၇ | * | * | ၂၆၂ | * | * |
| **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့် အတန်း** | **၃,၆၇၈,၂၇၆** | **၁,၆၇၀,၉၈၇** | **၂,၀၀၇,၂၈၉** | **၁,၃၅၀,၄၅၅** | **၅၉၈,၉၇၆** | **၇၅၁,၄၇၉** |
| အတန်းတစ်တန်းမျှမအောင် | ၆၆,၅၆၂ | ၁.၈ | ၁.၈ | ၂၉,၇၀၈ | ၂.၄ | ၂.၁ |
| မူကြို | ၂၇,၉၈၈ | ၀.၈ | ၀.၇ | ၁၉,၄၅၆ | ၁.၇ | ၁.၃ |
| KG နှင့် မူလတန်း | ၁,၂၃၂,၆၆၁ | ၃၁.၉ | ၃၄.၉ | ၄၂၄,၅၁၅ | ၃၁.၁ | ၃၁.၇ |
| အလယ်တန်း | ၉၂၁,၂၆၉ | ၂၆.၈ | ၂၃.၆ | ၃၃၃,၆၁၆ | ၂၅.၆ | ၂၄.၀ |
| အထက်တန်း | ၇၂၅,၄၀၃ | ၂၁.၀ | ၁၈.၇ | ၂၇၇,၃၁၂ | ၂၀.၉ | ၂၀.၂ |
| TVET | ၄,၆၂၀ | ၀.၂ | ၀.၁ | ၁,၄၅၄ | ၀.၂ | ၀.၁ |

| နောက်ခံအချက်အလက်များ | ဘဝတစ်လျှောက် ရွှေ့ပြောင်းသွားလာခြင်း | | | လတ်တလော ရွှေ့ပြောင်းသွားလာခြင်း | | |
|---|---|---|---|---|---|---|
| | ပေါင်း | ကျား | မ | ပေါင်း | ကျား | မ |
| တက္ကသိုလ်/ကောလိပ်/ဘွဲ့ကြိုဒီပလိုမာ | ၁၀၅,၈၀၇ | ၃.၂ | ၂.၆ | ၄၅,၅၆၂ | ၃.၅ | ၃.၂ |
| ဘွဲ့ရ/ဘွဲ့လွန်ဒီပလိုမာ | ၅၆၉,၅၂၉ | ၁၃.၆ | ၁၇.၁ | ၂၀၈,၈၃၆ | ၁၃.၉ | ၁၆.၇ |
| မဟာဘွဲ့/ပါရဂူဘွဲ့ | ၁၈,၇၃၇ | ၀.၅ | ၀.၅ | ၈,၄၂၃ | ၀.၆ | ၀.၆ |
| အခြား | ၅,၇၀၀ | ၀.၂ | ၀.၁ | ၁,၅၇၃ | ၀.၁ | ၀.၁ |
| **လုပ်သားအင်အားအကြောင်းအရာ (အသက် ၁၅ နှစ်နှင့်အထက်လူဦးရေ)** | **၃,၈၃၀,၈၉၉** | **၁,၇၂၄,၂၉၄** | **၂,၁၀၆,၆၀၅** | **၁,၃၈၇,၁၇၆** | **၆၁၁,၈၄၁** | **၇၇၅,၃၃၄** |
| လုပ်ငန်းခွင်ရှိလူဦးရေ | ၁,၈၁၈,၄၅၅ | ၆၄.၉ | ၃၃.၂ | ၆၂၂,၉၇၀ | ၅၉.၉ | ၃၃.၁ |
| အလုပ်လက်မဲ့ဦးရေ | ၁၁,၇၀၇ | ၀.၃ | ၀.၃ | ၅,၃၁၅ | ၀.၄ | ၀.၄ |
| လုပ်သားအင်အားတွင်မပါဝင်သူ | ၂,၀၀၀,၇၃၇ | ၃၄.၈ | ၆၆.၅ | ၇၅၈,၈၉၁ | ၃၉.၇ | ၆၆.၅ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ၆.၂ ပြည်ပရွှေ့ပြောင်းသွားလာခြင်း

ပြည်ပရွှေ့ပြောင်းသွားလာခြင်းသည် မြန်မာနိုင်ငံအတွက် အရေးပါသော လူဦးရေနှင့် စီးပွားရေးဆိုင်ရာဖြစ်စဉ်တစ်ခုဖြစ်ပြီး အဓိကအားဖြင့် အလုပ်အကိုင်ရှာဖွေရန် နိုင်ငံသားများ ပြည်ပသို့ထွက်ခွာခြင်းဖြစ်ပါသည်။ ဤအပိုင်းတွင် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူချိန်၌ နိုင်ငံအတွင်းရှိနေသည့် အိမ်ထောင်စုဝင်များ၏ ဖြေကြားချက်များအပေါ်အခြေခံ၍ ပြည်ပတွင် နေထိုင်နေကြသည့် မြန်မာနိုင်ငံသားများ၏ အရေအတွက်၊ ၎င်းတို့ရောက်ရှိနေထိုင်သည့်နိုင်ငံနှင့် လူဦးရေဆိုင်ရာဝိသေသလက္ခဏာများကို ဆန်းစစ်သုံးသပ်ထားပါသည်။

### ၆.၂.၁ လက်ရှိနေထိုင်ရာနိုင်ငံ

တစ်နိုင်ငံလုံးအဆင့်တွင် ပြည်ပတွင်ရောက်ရှိနေကြသည့် အိမ်ထောင်စုဝင် ၁.၁၂ သန်း ကျော်ရှိကြောင်း ဇယား (၆.၇) တွင် ဖော်ပြနေပါသည်။ ဤကိန်းဂဏန်းသည် များပြားသည်ဟု ဆိုနိုင်သော်လည်း ထိုကဲ့သို့သောအချက်အလက်များကို စာရင်းကောက်ယူရာတွင် ဖြစ်ပေါ်နိုင်သည့် သဘာဝအရရှုပ်ထွေးမှု/ခက်ခဲမှုများကြောင့် အမှန်ရှိသင့်သည့်အရေအတွက်ထက် နည်းနေနိုင်သည်ဟုယူဆရပါသည်။ ဤအချက်အလက်များမှ အဓိကတွေ့ရှိချက် ၃ ခုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

- **မြန်မာနိုင်ငံမှ ပြည်ပသို့ရွှေ့ပြောင်းမှုတွင် ထိုင်းနိုင်ငံသည် အဓိကဦးတည်ရာနိုင်ငံဖြစ်နေခြင်း။** မြန်မာနိုင်ငံသားပြည်ပရွှေ့ပြောင်းသူများအတွက် ထိုင်းနိုင်ငံသည် အဓိကဦးတည်ရာ နိုင်ငံဖြစ်ပါသည်။ ပြည်ပရောက်မြန်မာအိမ်ထောင်စုဝင် တစ်ဆယ်ဦးတွင် ခုနစ်ဦးနီးပါး (၆၉.၄%) သည် ထိုင်းနိုင်ငံတွင်ရောက်ရှိနေကြပါသည်။ အခြားဦးတည်ရာနိုင်ငံများနှင့် နှိုင်းယှဉ်ပါက ပမာဏအားဖြင့် အလွန်များပြားပါသည်။ ဤအချက်ကပင် စီးပွားရေးနှင့်လူမှုရေး ဆက်ဆံမှုများသည် နယ်စပ်ကိုဖြတ်ကျော်၍ ခိုင်မာစွာတည်ရှိနေကြောင်း ဖော်ပြနေပါသည်။ မလေးရှားနိုင်ငံသည် ရွှေ့ပြောင်းနေထိုင်သူများ၏ ၁၁.၉ ရာခိုင်နှုန်းဖြင့် ဒုတိယနေရာတွင်တည်ရှိပြီး၊ စင်ကာပူနိုင်ငံမှာ ၅.၀ ရာခိုင်နှုန်းဖြင့် တတိယနေရာတွင်ရှိနေပါသည်။
- **ရွှေ့ပြောင်းမှုများပြားသော နိုင်ငံ၏အရှေ့တောင်ဘက်နှင့် အခြားဒေသများ။** ရွှေ့ပြောင်းနေထိုင်သူအများစုသည် မြန်မာနိုင်ငံ၏ အရှေ့တောင်ပိုင်းဒေသများဖြစ်သည့် ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးများမှ ရွှေ့ပြောင်းလာကြသူများ ဖြစ်ပါသည်။ ၎င်းဒေသ ၃ ခုမှ ပြည်ပသို့ရွှေ့ပြောင်းသူများသည် ပြည်ပရောက် မြန်မာနိုင်ငံသားများအားလုံး၏ လေးပုံတစ်ပုံခန့်ရှိပါသည်။ ဤဒေသများမှ ရွှေ့ပြောင်းသူအများစုသည် ထိုင်းနိုင်ငံသို့ဦးတည်နေပြီး ကရင်ပြည်နယ်မှ ရွှေ့ပြောင်းလာသူများ၏ ၉၄.၈ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းဒေသကြီးမှ ၈၆.၈ ရာခိုင်နှုန်းနှင့် မွန်ပြည်နယ်မှ ၈၄.၃ ရာခိုင်နှုန်းတို့သည် ထိုင်းနိုင်ငံတွင်ရောက်ရှိနေကြပါသည်။ အလားတူပင် ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့သည်လည်း ပြည်ပသို့ ရွှေ့ပြောင်းသည့် အဓိကဒေသများဖြစ်ကြပြီး ရွှေ့ပြောင်းကြသူများအနက် ထိုင်းနိုင်ငံသို့ ရွှေ့ပြောင်းကြသူ ၇၆.၁ ရာခိုင်နှုန်းနှင့် ၅၉.၁ ရာခိုင်နှုန်းတို့ အသီးသီးရှိပါသည်။ အဆိုပါတိုင်းဒေသကြီး/ ပြည်နယ် ၅ ခုမှ ပြည်ပသို့ရွှေ့ပြောင်းသူများသည် စုစုပေါင်းပြည်ပရွှေ့ပြောင်းသူများ၏ ထက်ဝက်ကျော်ရှိကြောင်း တွေ့ရှိရပါသည်။
- **မြို့ပြဒေသများမှ နိုင်ငံပေါင်းစုံသို့ ရွှေ့ပြောင်းသွားလာမှုများရှိနေခြင်း။** မြို့ပြဒေသများ အထူးသဖြင့် ရန်ကုန်တိုင်းဒေသကြီးမှ ပြည်ပသို့ရွှေ့ပြောင်းသူများသည် နိုင်ငံပေါင်းစုံတွင် ပျံ့နှံ့နေကြပါသည်။ အဓိကသွားရောက်သည့် နိုင်ငံသည် ထိုင်းနိုင်ငံ (၃၆% ကျော်) ဖြစ်ပြီး စင်ကာပူ (၁၁% ကျော်)၊ မလေးရှား (၁၅% ကျော်)၊ ဂျပန် (၁၀% ကျော်)၊ တောင်ကိုရီးယား (၄% ကျော်) နှင့် အမေရိကန် (၄% ကျော်) တို့သို့လည်း သွားရောက်ကြပါသည်။ ဤသို့ နိုင်ငံပေါင်းစုံသို့သွားရောက်မှုသည် ရန်ကုန်မြို့သည် စီးပွားရေးမြို့တော်အဖြစ်ဖွံ့ဖြိုးမှု၊ ရုံးလုပ်ငန်းနှင့် အဆင့်မြင့်အလုပ်အကိုင်များဖြင့်ရွှေ့ပြောင်းမှု၊ နိုင်ငံခြားတက္ကသိုလ်များသို့ ပညာသင်ခွင့်များနှင့် အမျိုးမျိုး

သော အလုပ်အကိုင်အခွင့်အလမ်းများရှိနေခြင်းတို့နှင့် ဆက်စပ်နေနိုင်ပါသည်။ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်မှ ရွှေ့ပြောင်းသူများသည်လည်း နိုင်ငံပေါင်းစုံသို့ သွားရောက်ကြသော်လည်း အာရှနိုင်ငံများသို့ ပိုမိုသွားရောက်ကြပါသည်။ မန္တလေးတိုင်းဒေသကြီးမှ ရွှေ့ပြောင်းသူများ၏ ၅၀ ရာခိုင်နှုန်းနီးပါးသည် ထိုင်းနိုင်ငံသို့ သွားရောက်ပြီး ၂၀ ရာခိုင်နှုန်းကျော်သည် မလေးရှားနိုင်ငံသို့သွားရောက်ကာ တရုတ်နှင့် ဂျပန်နိုင်ငံများသို့လည်း အနည်းငယ်စီ သွားရောက်ကြပါသည်။ ရှမ်းပြည်နယ်မှ ရွှေ့ပြောင်းသူများ၏ ၉၀ ရာခိုင်နှုန်းနီးပါးသည် ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး မလေးရှားနှင့် စင်ကာပူနိုင်ငံတို့တွင်လည်း အနည်းငယ်ရှိပါသည်။ ထူးခြားမှုမှာ ချင်းပြည်နယ်မှ ရွှေ့ပြောင်းသူများ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ ရွှေ့ပြောင်းသူများ၏ ၃၀ ရာခိုင်နှုန်းသည် အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေကြပါသည်။ ဝင်ငွေမြင့်မားသည့် အမေရိကန်၊ ယူအေအီး၊ ကာတာနှင့် အခြားအနောက်နိုင်ငံများသို့ ရွှေ့ပြောင်းသူ အချိုးအစားမှာ ၅ ရာခိုင်နှုန်းအောက်သာရှိသော်လည်း ၎င်းတို့သည် ကျွမ်းကျင်လုပ်သားများနှင့် ပညာသင်ကြားသူများပါဝင်သည့် အရေးပါသည့်အုပ်စုတစ်ခု ဖြစ်ပါသည်။

အဆိုပါအချက်အလက်များအရ ပြည်ပသို့ရွှေ့ပြောင်းမှုပုံစံများသည် မြန်မာနိုင်ငံ၏ ဒေသများအလိုက် ကွဲပြားမှုများရှိနေကြောင်း ထင်ရှားစွာဖော်ပြနေပါသည်။ အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့်နှိုင်းယှဉ်ပါက ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့သည် ပြည်ပသို့ရွှေ့ပြောင်းသွားလာမှု အလွန်နည်းပါးကြောင်း တွေ့ရှိရပါသည်။

ဇယား (၆.၇)။ ပြည်ပသို့ရောက်ရှိနေသောအိမ်ထောင်စုဝင်များကို ရောက်ရှိနေထိုင်သည့်နိုင်ငံနှင့် နေထိုင်ခဲ့သည့် တိုင်းဒေသကြီး/ပြည်နယ်အလိုက်ဖော်ပြသောဇယား

| ယခင်နေထိုင်ခဲ့သည့်ဒေသ | ရောက်ရှိနေထိုင်သည့်နိုင်ငံ | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ထိုင်း | မလေးရှား | စင်ကာပူ | တရုတ် | ဂျပန် | တောင်ကိုရီးယား | အိန္ဒိယ | အမေရိကန် | အာရပ်စော်ဘွားများ ပြည်ထောင်စု | ကာတာ | အခြား | မသိပါ | ရာခိုင်နှုန်း | စုစုပေါင်း |
| **ပြည်ထောင်စု** | **၆၉.၄** | **၁၁.၉** | **၅.၀** | **၂.၆** | **၃.၈** | **၁.၅** | **၀.၅** | **၀.၈** | **၀.၇** | **၀.၁** | **၃.၃** | **၀.၃** | **၁၀၀** | **၁,၁၂၄,၀၄၆** |
| ကချင် | ၃၅.၂ | ၂၃.၅ | ၆.၀ | ၁၇.၂ | ၃.၈ | ၁.၆ | ၀.၇ | ၃.၇ | ၁.၈ | ၀.၁ | ၆.၁ | ၀.၄ | ၁၀၀ | ၁၂,၄၀၉ |
| ကယား | ၅၈.၅ | ၁၀.၄ | ၁၅.၈ | ၀.၈ | ၄.၆ | ၁.၆ | ၀.၈ | ၀.၁ | ၁.၃ | ၀.၈ | ၅.၃ | ၀.၁ | ၁၀၀ | ၇၉၁ |
| ကရင် | ၉၄.၈ | ၃.၇ | ၀.၆ | * | ၀.၃ | ၀.၂ | * | ၀.၂ | * | * | ၀.၃ | * | ၁၀၀ | ၁၄၂,၇၃၄ |
| ချင်း | ၂.၃ | ၄၁.၁ | ၃.၄ | ၀.၆ | ၁.၇ | ၀.၆ | ၂.၇ | ၃၉.၅ | * | * | ၈.၀ | ၀.၂ | ၁၀၀ | ၅၂၆ |

| ယခင်နေထိုင်ခဲ့သည့်ဒေသ | ရောက်ရှိနေထိုင်သည့်နိုင်ငံ | | | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | ထိုင်း | မလေးရှား | စင်ကာပူ | တရုတ် | ဂျပန် | တောင်ကိုရီးယား | အိန္ဒိယ | အမေရိကန် | အာရပ်စော်ဘွားများ ပြည်ထောင်စု | ကာတာ | အခြား | မသိပါ | ရာခိုင်နှုန်း | စုစုပေါင်း |
| စစ်ကိုင်း | ၁၈.၂ | ၁၇.၀ | ၁၁.၀ | ၂.၉ | ၅.၄ | ၂.၅ | ၃၀.၀ | ၃.၈ | ၂.၇ | ၀.၁ | ၅.၇ | ၀.၇ | ၁၀၀ | ၉,၆၉၇ |
| တနင်္သာရီ | ၈၆.၈ | ၈.၆ | ၁.၁ | ၀.၂ | ၁.၆ | ၀.၅ | ၀.၁ | ၀.၄ | ၀.၁ | * | ၀.၅ | ၀.၁ | ၁၀၀ | ၃၂,၆၆၁ |
| ပဲခူး | ၇၆.၁ | ၁၀.၄ | ၃.၃ | ၁.၆ | ၄.၆ | ၁.၆ | ၀.၂ | ၀.၂ | ၀.၄ | * | ၁.၄ | ၀.၁ | ၁၀၀ | ၁၇၉,၇၄၁ |
| မကွေး | ၆၆.၅ | ၁၉.၁ | ၂.၇ | ၃.၄ | ၄.၄ | ၁.၃ | ၀.၂ | ၀.၂ | ၀.၄ | * | ၁.၈ | ၀.၁ | ၁၀၀ | ၉၀,၅၁၃ |
| မန္တလေး | ၄၈.၁ | ၂၀.၈ | ၅.၀ | ၅.၃ | ၆.၀ | ၄.၁ | ၀.၃ | ၀.၈ | ၀.၆ | ၀.၁ | ၈.၅ | ၀.၄ | ၁၀၀ | ၇၅,၈၈၂ |
| မွန် | ၈၄.၃ | ၁၀.၁ | ၂.၅ | ၀.၂ | ၁.၅ | ၀.၈ | * | ၀.၂ | * | * | ၀.၃ | ၀.၁ | ၁၀၀ | ၁၂၃,၈၁၁ |
| ရခိုင် | ၄၃.၇ | ၄၅.၇ | ၁.၃ | ၃.၁ | ၁.၅ | ၀.၄ | ၀.၁ | ၁.၀ | ၀.၄ | * | ၁.၆ | ၁.၄ | ၁၀၀ | ၆,၅၅၁ |
| ရန်ကုန် | ၃၆.၄ | ၁၅.၄ | ၁၁.၅ | ၅.၆ | ၁၀.၂ | ၄.၂ | ၀.၆ | ၄.၂ | ၂.၁ | ၀.၂ | ၈.၃ | ၁.၁ | ၁၀၀ | ၁၃၆,၇၃၁ |
| ရှမ်း | ၈၉.၃ | ၂.၈ | ၁.၉ | ၂.၀ | ၁.၃ | ၀.၄ | ၀.၁ | ၀.၂ | ၀.၃ | * | ၁.၆ | ၀.၁ | ၁၀၀ | ၁၁၆,၀၀၉ |
| ဧရာဝတီ | ၅၉.၁ | ၁၄.၃ | ၁၂.၆ | ၃.၃ | ၃.၂ | ၁.၀ | ၀.၅ | ၀.၃ | ၁.၇ | ၀.၁ | ၃.၆ | ၀.၃ | ၁၀၀ | ၁၄၅,၆၈၆ |
| နေပြည်တော် | ၅၉.၄ | ၁၆.၈ | ၂.၄ | ၃.၂ | ၂.၉ | ၁.၄ | ၀.၃ | ၀.၄ | ၀.၄ | ၀.၁ | ၁၂.၄ | ၀.၂ | ၁၀၀ | ၅၀,၃၀၄ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

ပုံ (၆.၄)။ နိုင်ငံအလိုက်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်ရာခိုင်နှုန်း



## ၆.၂.၂ ပြည်ပရွှေ့ပြောင်းသွားလာသူများ၏ လူဦးရေဆိုင်ရာအချက်အလက်များ

မြန်မာနိုင်ငံမှ ပြည်ပသို့ရွှေ့ပြောင်းနေထိုင်သူ စုစုပေါင်း ၁.၁၂ သန်းခန့်၏ ရွှေ့ပြောင်းမှုပုံစံအရ ထင်ရှားသောအချက် ၂ ချက်ကို တွေ့ရှိရပါသည်-

ပထမအချက်အနေဖြင့် ပြည်ပသို့ရွှေ့ပြောင်းသူအများစုမှာ လူငယ်လူရွယ်များဖြစ်ကြပါသည်။ ကလေးသူငယ်များ၏ ရွှေ့ပြောင်းမှုမှာ အလွန်နည်းပါးပြီး ၁၀ နှစ်အောက်ကလေးများမှာ ၁ ရာခိုင်နှုန်းခန့်သာ (၀-၄ နှစ် ၀.၂%၊ ၅-၉ နှစ် ၀.၂-၀.၃%) ရှိပါသည်။ အသက် ၁၀-၁၄ နှစ်အရွယ်များမှာလည်း တစ်ရာခိုင်နှုန်းအောက်သာရှိပါသည်။ အရွယ်ရောက်ပြီးလူငယ်များမှာ အများဆုံးဖြစ်ပြီး ၂၀-၂၄ နှစ်တွင် ၂၄.၄ ရာခိုင်နှုန်း၊ ၂၅-၂၉ နှစ်တွင် ၂၂.၉ ရာခိုင်နှုန်းနှင့် ၃၀-၃၄ နှစ်တွင် ၁၇.၅ ရာခိုင်နှုန်းရှိပါသည်။ ပြည်ပသို့ရွှေ့ပြောင်းသူ စုစုပေါင်း၏ သုံးပုံနှစ်ပုံနီးပါးသည် အသက် ၂၀-၃၄ အုပ်စုဝင်လူငယ်များဖြစ်ပါသည်။ အသက် ၃၅ နှစ် အထက်တွင် ရွှေ့ပြောင်းသူအချိုးအစား တဖြည်းဖြည်းကျဆင်းလာ၍ အသက် ၃၅-၃၉ နှစ်တွင် ၁၂.၆ ရာခိုင်နှုန်း၊ ၄၀-၄၄ နှစ်တွင် ၈.၀ ရာခိုင်နှုန်း၊ ၄၅-၄၉ နှစ်တွင် ၄.၀ ရာခိုင်နှုန်းအထိသာရှိပါသည်။ အသက် ၆၅ နှစ်နှင့်အထက် ရွှေ့ပြောင်းသူမရှိသလောက်ဖြစ်ပါသည်။ ဤအချက်များက မြန်မာနိုင်ငံမှ ပြည်ပသို့ရွှေ့ပြောင်းမှုသည် အဓိကအားဖြင့် အလုပ်အကိုင်ရှာဖွေမည့် လူငယ်လူရွယ်များ၏ ရွှေ့ပြောင်းမှုဖြစ်ကြောင်း ထင်ရှားစွာဖော်ပြနေပါသည်။

ကျား/မနှစ်မျိုးစလုံးတွင် အသက်အလိုက် ရွှေ့ပြောင်းမှုပုံစံများ ဆင်တူသော်လည်း ကွဲပြားမှုအနည်းငယ်တွေ့ရှိရပါသည်။ အထူးသဖြင့် အသက် ၂၀-၂၄ နှစ်အုပ်စုတွင် အမျိုးသမီးများ၏ အချိုးအစား (၂၄.၅%) သည် အမျိုးသားများ (၂၄.၂%) ထက် အနည်းငယ်ပိုများပြီး ၂၅-၂၉ နှစ်အုပ်စုတွင်လည်း အမျိုးသမီးများ (၂၄.၂%) က အမျိုးသားများ (၂၂.၁%) ထက် ပိုမိုများပြားပါသည်။ သို့သော် ၃၅-၃၉ နှစ်အုပ်စုတွင်မူ အမျိုးသားများ (၁၂.၉%) က အမျိုးသမီးများ (၁၂.၁%) ထက် အနည်းငယ်ပိုများပြီး ၄၀-၄၄ နှစ်အုပ်စုတွင်လည်း အမျိုးသားများ (၈.၄%) က အမျိုးသမီးများ (၇.၃%) ထက် အနည်းငယ်ပိုများနေပါသည်။ ဤအချက်အလက်များအရ ပြည်ပရွှေ့ပြောင်းသူအမျိုးသမီးများသည် အသက် ၂၀–၂၉ နှစ်အုပ်စုတွင် ပိုမိုများပြားပြီး အရွယ်ရောက်စကာလတွင် ရွှေ့ပြောင်းမှု ပိုမိုမြင့်မားကြောင်း ညွှန်ပြနေပါသည်။ အမျိုးသားများသည် အသက် ၃၅–၄၄ နှစ်အုပ်စုတွင် ပိုမိုများပြားပြီး ကျား/မနှင့် အသက်အလိုက် ကွဲပြားသည့်ရွှေ့ပြောင်းပုံစံများကို ဖော်ပြနေပါသည်။

ဒုတိယအချက်အနေဖြင့် ပြည်ပသို့ရွှေ့ပြောင်းသူများ၏ ပညာရေးအဆင့်အတန်းမှာ မူလတန်းနှင့် အလယ်တန်းအဆင့်တွင်သာရှိကြပါသည်။ ရွှေ့ပြောင်းသူစုစုပေါင်း၏ သုံးပုံတစ်ပုံခန့် (၃၂.၂%) သည် မူလတန်းအဆင့်နှင့် ၃၀.၁ ရာခိုင်နှုန်းမှာ အလယ်တန်းအဆင့်သာ ပြီးမြောက်ထား

ပါသည်။ အထက်တန်းပညာပြီးမြောက်သူများမှာ ၂၁.၇ ရာခိုင်နှုန်းရှိပြီး ဘွဲ့ရပညာတတ်များမှာ ၆.၅ ရာခိုင်နှုန်းသာရှိပါသည်။ အသက်မွေးဝမ်းကျောင်းပညာ (TVET လက်မှတ်/ဒီပလိုမာ) ရရှိထား သူများမှာ အလွန်နည်းပါးလှပြီး ၀.၁ ရာခိုင်နှုန်းသာရှိပါသည်။ တက္ကသိုလ်/ကောလိပ်ပညာ ရရှိထား သူများမှာလည်း ၄.၃ ရာခိုင်နှုန်းသာရှိပါသည်။

ကျား/မကွာခြားချက်များကို အဆင့်မြင့်ပညာအရည်အချင်း ရရှိထားသူများတွင် အထင် ရှားဆုံးတွေ့ရပါသည်။ အမျိုးသားရွှေ့ပြောင်းနေထိုင်သူများ၏ ၅.၄ ရာခိုင်နှုန်းသာ ဘွဲ့တစ်ခုခု ရရှိထားသော်လည်း အမျိုးသမီးများတွင်မူ ၈.၂ ရာခိုင်နှုန်းရှိသည်ကို တွေ့ရှိရပါသည်။ မဟာဘွဲ့ နှင့် ပါရဂူဘွဲ့ရရှိသူ အမျိုးသား ၀.၁ ရာခိုင်နှုန်းနှင့် အမျိုးသမီး ၀.၂ ရာခိုင်နှုန်းသာရှိသဖြင့် အလွန် နည်းပါးသည်ကိုတွေ့ရပါသည်။

ဤတွေ့ရှိချက်များအရ မြန်မာနိုင်ငံ၏ ပြည်ပရောက် လုပ်သားအင်အားအများစုသည် လူငယ်လူရွယ်များဖြစ်ကြပြီး ကျွမ်းကျင်မှုအဆင့် နည်းပါးသူများဖြစ်ကြပါသည်။ သို့သော် အရေအတွက်နည်းပါးသော်လည်း ပညာရေးအဆင့်မြင့်မားသူများလည်းပါဝင်နေပြီး အထူးသဖြင့် အမျိုးသမီးများတွင် ပိုမိုတွေ့ရှိရပါသည်။

ပုံ (၆.၅)။ ပြည်ပတွင်ရောက်ရှိနေထိုင်သော အိမ်ထောင်စုဝင်များ၏ လူဦးရေပိရမစ်



ဇယား (၆.၈)။ ပြည်ပရွှေ့ပြောင်းနေထိုင်သူများ၏ နောက်ခံအချက်အလက်များ

| နောက်ခံအချက်အလက်များ | နိုင်ငံတကာရွှေ့ပြောင်းသွားလာသူများ | | |
|---|---|---|---|
| | ပေါင်း | ကျား | မ |
| **အသက်အုပ်စု** | **၁,၁၂၄,၀၄၆** | **၆၈၆,၇၆၇** | **၄၃၇,၂၈၀** |
| ၀ - ၄ | ၂,၀၀၄ | ၀.၂ | ၀.၂ |
| ၅ - ၉ | ၂,၄၇၅ | ၀.၂ | ၀.၃ |
| ၁၀ - ၁၄ | ၆,၀၁၉ | ၀.၅ | ၀.၆ |
| ၁၅ - ၁၉ | ၇၈,၅၈၄ | ၇.၀ | ၇.၀ |
| ၂၀ - ၂၄ | ၂၇၃,၇၃၀ | ၂၄.၂ | ၂၄.၅ |
| ၂၅ - ၂၉ | ၂၅၇,৮၄၅ | ၂၂.၁ | ၂၄.၂ |
| ၃၀ - ၃၄ | ၁၉၆,၇၇၅ | ၁၇.၃ | ၁၇.၉ |
| ၃၅ - ၃၉ | ၁၄၁,၆၈၂ | ၁၂.၉ | ၁၂.၁ |
| ၄၀ - ၄၄ | ၈၉,၉၄၃ | ၈.၄ | ၇.၃ |
| ၄၅ - ၄၉ | ၄၅,၂၄၅ | ၄.၄ | ၃.၅ |
| ၅၀ - ၅၄ | ၁၉,၄၉၄ | ၁.၉ | ၁.၅ |
| ၅၅ - ၅၉ | ၆,၄၄၈ | ၀.၆ | ၀.၅ |
| ၆၀ - ၆၄ | ၂,၂၀၄ | ၀.၂ | ၀.၂ |
| ၆၅ နှစ်နှင့်အထက် | ၁,၅၉၈ | ၀.၁ | ၀.၂ |
| **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း** | **၁,၁၂၂,၀၄၁** | **၆၈၅,၆၁၆** | **၄၃၆,၄၂၅** |
| အတန်းမရှိ | ၅၄,၄၇၄ | ၄.၆ | ၅.၂ |
| မူလတန်း | ၃၆၀,၉၂၀ | ၃၂.၂ | ၃၂.၁ |
| အလယ်တန်း | ၃၃၇,၅၄၄ | ၃၁.၃ | ၂၈.၁ |
| အထက်တန်း | ၂၄၃,၂၆၇ | ၂၂.၀ | ၂၁.၂ |
| TVET | ၆၇၄ | ၀.၁ | * |
| တက္ကသိုလ်/ကောလိပ်/ဘွဲ့ကြိုဒီပလိုမာ | ၄၇,၇၉၀ | ၄.၀ | ၄.၇ |
| ဘွဲ့ရ/ဘွဲ့လွန်ဒီပလိုမာ | ၇၃,၁၀၁ | ၅.၄ | ၈.၂ |
| မဟာဘွဲ့/ပါရဂူဘွဲ့ | ၁,၅၁၆ | ၀.၁ | ၀.၂ |
| ဘုန်းတော်ကြီးသင်ကျောင်း/အခြားဘာသာရေးကျောင်း | ၁,၁၉၃ | ၀.၂ | * |
| အခြား | ၇၁၈ | ၀.၁ | ၀.၁ |
| မသိပါ | ၈၄၄ | ၀.၁ | ၀.၁ |

မှတ်ချက်။ * ၀.၁ ရာခိုင်နှုန်းထက်နည်းပါသည်။

## ၆.၃ မြို့ပြထွန်းကားလာခြင်း

ဇယား (၆.၉) တွင် မြန်မာနိုင်ငံ၏ ပြည်ထောင်စု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် မြို့ပြနှင့် ကျေးလက်ဒေသများတွင် လူဦးရေပျံ့နှံ့နေထိုင်ပုံနှင့် မြို့ပြလူဦးရေရာခိုင်နှုန်းများကိုလည်း ဖော်ပြထားပါသည်။ ဤအချက်အလက်များသည် သတ်မှတ်ထားသော အချိန်ကာလတစ်ခုအတွင်း မြန်မာနိုင်ငံ၏မြို့ပြထွန်းကားမှုအခြေအနေကို ပြည့်စုံစွာ ဖော်ပြနေပါသည်။

ပြည်ထောင်စုအဆင့်တွင် ၂၀၂၄ ခုနှစ် မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၁,၃၇၅,၃၂၇ ဦး ဖြစ်ပါသည်။ ၎င်းတို့အနက် ၁၅,၆၈၁,၆၃၂ ဦးသည် မြို့ပြဒေသများတွင် နေထိုင်ကြပြီး အများစုဖြစ်သော ၃၅,၆၉၃,၆၉၅ ဦးသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပါသည်။ ဤအချက်အလက်များအရ မြို့ပြလူဦးရေသည် စုစုပေါင်းလူဦးရေ၏ ၃၁ ရာခိုင်နှုန်းရှိကြောင်းနှင့် မြန်မာနိုင်ငံ၏လူဦးရေ အများစုသည် ကျေးလက်ဒေသတွင် နေထိုင်ဆဲဖြစ်ကြောင်း ညွှန်ပြနေပါသည်။

ဒေသအလိုက်ကိန်းဂဏန်းများက မြို့ပြထွန်းကားမှုအဆင့်အတန်းတွင် သိသာထင်ရှားသောကွာဟမှုများရှိကြောင်း ဖော်ပြနေပါသည်။ ရန်ကုန်တိုင်းဒေသကြီးသည် မြို့ပြထွန်းကားမှု အမြင့်ဆုံးဖြစ်ပြီး ၎င်း၏လူဦးရေ ၇,၃၆၉,၉၈၉ အနက် ၆၈ ရာခိုင်နှုန်းဖြစ်သော ၅,၀၀၇,၈၉၉ ဦးသည်မြို့ပြတွင်နေထိုင်နေကြပါသည်။ ဤအချက်ကပင် ရန်ကုန်မြို့သည် နိုင်ငံ၏စီးပွားရေးနှင့် လူဦးရေဗဟိုချက်ဖြစ်ကြောင်း ထင်ရှားစေပါသည်။ မန္တလေးတိုင်းဒေသကြီးသည် မြို့ပြထွန်းကားမှု ၃၄ ရာခိုင်နှုန်းရှိပြီး ၎င်း၏လူဦးရေ ၆,၃၂၃,၅၅၄ အနက် ၂,၁၁၉,၈၄၃ ဦးသည် မြို့ပြတွင်နေထိုင်ကြပါသည်။ မွန်ပြည်နယ်နှင့် နေပြည်တော်တို့တွင် မြို့ပြလူဦးရေ ၃၅ ရာခိုင်နှုန်းရှိပြီး ဤဒေသများ၏ မြို့ပြထွန်းကားလာခြင်း အလယ်အလတ်အဆင့်ရှိကြောင်း ဖော်ပြနေပါသည်။

သို့ရာတွင် တိုင်းဒေသကြီး/ပြည်နယ်အချို့၌ ကျေးလက်နေလူဦးရေ အလွန်များပြားနေဆဲဖြစ်ပါသည်။ ဧရာဝတီတိုင်းဒေသကြီးသည် ၁၆ ရာခိုင်နှုန်းဖြင့် မြို့ပြထွန်းကားခြင်း အနည်းဆုံးဖြစ်ပြီး ၎င်း၏ လူဦးရေ ၅,၅၄၆,၄၁၅ ဦးအနက် ၈၈၆,၉၈၅ ဦးသာ မြို့ပြဒေသများတွင် နေထိုင်ကြပါသည်။

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့သည်လည်း မြို့ပြထွန်းကားနှုန်းနည်းပါးပြီး ၁၈ ရာခိုင်နှုန်းနှင့် ၁၇ ရာခိုင်နှုန်းစီသာရှိကာ ဤဒေသများ၏ စိုက်ပျိုးရေးနှင့် ကျေးလက်လူမှုစီးပွားရေးပုံစံကို ဖော်ပြနေပါသည်။ ရခိုင်ပြည်နယ် (၁၉%)၊ ချင်းပြည်နယ် (၂၂%) နှင့် ကရင်ပြည်နယ် (၂၃%) တို့တွင်လည်း မြို့ပြလူဦးရေအချိုးအစား နည်းပါးမှုကိုတွေ့ရပြီး ၎င်းတို့၏ မတူညီသော လူမှုစီးပွားနှင့်ပထဝီဆိုင်ရာ အခြေအနေများကို ထင်ဟပ်ပြသနေပါသည်။

မြို့ပြနှင့် ကျေးလက်ဒေသများတွင် လူဦးရေပျံ့နှံ့နေထိုင်မှုသည် ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများနှင့် ရင်းမြစ်များခွဲဝေချထားမှုအတွက် အရေးပါသော အကျိုးသက်ရောက်မှုများ ရှိပါသည်။ ရန်ကုန်တိုင်းဒေသကြီး နှင့် မန္တလေးတိုင်းဒေသကြီး ကဲ့သို့သော အဓိကဒေသများတွင် မြို့ပြလူဦးရေများပြားနေခြင်းသည် ထိုဒေသများတွင် မြို့ပြအခြေခံအဆောက်အအုံများ၊ ဝန်ဆောင်မှုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများအတွက် လိုအပ်မှုများ ရှိနေဆဲဖြစ်သည်ကို ညွှန်ပြနေပါသည်။ တစ်ချိန်တည်းမှာပင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်အများစုတွင် ကျေးလက်လူဦးရေများပြားနေသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဆိုင်ရာအစီအစဉ်များ၊ စိုက်ပျိုးရေးအတွက် ပံ့ပိုးမှုများနှင့် မြို့ပြမဟုတ်သည့်ဒေသများတွင် ဝန်ဆောင်မှုများ တန်းတူရရှိရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်နေကြောင်း ညွှန်ပြနေပါသည်။ ဤအသေးစိတ် အချက်အလက်များသည် မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေဖွဲ့စည်းပုံကို နားလည်ရန်နှင့် အနာဂတ်မူဝါဒလမ်းညွှန်ချက်များ ချမှတ်ရန်အတွက် အထောက်အပံ့ဖြစ်စေပါသည်။

ဇယား (၆.၉)။ မြန်မာနိုင်ငံ၏ မြို့ပြရာခိုင်နှုန်း (၂၀၂၄ ခုနှစ်)

| တိုင်းဒေသကြီး/ ပြည်နယ် | ၂၀၂၄ ခုနှစ် | | | မြို့ပြ (ရာခိုင်နှုန်း) |
|---|---|---|---|---|
| | စုစုပေါင်း | မြို့ပြ | ကျေးလက် | |
| **ပြည်ထောင်စု** | **၅၁,၃၇၅,၃၂၇** | **၁၅,၆၈၁,၆၃၂** | **၃၅,၆၉၃,၆၉၅** | **၃၁** |
| ကချင် | ၂,၁၅၃,၄၈၃ | ၇၆၇,၇၉၃ | ၁,၃၈၅,၆၉၀ | ၃၆ |
| ကယား | ၂၉၆,၉၀၁ | ၈၆,၄၀၄ | ၂၁၀,၄၉၇ | ၂၉ |
| ကရင် | ၁,၅၀၂,၇၇၄ | ၃၄၁,၈၀၃ | ၁,၁၆၀,၉၇၁ | ၂၃ |
| ချင်း | ၃၇၃,၀၂၃ | ၈၂,၁၆၀ | ၂၉၀,၈၆၃ | ၂၂ |
| စစ်ကိုင်း | ၅,၉၇၇,၂၉၂ | ၁,၀၈၅,၆၄၂ | ၄,၈၉၁,၆၅၀ | ၁၈ |
| တနင်္သာရီ | ၁,၃၉၉,၉၆၅ | ၃၇၂,၅၅၆ | ၁,၀၂၇,၄၀၉ | ၂၇ |
| ပဲခူး | ၄,၄၅၃,၆၈၇ | ၁,၁၂၈,၇၃၂ | ၃,၃၂၄,၉၅၅ | ၂၅ |
| မကွေး | ၄,၀၇၇,၆၅၃ | ၆၇၆,၀၇၂ | ၃,၄၀၁,၅၈၁ | ၁၇ |
| မန္တလေး | ၆,၃၂၃,၅၅၄ | ၂,၁၁၉,၈၄၃ | ၄,၂၀၃,၇၁၁ | ၃၄ |
| မွန် | ၁,၈၃၁,၉၇၆ | ၆၃၈,၃၉၃ | ၁,၁၉၃,၅၈၃ | ၃၅ |
| ရခိုင် | ၂,၅၂၆,၇၉၂ | ၄၆၈,၅၆၄ | ၂,၀၅၈,၂၂၈ | ၁၉ |
| ရန်ကုန် | ၇,၃၆၉,၉၈၉ | ၅,၀၀၇,၈၉၉ | ၂,၃၆၂,၀၉၀ | ၆၈ |
| ရှမ်း | ၆,၄၁၂,၅၀၁ | ၁,၆၁၉,၂၀၃ | ၄,၇၉၃,၂၉၈ | ၂၅ |
| ဧရာဝတီ | ၅,၅၄၆,၄၁၅ | ၈၈၆,၉၈၅ | ၄,၆၅၉,၄၃၀ | ၁၆ |
| နေပြည်တော် | ၁,၁၂၉,၃၂၂ | ၃၉၉,၅၈၃ | ၇၂၉,၇၃၉ | ၃၅ |

ပုံ (၆.၆)။ မြို့ပြရာခိုင်နှုန်း (၂၀၂၄ ခုနှစ်)



| | |
|---|---|
| ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ<br>လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန<br>၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း<br>**အိမ်ထောင်စုမေးခွန်းပုံစံ** | ***လျှို့ဝှက်***<br>သန်းခေါင်စာရင်း ကောက်ယူသည့် အချက်အလက်များကို သန်းခေါင်စာရင်းဆိုင်ရာကိစ္စမှတစ်ပါး အခြားမည်သည့်ကိစ္စအတွက်မျှ အသုံးပြုခြင်း (သို့မဟုတ်) စစ်ဆေးခြင်းမပြုရ။ |

မင်္ဂလာပါ။ ကျွန်တော်/မတို့က လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် လက်တွဲအလုပ်လုပ်နေကြသူများဖြစ်ပါတယ်။ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူဖို့လာတာပါ။ သင့်အိမ်ထောင်စုနဲ့ပတ်သက်ပြီး မေးခွန်းလေးတွေမေးမြန်းလိုပါတယ်။ မေးမြန်းတာ (၂၀) မိနစ်ခန့်ကြာမှာပါ။ ဖြေကြားပေးတဲ့အဖြေတွေကို ကျွန်တော်/မ တို့ရဲ့သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ဝင်များကလွဲပြီး အခြားဘယ်သူမှ မသိအောင်၊ မပေါက်ကြားအောင် ထိန်းသိမ်းထားပါမယ်။

**တည်နေရာပြအကြောင်းအရာ**

၁။ တိုင်းဒေသကြီး/ပြည်နယ် ____________ ☐☐

၂။ ခရိုင် ____________ ☐☐

၃။ မြို့နယ် ____________ ☐☐

၄။ ရပ်ကွက်/ကျေးရွာအုပ်စု ____________ ☐☐☐

၅။ မြို့ ---- ၁ ကျေးလက် ----- ၂ .................... ☐

၆။ သန်းခေါင်စာရင်းယူနစ် .................... ☐☐☐

၇။ စာရင်းကောက်ကွက်အမှတ် .................... ☐☐☐

၈။ အိမ်ထောင်စုအမှတ် .................... ☐☐☐

**စာရင်းကောက်ကြိမ်**

| | ၁ | | ၂ | | ၃ | | နောက်ဆုံးအကြိမ် | |
|---|---|---|---|---|---|---|---|---|
| ရက်စွဲ | | | | | | | နေ့ ☐☐ | လ ☐☐ |
| အချိန် | စတင်ချိန် | ပြီးဆုံးချိန် | စတင်ချိန် | ပြီးဆုံးချိန် | စတင်ချိန် | ပြီးဆုံးချိန် | | |
| | | | | | | | ☐ ကုဒ် | |
| ပြီးစီးအောင်မြင်မှု * | | | | | | | စတင်ချိန် | ☐ |
| ကောက်ယူသည့်အကြိမ်ပေါင်း ☐ | | | | | | | ပြီးဆုံးချိန် | ☐ |

*** ပြီးစီးအောင်မြင်မှုသင်္ကေတ**

၁။ ပြီးစီးသည်
၂။ နေအိမ်တွင်မရှိ
၃။ ရွှေ့ဆိုင်း
၄။ ငြင်းဆို
၅။ တစ်ချို့တစ်ဝက်ပြီး
၆။ အခြား ____________
(ဖော်ပြပါ)

စာရင်းကောက်အမည် ____________ လက်မှတ် ____________ ရက်စွဲ ____________

စာရင်းစစ်အမည် ____________ လက်မှတ် ____________ ရက်စွဲ ____________

| | |
|---|---|
| စုစုပေါင်းလူဦးရေ ☐☐ | အိမ်ထောင်ဦးစီး/ဖြေဆိုသူ၏ ဖုန်းနံပါတ် ၁။-------------------------<br>၂။------------------------- |

မာတိကာ


| အခန်း | အကြောင်းအရာ | မေးခွန်းအမှတ် | စာမျက်နှာ |
|---|---|---|---|
| ၁ | လူဦးရေဆိုင်ရာအချက်အလက်များ | ၁ - ၁၁ | ၁ |
| ၂ | ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ | ၁၂ - ၁၇ | ၃ |
| ၃ | ပညာရေးအကြောင်းအရာ | ၁၈ - ၂၃ | ၅ |
| ၄ | လုပ်သားအင်အားအကြောင်းအရာ | ၂၄ - ၃၀ | ၈ |
| ၅ | မွေးဖွားခြင်းအကြောင်းအရာ | ၃၁ - ၃၉ | ၁၀ |
| ၆ | မသန်စွမ်းမှုအကြောင်းအရာ | ၄၀ | ၁၂ |
| ၇ | ပြည်ပရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ | ၄၁ - ၄၈ | ၁၃ |
| ၈ | အိမ်အကြောင်းအရာ | ၄၉ - ၆၁ | ၁၄ |
| ၉ | သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်း အကြောင်းအရာ | ၆၂ - ၆၈ | ၁၈ |

## လူဦးရေဆိုင်ရာ အချက်အလက်များ

### လူတိုင်းကိုမေးရန်

| ၁ | ၂ | ၃ | ၄ | ၅ | ၆ | | |
|---|---|---|---|---|---|---|---|
| အမှတ်စဉ် | **၃၀-၉-၂၀၂၄<br>ရက်နေ့တွင်<br>ဤအိမ်ထောင်စု၌<br>ညအိပ်သူများ<br>အားလုံးရဲ့<br>အမည်တွေကို<br>ပြောပြပေးပါ။**<br><br>**အိမ်ထောင်ဦးစီး<br>ကနေစပြောပြ<br>ပေးပါ။**<br><br>**(မွေးစကလေး၊<br>သက်ကြီးရွယ်အို၊<br>မသန်စွမ်း၊<br>ဧည့်သည်များ<br>အပါအဝင်)** | **(အမည်) က အိမ်ထောင်<br>ဦးစီးနှင့် မည်သို့<br>တော်စပ်ပါသလဲ။**<br><br>၀၁ - အိမ်ထောင်ဦးစီး<br>၀၂ - ဇနီး/ခင်ပွန်း<br>၀၃ - သား<br>၀၄ - သမီး<br>၀၅ - သားမက်<br>၀၆ - ချွေးမ<br>၀၇ - မြေး/မြစ်<br>၀၈ - မိဘ<br>၀၉ - ယောက္ခမ<br>၁၀ - မောင်နှမ<br>၁၁ - အဘိုး/အဘွား<br>၁၂ - မွေးစားကလေး/<br>အိမ်ထောင်ဖက်နှင့်ပါလာ<br>သောကလေး<br>၁၃ - အခြားဆွေမျိုး<br>၁၄ - အိမ်အကူ<br>၁၅ - ဆွေမျိုးမတော်စပ်သူ | **(အမည်) က<br>အမျိုးသား<br>(သို့မဟုတ်)<br>အမျိုးသမီးလား။**<br><br>၁ - ကျား<br>၂ - မ | **(အမည်) က<br>အသက်<br>ဘယ်လောက်<br>ရှိပြီလဲ။**<br><br>ပြည့်ပြီးအသက်<br>ကိုမေးမြန်းပါ။<br><br>အကယ်၍<br>တစ်နှစ်အောက်<br>ဖြစ်ပါက<br>"၀၀၀" ဟု<br>ရေးသွင်းရန် | **(အမည်) ရဲ့ မွေးသက္ကရာဇ်ကို (ရက်/လ/နှစ်)<br>ဖြင့် ဖော်ပြပါ။**<br>ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်<br>ဥပမာ - ၁၅-၀၃-၁၉၈၅<br><br>ရက် မသိပါက "၉၉" ရေးသွင်းရန်<br>လ မသိပါက "၉၉" ရေးသွင်းရန်<br><br>ရက် | လ | နှစ် |
| ၁ | | | | | | | |
| ၂ | | | | | | | |
| ၃ | | | | | | | |
| ၄ | | | | | | | |
| ၅ | | | | | | | |
| ၆ | | | | | | | |
| ၇ | | | | | | | |
| ၈ | | | | | | | |
| ၉ | | | | | | | |
| ၁၀ | | | | | | | |

ဖြေဆိုသူအားမေးမြန်းရန်၊ ဒီအိမ်ထောင်စုမှာ အိမ်ထောင်စုဝင် စုစုပေါင်း ------------ ဦး နေထိုင်သည်မှာ ဟုတ်ပါသလား။

၁ - ဟုတ်ပါသည်။ (မေးခွန်း ၇ ကိုမေးမြန်းပါ။)

၂ - မဟုတ်ပါ။ (ကျန်အိမ်ထောင်စုဝင်များ၏ အကြောင်းအရာများကို ဆက်လက်မေးမြန်းပါ။)

| လူဦးရေဆိုင်ရာ အချက်အလက်များ | | | | | |
|---|---|---|---|---|---|
| | လူတိုင်းကိုမေးရန် | အသက် (၅) နှစ်နှင့်အထက်မေးရန် | အသက် (၁၀) နှစ်နှင့်အထက်မေးရန် | | အသက် (၁၅) နှစ်နှင့်အောက်မေးရန် |
| | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| အမှတ်စဉ် | (အမည်) ရဲ့ ကိုးကွယ်သည့်ဘာသာကို ဖော်ပြပါ။<br><br>၁– ဗုဒ္ဓဘာသာ<br>၂– ခရစ်ယာန်<br>၃– အစ္စလာမ်<br>၄– ဟိန္ဒူ<br>၅– နတ်<br>၆– အခြားဘာသာ<br>၇– ဘာသာမရှိသူများ<br>၈ – မဖြေဆိုပါ။ | (အမည်) ရဲ့ အိမ်တွင် အမိက ပြောဆိုသော ဘာသာစကားကို ဖော်ပြပါ။ | (အမည်) ရဲ့ ကိုင်ဆောင်သည့်လက်မှတ် အမျိုးအစားကို ဖော်ပြပါ။<br><br>၁– နိုင်ငံသားစိစစ်ရေးကတ် (ပန်းရောင်)<br>၂– ဧည့်နိုင်ငံသားကတ် (အပြာရောင်)<br>၃– နိုင်ငံသားပြုခွင့်ရသူကတ် (အစိမ်းရောင်)<br>၄– အမျိုးသားမှတ်ပုံတင်ကတ် (သုံးခေါက်ချိုး၊ ကျား–စိမ်း၊ မ–ပန်းရောင်)<br>၅– သာသနာ့ဝင်ကတ်/သာသနာ့နွယ်ဝင်ကတ်<br>၆– နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ် (NVC)<br>၇– နိုင်ငံခြားသားမှတ်ပုံတင်လက်မှတ်<br>၈– နိုင်ငံခြားသားနိုင်ငံကူးလက်မှတ် (ပတ်စ်ပို့)<br>၉– မည်သည့်ကတ်ပြားမှမကိုင်ဆောင်သူ | (အမည်) ရဲ့ လက်ရှိ အိမ်ထောင်ရေး အခြေအနေကို ပြောပြပေးပါ။<br><br>၁ – အပျို/လူပျို<br>၂ – အိမ်ထောင်ရှိ<br>၃ – မုဆိုးဖို/မုဆိုးမ<br>၄ – ကွဲကွာ/Single Mother<br>၅ – သာသနာ့ဝင်/သာသနာ့နွယ်ဝင် | (အမည်) မှာ မွေးစာရင်း ရှိပါသလား။<br><br>မရှိဟုဖြေလျှင် သေချာအောင် ထပ်၍ မေးကြည့်ရန် (အမည်) မွေးစဉ်က တာဝန်ရှိ ပုဂ္ဂိုလ်ထံတွင် မှတ်ပုံတင် ဖူးပါသလား။<br><br>၁ – မွေးစာရင်းရှိပါသည်။<br>၂ – မှတ်ပုံတင်ဖူးပါသည်။<br>၃ – နှစ်မျိုးစလုံးမရှိပါ။<br>၉ – မသိပါ။ |
| ၁ | ☐ | ____ | ☐ | ☐ | ☐ |
| ၂ | ☐ | ____ | ☐ | ☐ | ☐ |
| ၃ | ☐ | ____ | ☐ | ☐ | ☐ |
| ၄ | ☐ | ____ | ☐ | ☐ | ☐ |
| ၅ | ☐ | ____ | ☐ | ☐ | ☐ |
| ၆ | ☐ | ____ | ☐ | ☐ | ☐ |
| ၇ | ☐ | ____ | ☐ | ☐ | ☐ |
| ၈ | ☐ | ____ | ☐ | ☐ | ☐ |
| ၉ | ☐ | ____ | ☐ | ☐ | ☐ |
| ၁၀ | ☐ | ____ | ☐ | ☐ | ☐ |

| ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ<br>လူတိုင်းကိုမေးရန် | | | | | | |
|---|---|---|---|---|---|---|
| | မွေးဖွားရာဇာတိ | | | နေမြဲအရပ် | | |
| | ၁၂ (က) | ၁၂ (ခ) | ၁၃ | ၁၄ (က) | ၁၄ (ခ) | ၁၅ |
| အမှတ်စဉ် | **(အမည်) သည် မည်သည့်မြို့နယ်တွင် မွေးဖွားခဲ့ပါသလဲ။**<br><br>၁။ စာရင်းကောက်သည့်မြို့နယ်<br>၂။ အခြားမြို့နယ်ဖြစ်ပါကဖော်ပြရန်<br>၃။ အခြားနိုင်ငံဖြစ်ပါကဖော်ပြရန် (**မေးခွန်း ၁၃** သို့သွားရန်) | **(အမည်) ရဲ့ မွေးဖွားရာဇာတိသည် မြို့ပြ (သို့) ကျေးလက်လား။**<br><br>၁ – မြို့ပြ<br>၂ – ကျေးလက် | **(အမည်) သည် မွေးဖွားရာအရပ်တွင် သူ/သူမ၏ ဘဝတလျှောက်လုံး (မွေးစဉ်မှ ယနေ့ထိ) တဆက်စပ်တည်း နေထိုင်ခဲ့ပါသလား။**<br><br>၁ – နေထိုင်ခဲ့ပါသည်။ (**မေးခွန်း ၁၈** သို့သွားရန်)<br>၂ – မနေထိုင်ခဲ့ပါ။ | **(အမည်) သည် မည်သည့်မြို့နယ်တွင် အမြဲနေထိုင်ပါသလဲ။**<br><br>၁။ စာရင်းကောက်သည့်မြို့နယ်<br>၂။ အခြားမြို့နယ်ဖြစ်ပါကဖော်ပြရန်<br>၃။ အခြားနိုင်ငံဖြစ်ပါကဖော်ပြရန် (မေးခွန်း ၁၂(က) တွင် ကုဒ် "၁" (သို့) "၂" ဖြစ်ပါက **မေးခွန်း ၁၅** သို့သွားရန်) (မေးခွန်း ၁၂(က) တွင် ကုဒ် "၃" ဖြစ်ပါက **မေးခွန်း ၁၈** သို့သွားရန်) | **(အမည်) ရဲ့ နေမြဲအရပ်သည် မြို့ပြ (သို့) ကျေးလက်လား။**<br><br>၁ – မြို့ပြ<br>၂ – ကျေးလက် | **(အမည်) သည် နေမြဲအရပ်မှာ နေထိုင်သည်မှာ ဘယ်နှစ်နှစ်ရှိပြီလဲ။**<br><br>(၁) နှစ်အောက်ဖြစ်ပါက "၀၀၀" ရေးသွင်းပါ။ |
| ၁ | | | | | | |
| ၂ | | | | | | |
| ၃ | | | | | | |
| ၄ | | | | | | |
| ၅ | | | | | | |
| ၆ | | | | | | |
| ၇ | | | | | | |
| ၈ | | | | | | |
| ၉ | | | | | | |
| ၁၀ | | | | | | |

| ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ | | | |
|---|---|---|---|
| လူတိုင်းကိုမေးရန် | | | |
| | နေမြဲအရပ်သို့ ရွှေ့ပြောင်းရသည့်အကြောင်းရင်း | နေမြဲအရပ်သို့ရွှေ့ပြောင်းမလာခင် နောက်ဆုံးနေထိုင်ခဲ့သည့်ဒေသ | |
| | ၁၆ | ၁၇ (က) | ၁၇ (ခ) |
| အမှတ်စဉ် | (အမည်) သည် နေမြဲအရပ်သို့ ဘာကြောင့်ရွှေ့ပြောင်းလာရပါသလဲ။<br><br>၁ – အလုပ်ကြောင့်/ အလုပ်ရှာရန်/စီးပွားရေးကြောင့်<br>၂ – ပညာရေးကြောင့်<br>၃ – အိမ်ထောင်ကျ၍<br>၄ – မိသားစုနောက်လိုက်၍<br>၅ – ပဋိပက္ခများ၊ တိုက်ပွဲများကြောင့်<br>၆ – ဆေးကုသမှုခံယူရန်/ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိရန်<br>၇ – သဘာဝဘေးအန္တရာယ်ကြောင့်<br>၈ – အခြား၊ ဖော်ပြရန် | (အမည်) သည် နေမြဲအရပ်သို့ မပြောင်းမီ မည်သည့်မြို့နယ်တွင် နောက်ဆုံးနေထိုင်ခဲ့ပါသလဲ။<br><br>၁။ မြို့နယ်ဖော်ပြရန်<br>၂။ အခြားနိုင်ငံဖြစ်ပါက ဖော်ပြရန် (**မေးခွန်း ၁၈** သို့သွားရန်) | (အမည်) ရဲ့ နောက်ဆုံး နေထိုင်ခဲ့သည့်ဒေသ သည် မြို့ပြ (သို့) ကျေးလက်လား။<br><br>၁ – မြို့ပြ<br>၂ – ကျေးလက် |
| ၁ | ☐ __________ | ☐ __________ | ☐ |
| ၂ | ☐ __________ | ☐ __________ | ☐ |
| ၃ | ☐ __________ | ☐ __________ | ☐ |
| ၄ | ☐ __________ | ☐ __________ | ☐ |
| ၅ | ☐ __________ | ☐ __________ | ☐ |
| ၆ | ☐ __________ | ☐ __________ | ☐ |
| ၇ | ☐ __________ | ☐ __________ | ☐ |
| ၈ | ☐ __________ | ☐ __________ | ☐ |
| ၉ | ☐ __________ | ☐ __________ | ☐ |
| ၁၀ | ☐ __________ | ☐ __________ | ☐ |

၅

| ပညာရေးအကြောင်းအရာ | | |
|---|---|---|
| အသက် (၃) နှစ်နှင့်အထက်မေးရန် | | |
| | ကျောင်းတက်ရောက်မှု အခြေအနေ | လက်ရှိကျောင်းတက်ရောက်မှု |
| | ၁၈ | ၁၉ |
| အမှတ်စဉ် | **(အမည်) က မူကြို (သို့) ကျောင်းပညာရေး တစ်ခုခုကို တက်နေသူ/ တက်ဖူးသူ/လုံးဝမတက်ဖူးသူ လား။**<br><br>၁ – ကျောင်းတက်နေ ပါသည်။<br>၂ – ကျောင်းတက်ဖူးသည်။<br>**(မေးခွန်း၂၀** သို့ သွားရန်)<br>၃ – ကျောင်းမတက်ဖူးပါ။<br>**(မေးခွန်း၂၂** သို့ သွားရန်) | **(အမည်) က ယခုလက်ရှိပညာသင်နှစ်မှာ (အစိုးရကျောင်း၊ ပုဂ္ဂလိကကိုယ်ပိုင်ကျောင်း၊ကျောင်းပြင်ပ ပညာရေးအစီအစဉ်၊ ဘုန်းတော်ကြီးသင်ကျောင်းနှင့်အစိုးရကျောင်း မဟုတ်သောကျောင်းများတွင် အပါအဝင်) မည်သည့်အတန်းကို တက်ရောက်နေပါသလဲ။**<br><br>၀၀ – မူကြို<br>၀၁ – KG<br>၀၂ – Grade 1<br>၀၃ – Grade 2<br>၀၄ – Grade 3<br>၀၅ – Grade 4<br>၀၆ – Grade 5<br>၀၇ – ကျောင်းပြင်ပ မူလတန်းပညာရေး<br>၀၈ – Grade 6<br>၀၉ – Grade 7<br>၁၀ – Grade 8<br>၁၁ – Grade 9<br>၁၂ – ကျောင်းပြင်ပ အလယ်တန်းပညာရေး<br>၁၃ – Grade 10<br>၁၄ – Grade 11<br>၁၅ – Grade 12<br>၁၆ – TVET အသက်မွေးဝမ်းကျောင်း သင်တန်း (လက်မှတ်ရ)<br>၁၇ – TVET အသက်မွေးဝမ်းကျောင်း သင်တန်း (ဘွဲ့မရ)<br>၁၈ – တက္ကသိုလ်/ကောလိပ်<br>၁၉ – ဘွဲ့ကြိုဒီပလိုမာသင်တန်း<br>၂၀ – ဘွဲ့လွန်ဒီပလိုမာသင်တန်း<br>၂၁ – မဟာဘွဲ့သင်တန်း<br>၂၂ – ပါရဂူဘွဲ့သင်တန်း<br>၂၃ – အခြား၊ ဖော်ပြရန် |
| ၁ | | |
| ၂ | | |
| ၃ | | |
| ၄ | | |
| ၅ | | |
| ၆ | | |
| ၇ | | |
| ၈ | | |
| ၉ | | |
| ၁၀ | | |

| ပညာရေးအကြောင်းအရာ | | |
|---|---|---|
| အသက် (၃) နှစ်နှင့်အထက်မေးရန် | | |
| အစဉ်နံပါတ် | **အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း**<br>၂၀<br>(အမည်) ရဲ့ (အစိုးရကျောင်းများ၊ ပုဂ္ဂလိက/ကိုယ်ပိုင်ကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးအစီအစဉ်များ၊ ဘုန်းတော်ကြီးသင်ကျောင်း များနှင့် အစိုးရကျောင်းမဟုတ်သော ကျောင်းများတွင် အပါအဝင်) အောင်မြင်ပြီးစီးခဲ့သော အမြင့်ဆုံးအတန်း/ပညာအဆင့်က ဘာလဲ၊ ပြောပြပါ။<br><br>၀၀ – အတန်းမရှိ<br>၀၁ – မူကြို<br>၀၂ – KG<br>၀၃ – မူလတန်း<br>၀၄ – အလယ်တန်း<br>၀၅ – အထက်တန်း<br>၀၆ – TVET အသက်မွေးဝမ်းကျောင်းသင်တန်း (လက်မှတ်ရ)<br>၀၇ – TVET အသက်မွေးဝမ်းကျောင်းသင်တန်း (ဘွဲ့မရ)<br>၀၈ – တက္ကသိုလ်/ကောလိပ်<br>၀၉ – ဘွဲ့ကြိုဒီပလိုမာ<br>၁၀ – ဘွဲ့ရ<br>၁၁ – ဘွဲ့လွန်ဒီပလိုမာ<br>၁၂ – မဟာဘွဲ့<br>၁၃ – ပါရဂူဘွဲ့<br>၁၄ – အခြား၊ ဖော်ပြရန် | |
| ၁ | ☐☐ | ________________ |
| ၂ | ☐☐ | ________________ |
| ၃ | ☐☐ | ________________ |
| ၄ | ☐☐ | ________________ |
| ၅ | ☐☐ | ________________ |
| ၆ | ☐☐ | ________________ |
| ၇ | ☐☐ | ________________ |
| ၈ | ☐☐ | ________________ |
| ၉ | ☐☐ | ________________ |
| ၁၀ | ☐☐ | ________________ |

| ပညာရေးအကြောင်းအရာ | | | |
|---|---|---|---|
| | အသက် (၃) နှစ်နှင့်အထက်မေးရန် | အသက် (၁၀) နှစ်နှင့်အထက်မေးရန် | |
| | (မေးခွန်း ၁၈ တွင် ကုဒ် "၂" ရေးသွင်းသူများအားမေးရန် ) | စာတတ်မြောက်မှုနှင့် တွက်ချက်နိုင်မှု (မေးခွန်း ၁၈ တွင် ကုဒ် "၃"၊ မေးခွန်း ၂၀ တွင် ကုဒ် "၀၄"အောက် တက်ရောက်ပြီးစီးသူများနှင့် ကုဒ် "၁၄" ရေးသွင်းသူများအားမေးရန် ) | |
| | ၂၁ | ၂၂ | ၂၃ |
| အမှတ်စဉ် | (အမည်) က ကျောင်းဆက်မတက်တော့တဲ့ အဓိကအကြောင်းရင်းက ဘာလဲ၊ ပြောပြပေးပါ။<br><br>၀၁ - ကိုယ်လိုချင်တဲ့အဆင့်အထိပြီးမြောက်သွားလို့<br>၀၂ - မကျန်းမာ/ထိခိုက်ဒဏ်ရာရှိ/မသန်စွမ်းလို့<br>၀၃ - ကျောင်းထားဖို့ငွေကြေးမတတ်နိုင်လို့ (ကျောင်းစရိတ်ကြီးလို့)<br>၀၄ - (မောင်နှမများ/ မိဘဆွေမျိုးများကို စောင့်ရှောက်ရမှုအပါအဝင် ) အိမ်အလုပ်တွေ ကူနေရလို့<br>၀၅ - မိသားစုစိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေမှာကူနေရလို့<br>၀၆ - (စိုက်ပျိုးမွေးမြူရေးနဲ့မဆိုင်တဲ့) မိသားစုစီးပွားရေးလုပ်ငန်းမှာ ကူနေရလို့<br>၀၇ – (စိုက်ပျိုးမွေးမြူရေးနဲ့ဆိုင်တဲ့) အပြင်အလုပ်လုပ်ပြီး ဝင်ငွေရှာနေရလို့<br>၀၈ – (စိုက်ပျိုးမွေးမြူရေးနဲ့မဆိုင်တဲ့) အပြင်အလုပ်လုပ်ပြီး ဝင်ငွေရှာနေရလို့<br>၀၉ - လမ်းခရီးအခြေအနေ မလုံခြုံသောကြောင့်<br>၁၀ - ကျောင်းကဝေးလွန်းလို့/သွားလာရေးခက်ခဲလို့<br>၁၁ - ဘာသာစကားအခက်အခဲရှိလို့<br>၁၂ - အတန်း/စာမေးပွဲကျလို့၊ စာမလိုက်နိုင်လို့<br>၁၃ - အတန်းဖော်များ၊ ဆရာ/မများနှင့် အဆင်မပြေလို့၊ အနိုင်ကျင့်ခံရလို့<br>၁၄ - ကျောင်းမှာသင်ပေးတာက တကယ်လက်တွေ့ဘဝ (သို့) အနာဂတ် အလုပ်အကိုင်နှင့် ဆက်စပ်မှုမရှိလို့/စိတ်ဝင်စားစရာမကောင်းလို့<br>၁၅ - အိမ်ထောင်ကျ/ကိုယ်ဝန်ရ/ကလေးမွေးလို့<br>၁၆ – သဘာဝဘေးအန္တရာယ်ကြောင့်<br>၁၇ - ပဋိပက္ခများ/တိုက်ပွဲများကြောင့်<br>၁၈ - အခြား၊ ဖော်ပြရန် | (အမည်) သည် သိနားလည်သော ဘာသာစကား တစ်ခုခုဖြင့် သာမန်စာကြောင်းတစ်ကြောင်း ကို ရေးနိုင်၊ ဖတ်နိုင်ပါသလား။<br><br>၁ - ရေးနိုင်၊ ဖတ်နိုင်ပါသည်။<br>၂ - မရေးနိုင်၊ မဖတ်နိုင်ပါ။ | (အမည်) သည် သာမန်သချ်ာအပေါင်းနှင့်အနုတ် တွက်ချက်ခြင်းများကို (ဂဏန်းပေါင်းစက် သို့မဟုတ် ဖုန်း မသုံးဘဲ ) လုပ်နိုင်ပါသလား။<br><br>၁ - လုပ်နိုင်ပါသည်။<br>၂ - မလုပ်နိုင်ပါ။ |
| ၁ | | | |
| ၂ | | | |
| ၃ | | | |
| ၄ | | | |
| ၅ | | | |
| ၆ | | | |
| ၇ | | | |
| ၈ | | | |
| ၉ | | | |
| ၁၀ | | | |

| လုပ်သားအင်အားအကြောင်းအရာ | | | |
|---|---|---|---|
| အသက် (၅) နှစ်နှင့်အထက်မေးရန် | | | |
| | လက်ရှိအလုပ်အကိုင်နှင့် လုပ်ငန်း | | |
| | ၂၄ | မေးခွန်း ၂၄ တွင် "မလုပ်ခဲ့ပါ" ဟု ဖြေဆိုပါကမေးရန် | မေးခွန်း ၂၄ တွင် "လုပ်ခဲ့ပါသည်" (သို့) မေးခွန်း ၂၅ တွင် "ရှိပါသည်" ဟု ဖြေဆိုပါကမေးရန် |
| | | ၂၅ | ၂၆ |
| အမှတ်စဉ် | (အမည်) သည် လွန်ခဲ့တဲ့ (၇) ရက်အတွင်း အနည်းဆုံး တစ်နာရီခန့် လုပ်ခ၊ လစာရတဲ့ အလုပ်တစ်ခုခု (သို့)<br><br>ဝင်ငွေရတဲ့ ကိုယ်ပိုင်လုပ်ငန်း တစ်ခုခု (သို့)<br><br>မိသားစုပိုင်လုပ်ငန်းတွင် လုပ်ခမရဘဲ ကူညီလုပ်ကိုင်ခဲ့ပါသလား။<br><br>၁ – လုပ်ခဲ့ပါသည်။ (**မေးခွန်း ၂၆** သို့ သွားရန်)<br>၂ – မလုပ်ခဲ့ပါ။ | (အမည်) သည် လွန်ခဲ့တဲ့ (၇) ရက်အတွင်း ယာယီပျက်ကွက်ခဲ့သည့် အလုပ် (သို့) လုပ်ငန်းရှိပါသလား။<br><br>၁ – ရှိပါသည်။<br>၂ – မရှိပါ။ (**မေးခွန်း ၂၉** သို့သွားရန်) | လွန်ခဲ့တဲ့ (၇) ရက်အတွင်း (အမည်) လုပ်ကိုင်ခဲ့သော (သို့) ယာယီပျက်ကွက်ခဲ့သော အဓိကအလုပ်အကိုင်ကို ဖော်ပြပါ။<br><br>အသေးစိတ်ဖော်ပြရန် |
| ၁ | ☐ | ☐ | ________ |
| ၂ | ☐ | ☐ | ________ |
| ၃ | ☐ | ☐ | ________ |
| ၄ | ☐ | ☐ | ________ |
| ၅ | ☐ | ☐ | ________ |
| ၆ | ☐ | ☐ | ________ |
| ၇ | ☐ | ☐ | ________ |
| ၈ | ☐ | ☐ | ________ |
| ၉ | ☐ | ☐ | ________ |
| ၁၀ | ☐ | ☐ | ________ |

<table>
<tr><th colspan="5">လုပ်သားအင်အားအကြောင်းအရာ</th></tr>
<tr><th colspan="5">အသက် (၅) နှစ်နှင့် အထက်မေးရန်</th></tr>
<tr><td rowspan="3"></td><th colspan="2">လက်ရှိအလုပ်အကိုင်နှင့် လုပ်ငန်း</th><th colspan="2">အလုပ်ရှာဖွေခြင်း</th></tr>
<tr><th colspan="2">မေးခွန်း ၂၄ တွင် "လုပ်ခဲ့ပါသည်" (သို့) မေးခွန်း ၂၅ တွင် "ရှိပါသည်" ဟု ဖြေဆိုပါကမေးရန်</th><th colspan="2">မေးခွန်း ၂၅ တွင် "မရှိပါ" ဟု ဖြေဆိုပါကမေးရန်</th></tr>
<tr><th>၂၇</th><th>၂၈</th><th>၂၉</th><th>၃၀</th></tr>
<tr><td>အစဉ်လိုက်</td><td>လွန်ခဲ့တဲ့ (၇) ရက်အတွင်း (အမည်) အလုပ်ချိန်အများဆုံး လုပ်ကိုင်ခဲ့သည့် (သို့) ယာယီ ပျက်ကွက်ခဲ့သည့် လုပ်ငန်း အမျိုးအစားကိုဖော်ပြပါ။<br><br>အသေးစိတ်ဖော်ပြရန်</td><td>အဆိုပါအလုပ်တွင် (အမည်) သည် ------- ဖြစ်ပါသလား။<br><br>၁ – အစိုးရဝန်ထမ်း<br>၂ – အလုပ်သမား (ပုဂ္ဂလိက/အဖွဲ့အစည်း)<br>၃ – လုပ်ခရသောအလုပ်သင်<br>၄ – အလုပ်ရှင် (ပုံမှန်အလုပ်သမားနှင့်)<br>၅ – ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (ပုံမှန်အလုပ်သမားမရှိ)<br>၆ – အခကြေးငွေမရသော မိသားစုဝင် လုပ်သား/မိသားစုလုပ်ငန်း<br>၇ – အခြား၊ ဖော်ပြရန်<br><br>မေးခွန်း ၃၁ သို့သွားရန်</td><td>လွန်ခဲ့တဲ့ ရက် (၃၀) အတွင်း (အမည်) သည် အလုပ်တစ်ခု ရှာဖွေခြင်း (သို့) လုပ်ငန်းတစ်ခု စတင်ဖို့ ကြိုးစားခြင်း လုပ်ခဲ့ပါ သလား။<br><br>၁ – လုပ်ခဲ့ပါသည်။<br>၂ – မလုပ်ခဲ့ပါ။ (မေးခွန်း ၃၁ သို့သွားရန်)</td><td>လာမည့် (၂) ပတ်အတွင်း (အမည်) သည် လုပ်ခ ရမယ့် အလုပ်ရမည် (သို့) လုပ်ငန်း စတင်နိုင်မည် ဆိုပါက စတင်လက်ခံ ဆောင်ရွက်နိုင်မလား။<br><br>၁ – ဆောင်ရွက်နိုင်ပါသည်။<br>၂ – မဆောင်ရွက်နိုင်ပါ။</td></tr>
<tr><td>၁</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၂</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၃</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၄</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၅</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၆</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၇</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၈</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၉</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
<tr><td>၁၀</td><td>____</td><td>☐ ____</td><td>☐</td><td>☐</td></tr>
</table>

| မွေးဖွားခြင်းအကြောင်းအရာ | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| အိမ်ထောင်ကျဖူးသူအမျိုးသမီး (အသက် ၁၀ နှစ်နှင့်အထက်) မေးရန် | | | | | | | | | | |
| | ပထမဆုံး အိမ်ထောင်ပြုစဉ် အသက် | အရှင်မွေးကလေးအရေအတွက် | | | | | | | | |
| | ၃၁ | ၃၂ | | ၃၃ | | ၃၄ | | ၃၅ | | |
| အမှတ်စဉ် | (အမည်) သည် အသက် ဘယ်နှစ်နှစ်မှာ (ပထမဆုံး) အိမ်ထောင်ကျခဲ့တာလဲ။ | (အမည်) ရဲ့ ဘဝ တစ်လျှောက် အရှင် မွေးဖွားခဲ့သော ကလေး အရေအတွက်ကို ဖော်ပြပါ။ (ကလေးမမွေးဖူးပါက "၀၀" ရေးသွင်းရန်) | | (အမည်) မွေးဖွားပြီး (အမည်) နှင့် အတူနေ ကလေးအရေအတွက် ကို ဖော်ပြပါ။ | | (အမည်) မွေးဖွားပြီး (အမည်) နှင့် အတူ မနေဘဲ အခြားတွင် နေသော ကလေး အရေအတွက်ကို ဖော်ပြပါ။ | | (အမည်) မွေးဖွားပြီးမှ သေဆုံးသွားသော ကလေးအရေအတွက် ကို ဖော်ပြပါ။ | | |
| | | ၃၂ (က) ကျား | ၃၂ (ခ) မ | ၃၃ (က) ကျား | ၃၃ (ခ) မ | ၃၄ (က) ကျား | ၃၄ (ခ) မ | ၃၅ (က) ကျား | ၃၅ (ခ) မ | |
| ၁ | | | | | | | | | | |
| ၂ | | | | | | | | | | |
| ၃ | | | | | | | | | | |
| ၄ | | | | | | | | | | |
| ၅ | | | | | | | | | | |
| ၆ | | | | | | | | | | |
| ၇ | | | | | | | | | | |
| ၈ | | | | | | | | | | |
| ၉ | | | | | | | | | | |
| ၁၀ | | | | | | | | | | |

| မေးဖွားခြင်းအကြောင်းအရာ | | | | | |
|---|---|---|---|---|---|
| အိမ်ထောင်ကျဖူးသူအမျိုးသမီး (အသက် ၁၀-၅၄ နှစ်အတွင်း) မေးရန် | | | | | |
| ပထမဆုံးနှင့် နောက်ဆုံး အရှင်မွေးကလေး အကြောင်းအရာ<br>မေးခွန်း ၃၂ (က) နှင့် ၃၂ (ခ) တွင် "၀၀" ရေးသွင်းထားပါက မေးခွန်း ၄၀ သို့သွားရန်) | | | | | |
| | ၃၆ | ၃၇ | | ၃၈ | ၃၉ |
| အမှတ်စဉ် | (အမည်) သည် ပထမဆုံး အရှင်မွေးကလေးမွေးဖွားစဉ်က အသက်ဘယ်လောက် ရှိပြီလဲ။ | (အမည်) ရဲ့ နောက်ဆုံး အရှင်မွေးကလေးရဲ့ မွေးသက္ကရာဇ်ကို ဖော်ပြပါ။<br>ခရစ်သက္ကရာဇ်ဖြင့်ဖော်ပြရန်<br>လမသိပါက "၉၉" ရေးသွင်းရန်<br>လ | နှစ် | (အမည်) ရဲ့ နောက်ဆုံး အရှင်မွေးကလေးသည် ကျား (သို့) မ လား။<br>၁ – ကျား<br>၂ – မ | (အမည်) ရဲ့ နောက်ဆုံး အရှင်မွေးကလေးသည် အသက်ရှင်လျက်ရှိပါသလား။<br>၁ – ရှိပါသည်။<br>၂ – မရှိပါ။ |
| ၁ | | | | | |
| ၂ | | | | | |
| ၃ | | | | | |
| ၄ | | | | | |
| ၅ | | | | | |
| ၆ | | | | | |
| ၇ | | | | | |
| ၈ | | | | | |
| ၉ | | | | | |
| ၁၀ | | | | | |

## မသန်စွမ်းမှုအကြောင်းအရာ

### အသက် (၅) နှစ်နှင့်အထက်မေးရန်

၄၀

**(အမည်) သည် အောက်ဖော်ပြပါ အခက်အခဲများရှိပါသလား။**

(က) မျက်မှန်တပ်သည့်တိုင် အမြင်ခက်ခဲခြင်း၊

(ခ) နားကြားကိရိယာတပ်သည့်တိုင် အကြားခက်ခဲခြင်း၊

(ဂ) ပစ္စည်းကိုင်တွယ်ရာတွင်/လမ်းလျှောက်/လှေကားတက်ရာတွင် ခက်ခဲခြင်း၊

(ဃ) မှတ်ဉာဏ်/သင်ယူလေ့လာရာတွင်ခက်ခဲခြင်း၊

(င) မိမိကိုယ်ကို စောင့်ရှောက်ရာတွင် (တစ်ကိုယ်ရေသန့်ရှင်းရေး၊ အဝတ်အစား၊ အစားအစာစားသောက်ရာတွင်) ခက်ခဲခြင်း၊

(စ) အခြားသူများနှင့်ဆက်သွယ်ရာတွင်ခက်ခဲခြင်း၊

မခက်ခဲပါ = ၁
အနည်းငယ်ခက်ခဲ = ၂
အများကြီးခက်ခဲ = ၃
လုံးဝမကောင်းပါ = ၄

| အမှတ်စဉ် | အမြင် | အကြား | ပစ္စည်းကိုင်တွယ်ရာတွင်/ လမ်းလျှောက်/ လှေကားတက် | မှတ်ဉာဏ်/ သင်ယူလေ့လာခြင်း | မိမိကိုယ်ကို စောင့်ရှောက်နိုင်မှု | အခြားသူများနှင့် ဆက်သွယ်မှု |
|---|---|---|---|---|---|---|
| ၁ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၂ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၃ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၄ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၅ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၆ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၇ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၈ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၉ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |
| ၁၀ | ☐ | ☐ | ☐ | ☐ | ☐ | ☐ |

## ပြည်ပရွှေ့ပြောင်းသွားလာခြင်းအကြောင်းအရာ

### အိမ်ထောင်စုဝင်များထဲမှ နိုင်ငံခြားသို့ရောက်ရှိနေသူများကိုမေးရန်

၅၁ အိမ်ထောင်စုဝင်များထဲမှ လက်ရှိတွင် နိုင်ငံခြားသို့ ရောက်ရှိနေထိုင်သူ ရှိပါသလား။

၁ – ရှိပါသည်။ ဘယ်နှစ်ယောက်ရှိပါသလဲ။ ☐☐

၂ – မရှိပါ။ (**မေးခွန်း ၅၉ သို့ သွားရန်**)

| အမှတ်စဉ် | ၅၂ | ၅၃ | ၅၄ | ၅၅ | ၅၆ | ၅၇ | အသက် (၅) နှစ်နှင့်အထက်မေးရန်<br>၅၈ |
|---|---|---|---|---|---|---|---|
| | **လက်ရှိတွင် နိုင်ငံခြား၌ ရောက်ရှိ နေထိုင်သူရဲ့ အမည်ကို ပြောပြပေးပါ။** | **(အမည်) က အိမ်ထောင်ဦးစီးနှင့် မည်သို့တော်စပ် ပါသလဲ။**<br><br>၀၂ – ဇနီး/ခင်ပွန်း<br>၀၃ – သား<br>၀၄ – သမီး<br>၀၅ – သားမက်<br>၀၆ – ချွေးမ<br>၀၇ – မြေး/မြစ်<br>၀၈ – မိဘ<br>၀၉ – ယောက္ခမ<br>၁၀ – မောင်နှမ<br>၁၁ – အဘိုး/အဘွား<br>၁၂ – မွေးစား ကလေး/ အိမ်ထောင်ဖက်နှင့်ပါလာသော ကလေး<br>၁၃ – အခြားဆွေမျိုး<br>၁၄ – ဆွေမျိုးမတော်စပ်သူ | **(အမည်) သည် အမျိုးသား (သို့မဟုတ်) အမျိုးသမီး လား။**<br><br>၁ – ကျား<br>၂ – မ | **(အမည်) က အသက် ဘယ်လောက် ရှိပြီလဲ။**<br><br>ပြည့်ပြီး အသက်ကို မေးမြန်းပါ။ | **(အမည်) မြန်မာနိုင်ငံမှ ထွက်ခွာသွားသည့် ခုနှစ်ကို ဖော်ပြပါ။**<br><br>ခရစ်သက္ကရာဇ် ဖြင့်ဖော်ပြရန် | **(အမည်) သည် လက်ရှိတွင် ရောက်ရှိ နေထိုင်လျက်ရှိသည့် နိုင်ငံကို ဖော်ပြပါ။**<br><br>၀၁ – ထိုင်း<br>၀၂ – မလေးရှား<br>၀၃ – စင်္ကာပူ<br>၀၄ – တရုတ်<br>၀၅ – ဂျပန်<br>၀၆ – တောင်ကိုရီးယား<br>၀၇ – အိန္ဒိယ<br>၀၈ – အမေရိကန်<br>၀၉ – အာရပ်စော်ဘွား များပြည်ထောင်စု (UAE)<br>၁၀ – ကာတာ<br>၁၁ – အခြား၊ ဖော်ပြရန်<br>၉၉ – မသိပါ။ | **(အမည်) သည် မြန်မာနိုင်ငံမှ မထွက်ခွာခင်အမြင့်ဆုံး တက်ရောက်ပြီးစီးခဲ့တဲ့ အတန်းကိုဖော်ပြပါ။**<br><br>၀၀ – အတန်းမရှိ<br>၀၁ – မူလတန်း<br>၀၂ – အလယ်တန်း<br>၀၃ – အထက်တန်း<br>၀၄ – TVET သင်တန်း (လက်မှတ်ရ)<br>၀၅ – TVET သင်တန်း (ဘွဲ့မရ)<br>၀၆ – တက္ကသိုလ်/ ကောလိပ်<br>၀၇ – ဘွဲ့ကြိုဒီပလိုမာ<br>၀၈ – ဘွဲ့ရ<br>၀၉ – ဘွဲ့လွန်ဒီပလိုမာ<br>၁၀ – မဟာဘွဲ့<br>၁၁ – ပါရဂူဘွဲ့<br>၁၂ – ဘုန်းတော်ကြီး သင်ကျောင်း/အခြား ဘာသာရေးကျောင်း<br>၁၃ – အခြား၊ ဖော်ပြရန်<br>၉၉ – မသိပါ။ |
| ၁ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |
| ၂ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |
| ၃ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |
| ၄ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |
| ၅ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |
| ၆ | | ☐☐ | ☐ | ☐☐☐ | ☐☐☐☐ | ☐☐ ____ | ☐☐ ____ |

## အိမ်အကြောင်းအရာ

| စဉ် | မေးခွန်း | ဂဏန်းသင်္ကေတ | | | သွားရန် |
|---|---|---|---|---|---|
| ၄၉ | **အိမ်ထောင်စု၏ နေအိမ်အမျိုးအစားကို ဖော်ပြပါ။** | တိုက်ခန်းတွဲ/တိုက်ခန်း............ | ၁ | | |
| | | တိုက်အိမ် ............ | ၂ | | |
| | | တိုက်ခံအိမ် ............ | ၃ | | |
| | | ပျဉ်ထောင်အိမ်/သစ်သားအိမ် ............ | ၄ | | |
| | | ဝါးအိမ် ............ | ၅ | | |
| | | တဲအိမ် ............ | ၆ | | |
| | | အခြား၊ ဖော်ပြရန် ________ | ၇ | | |
| ၅၀ | **သင့်အိမ်ကို သင်ပိုင်ဆိုင်ပါသလား။ (သို့) ငှားရမ်းနေထိုင်ပါသလား။ (သို့) အခမဲ့နေထိုင်ပါသလား။** | ပိုင်ရှင် ............ | ၁ | | |
| | | အိမ်ငှား ............ | ၂ | | |
| | | ပူးတွဲ (ပိုင်ရှင်/အိမ်ငှား၏အိမ်ထောင်စုနှင့်အတူပူးတွဲနေထိုင်သည့် အိမ်ထောင်စု) ............ | ၃ | | |
| | | အစိုးရဝန်ထမ်းအိမ်ရာ ............ | ၄ | | |
| | | ပုဂ္ဂလိကဝန်ထမ်းအိမ်ရာ ............ | ၅ | | |
| | | အခြား၊ ဖော်ပြရန် ________ | ၆ | | |
| ၅၁ | **သင့်အိမ်ထောင်စုတွင် ———— ရှိပါသလား။** | (ဖြေဆိုမှုအားလုံးမှတ်သားရန် – အဖြေတစ်ခုထက်ပိုနိုင်သည်။) | ရှိ | မရှိ | |
| | | A – ရေဒီယို ............ | ၁ | ၂ | |
| | | B – ရုပ်မြင်သံကြား ............ | ၁ | ၂ | |
| | | C – ကြိုးဖုန်း ............ | ၁ | ၂ | |
| | | D – လက်ကိုင်ဖုန်း ............ | ၁ | ၂ | |
| | | E – ကွန်ပျူတာ ............ | ၁ | ၂ | |
| | | F – အိမ်တွင်အင်တာနက် တပ်ဆင်ထားခြင်း (လက်ကိုင်ဖုန်းမှတဆင့် အပါအဝင်) ............ | ၁ | ၂ | |
| | | G – ကား/ပစ်ကပ်/ထရပ်ကား/ဗင်န် ............ | ၁ | ၂ | |
| | | H – မော်တော်ဆိုင်ကယ်/လျှပ်စစ်စက်ဘီး/သုံးဘီးကား... | ၁ | ၂ | |
| | | I – စက်ဘီး ............ | ၁ | ၂ | |
| | | J– (၄) ဘီးပါထော်လာဂျီ ............ | ၁ | ၂ | |
| | | K – ကနူးလှေ၊ သမ္ဗာန် ............ | ၁ | ၂ | |
| | | L – စက်လှေ၊ မော်တော်ဘုတ် ............ | ၁ | ၂ | |
| | | M – လှည်း (ကျွဲ၊ နွား၊ မြင်း စသဖြင့်) ............ | ၁ | ၂ | |
| ၅၂ (က) | **သင့်အိမ်တွင် ဘုရားခန်း၊ အိပ်ခန်း၊ ထမင်းစားခန်းနှင့်ဧည့်ခန်းအပါအဝင် အခန်းမည်မျှရှိပါသလဲ။** (မီးဖိုခန်းနှင့် လုပ်ငန်းအတွက် သီးသန့်သုံးအခန်းများအပါအဝင်) | အခန်းအရေအတွက် ............ ☐☐ | | | |
| ၅၂ (ခ) | **ထိုအခန်းများအနက် အိပ်ခန်းမည်မျှရှိပါသလဲ။** | အိပ်ခန်းအရေအတွက် ............ ☐☐ | | | |
| ၅၃ | **သင့်အိမ်တွင် မီးဖိုခန်း (သို့) ချက်ပြုတ်ရန်နေရာရှိပါသလား။** (ရှိပါက "၁" မှ "၆" အတွင်း တစ်ခုကို ရွေးချယ်ရန်၊ မရှိပါက "၇" ကို ရွေးချယ်ရန်ဖြစ်ပါသည်။) | သီးခြားမီးဖိုခန်း (အိမ်ထောင်စုသုံး) ............ | ၁ | | |
| | | သီးခြားမီးဖိုခန်း (အခြားအိမ်ထောင်စုများနှင့် မျှဝေသုံးစွဲ)......... | ၂ | | |
| | | အိပ်ခန်း/ဧည့်ခန်း ............ | ၃ | | |
| | | လေသာဆောင်/စင်္ကြံလမ်း ............ | ၄ | | |
| | | မီးဖိုခန်း (အမိုးမရှိ/အကာမရှိ) ............ | ၅ | | |
| | | အိမ်အပြင်ဘက်............ | ၆ | | |
| | | မီးဖိုခန်းမရှိပါ............ | ၇ | | |

| အိမ်အကြောင်းအရာ | | | |
|---|---|---|---|
| စဉ် | မေးခွန်း | ဂဏန်းသင်္ကေတ | သွားရန် |
| ၅၄ (က) | **အိမ်နံရံပြုလုပ်ထားသည့် အဓိကပစ္စည်းကို ကြည့်ရှုလေ့လာခြင်း**<br><br>(စာရင်းကောက်မှ ကြည့်ရှုလေ့လာ၍ တွေ့ရှိသည့်အတိုင်း သက်ဆိုင်ရာသင်္ကေတကိုမှတ်သားပါ။ သံသယရှိပါက ဖြေဆိုသူကို မေးမြန်းရန်) | နို/သက်ကယ်/ထန်းလက်/အင်ဖက် ........................ ၁<br>ဝါး ........................ ၂<br>မြေကြီး ........................ ၃<br>သစ်သား ........................ ၄<br>သွပ် ........................ ၅<br>ကွန်ပိုစစ်/ပလာစတာဘုတ်/ကျောက်ပြား ........................ ၆<br>အုတ်ကြွပ်/အုတ်/ကွန်ကရစ် ........................ ၇<br>အခြား၊ ဖော်ပြရန် ________ ၈ | |
| ၅၄ (ခ) | **အိမ်အမိုးပြုလုပ်ထားသည့် အဓိကပစ္စည်းကို ကြည့်ရှုလေ့လာခြင်း**<br><br>(စာရင်းကောက်မှ ကြည့်ရှုလေ့လာ၍ တွေ့ရှိသည့်အတိုင်း သက်ဆိုင်ရာသင်္ကေတကိုမှတ်သားပါ။ သံသယရှိပါက ဖြေဆိုသူကို မေးမြန်းရန်) | နို/သက်ကယ်/ထန်းလက်/အင်ဖက် ........................ ၁<br>ဝါး ........................ ၂<br>မြေကြီး ........................ ၃<br>သစ်သား ........................ ၄<br>သွပ် ........................ ၅<br>အုတ်ကြွပ်/အုတ်/ကွန်ကရစ် ........................ ၆<br>အခြား၊ ဖော်ပြရန် ________ ၇ | |
| ၅၄ (ဂ) | **အိမ်ကြမ်းခင်းပြုလုပ်ထားသည့် အဓိကပစ္စည်းကို ကြည့်ရှုလေ့လာခြင်း**<br><br>(စာရင်းကောက်မှ ကြည့်ရှုလေ့လာ၍ တွေ့ရှိသည့်အတိုင်း သက်ဆိုင်ရာသင်္ကေတကိုမှတ်သားပါ။ သံသယရှိပါက ဖြေဆိုသူကို မေးမြန်းရန်) | ဝါး ........................ ၁<br>မြေကြီး ........................ ၂<br>သစ်သား ........................ ၃<br>အုတ်ကြွပ်/အုတ်/ကွန်ကရစ် ........................ ၄<br>အခြား၊ ဖော်ပြရန် ________ ၅ | |
| ၅၅ | **သင့်အိမ်ထောင်စုဝင်များအတွက် သောက်ရေ၏ အဓိကအရင်းအမြစ်မှာ အဘယ်နည်း။** | အိမ်ထဲသို့သွယ်ထားသောပိုက်လိုင်း ........................ ၀၁<br>မိမိခြံဝင်းအတွင်းသို့သွယ်ထားသောပိုက်လိုင်း ........................ ၀၂<br>အိမ်နီးချင်းခြံဝင်းအတွင်းသို့သွယ်ထားသော ပိုက်လိုင်း ........................ ၀၃<br>အများသုံးရေဘုံဘိုင် (ရေတိုင်) ........................ ၀၄<br><br>အဝီစိတွင်းရေ (စက်ရေတွင်း/တွင်းနက်/တွင်းတိမ်) ........................ ၀၅<br><br>အကာအရံရှိသောတွင်းရေ ........................ ၀၆<br>အကာအရံမရှိသောတွင်းရေ ........................ ၀၇<br><br>အကာအရံရှိသော (ကာကွယ်ထားသော) စိမ့်စမ်းရေ ........................ ၀၈<br>အကာအရံမရှိသော (ကာကွယ်မထားသော) စိမ့်စမ်းရေ ........................ ၀၉<br><br>မိုးရေ ........................ ၁၀<br>ရေကားမှရေ ........................ ၁၁<br>ရေစည်လှည်းမှရေ ........................ ၁၂<br><br>ရေသန့်ဘူး/ပုလင်း /ရေသန့်စက် ........................ ၁၃<br><br>မြေပေါ်ရေ (မြစ်ရေ၊ ချောင်းရေ၊ ဆည်ရေ၊ ကန်ရေ၊ တူးမြောင်းရေ၊ ရေသွယ်မြောင်းမှရေ) ........................ ၁၄<br>အခြား၊ ဖော်ပြရန် ________ ၁၅ | |

| အိမ်အကြောင်းအရာ | | | |
|---|---|---|---|
| **စဉ်** | **မေးခွန်း** | **ဂဏန်းသင်္ကေတ** | **သွားရန်** |
| ၅၆ (က) | **သင့်အိမ်ထောင်စုအတွက်သုံးရေကို ဘယ်နေရာက ခပ်ယူပါသလဲ။** | မိမိနေအိမ်အတွင်း ........ ၁<br>မိမိနေအိမ်ခြံဝင်းအတွင်း ........ ၂<br>အခြားနေရာ ........ ၃ | (၁, ၂) **မေးခွန်း ၅၇** သို့သွားရန် |
| ၅၆ (ခ) | **သုံးရေရရှိရာနေရာသို့ သွားရောက်ရေခပ်ရန်အတွက် အသွားအပြန် (စောင့်ဆိုင်းချိန်အပါအဝင်) တစ်ခေါက်လျှင် အချိန်ဘယ်လောက်ကြာသလဲ။** | မိနစ် (၃၀) အောက် ........ ၁<br>မိနစ် (၃၀) နှင့်အထက် ........ ၂ | |
| ၅၇ | **အိမ်ထောင်စုတွင် အလင်းရောင်အတွက် မည်သည့်မီးအမျိုးအစားကို အဓိကအသုံးပြုပါသလဲ။** | **လျှပ်စစ်ဓါတ်အားလိုင်း** (အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ ရပ်ရွာ/ဒေသတွင်း) ........ ၁<br>***လျှပ်စစ်ဓါတ်အားလိုင်းမဟုတ်***<br>မီးစက် (ပုဂ္ဂလိက) ........ ၂<br>နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) ........ ၃<br>လေအား/ရေအားလျှပ်စစ် ........ ၄<br>***အခြား***<br>ရေနံဆီ ........ ၅<br>ဖယောင်းတိုင် ........ ၆<br>ပြန်လည်အားဖြည့်နိုင်သော ဘက်ထရီစနစ် ........ ၇<br>အခြား၊ ဖော်ပြရန် ________ ၈ | |
| ၅၈ | **အိမ်ထောင်စုတွင် အစားအစာချက်ပြုတ်စားသောက်ရန်အတွက် မည်သည့်လောင်စာကို အဓိကအသုံးပြုပါသလဲ။** | **လျှပ်စစ်ဓါတ်အားလိုင်း** (အစိုးရ၊ အိမ်နီးချင်းနိုင်ငံ၊ ရပ်ရွာ/ဒေသတွင်း) ........ ၀၁<br>***လျှပ်စစ်ဓါတ်အားလိုင်းမဟုတ်***<br>မီးစက် (ပုဂ္ဂလိက) ........ ၀၂<br>နေရောင်ခြည်စွမ်းအင်သုံး (ဆိုလာပြား) ........ ၀၃<br>လေအား/ရေအားလျှပ်စစ် ........ ၀၄<br>***အခြား***<br>ဓာတ်ငွေ့ (ဂက်စ်) ........ ၀၅<br>ဘိုင်အိုဂက်စ် (ဇီဝ) ........ ၀၆<br>သစ်သား/ထင်း ........ ၀၇<br>မီးသွေး/လောင်စာတောင့် ........ ၀၈<br>ကျောက်မီးသွေး ........ ၀၉<br>ကောက်ရိုး/မြက်ခြောက် ........ ၁၀<br>အခြား၊ ဖော်ပြရန် ________ ၁၁ | |
| **အိမ်သာအမျိုးအစား** | | | |
| ၅၉ (က) | **သင်တို့အိမ်ထောင်စုတွင် မည်သည့်အိမ်သာမျိုး အသုံးပြုပါသလဲ။** | ရေဆွဲအိမ်သာ ........ ၁<br>ရေလောင်း/ယင်လုံအိမ်သာ ........ ၂<br>တွင်း/ဇလားအိမ်သာ ........ ၃<br>တွင်းမရှိအိမ်သာ ........ ၄<br>အိမ်သာမရှိ ........ ၅<br>အခြား၊ ဖော်ပြရန် ________ ၆ | (၅, ၆) **မေးခွန်း ၆၀** သို့သွားရန် |
| ၅၉ (ခ) | **အိမ်သာကို သင်တို့အိမ်ထောင်စုနှင့် အခြားအိမ်ထောင်စုများအတူတကွ မျှဝေသုံးစွဲနေပါသလား။** | မျှဝေသုံးစွဲပါသည်။ ........ ၁<br>မျှဝေသုံးစွဲခြင်းမရှိပါ။ ........ ၂ | |

| အိမ်အကြောင်းအရာ | | | |
|---|---|---|---|
| စဉ် | မေးခွန်း | ဂဏန်းသင်္ကေတ | သွားရန် |
| **အမှိုက်စွန့်ပစ်မှု** | | | |
| ၆၀ | **သင့်အိမ်ထောင်စုသည် အမှိုက်များကို မည်သို့ စွန့်ပစ်သနည်း။** | ဝန်ဆောင်မှုပေးသူမှ သိမ်းဆည်းပါသည်။ (စည်ပင် အသိအမှတ်ပြုဝန်ဆောင်မှုပေးသူ) ..................... ၁ | |
| | | ဝန်ဆောင်မှုပေးသူမှ သိမ်းဆည်းပါသည်။ (အခြား ဝန်ဆောင်မှုပေးသူ) ..................... ၂ | |
| | | သတ်မှတ်ထားသော အမှိုက်ပုံနေရာတွင် စွန့်ပစ်ပါသည်။ ........ ၃ | |
| | | မိမိအိမ်ခြံဝင်းအတွင်း စွန့်ပစ်ပါသည်။ ..................... ၄ | |
| | | မြေမြှုပ်ခြင်း (သို့) မီးရှို့ခြင်း ပြုလုပ်ပါသည်။ ..................... ၅ | |
| | | တစ်နေရာသို့စွန့်ပစ်ပါသည်။ ..................... ၆ | |
| | | အခြား၊ ဖော်ပြရန် ________ ၇ | |
| **လက်ဆေးခြင်းနှင့်ပတ်သက်၍ကြည့်ရှုလေ့လာမှု** | | | |
| ၆၁ (က) | **သင်တို့အိမ်ထောင်စု လက်ဆေးရာတွင် အများဆုံး အသုံးပြုသည့် နေရာကို ကျေးဇူးပြု၍ ပြပေးနိုင်မလား။** | အသေတပ်ထားသည့်လက်ဆေးရန်နေရာ (ရေပိုက်ခေါင်းပါ လက်ဆေးကန်/ ရေပိုက်ခေါင်းပါ ရေပုံးကြီး) | |
| | | မိမိနေအိမ်အတွင်း ..................... ၁ | |
| | | မိမိနေအိမ်ခြံဝင်းအတွင်း ..................... ၂ | |
| | | ရွှေ့ပြောင်းနိုင်သည့် လက်ဆေးရန်နေရာ (ပုံး/ခရား....) ........ ၃ | |
| | | နေအိမ်၊ ခြံဝင်းအတွင်း လက်ဆေးရန် နေရာမရှိပါ။ ............ ၄ | **မေးခွန်း ၆၂** သို့ သွားရန် |
| | | လေ့လာအကဲခတ်ခွင့်မရှိပါ။ ..................... ၅ | |
| | | အခြားအကြောင်းအရာကြောင့်မလေ့လာနိုင်ခဲ့ပါ။ ............ ၆ | |
| **ရေ၊ ဆပ်ပြာနှင့်ပတ်သက်၍လေ့လာမှု** | | | |
| ၆၁ (ခ) | **လက်ဆေးသည့်နေရာတွင် ရေ၊ ဆပ်ပြာ (သို့) အခြားသန့်ရှင်းရေးသုံးပစ္စည်း ရှိ/မရှိ လေ့လာခြင်း** | (ဖြေဆိုမှုအားလုံးမှတ်သားရန် – အဖြေတစ်ခုထက်ပိုနိုင်သည်။) | |
| | | ရေရရှိသည်။ ..................... A | |
| | | ရေမရှိပါ။ ..................... B | |
| | | ဆပ်ပြာ (သို့) အခြားသန့်ရှင်းရေးသုံးပစ္စည်း ရှိပါသည်။ ........ C | |
| | | ဆပ်ပြာ (သို့) အခြားသန့်ရှင်းရေးသုံးပစ္စည်း မရှိပါ။ ............ D | |

## သေဆုံးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ

### လွန်ခဲ့သော (၁၂) လအတွင်း အိမ်ထောင်စုဝင်များထဲမှ သေဆုံးမှုအခြေအနေ

**၆၂** **လွန်ခဲ့သော (၁၂) လအတွင်း အိမ်ထောင်စုဝင်များထဲမှ သေဆုံးသူရှိပါသလား။**

၁ - ရှိပါသည်။
၂ - မရှိပါ။ (မေးမြန်းမှု ပြီးဆုံးသည်။)

| | သေဆုံးခြင်းအကြောင်းအရာ | | | | | ကိုယ်ဝန်ဆောင်မိခင်သေဆုံးခြင်းအကြောင်းအရာ |
|---|---|---|---|---|---|---|
| | ၆၃ | ၆၄ | ၆၅ | မေးခွန်း ၆၅ တွင် "၀၀၀" ရေးသွင်းခဲ့ပါကမေးရန်<br>၆၆ | ၆၇ | အမျိုးသမီး (အသက် ၁၀-၅၄ နှစ်အတွင်း) မေးရန်<br>၆၈ |
| အမှတ်စဉ် | **သေဆုံးသူ၏ အမည်ကို ဖော်ပြပါ။** | **(အမည်) သည် အမျိုးသား (သို့) အမျိုးသမီး လား။**<br><br>၁- ကျား<br>၂ - မ | **(အမည်) ၏ သေဆုံးစဉ် အသက်ကို ဖော်ပြပါ။**<br><br>အကယ်၍ တစ်နှစ်အောက် ဖြစ်ပါက "၀၀၀" ဟု ရေးသွင်းရန် | **(အမည်) သည် အသက် ဘယ်နှစ်လ (သို့) ဘယ်နှစ်ရက် အရွယ်တွင် သေဆုံးခဲ့ပါသလဲ။** | **(အမည်) ၏ သေဆုံး ရသည့်အကြောင်းရင်း ကိုဖော်ပြပါ။**<br><br>၁ - ရောဂါ<br>၂ - မတော်တဆထိခိုက်မှု<br>၃ - မိမိကိုယ်ကို သတ်သေခြင်း<br>၄ - အကြမ်းဖက်မှု<br>၅ - အိမ်တွင်းအကြမ်းဖက်မှု<br>၆ - အခြား၊ ဖော်ပြရန်<br>၉ - မသိပါ။ | **(အမည်) သည် ကိုယ်ဝန်ဆောင်စဉ် (သို့) မီးဖွားစဉ် (သို့) ကလေးမွေးပြီး ပထမ (၆) ပတ်အတွင်း သေဆုံးခြင်းဖြစ်ပါသလား။**<br><br>၁ - ဟုတ်<br>၂ - မဟုတ် |
| ၁ | | | | ၁။ လပေါင်း<br>၂။ရက်ပေါင်း | | |
| ၂ | | | | ၁။ လပေါင်း<br>၂။ရက်ပေါင်း | | |
| ၃ | | | | ၁။ လပေါင်း<br>၂။ရက်ပေါင်း | | |
| ၄ | | | | ၁။ လပေါင်း<br>၂။ရက်ပေါင်း | | |

# နောက်ဆက်တွဲ (၂) သန်းခေါင်စာရင်းဆိုင်ရာဝေါဟာရအဓိပ္ပါယ်သတ်မှတ်ချက်များ

လူနေအိမ် - အိမ်ထောင်စုတစ်ခု (သို့မဟုတ်) တစ်ခုထက်ပိုသော အိမ်ထောင်စုများ နေထိုင်သည့် အိမ်ဖြစ်ပါသည်။ လူနေအိမ်သည် သီးခြားဝင်ပေါက်/ထွက်ပေါက်ရှိရမည်။ အဆောက်အဦတစ်ခု၌ လူနေအိမ်များစွာရှိနိုင်ပါသည်။

သမားရိုးကျအိမ်ထောင်စု - အမိုးတစ်မိုးအောက် (အဆောက်အဦတစ်ခု သို့မဟုတ် ခြံဝင်း) တွင် ဆွေမျိုးတော်စပ်သည်ဖြစ်စေ၊ မတော်စပ်သည်ဖြစ်စေ အတူနေထိုင်ပြီး တစ်အိုးတည်းစားသော လူတစ်စုကို ဆိုလိုပါသည်။ အများအားဖြင့် ၎င်းတို့ထဲမှ တစ်ဦးဦးကို ခေါင်းဆောင် သို့မဟုတ် အိမ်ထောင်ဦးစီးအဖြစ် သတ်မှတ်ထားပါသည်။

အိမ်ထောင်ဦးစီး-အိမ်ထောင်စုတစ်စုတွင်အဓိကဆုံးဖြတ်ချက်များကိုချပေးသူဖြစ်ပြီးအိမ်ထောင်စုဝင်အားလုံးက အိမ်ထောင်ဦးစီးအဖြစ် အသိအမှတ်ပြုခံရသူ ဖြစ်ပါသည်။ အိမ်ထောင်ဦးစီးသည် အမျိုးသား (သို့မဟုတ်) အမျိုးသမီးဖြစ်နိုင်ပါသည်။ အိမ်ထောင်ဦးစီးသည် မိသားစု စားဝတ်နေရေး အတွက် အဓိကတာဝန်ရှိသူဖြစ်ရန် မလိုပါ။

အိမ်ထောင်ဦးစီးနှင့်တော်စပ်ပုံ - အိမ်ထောင်စုဝင်များသည် ၎င်းအိမ်ထောင်စု၏ အိမ်ထောင်ဦးစီးနှင့် ပတ်သက်သည့် တော်စပ်မှုဖြစ်ပါသည်။ (ဥပမာ - ဇနီး /ခင်ပွန်း၊ သား/သမီး၊ ညီ/ညီမ)

လူဦးရေသိပ်သည်းမှု - ကုန်းမြေဧရိယာ တစ်စတုရန်းကီလိုမီတာတွင် နေထိုင်သောလူဦးရေကို ဆိုလိုပါသည်။ စတုရန်းကီလိုမီတာ (သို့မဟုတ်) စတုရန်းမိုင်ဖြင့် ဖော်ပြလေ့ရှိပါသည်။

မြို့ပြဒေသ - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ရပ်ကွက်များဖြစ်ပါသည်။ ယေဘုယျအားဖြင့် အဆိုပါဒေသများတွင် အဆောက်အဦနှင့် လူဦးရေထူထပ်ပြီး စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ပါသည်။

ကျေးလက်ဒေသ - အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သတ်မှတ်ထားသော ကျေးရွာအုပ်စုများကို ဆိုလိုပါသည်။ ယေဘုယျအားဖြင့် ၎င်းဒေသများသည် လူဦးရေသိပ်သည်းမှုနည်းသည့်ဒေသများ ဖြစ်ပြီး ၎င်းမြေဧရိယာများတွင် စိုက်ပျိုးရေးလုပ်ငန်းများကို အဓိကလုပ်ကိုင်ပါသည်။

အသက် - သန်းခေါင်စာရင်းကောက်ယူသည့်အချိန်တွင် နောက်ဆုံးပြည့်ပြီးသည့် မွေးနေ့အထိ နေထိုင်ခဲ့သည့်နှစ်ပေါင်းကို ဆိုလိုပါသည်။ အသက်ကို အောက်ပါအတိုင်း မှတ်ယူရန်ဖြစ်ပါသည်-

(က) အသက် ဝ – ၁ နှစ်အောက်၊ အသက် ၁ နှစ်မပြည့်သေးသောသူများ

(ခ) အသက် ၁ နှစ် - အသက် ၁ နှစ်ပြည့်ပြီးသူ သို့မဟုတ် အသက် ၁ နှစ်ထက် ကျော်သော်လည်း အသက် ၂ နှစ် မပြည့်သေးသောသူများ

(ဂ) အသက် ၀ - ၄ အုပ်စု - အသက် ၅ နှစ်အောက်ရှိသူများ

(ဃ) အသက် ၅ - ၉ အုပ်စု - အသက် ၅ နှစ်ပြည့်ပြီး အသက် ၁၀ နှစ်အောက်ရှိသူများ

(င) အသက် ၉၀+ အုပ်စု - အသက် ၉၀ နှစ်နှင့်အထက်ရှိသောသူများ

ကျား/မအချိုး - အမျိုးသမီးဦးရေ ၁၀၀ တွင်ရှိသော အမျိုးသားဦးရေ ဖြစ်ပါသည်။

မှီခိုသူအချိုး - စုစုပေါင်းမှီခိုသူအချိုးဆိုသည်မှာ အလုပ်လုပ်ကိုင်နိုင်သည့်အသက်အရွယ် အသက် ၁၅ နှစ်မှ အသက် ၆၄ နှစ်ဦးရေ ၁၀၀ ပေါ်တွင် မှီခိုနေသည့် ကလေးဦးရေ (အသက် ၁၅ နှစ် အောက်) နှင့် သက်ကြီးရွယ်အိုဦးရေ (အသက် ၆၅ နှစ်နှင့်အထက်) တို့၏အချိုးဖြစ်ပါသည်။

သက်ကြီးရွယ်အိုညွှန်ကိန်း - အသက် ၁၅ နှစ်အောက် ကလေးဦးရေ ၁၀၀ တွင်ရှိသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေကို ဆိုလိုပါသည်။

အသက်အလယ်ကိန်း - လူဦးရေကို အသက်အလိုက်အုပ်စုနစ်စု အညီအမျှခွဲရာတွင် ရရှိသည့် အလယ်ကိန်းဖြစ်ပါသည်။ လူဦးရေ၏တစ်ဝက်သည် အသက်အလယ်ကိန်းထက်ငယ်ပြီး ကျန်တစ်ဝက်သည် အသက်အလယ်ကိန်းထက်ကြီးပါသည်။

အိမ်ထောင်ရေးအခြေအနေ - လူတစ်ဦးချင်းစီ၏ အိမ်ထောင်ရေးအခြေအနေ ဖြစ်ပါသည်။ အိမ်ထောင်ရေး အခြေအနေကို ၅ မျိုးခွဲခြားသတ်မှတ်ထားပါသည်။ အိမ်ထောင်မရှိသူ (လူပျို/အပျို)၊ အိမ်ထောင်လက်ရှိ၊ မုဆိုးဖို/မုဆိုးမ၊ ကွဲကွာနှင့် သာသနာ့ဝင်/သာသနာ့နွယ်ဝင် တို့ဖြစ်ပါသည်။

ပျမ်းမျှအိမ်ထောင်စုအရွယ်အစား - ဧရိယာတစ်ခုအတွင်းရှိ အိမ်ထောင်စုလူဦးရေ စုစုပေါင်းနှင့် အိမ်ထောင်စုအရေအတွက်အချိုး ဖြစ်ပါသည်။

စာတတ်မြောက်မှု - မည်သည့်ဘာသာစကားနှင့်မဆို ရိုးရှင်းသည့်ဝါကျတစ်ကြောင်းကို ကောင်းမွန်စွာ ရေးနိုင်၊ ဖတ်နိုင်ခြင်းကို ဆိုလိုပါသည်။

တွက်ချက်တတ်မှု - ရိုးရှင်းသည့် အပေါင်းနှင့်အနှုတ် တွက်ချက်ခြင်းများကို ဂဏန်းပေါင်းစက် သို့မဟုတ် လက်ကိုင်ဖုန်းအသုံးမပြုဘဲ ပြုလုပ်နိုင်ခြင်းကို ဆိုလိုပါသည်။

ကျောင်းတက်ရောက်မှုအခြေအနေ - သန်းခေါင်စာရင်းကောက်ယူချိန်တွင် မည်သည့်ပညာရေးအဆင့်၌မဆို စနစ်တကျလေ့လာသင်ယူရန် အသိအမှတ်ပြုကျောင်းများ သို့မဟုတ် ပညာရေး

အစီအစဉ်များ (အစိုးရ သို့မဟုတ် ပုဂ္ဂလိက) တွင် ပုံမှန်တက်ရောက်နေမှုကို ဆိုလိုပါသည်။

အမြင့်ဆုံးတက်ရောက်ပြီးစီးခဲ့သည့်အတန်း/အဆင့် - အစိုးရကျောင်းများ၊ အစိုးရအသိအမှတ်ပြုထားသည့် ပုဂ္ဂလိကကျောင်းများတွင် တက်ရောက်ပြီးစီးခဲ့သည့် အမြင့်ဆုံးပညာရေးအဆင့်/ ဘွဲ့/ ဒီဂရီကို ဆိုလိုပါသည်။

လုပ်သားအင်အား - သတ်မှတ်ထားသည့် ကာလတစ်ခုအတွင်း ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသူ အားလုံးကို ဆိုလိုပါသည်။ အလုပ်လုပ်နိုင်သည့် အသက်အရွယ်အတွင်းရှိ အလုပ်ရှိသူ (လုပ်ငန်းခွင်၌ရှိသူ) နှင့် အလုပ်လက်မဲ့တို့ ပါဝင်ပါသည်။

အလုပ်လက်ရှိ - လူတစ်ဦးသည် ရည်ညွှန်းကာလ ၇ ရက်အတွင်း အနည်းဆုံး တစ်နာရီခန့် လုပ်ခ သို့မဟုတ် အမြတ်အစွန်း တစ်စုံတစ်ရာဖြင့် ကုန်ပစ္စည်းထုတ်လုပ်ရန်နှင့် ဝန်ဆောင်မှုပေးရန် မည်သည့်အလုပ်ကိုမဆို လုပ်ကိုင်နေသူများကို အလုပ်လက်ရှိဟု သတ်မှတ်ပါသည်။

အလုပ်လက်မဲ့ - အလုပ်လုပ်ကိုင်နိုင်သည့် အသက်အပိုင်းအခြားရှိ အလုပ်မရှိသူများသည် သတ်မှတ်သည့် အချိန်ကာလအတွင်း အလုပ်ရှာဖွေနေခြင်းနှင့် အလုပ်အကိုင်ရရှိပါက စတင်လုပ်ကိုင်ရန် အဆင်သင့် ဖြစ်နေသူများကို ဆိုလိုပါသည်။

လုပ်သားအင်အားပြင်ပတွင်ရှိသူ - အလုပ်လုပ်ကိုင်နိုင်သော အသက်အပိုင်းအခြားရှိ ရည်ညွှန်းကာလတိုအတွင်း အလုပ်လက်ရှိနှင့် အလုပ်လက်မဲ့တွင် မပါဝင်သူများကို လုပ်သားအင်အား ပြင်ပတွင်ရှိသူဟု သတ်မှတ်ပါသည်။

အလုပ်သမား - လူတစ်ဦးသည် ငွေ သို့မဟုတ် ပစ္စည်းကို ပုံမှန်လုပ်ခအဖြစ်ရယူပြီး အခြားသူတစ်ဦးအတွက် အလုပ်လုပ်ခြင်း ဖြစ်ပါသည်။ ဤအုပ်စုတွင် လစာ/လုပ်ခ ရရှိသူများ၊ လစာရ အလုပ်သင်များ၊ ကျပန်းလုပ်သားများနှင့် ပုတ်ပြတ်နှုန်းဖြင့် လုပ်ကိုင်သူများ ပါဝင်ပါသည်။

အလုပ်ရှင် (သူ/သူမ၏ကိုယ်ပိုင်လုပ်ငန်းတွင် ပုံမှန်အလုပ်သမားနှင့်လုပ်ကိုင်သူ) - စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပါအဝင် လုပ်ငန်းတစ်ခုကို တစ်ဦးတည်းဖြစ်စေ သို့မဟုတ် တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များဖြင့်ဖြစ်စေ ပုံမှန်လုပ်ခ၊ လစာပေးထားသည့် အလုပ်သမားများ ငှားရမ်းဆောင်ရွက်နေသူများကို အလုပ်ရှင်အဖြစ် သတ်မှတ်ပါသည်။

ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူ (သူ/သူမ၏ ကိုယ်ပိုင်အလုပ်/ပုံမှန်အလုပ်သမားမရှိ) - ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို ပုံမှန်အလုပ်သမား ငှားရမ်းခြင်းမရှိဘဲ လုပ်ကိုင်သူကို ဆိုလိုခြင်းဖြစ်ပါသည်။

ကိုယ်ပိုင် လုပ်ငန်းလုပ်ကိုင်သူသည် မိမိတစ်ဦးတည်း သို့မဟုတ် တစ်ဦး/တစ်ဦးထက်ပိုသော လုပ်ဖော်ကိုင်ဖက်များနှင့်ဖြစ်စေ၊ အခကြေးငွေမပေးရသည့် မိသားစုအကူလုပ်သားများနှင့်ဖြစ်စေ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အပါအဝင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုကို လုပ်ကိုင်နေသူများ ဖြစ်ပါသည်။ ပွဲခဖြင့် လုပ်ကိုင်လျက်ရှိသော ပွဲစားများကိုလည်း ကိုယ်ပိုင်လုပ်ငန်းလုပ်ကိုင်သူဟု သတ်မှတ်ပါသည်။

အိမ်ထောင်စု/မိသားစုလုပ်ငန်းတွင် လုပ်ခမရဘဲ ကူညီလုပ်ကိုင်သူများ - ဆွေမျိုးတော်သူတစ်ဦး (ပုံမှန်အားဖြင့် အိမ်ထောင်စုတစ်စုတည်းတွင် နေထိုင်သူ) ၏ ဈေးကွက်အတွက် ရည်ရွယ်ထုတ်လုပ်သည့် လုပ်ငန်း/စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွင် လုပ်ခ သို့မဟုတ် လစာရရှိခြင်းမရှိဘဲ အလုပ်လုပ်နေသူများကို ဆိုလိုပါသည်။ အဆိုပါသူများအား လုပ်ငန်းပူးတွဲ လုပ်ဆောင်သူအဖြစ် မသတ်မှတ်နိုင်ပါ။

မွေးနှုန်းကြမ်း - သတ်မှတ်ထားသည့်နှစ်တစ်နှစ်အတွင်း လူဦးရေ ၁,၀၀၀ တွင် အရှင်မွေးဖွားသည့် ကလေးအရေအတွက်ကို ဆိုလိုပါသည်။

အသက်အုပ်စုအလိုက်ကလေးမွေးနှုန်း - သတ်မှတ်ထားသော အသက်/အသက်အုပ်စုဝင် အမျိုးသမီး ၁,၀၀၀ ဦးမှ တစ်နှစ်အတွင်းမွေးဖွားသည့် အရှင်မွေးကလေးဦးရေကို တိုင်းတာခြင်းဖြစ်ပြီး ယေဘုယျအားဖြင့် အချိုးအဖြစ် တွက်ချက်လေ့ရှိပါသည်။ ပိုင်းဝေသည် သတ်မှတ်ကာလအတွင်း သတ်မှတ်ထားသော အသက်အုပ်စုတစ်စု၏ အမျိုးသမီးများမှမွေးဖွားသည့် အရှင်မွေးကလေးအရေအတွက်ဖြစ်ပြီး ပိုင်းခြေမှာ ထိုကာလအတွင်း အဆိုပါအသက်အုပ်စုရှိ အမျိုးသမီးများ၏ အရေအတွက် (Number of person-years lived by women) ဖြစ်ပါသည်။ ၎င်းကို အမျိုးသမီး ၁,၀၀၀ ဦးတွင် မွေးဖွားသည့်အချိုးအဖြစ် ဖော်ပြပါသည်။

စုစုပေါင်းကလေးမွေးနှုန်း - အမျိုးသမီးတစ်ဦး သူမ၏ ဘဝတစ်လျှောက်မွေးခဲ့သည့် စုစုပေါင်းကလေးအရေအတွက် သို့မဟုတ် လူဦးရေအတွင်း အသက်အပိုင်းအခြားအလိုက် လက်ရှိ ကလေးမွေးနှုန်းအတိုင်း မွေးမည်ဆိုပါက မွေးဖွားနိုင်သည့် စုစုပေါင်းကလေးအရေအတွက်ကို ဆိုလိုပါသည်။

အိမ်ထောင်ကျဖူးသူအမျိုးသမီးများ၏ စုစုပေါင်းကလေးမွေးနှုန်း - အိမ်ထောင်ကျဖူးသူ အမျိုးသမီးများ၏ အသက်အုပ်စုအလိုက် ကလေးမွေးနှုန်းများပေါင်းခြင်း၏ ၅ ဆ ဖြစ်ပါသည်။ အမျိုးသမီး တစ်ဦးသည် အသက် ၁၅ နှစ်အရွယ်တွင် လက်ထပ်ခဲ့ပြီး ကလေးမွေးဖွားနိုင်သည့် အသက်အပိုင်းအခြား ပြီးဆုံးသည်အထိ အသက်ရှင်နေထိုင်လျက် လက်ရှိမွေးနှုန်းအတိုင်းမွေးမည်ဆိုပါက အမျိုးသမီး တစ်ဦး မွေးဖွားနိုင်မည့် ပျမ်းမျှအရှင်မွေးကလေးအရေအတွက် ဖြစ်ပါသည်။

လူပျို/အပျိုအဖြစ်နေထိုင်သည့် ပျမ်းမျှအသက် - အသက် ၅၀ နှစ်မတိုင်မီ လက်ထပ်ခဲ့သူများ၏ လူပျို/အပျိုအဖြစ်နေထိုင်ခဲ့သည် ပျမ်းမျှကာလကို နှစ်ဖြင့်ဖော်ပြခြင်းဖြစ်ပါသည်။

ဆယ်ကျော်သက်ရွယ်ကလေးမွေးနှုန်း - အသက် ၁၅ နှစ်မှ ၁၉ နှစ်အတွင်းရှိ အမျိုးသမီး ၁,၀၀၀ ဦးက တစ်နှစ်အတွင်းမွေးဖွားသည့် ကလေးဦးရေ ဖြစ်ပါသည်။

တစ်နှစ်အောက်ကလေးသေနှုန်း - တူညီသောအချိန်ကာလ တစ်ခုအတွင်း အရှင်မွေးကလေး ၁,၀၀၀ ဦးတွင် တစ်နှစ်အောက်ကလေး သေဆုံးမှုအရေအတွက်ကို ဆိုလိုပါသည်။

ငါးနှစ်အောက်ကလေးသေနှုန်း - တူညီသော အချိန်ကာလတစ်ခုအတွင်း အရှင်မွေးကလေး ၁,၀၀၀ ဦးတွင် ငါးနှစ်အောက်ကလေး သေဆုံးမှုအရေအတွက်ကို ဆိုလိုပါသည်။

မွေးဖွားစဉ်မျှော်မှန်းသက်တမ်း - လူဦးရေ၏သေဆုံးမှုအခြေအနေကို ခြုံငုံပြဆိုပါသည်။ ဤအညွှန်းကိန်းသည် အသက်အရွယ်အားလုံး (ကလေးများနှင့် ဆယ်ကျော်သက်များ၊ အရွယ်ရောက်ပြီးသူများနှင့် သက်ကြီးရွယ်အိုများ) ၏ သေဆုံးမှုပုံစံကို ခြုံငုံဖော်ပြခြင်း ဖြစ်ပါသည်။

နေမြဲအရပ် - လူတစ်ဦး ၆ လနှင့်အထက် နေထိုင်ခဲ့သည့်အရပ်ဒေသ သို့မဟုတ် အနည်းဆုံး ၆ လ နှင့်အထက်နေထိုင်ရန် ရည်ရွယ်ထားသည့် အရပ်ဒေသဖြစ်ပါသည်။

မွေးဖွားရာဒေသ - လူတစ်ဦးမွေးဖွားသည့်အချိန်၌ ၎င်း၏မိခင် နေထိုင်သည့်နေမြဲအရပ်ဒေသကို ဆိုလိုပါသည်။ ပြည်ပ၌မွေးဖွားသူများအနေဖြင့် ၎င်းမွေးဖွားခဲ့သောနိုင်ငံသည် မွေးဖွားရာဒေသ ဖြစ်ပါသည်။

နောက်ဆုံးနေထိုင်ခဲ့သည့်ဒေသ - ယခုလက်ရှိနေထိုင်သည့် အရပ်ဒေသသို့ မပြောင်းရွှေ့မီ နောက်ဆုံးနေထိုင်ခဲ့သော အရပ်ဒေသဖြစ်ပါသည်။ အကယ်၍ လူတစ်ဦးသည် မည်သည့်ဒေသကိုမှ မပြောင်းရွှေ့ခဲ့ပါက လက်ရှိနေရပ်ဒေသနှင့် နောက်ဆုံးနေခဲ့သည့်နေရပ်ဒေသတို့ အတူတူပင် ဖြစ်ပါသည်။

ပြည်တွင်းရွှေ့ပြောင်းသွားလာခြင်း - နိုင်ငံအတွင်း မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး/ပြည်နယ်တို့ အကြား နေမြဲအရပ်မှ အခြားနေမြဲအရပ်သို့ ရွှေ့ပြောင်းအခြေချနေထိုင်ခြင်း ဖြစ်ပါသည်။

ပြည်ပရွှေ့ပြောင်းသွားလာခြင်း - နိုင်ငံတစ်ခု၏နေမြဲအရပ်မှ အခြားနိုင်ငံ၏နေမြဲအရပ်သို့ ရွှေ့ပြောင်း အခြေချနေထိုင်ခြင်းဖြစ်ပါသည်။

ပြောင်းဝင်သူ -သတ်မှတ်ထားသော နေရာဒေသတစ်ခုသို့ ပြောင်းဝင်လာသူ ဖြစ်ပါသည်။

ပြောင်းထွက်သူ - သတ်မှတ်ထားသော နေရာဒေသတစ်ခုမှ ပြောင်းထွက်သွားသူ ဖြစ်ပါသည်။

ဘဝတစ်လျှောက် ရွှေ့ပြောင်းနေထိုင်ဖူးသူများ - ဘဝတစ်လျှောက်လုံးတွင် မည်သည့်အချိန်ကာလ၌မဆို မြို့နယ်တစ်ခုမှတစ်ခုသို့ ရွှေ့ပြောင်းခဲ့သူများကို ဆိုလိုပါသည်။ (မွေးဖွားချိန်မှစ၍ သန်းခေါင်စာရင်း ကောက်ယူချိန်အတွင်းတွင် မွေးဖွားရာဇာတိမြို့နယ်သို့ ပြန်လည်ရွှေ့ပြောင်းလာသူများလည်း ပါဝင်ပါသည်။)

ပြောင်းဝင်နှုန်း - သတ်မှတ်နှစ်တစ်နှစ်အတွင်း အခြေချမည့်နေရာရှိ လူဦးရေ ၁,၀၀၀ တွင် ရွှေ့ပြောင်းဝင်ရောက်လာသူ အရေအတွက်ဖြစ်ပါသည်။

ပြောင်းထွက်နှုန်း - သတ်မှတ်နှစ်တစ်နှစ်အတွင်း မူရင်းနေရာရှိလူဦးရေ ၁,၀၀၀ တွင် ရွှေ့ပြောင်းထွက်ခွာသွားသူ အရေအတွက်ဖြစ်ပါသည်။

အသားတင်ရွှေ့ပြောင်းနှုန်း - သတ်မှတ်ထားသည့်နေရာနှင့် အချိန်အပိုင်းအခြားအတွင်း ပြောင်းဝင်နှုန်းနှင့် ပြောင်းထွက်နှုန်းတို့၏ ခြားနားချက်ဖြစ်ပါသည်။ ပြောင်းဝင်နှုန်းသည် ပြောင်းထွက်နှုန်းထက် ပိုများပါက အသားတင်ပြောင်းဝင်နှုန်းဟု သတ်မှတ်ပြီး အပေါင်းလက္ခဏာ “+” ဖြင့် ဖော်ပြပါသည်။ အလားတူ ပြောင်းထွက်နှုန်းသည် ပြောင်းဝင်နှုန်းထက် ပိုများပါက အသားတင်ပြောင်းထွက်နှုန်းဟု သတ်မှတ်ပြီး အနုတ်လက္ခဏာ “-” ဖြင့် ဖော်ပြပါသည်။

မသန်စွမ်းမှု - လူတစ်ဦးသည် လုပ်ရိုးလုပ်စဉ်ဆောင်ရွက်မှုများ (နေ့စဉ်လူနေမှုဆိုင်ရာ ဝေယျာဝစ္စများ အပါအဝင်) သို့မဟုတ် အလုပ်၌ပါဝင်လုပ်ကိုင်မှုများတွင် အထောက်အကူမရှိပါက သာမာန်လူများထက်ပို၍ အခက်အခဲရှိသူများကို ဆိုလိုပါသည်။ သန်းခေါင်စာရင်းတွင် မသန်စွမ်းမှုနှင့်ပတ်သက်၍ အောက်ပါတို့ကို မေးမြန်းထားပါသည်-

(က) အမြင်အာရုံ (မျက်မှန်တပ်ထားသော်လည်း အမြင်အာရုံတွင် အခက်အခဲများ သို့မဟုတ် ပြဿနာများရှိခြင်း)၊

(ခ) အကြားအာရုံ (နားကြားကိရိယာ တပ်ထားသော်လည်း ကောင်းစွာမကြားရခြင်း သို့မဟုတ် ပြဿနာများရှိခြင်း)၊

(ဂ) ပစ္စည်းကိုင်တွယ်/လမ်းလျှောက်/လှေကားတက်ခြင်း (လမ်းလျှောက်ခြင်း၊ လှေကားကဲ့သို့သော အနိမ့်အမြင့်များ တက်ဆင်းခြင်းတို့ကို ပြုလုပ်သည့်အခါ သို့မဟုတ် ပစ္စည်းတစ်ခုခုကို မသည့်အခါ အကန့်အသတ် သို့မဟုတ် ပြဿနာများရှိခြင်း)၊

(ဃ) မှတ်ဉာဏ်/သင်ယူလေ့လာခြင်း (မိမိ၏နေ့စဉ်လုပ်ငန်းများကို ဆောင်ရွက်သည့်အခါ အခက်အခဲရှိခြင်း၊ သင်ယူမှုနှေးကွေးသဖြင့် ကျောင်းတွင် အခြားသူများနှင့်တန်းတူ

ပြုလုပ်နိုင်ရန် ခဲယဉ်းခြင်း သို့မဟုတ် အခြားသောစိတ်ပိုင်းဆိုင်ရာ အခြေအနေများ ရှိခြင်း)၊

(င) မိမိကိုယ်ကို စောင့်ရှောက်ခြင်း (တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် အဝတ်အစား ဝတ်ဆင်ခြင်း ကဲ့သို့သော မိမိနှင့်သက်ဆိုင်သည့် ဝေယျာဝစ္စများကို ဆောင်ရွက်ရာတွင် ပြဿနာများရှိခြင်း)၊

(စ) အခြားသူများနှင့်ဆက်သွယ်ခြင်း (စကားပြောခြင်း၊ နားထောင်ခြင်း၊ ပြောဆိုသည့် စကားကို ကောင်းမွန်စွာနားလည်ခြင်း၊ အခြားသူများနားလည်အောင် ပြောဆိုနိုင်ခြင်း စသည်တို့တွင် ပြဿနာများရှိခြင်း)။

လူများပြွတ်သိပ်စွာနေထိုင်ခြင်း - အခန်းတစ်ခန်းလျှင် လူ ၁.၅ ဦးနှင့် အိပ်ခန်းတစ်ခန်းလျှင် လူ ၂ ဦး ထက်ပို၍နေထိုင်လျှင် လူများပြွတ်သိပ်စွာ နေရသည်ဟု သတ်မှတ်ပါသည်။ အိမ်ထောင်စုတွင် နေထိုင်သောလူဦးရေနှင့် အခန်းအရေအတွက် သို့မဟုတ် အိပ်ခန်းအရေအတွက်အပေါ်တွင် မူတည်၍ အဆိုပါအညွှန်းကိန်းကို တွက်ချက်ပါသည်။

ကောင်းမွန်သော ရေအရင်းအမြစ်များ - ပိုက်လိုင်း (အိမ်ထဲသို့၊ မိမိခြံဝင်းအတွင်းသို့၊ အိမ်နီးချင်းခြံဝင်းအတွင်းသို့၊ အများသုံးရေဘုံဘိုင်)၊ အဝီစိတွင်း (စက်ရေတွင်း/တွင်းနက်/တွင်းတိမ်)၊ အကာအကွယ်ရှိသော ရေတွင်း၊ အကာအကွယ်ရှိသော စိမ့်စမ်းရေ၊ သိုလှောင်ထားသော မိုးရေနှင့် ရေသန့်စက်/ ရေသန့်ဘူး/ပုလင်းတို့ပါဝင်ပါသည်။

သန့်ရှင်းသောယင်လုံအိမ်သာ - ရေဆွဲအိမ်သာနှင့် ရေလောင်း/ယင်လုံအိမ်သာတို့ပါဝင်သည်။

ဤအစီရင်ခံစာကို www.dop.gov.mm တွင် ရယူနိုင်ပါသည်။